
တူဒေးစာအုပ်တိုက်

# ပါမောက္ခဒေါက်တာအောင်ထွန်းသက်

## ဟောပြောပွဲအတွေ့အကြုံ



တူဒေးစာအုပ်တိုက်

ပထမအကြိမ်

၂၀၁၀ ခုနှစ်၊ ဇန်နဝါရီလ

အုပ်ရေ (၅၀၀)

တန်ဖိုး (၂,၅၀၀) ကျပ်

မျက်နှာဖုံးဒီဇိုင်း

လှမြင့်ဆွေ

ထုတ်ဝေသူ

တူဒေးစာအုပ်တိုက်

အမှတ် စီ-၂၊ အဏ္ဏဝါလမ်းသွယ်(၂)၊ ညောင်တန်းအိမ်ရာ၊

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ

တူဒေးပုံနှိပ်တိုက်

အမှတ် ၀၁၁၂၊ ၆၃ ရပ်ကွက်၊

ရွှေတောင်ကြားလမ်းသွယ်၊ တောင်ဒဂုံ

စာမူခွင့်ပြုချက် - ၄၀၀၀၁၈၀၁၁၀

မျက်နှာဖုံးခွင့်ပြုချက် - ၄၀၀၀၄၂၀၁၁၀

ဖြန့်ချိရေး

တူဒေးစာအုပ်တိုက်

စာမူ မူပိုင်® - တူဒေးစာအုပ်တိုက်၊

ပါမောက္ခဒေါက်တာအောင်ထွန်းသက်

၈၀၈.၈၄

အောင်ထွန်းသက်၊ ဒေါက်တာ၊ ပါမောက္ခ

ဟောပြောပွဲအတွေ့အကြုံ/ပါမောက္ခဒေါက်တာအောင်ထွန်းသက်

— ရန်ကုန်၊ တူဒေးစာပေ၊ ၂၀၁၀။

၂၄၄ စာ၊ ၂၀ စင်တီ။ — — (သုတစာစဉ် -၁၄)

၁။ ဟောပြောပွဲအတွေ့အကြုံ

သုတစာစဉ် (၁၄)

# ဟောပြောပွဲအတွေ့အကြုံ

ပါမောက္ခဒေါက်တာအောင်ထွန်းသက်

## ဒို့တာဝန် အရေးသုံးပါး

- ✱ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- ✱ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- ✱ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ✱ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✱ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- ✱ နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး။
- ✱ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ✱ ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး။
- ✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- ✱ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ✱ ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာဖြစ်ပေါ်လာရေး။
- ✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ✱ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- ✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး။
- ✱ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ✱ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- ✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

## ထုတ်ဝေသူအမှာ

Lecture, Talk, Seminar, Workshop, Forum စသည့် အခေါ်အဝေါ် သတ်မှတ်ချက်အမျိုးမျိုးရှိသော်လည်း ယင်းစကားရပ် အားလုံးတို့၏ တူညီသော အနှစ်သာရမှာ အသိပညာ၊ အတတ်ပညာနှင့် အတွေ့အကြုံတို့ကို ဆင့်ကမ်းဝေမျှဖလှယ်ပေးခြင်းဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် မရှိမဖြစ်အရေးပါသော ပညာအခြေခံ ခိုင်မာတောင့်တင်းအောင် တည်ဆောက်ရာတွင် ဟောပြောဆွေးနွေးပွဲများသည် ရှေ့ဆောင်အခန်းကဏ္ဍမှ ပါဝင်နေပါသည်။

မြန်မာ့ဝန်းကျင် လူနေမှုအသိုင်းအဝိုင်းကို ပညာအခြေခံသည့် လူ့ဘောင်အသိုင်းအဝိုင်း ဖြစ်လာစေရန် အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရပါမည်။ အသင်းအဖွဲ့များက ဦးဆောင်၍ ဟောပြောဆွေးနွေးပွဲများ စဉ်ဆက်မပြတ် ကျင်းပလာကြသည်မှာလည်း ကောင်းသောလက္ခဏာတစ်ရပ်ဖြစ်ပါသည်။

ထိုလက္ခဏာကောင်းတစ်ရပ်ကို ဖော်ဆောင်နေသူတစ်ဦးဖြစ်သည့် ဒေါက်တာအောင်ထွန်းသက်သည် သုတေသီတစ်ဦး၊ ပညာရှင်တစ်ဦး၏ ဘဝအတွေ့အကြုံများကို ဟောပြောပွဲများတွင် ဆွေးနွေးဟောပြောခြင်း၊ Facilitator တစ်ဦး၊ Moderator တစ်ဦးအဖြစ် အသီးသီးတာဝန်ယူဆောင်ရွက်ခြင်းတို့ဖြင့် ဦးဆောင်ဆွေးနွေးနေသူဖြစ်ပါသည်။

ထို့ပြင် ဟောပြောပွဲများတွင် ကြုံတွေ့ရသော မှတ်သားဖွယ် ဖြစ်ရပ်များ၊ အကြောင်းအရာများကို ဆောင်းပါးများအဖြစ် စိတ်ဝင်စားဖွယ်ဖြစ်အောင် ရေးသားပြီး *VOICE* ဂျာနယ်တွင် ထည့်သွင်းဖော်ပြခဲ့ပါသည်။ ယခုထိုဆောင်းပါးများကို တစုတစည်းတည်း ဖတ်ရှုစေလိုသောဆန္ဒဖြင့် တူဒေးစာအုပ်တိုက်က စုစည်းထုတ်ဝေလိုက်ပါသည်။

**တူဒေးစာအုပ်တိုက်**

# ဟောပြောပွဲအတွေ့အကြုံ (၁)

ဩဂုတ်လ ၆ ရက်နေ့က ဝိဇ္ဇာနဲ့ သိပ္ပံပညာရှင်များအဖွဲ့မှာ ဖေဖေ စာတမ်းဖတ်ခဲ့တာကို သမီးကို ပြောခဲ့တယ်။ ဖေဖေ့ရဲ့ ခံစားချက်တွေကို ဖွင့်ဟခဲ့တယ်။ ဒီဆောင်းပါးကို ဖတ်တဲ့ စာဖတ်သူတွေက သဘောကျကြတယ်။ ဆက်ရေးပေးဖို့ တိုက်တွန်းကြတယ်။ ဖေဖေ့စိတ်ထဲမှာလည်း အခုလို ဟောပြောပွဲတွေကို ခဏ ခဏ လုပ်ပေးတဲ့နေရာမှာ ဖေဖေကြုံတွေ့ခဲ့တာတွေကို သိစေချင်တယ်လေ။ တကယ်တော့ ဒီဟောပြောပွဲတွေကို ဖေဖေ စတင်ခဲ့တာ။ အရင်တုန်းကတော့ တခြားပုံစံတွေနဲ့ လုပ်ကြတာရှိပါတယ်။

ဖေဖေကတော့ ဖေဖေ လေ့လာတဲ့စီးပွားရေးပညာရပ်၊ စီမံခန့်ခွဲမှု ပညာရပ်၊ ခေါင်းဆောင်မှု ပညာရပ်တွေကို အခြေခံပြီး ဟောခဲ့တာ။ ဒီအလုပ်ကို ဖေဖေ နိုင်ငံခြားကို ထွက်သွားပြီး ပထမဆုံး မြန်မာပြည်ကို ပြန်လာတဲ့အခါက စခဲ့တာ။ အဲဒီတုန်းက သမီးတောင် မမွေးသေးဘူးလေ။ ဖေဖေက စီးပွားရေးတက္ကသိုလ်ကို သွားပြီး ဘွဲ့လွန်ကျောင်းသူ/ကျောင်းသားတွေကို ဟောခဲ့တာ။ Slides တွေကို ပထမဆုံး အသုံးပြုခဲ့တယ်။ Computer နဲ့ Projector ကိုတော့ သမီးရဲ့အစ်ကို တစ်ဝမ်းကွဲ ကိုထွန်းသူရသက်က ကူညီခဲ့တာ။ သူက အခုတော့ လူကြီးဖြစ်နေပြီလေ။ သူ့ရဲ့ ကုမ္ပဏီ MIT က တော်တော် အောင်မြင်နေတာ။ အခုတော့ စင်ကာပူမှာ Ph.D လုပ်နေပြီ။ ကျောင်းသား၊ ကျောင်းသူတွေဖြစ်တော့ အကျွေးအမွေး

ကို ဖေဖေကပဲ တာဝန်ယူခဲ့တယ်။ သမီးမေမေကတောင် ဖေဖေ့ကို နောက်ခဲ့သေးတယ်။ ဟောချင်၊ ပြောချင်လွန်းလို့ ပရိသတ်တွေကို ကျွေးမွေးပြီးလုပ်တဲ့သူကို ကျွန်မ တစ်ခါမှ မမြင်ဖူးဘူးတဲ့။ အစတ ဒီလိုစခဲ့တာ။ နောက် တဖြည်းဖြည်း ပုံစံပြောင်းခဲ့တယ်။ ကျောင်းသူ ကျောင်းသားပရိသတ်တွေကို ဦးတည်ရာကနေ အပြင်ပရိသတ်တွေ ဆီ ရောက်အောင် ကြိုးစားခဲ့တယ်။ ဟောပြောပွဲလုပ်တဲ့ နေရာတွေ လည်း တဖြည်းဖြည်း တရွေ့ရွေ့ပြောင်းလဲခဲ့တယ်။ ဟိုတယ်ကြီး တွေမှာ လုပ်ဖြစ်တယ်။ အကျွေးအမွေးတွေလည်း ပါတာပေါ့။ Sponsor တွေလည်းပေါ်လာတယ်။ လက်ဆောင်တွေ ဘာတွေနဲ့။ ပရိသတ်တွေကလည်း အစုံ၊ နောက်တော့ ငါးလုပ်ငန်းအဖွဲ့ချုပ်မှာ စလုပ်ဖြစ်တယ်။ ဖေဖေ့လိုပဲ ဘာသာရပ်ဆိုင်ရာ၊ ပညာရပ်ဆိုင်ရာ ဟောပြောပွဲတွေ လုပ်ပေးတဲ့သူတွေလည်း ပေါ်လာတယ်။ ဖေဖေက သဘောကျတယ်။ ကျေနပ်တယ်။ များလေ၊ ကောင်းလေပဲ။ ဖေဖေ အားပေးတယ်။ ဖြစ်နိုင်ရင် တစ်တိုင်းပြည်လုံးမှာ ဟောတဲ့ပြောတဲ့ သူတွေ အများကြီးရှိစေချင်တယ်။ ရန်ကုန်မှာလုပ်တဲ့အပြင် မန္တလေးမြို့၊ မုံရွာမြို့၊ မော်လမြိုင်မြို့တွေ သွားဟောခဲ့တယ်။ ကျန်တဲ့ မြို့တွေဆီ သွားချင်တယ်။ UMFCCI မှာလည်း ဟောခဲ့တယ်။

ဖေဖေ့ရဲ့ ဟောပြောပွဲတွေကို အမျိုးအစား ခွဲခြားထားတယ်။ စီးပွားရေးတက္ကသိုလ်၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်ဆေး တက္ကသိုလ် ၁ နဲ့ ၂ မှာ ဟောပြောပွဲတွေက ဘွဲ့လွန်ကျောင်းသား တွေအတွက်၊ ဆရာမတွေအတွက်ဖြစ်တာမို့ Lecture သို့မဟုတ် Seminar လို့ ပြောနိုင်တယ်။ ပိုပြီး Academic ဖြစ်တယ်။ သင်တန်း မှာ ပုံမှန်သင်ကြားပို့ချပေးတာတွေကို ဖြည့်စွက်တဲ့သဘော။ ဒါက Visiting Professor တစ်ယောက်အနေနဲ့ ဆောင်ရွက်တာ။ ဒီလို ဟောပြောပွဲမျိုးကို ဖေဖေ အီတလီမှာရှိတုန်း တက္ကသိုလ်တချို့ကို သွားပြီး ဆောင်ရွက်ခဲ့တယ်။ နယ်သာလန်နိုင်ငံက ဖေဖေ တာဝန် ယူနေတဲ့ University of Twente မှာလည်း သွားလုပ်ခဲ့တယ်။

တရုတ်ပြည် ရှန်ဟိုင်းမြို့မှာရှိတဲ့ China Leadership Academy (Pudong) မှာလည်း လုပ်ခဲ့တယ်။

နောက်တစ်မျိုးကတော့ အများအတွက်လုပ်ပေးတဲ့ Public Seminar တွေပေါ့။ ဒါက ဘာသာရပ်ဆိုင်ရာကိစ္စရပ်တွေကို သင်ချင်တဲ့သူ၊ လေ့လာချင်တဲ့သူတွေကို လုပ်ပေးတာ။ ဖေဖေလုပ်တဲ့ ဟောပြောပွဲနောက်တစ်မျိုးကတော့ UN အဖွဲ့အစည်းတွေ၊ NGO အဖွဲ့အစည်းတွေ၊ စီးပွားရေးအဖွဲ့အစည်းတွေကိုလုပ်ပေးတဲ့ အလုပ်ရုံဆွေးနွေးပွဲ (Workshop)တွေဖြစ်တယ်။ အရင်တစ်ပတ် စနေ၊ တနင်္ဂနွေနေ့မှာ ဖေဖေ့ကိုအကူအညီတောင်းလို့ Leadership Forum တစ်ခုမှာပါဝင်ခဲ့တယ်။

လုပ်တဲ့အလုပ်ရုံဆွေးနွေးပွဲက ဖေဖေတစ်ခါမှ မလုပ်ဖူးတာမျိုး။ ဝင်ကြေးကောက်တယ်။ ဖေဖေလုပ်သမျှပွဲတွေမှာ အလကား မတ်တင်းတစ်ပြားမှမယူဘူး။ Sponsor က ပေးတဲ့ လက်ဆောင်၊ ကျွေးတဲ့လက်ဖက်ရည်၊ မုန့်နဲ့ပြီးသွားတာပဲ။ ဒီတစ်ခေါက်တော့ MHR က ဦးအေးကျော်က ဖေဖေ့ဆီအကူအညီတောင်းလို့ လုပ်ဖို့ သဘောတူလိုက်တယ်။ တခြားတော့မဟုတ်ဘူး။ ရတဲ့ဝင်ငွေတွေကို နာဂစ်မုန်တိုင်းကြောင့် ကျောင်းမတက်နိုင်၊ မနေနိုင်တဲ့ကလေးတွေအတွက် အလှူဖြစ်စေတယ်။ ဒီတော့ တက်လာတဲ့လူ ၁၀၀ ကျော်ဟာ သာမန်ပရိသတ်မဟုတ်တော့ဘဲ အလှူရှင်တွေလည်း ဖြစ်နေတယ်။ ဖေဖေကျေနပ်တယ်၊ ဖေဖေ့အနေနဲ့ တစ်ဖက်တစ်လမ်းက လှူဖြစ်သွားတာပေါ့။ ဖေဖေက ဒီတစ်ခေါက်တော့ Public Seminar တွေအကြောင်း သမီးကို ပြောပြချင်တယ်။ ၂၀၀၇ ခုနှစ်တုန်းက ဖေဖေရဲ့ ဟောပြောပွဲတွေက စံချိန်တင်ခဲ့တယ်။ ဖေဖေတစ်ယောက်တည်း သုံး၊ လေးလအတွင်း ဟောပြောပွဲ စုစုပေါင်း ၃၀ နီးပါး ရှိခဲ့တယ်။ ဒီနှစ်တော့ ပိုများမယ်ထင်တယ်။ တစ်ခုတော့ ဖေဖေသတိထားမိတယ်။ ဘယ်နေရာ၊ ဘယ်ခေါင်းစဉ်နဲ့ ဘယ်နေ့က လုပ်တယ်ဆိုတာကို ဖေဖေတိတိကျကျမှတ်မထားဘူး။ ဖေဖေ့အတွက်က လုပ်

ပေးချင်တယ်။ လုပ်ပေးပြီးရင် ပြီးတာပဲ။ နောက်တစ်ခု လုပ်ဖို့သာ အာရုံရှိတယ်။

သမီးကတော့ မေးမှာပဲ။ ဖေဖေ ဟောပြောပွဲတွေ ဘာကြောင့် ခဏခဏလုပ်နေသလဲလို့။ ဖေဖေကရိုးရိုးလေးပဲဖြေချင်တယ်။ လုပ်ချင်လို့လုပ်တာ။ ဘာဖြစ်ရမယ်၊ ညာဖြစ်ရမယ်ဆိုတာ မစဉ်းစားပါဘူး။ နာမည်ကြီးချင်လို့လား။ လူသိများစေချင်လို့လား။ ဒီကိစ္စတွေ ဖေဖေခေါင်းထဲမှာမရှိဘူး။ ဒီလိုလုပ်လို့ ဖေဖေ Enjoy ဖြစ်တယ်။ ပျော်တယ်။ ကျေနပ်တယ်။ တစ်ကိုယ်ကောင်းဆန်တာတော့ဖြစ်နိုင်တယ်။ ဒီဟောပြောပွဲလုပ်ရလို့ ဖေဖေအရင်ထက် ပိုစာဖတ်ဖြစ်တယ်။ စာမဖတ်ဘဲ လုပ်လို့မရဘူးလေ။ ပြီးတော့ ဟောပြောပွဲတွေအတွက် Slides တွေ ပြင်ဆင်ရတယ်။ ဒါတွေအားလုံးက ဖေဖေ့အတွက် အသိတရားတွေ၊ ပညာတွေ တိုးစေတာပေါ့။ ဖေဖေ့အတွက် Continuous Learning လိုဖြစ်နေတယ်။ ဒီလိုစဉ်းစားရင်တော့ဟောပြောပွဲကြောင့် ဖေဖေ့မှာ အမြတ်အများကြီးရတယ်လို့ ပြောနိုင်တယ်။ နောက်အကြောင်းတစ်ခုက ဟောပြောပွဲတွေလုပ်တိုင်း သမီးမေမေက လိုက်ပြီးအားပေးတယ်။ သူရှိနေရင်ကျေနပ်တယ်။ သူ့ကိုကိုယ့်မှာရှိတဲ့အသိကို မျှဝေခွင့်ရတာကို ဝမ်းသာတယ်။ တချို့ပွဲတွေမှာ သမီးရဲ့ဦးလေးတွေ၊ အဒေါ်တွေလာတယ်။ သိပ်ကျေနပ်ရတာပေါ့။ တစ်နည်းအားဖြင့် Family Affair ပေါ့။ တချို့ပွဲတွေမှာ ဖေဖေ့ရဲ့ဆရာမတွေ၊ မိတ်ဆွေအပေါင်းအသင်းတွေနဲ့ တွေ့ရဆုံရလို့ ဝမ်းသာတယ်။ ကျေနပ်တယ်။ ဖေဖေ့ကိုလာပြီး အားပေးကြတာလေ။ တချို့ပွဲတွေမှာတော့ ဖေဖေ့ရဲ့အရင်တုန်းက တပည့်တွေကို ပြန်တွေ့ရတယ်။ သူတို့တစ်တွေလည်း ဖေဖေ့လိုပဲ အသက်ကြီးလာကြပြီ။ အရင်တုန်းက သမီးတောင် ဖေဖေနဲ့အတူ ဟောပြောပွဲတွေလိုက်ခဲ့တယ်။ ဖေဖေပြောနေတာ နားမလည်လို့ တစ်ယောက်တည်း ပန်းချီတွေဆွဲနေတာ ဖေဖေမှတ်မိသေးတယ်။ အခုတော့ သမီးကိုခေါ်လို့ မရတော့ဘူး။ သမီးက

ထုံးစံအတိုင်း ပွင့်ပွင့်လင်းလင်းပဲ Very Boring လို့ ပြောလိုက်တာပဲ။

ဖေဖေ့ရဲ့ဟောပြောပွဲပရိသတ်ကတော့ အဓိကအားဖြင့် လူငယ်တွေများတယ်။ ဒါကြောင့်လည်း ဖေဖေ လုပ်ရကျိုးနပ်ပါတယ်။ လူငယ်တွေရဲ့အတွေးအခေါ်ကို မြှင့်တင်ချင်တယ်။ ပြုစုချင်တယ်။ ပျိုးထောင်ချင်တယ်။ ဟောပြောပွဲတိုင်း ဖေဖေသုံးတဲ့ စကားတစ်ခွန်းရှိတယ်။ ဖေဖေပြောသမျှကို နားထောင်ပြီး ယုတ္တိရှိတယ်။ လက်ခံနိုင်တယ်ဆိုရင် Mind-Set Change ကို အထောက်အကူ ဖြစ်စေနိုင်မယ်လို့ ယုံကြည်တယ်။ ပုံမှန်တွေးတယ်၊ ပုံမှန်မြင်တယ်၊ ပုံမှန်သုံးသပ်တာတွေကို ပြန်စိစစ်နိုင်ဖို့လိုမယ်။ အတွေးသစ်၊ အမြင်သစ်၊ စဉ်းစားပုံအသစ်နဲ့ အစားထိုးရလိမ့်မယ်။ သမားရိုးကျပုံစံနဲ့သာ ဆက်သွားနေရင် တိုးတက်မှု ပြောင်းလဲမှုဆိုတာ ဘယ်ရှိတော့မလဲ။ **တကယ်တော့ ဖေဖေက Thinking Process စဉ်းစားတဲ့ ပုံစံကို အားပေးချင်တယ်။ ဖေဖေ ကြားဖူးတာတစ်ခုရှိတယ်။ အရူးတစ်ယောက်ကို ဘယ်လိုအဓိပ္ပာယ် ဖွင့်ဆိုနိုင်မလဲ။ အရူးဆိုတာ လုပ်နေကျအလုပ်တွေကို ဒီအတိုင်း လုံးဝ မပြောင်းလဲဘဲ ဆက်ခါဆက်ခါလုပ်ပြီး အဖြေအသစ်တွေကိုရမယ်လို့ မျှော်လင့်သူ ဖြစ်တယ်။ ဒီအတိုင်းလုပ်ရင် ဒီအဖြေပဲရမှာပေါ့ သမီး။ တခြား အဖြေလိုချင်ရင် လုပ်နေတာကို ပြောင်းရမှာပေါ့။**

ဆွေးနွေးပွဲမှာ ဖေဖေ့အနေနဲ့တင်ပြပြီးရင် အမေးအဖြေအတွက် အမြဲအချိန်ပေးတယ်။ မေးခွန်းတွေမေးနိုင်အောင် အခွင့်အရေးပေးထားတယ်။ ဒီအမေးအဖြေတွေနဲ့ပတ်သက်လို့ သမီးကို ပြောပြချင်တယ်။ ပထမဆုံးသတိထားမိတာက မေးပါလို့ပြောလိုက်ရင် ချက်ချင်းထမေးတာကို မတွေ့ရဘူး။ အားနာလို့လား၊ ဖေဖေပြောတာ လုံးဝနားမလည်လို့လား၊ စိတ်ဝင်စားမှု မရှိလို့လား၊ အမျိုးမျိုးဖြစ်နိုင်တယ်လေ။ တစ်ဖက်က အခုလိုမေးတာနှေးနေတဲ့အပြင်

နောက်တစ်ဖက်မှာတော့ မေးခွန်းမေးတဲ့သူတွေက ပုံစံအမျိုးမျိုးနဲ့ မေးကြတယ်။ တချို့တွေက တကယ်သိချင်လို့ တကယ့်ကို မရှင်းလို့ မေးခွန်းထုတ်ကြတယ်။ ဒါကတော့ အများစုပေါ့။ ဒီလိုမေးခွန်းမျိုးကို ဖြေရတာက ကျေနပ်စရာပေါ့။ တချို့ကြပြန်တော့ ဖေဖေပြောတာနဲ့ ဘာမှမဆိုင်တာကိုထပြီးမေးကြတယ်။ ဟောပြောတဲ့ ခေါင်းစဉ်နဲ့ပတ်သက်တယ်၊ မပတ်သက်ဘူးဆိုတာကို စဉ်းစားဟန်မတူဘူး။ ဖေဖေပြောတာမကြားလို့လည်း အဲဒီလို မေးခွန်းမေးတယ် ထင်ပါရဲ့။ တချို့တွေကျတော့ မေးတာမဟုတ်ဘဲ ကိုယ်သိတာ၊ ကိုယ်တတ်တာကို ကြွားချင်တဲ့သဘောနဲ့ ထမေးတာရှိတယ်။ တချို့ကြပြန်တော့လည်း ထမေးတာမပြီးတော့ဘူး။ ဟောပြောပွဲအသေးလေး ကျနေတာပဲ။ တချို့ကတော့ ဖေဖေ့ကို ကသိကအောက်ဖြစ်အောင် ဖြေရင် ဖေဖေ့အတွက် အန္တရာယ်ဖြစ်စေမယ့် မေးခွန်းမျိုး မေးတတ်ကြတယ်။ ဖေဖေကတော့ သူတို့ပါးစပ်ဟလိုက်တာနဲ့ ဘာရည်ရွယ်တယ်ဆိုတာသိပါတယ်။ ဒါပေမဲ့ ဘယ်လိုပဲမေးမေး၊ ဘာရည်ရွယ်ချက်ပဲရှိရှိ၊ မေးကြပါစေ ဖေဖေလက်ခံတယ်။ ကြိုဆိုတယ်။ မေးတာက သူတို့တာဝန်လေ။ အဖြေပေးရမှာက ဖေဖေ။ ဒီတော့ စိတ်မဆိုးဘူး၊ စိတ်အနှောင့်အယှက်မဖြစ်မိဘူး။ ဖေဖေ့ကို အတွေ့အကြုံတွေ အမျိုးမျိုးလာပေးတာကိုပဲ ကျေးဇူးတင်မိတယ်။ သူတို့ တစ်တွေရှိလို့လည်း ဟောပြောပွဲဟာ ပျော်စရာဖြစ်တာပေါ့။ မဟုတ်ရင် သမီးပြောသလို Very Boring ပေါ့သမီး။ ကဲ . . . ဖေဖေ ခဏနားဦးမယ်။ နောက်တစ်ခေါက်ကျရင် သမီးကို ဖေဖေ့ရဲ့အတွေ့အကြုံတွေ ထပ်ပြောပြမယ်။

■

## ဟောပြောပွဲအတွေ့အကြုံ (၂)

ဒီတစ်ခေါက်တော့ သမီးကို ဖေဖေ့ ဟောပြောပွဲတွေရဲ့ Theme တစ်ခုကို ပြောပြချင်တယ်။ ဖေဖေက လူတိုင်းကို အသိတရားအမြဲရှာဖွေနေစေချင်တယ်။ ဒီလိုရှာတဲ့နေရာမှာ အရွယ်နဲ့ မဆိုင်ဘူး။ အရင်တုန်းက ဖေဖေကြားဖူးတာက ပထမအရွယ်မှာ ပညာရှာ၊ ဒုတိယအရွယ်မှာ ဥစ္စာရှာ၊ ပြီးတော့မှ တတိယအရွယ်မှာ တရားရှာ။ ဒီဆောင်ပုဒ်ကို ဖေဖေကတော့ ပြင်ချင်တယ်လေ။ ပညာကို ပထမအရွယ်မှာလည်းရှာရမယ်၊ ဒုတိယအရွယ်မှာလည်း ရှာရမယ်၊ တတိယအရွယ်မှာလည်း ရှာရမယ်၊ မသေမချင်းရှာနေရမယ်လေ။ မဟုတ်ရင် ဒုတိယအရွယ်မှာရော၊ တတိယအရွယ်မှာပါ ပညာမရှာရတော့ဘူးလား။ ဘယ်လိုမှ မဆုံးနိုင်တဲ့၊ မကုန်ခန်းနိုင်တဲ့ အသိပညာရှာမှုကို အရွယ်နဲ့မကန့်သတ်သင့်ဘူးထင်တယ်။

ပညာကို ဘာကြောင့်ရှာတာလဲ။ အသိတရားကို ဘာကြောင့် တိုးစေချင်တာလဲ။ ဖေဖေကတော့ သိချင်လို့၊ တတ်ချင်လို့ရှာတယ်လို့ ဖြေချင်တယ်။ အသိတရားကိုချစ်လို့၊ မြတ်နိုးလို့၊ ခင်မင်လို့ ရှာဖွေတာမျိုးဖြစ်စေချင်တယ်။ အကျိုးတစ်ခုကို မျှော်ကိုးပြီး ရှာတာမျိုးကိုတော့ ဖေဖေသဘောမကျဘူး။ လက်မခံဘူး။ ကြုံရင်ကြုံသလို ဟောပြောပွဲတွေမှာ ဖေဖေအမြဲပြောလေ့ရှိတဲ့စကား တစ်ခုရှိတယ်။ အသိတရား၊ ပညာရှာတဲ့နေရာမှာ မသိသေးတာတွေ၊ မလေ့လာ

ဖူးတာတွေ၊ အသစ်အဆန်းတွေကို ရှာရမယ်။ ဒါကို **Learn** လုပ်တယ်လို့ ပြောလို့ရတယ်။ ဒါနဲ့တော့ မလုံလောက်ဘူး။ ကိုယ်သိတာတွေ၊ မှတ်သားထားတာတွေက မမှန်တော့ဘူး။ အယူအဆတွေ၊ အတွေးအခေါ်တွေ ပြောင်းလဲသွားရင် သိထားတာတွေကို ထုတ်ပစ်ရမယ်။ တစ်နည်းပြောရရင် **Unlearn** လုပ်ရမယ်လေ။ ဒါက သိပ်မလွယ်လှဘူး။ ကိုယ်သိထားတာ အမှန်လို့ယူဆထားတာဟာ မဟုတ်တော့ဘူး၊ မမှန်တော့ဘူးလို့ ပြောရဲတဲ့သတ္တိရှိဖို့ သိပ်မလွယ်လှဘူး သမီး။

လူတွေမှာ အစွဲတွေကရှိနေတာ။ ဒီအစွဲတွေကို ဖျောက်ဖို့ ဖြုတ်ထုတ်ဖို့ မလွယ်လှဘူး။ နောက်တစ်မျိုးကတော့ ကိုယ်သိထားတဲ့ ကိစ္စတစ်ခုနဲ့ ရှုထောင့်တစ်မျိုးကနေကြည့်ပြီး၊ သုံးသပ်ပြီး **Relearn** အသစ်တစ်ဖန်အသိတရားရှာဖွေတာလို့ ပြောနိုင်တာပေါ့။ ဒီတော့ အသိတရားရှာဖွေချက် ရှုထောင့်သုံးမျိုးနဲ့ သုံးသပ်မှ ပြည့်စုံမှုရှိမှာ ဖြစ်တယ်၊ မဟုတ်ရင်အသစ်ရှာမှအသိတရားရှာတဲ့အဓိပ္ပာယ် သက်ရောက်သွားမှာပေါ့။ ဟောပြောပွဲတွေမှာ ဖေဖေ နောက်တစ်ခုပြောတာရှိတယ်။ အသိတရားရှာချင်ရင် မိမိရဲ့ရေနွေးခွက် အရင်သွန်ဖို့လိုတယ်။ တစ်ခါက လူငယ်တစ်ဦးဟာ အသိတရားရှာဖွေချင်တာနဲ့ တောရကျောင်းမှာ သီတင်းသုံးနေတဲ့ ဆရာတော်တစ်ပါးဆီ သွားခဲ့တယ်။ သူက ဆရာတော်ကိုလျှောက်ထားပြီး သူအသိတရားရှာချင်လို့ ရောက်လာကြောင်း ပြောပြတယ်။ ဒီလိုပြောပေမယ့် သူကချည်းဦးဆောင်ပြီး ပြောနေလေရဲ့။ အခုလို သူစကားတွေ အများကြီးပြောနေတဲ့အခါမှာ ဆရာတော်က သူ့ရှေ့မှာရှိတဲ့ ရေကရားကနေ လက်ဖက်ရည်ကြမ်းကို ရေနွေးခွက်ထဲ လောင်းထည့်နေတယ်။ လောင်းရင်းလောင်းရင်းနဲ့ ရေနွေးတွေက လျှံကျသွားတာပေါ့။ လူငယ်ကလည်း သူပြောတာကို မရပ်၊ ဆရာတော်ကလည်း သူငှဲ့တာကို မရပ်ဘဲရှိနေတယ်။ အတော်လေးကြာမှ လူငယ်က အရှင်

ဘုရား ဘာလို့ ရေနွေးကို ဆက်လောင်းနေတာလဲ၊ ပြည့်လျှံနေပါပြီ ဘုရားလို့ လျှောက်တော့။ ဆရာတော်က ရေနွေးခွက်ကို ပြည့်စေချင်ရင် အရင်ဆုံးရေနွေးခွက်ထဲမှာရှိတဲ့ လက်ဖက်ရည်ကို သွန်ပစ်ရမယ်လို့ အဆိုရှိခဲ့တယ်။ ဖေဖေတို့လည်း ရေနွေးခွက်ကို အရင်သွန်ပစ်ဖို့လိုတယ်သမီး။ **အသိတရားရှာရင် ကိုယ်ဘာမှမသိသေးဘူးလို့ စိတ်ထဲမှာ မှတ်ထားမှ အသစ်အသစ်တွေ ရှာဖွေနိုင်မှာပေါ့။** ကိုယ်က အားလုံးသိနေပြီဆိုရင် ရေနွေးခွက် ပြည့်သလိုပေါ့ သမီး။ ကိုယ်ဘာမှမသိဘူးလို့ ယူဆနိုင်ရင် အသိတရားရှာဖို့ သိပ်လွယ်တယ် သမီး။ သိပြီးသားလို့ဆိုရင်တော့ ခက်မှာပေါ့။

အသိတရားရှာဖွေမှုကို ဘဝတစ်လျှောက်လုံး ကြိုးပမ်းရမယ်လို့ ဖေဖေထင်တယ်။ တစ်နည်းပြောရင် Life-Long Learning ပေါ့။ ဒါကြောင့်လည်း သမီးကို ဖေဖေရော၊ မေမေရောက သမီးငယ်ငယ်လေးကတည်းက အားပေးခဲ့တာ။ သမီး တစ်နှစ်သမီးလောက်ကတည်းက ဖေဖေက ညအိပ်ရာဝင်တိုင်းမအိပ်ခင် စာအုပ်ကိုဖတ်ပြီးမှ သိပ်တယ်။ သမီးက တစ်နှစ်ကျော်ကျော် အရွယ်ရောက်လာတဲ့အခါကျတော့ ဖေဖေဖတ်ပြခဲ့တာကို အလွတ်တောင်ရွတ်ဆိုတတ်လာခဲ့တယ်။ မနေ့က မေမေက ပစ္စည်းအဟောင်းတွေရှာရင်း သမီး ဟိုးငယ်ငယ်တုန်းက ဖေဖေနဲ့အတူ ဖတ်ခဲ့တဲ့စာအုပ်ကလေးတွေကို ပြန်တွေ့လို့ သမီးကိုပြခဲ့သေးတာပေါ့။ သမီးက သတိရပြီး ပျော်နေလေရဲ့။ ဖေဖေကတော့ သမီးကို အမြဲတမ်းစာဖတ်စေချင်တယ်။ ဒါကြောင့် သမီးစာအုပ်ဝယ်မယ်ဆိုရင် ဖေဖေရော မေမေက ဘယ်တော့မှ မကန့်ကွက်ခဲ့ဘူး။ ဒါကြောင့်လည်း ဖေဖေတို့အိမ်တစ်အိမ်လုံးမှာ သမီးစာအုပ်တွေရယ်၊ မေမေ့ရဲ့ စာအုပ်တွေရယ်၊ ဖေဖေ့ရဲ့စာအုပ်တွေရယ်နဲ့ ပွတ်သိပ်နေတာ။ သမီးမှာ စာအုပ်ချစ်တဲ့စိတ်ရှိနေတာကို ဖေဖေရော မေမေပါသိပ်သဘောကျတာ။ အားပေးတာ။

သမီးရဲ့ အဘိုး၊ ဖေဖေ့ရဲ့အဖေကလည်း ဒီလိုပဲ။ ဖေဖေတို့ကို စာဖတ်ပြီး အားပေးခဲ့တာ။ သူအားပေးပုံက တစ်မျိုး။ ဖတ်ပါ၊ ဖတ်ပါလို့ တစ်ခါမှမပြောဘူး။ ဒါပေမဲ့ အိမ်မှာ စာအုပ်တွေအများကြီးထားပေးတယ်။ သူက တပ်မတော်အရာရှိကြီးလေ။ တိုင်းပြည်လွတ်လပ်ရေးရဖို့၊ ကျောင်းကိုပြီးအောင်မတက်ဘဲ စစ်ထဲလိုက်ခဲ့တာ။ ဒါပေမဲ့ စာအုပ်ဖတ်တာကတော့ ဘယ်တော့မှမရပ်ခဲ့ဘူး။ ဒါကြောင့်လည်း ဖေဖေငယ်ငယ်လေးကတည်းက စာအုပ်တွေကို ချစ်ခဲ့တာ။ ဖေဖေ့ အမေရဲ့အဖေ သမီးရဲ့အဘိုးကလည်း စာဖတ်တာအားပေးတယ်။ ဖေဖေ ငါးတန်းလောက်ကတည်းက *Reader's Digest* တို့၊ *Time* တို့၊ *Newsweek* တို့ကို ဖတ်နေပြီ။ ဒါကြောင့် မိသားစုတိုင်းမှာ စာအုပ်ချစ်တဲ့စိတ်ကို မွေးပေးစေချင်တယ်။ ကျောင်းတွေ၊ တက္ကသိုလ်တွေမှာလည်း အားပေးစေချင်တယ်။ စာကြည့်တိုက်ထဲသွားရရင် အလိုလိုပျော်နေမိတယ်။ စာအုပ်တွေကလည်း အများကြီးမဟုတ်လား။ ဖတ်လို့ကိုမကုန်နိုင်ဘူး။ သုံးလို့မကုန်နိုင်တဲ့ ရတနာပေါ့သမီး။ ဖေဖေနိုင်ငံခြားပညာသင်တုန်းကလည်း စာကြည့်တိုက်ထဲမှာ အချိန်ကုန်ခဲ့တာ။ တစ်ခုတော့ရှိတယ်။ ချမ်းတဲ့ရာသီဥတုမို့ ငွေမကုန်ဘဲ စာကြည့်တိုက်ထဲမှာ နွေးနွေးထွေးထွေးနေနိုင်ခဲ့တာလည်း ပါပါတယ်။ လန်ဒန်မြို့ရောက်တော့ကမ္ဘာကျော် British Library ကိုသွားခဲ့တယ်။ နာမည်ရ ပုဂ္ဂိုလ်ကြီးတွေ ထိုင်ခဲ့တဲ့နေရာမှာ သွားထိုင်ပြီး ကျေနပ်ခဲ့ရတယ်သမီး။

Life-Long Learning လိုသလို တစ်ဖက်က Life-wide Learning လည်းလိုတယ်။ သမီး Life-wide ဆိုတာက ဘာသာရပ်မျိုးစုံကို လေ့လာဖို့လိုတယ်။ တကယ်တော့ ဘာသာတိုင်းဟာ တန်ဖိုးရှိတယ်။ ဘယ်ဘာသာက ဘယ်ဘာသာထက်သာတယ်၊ လျော့တယ်ဆိုတာမရှိပါဘူး။ သိပ္ပံပညာလေ့လာမှ ဂုဏ်ရှိသလိုလို၊ ဆေးပညာဆည်းပူးမှ ကောင်းသလိုလို၊ သမိုင်းဘာသာကို လေ့လာ

ရတဲ့အတွက် အားငယ်တဲ့စိတ်ရှိတာ ဒါတွေဟာ မရှိသင့်တဲ့၊ မထားသင့်တဲ့သဘောတွေပဲသမီး။ ဘာသာတိုင်း၊ ပညာတိုင်းဟာ မြတ်နိုးစရာ၊ ချစ်စရာပါ သမီး။ မြင့်တယ် နိမ့်တယ်ဆိုတဲ့သဘော မရှိပါဘူး။ ပြီးတော့ ဂီတတို့ အနုပညာတို့ ဒါတွေလည်း အရေးပါတာပဲသမီး။ ကမ္ဘာကျော် ရူပဗေဒပညာရှင်ကြီးဖြစ်သူ Einstein ဟာ ဒီပညာကို အနုစိတ်လေ့လာခဲ့တယ်။ သမီး **တကယ်တော့ လူသားတွေရဲ့ ဦးနှောက်ထဲမှာ သိပ္ပံရယ်၊ ဝိဇ္ဇာရယ်၊ သမိုင်းရယ်၊ စီးပွားရေးရယ် အကန့်တွေခွဲမထားပါဘူး။ ဦးနှောက်က တစ်လုံး တစ်စည်းတည်းပါ။** ဒါကြောင့် ဘာသာရပ်တစ်ခုတည်းကို အထူးပြုလာတယ်။ ဘာသာတွေ တစ်ခုနဲ့တစ်ခု ဆက်စပ်မှုကို သိအောင်ကြိုးစားရမယ်။

အခုဆို အခြေခံပညာရေးမှာ Multiple Intelligence ဆိုတာကို အားပေးနေကြပြီး အရေးအဖတ်၊ အတွက်အချက်နဲ့ မလုံလောက်တော့ဘူး။ ဂီတ၊ အနုပညာဟာအရေးကြီးသလို အားကစားလှုပ်ရှားမှုဟာလည်း အရေးပါတယ်။ ပိုပြီးထူးခြားတာက ကလေးတွေက ငယ်ငယ်ကလေးကတည်းက Interpersonal Skills လို့ ခေါ်တဲ့ တခြားလူတွေနဲ့ လူမှုဆက်ဆံရေးအတတ်ကို သင်ပေးတာကို တွေ့ရတယ်။ ပြီးတော့ Interpersonal Skills ဖြစ်တဲ့ မိမိကိုယ်နဲ့ မိမိဆက်ဆံမှု ပညာကိုလည်း သင်ပေးတယ်။ အရေးကြီးဆုံးအစိတ်အပိုင်းကတော့ ကိုယ့်ကိုယ်ကိုယ် သိခြင်းပဲ သမီး။ တစ်နည်းအားဖြင့် တရားအားထုတ်မှုပေါ့။ အဲဒီတော့တရားကို ပထမအရွယ်ထဲက ရှာဖွေခိုင်းနေပြီ သမီး။ အခုလို ဘက်စုံတိုးတက်မှုရှိတာကို လုပ်လာတာဟာ လုပ်သင့်တဲ့ကိစ္စပဲလေ။ ငယ်ငယ်ကလေးက ကျောင်းတွေမှာ အခုလို Multiple Intelligence သင်ပေးနေကြပြီ။ စိတ်ပညာထက်မြက်မှုဖြစ်တဲ့ Intelligence Quotient (IQ) တစ်ခုတည်းနဲ့ မလုံလောက်တော့ဘူး သမီး။ ဖေဖေလေ့လာနေတဲ့၊ ဟောပြောနေတဲ့ Emotional Quotient (EQ)ဟာလည်း ပိုပြီး အရေးကြီးနေတာ

တွေ့ရတယ်။ အခုဆို EQ ကို မူလတန်းအဆင့်မှာ စပြီးသင်နေပြီ။ EQ ရှိတဲ့သူနဲ့ မရှိတဲ့သူ သိပ်ကွာတယ်။ သိပ်သိသာတယ်။ ကောင်းတာ တစ်ခုက IQ နဲ့ပတ်သက်လို့ သိပ်ပြီးပြုပြင်လို့မရပေမယ့် EQ ကတော့ တိုးတက်အောင် ဖွံ့ဖြိုးအောင်လုပ်ရတယ် သမီး။

ဖေဖေက သမီးကို အရင်တုန်းကပြောခဲ့တဲ့ အဆိုတစ်ခုကို ပြင်ချင်တယ်လို့ ဒီဆောင်းပါးအစမှာ ပြောခဲ့ပေမယ့် 'ပညာရွှေအိုး လူမခိုး'ဆိုတဲ့ အဆိုကိုတော့ မပစ်ပယ်ချင်ဘူးလေ။ ရွှေအိုးထက်တောင်တန်ဖိုးရှိတယ် သမီး။ ဒါကြောင့် သမီးကို ဖေဖေရော မေမေရောက ပညာတွေအများကြီး သင်စေချင်တယ်။ တတ်စေချင်တယ်။ ဆည်းပူးစေချင်တယ်။ ဗေဒင်ဆရာဆီသွားတိုင်း ဆရာရဲ့သမီးက ဆရာ့ထက် ဘွဲ့တွေပိုများများရမယ်ဆိုလို့ သိပ်ကျေနပ်နေမိတယ်။ ဖေဖေ့မှာ ဘွဲ့လေးခု။ သမီးကို ဒီထက်ပိုများစေချင်တယ်။ ဘွဲ့ကြောင့် မဟုတ်ဘူး။ သမီး ဘွဲ့ရဖို့အတွက် ရှာဖွေရတဲ့ အသိတွေ၊ ပညာတွေကြောင့်ပဲ သမီး။ ဒါပေမဲ့ ဖေဖေအမြဲပြောသလို Ph.D ပါရဂူရတာက အစ။ အဆုံးမဟုတ်ဘူး။ တချို့တွေက ပါရဂူဒေါက်တာဖြစ်သွားရင် ဘာမှဆက်လုပ်စရာမလိုတော့ဘူး၊ ဘာအသိတရားတွေမှ ထပ်ရှာစရာမလိုတော့ဘူး၊ အားလုံးတတ်နေပြီ၊ အဲလိုပဲထင်ကြတာ။ တကယ်တော့ Ph.D ဘွဲ့ရတာကအစ။ လုပ်စရာတွေ၊ သင်စရာတွေ၊ ရှာစရာတွေကတစ်ပုံကြီး။ ရှာဖွေဖို့ လက်မှတ်ပေးတာပဲဖြစ်တယ် သမီး။ ဖေဖေကတော့ ပညာလောဘကြီးတယ်။ ကျေနပ်တယ် မရှိဘူး။ သိချင်နေတာပဲ၊ တတ်ချင်နေတာပဲ။ ဖေဖေ့လိုပဲ သမီးလေးရော ဖေဖေရဲ့ဟောပြောပွဲတွေကို မပြတ်တက်ရောက်လာတဲ့သူတွေအားလုံး ပညာတွေ အမြဲရှာဖွေနိုင်ပါစေလို့ ဆုတောင်းလိုက်ပါတယ် သမီး။ တော်သေးပြီနော်။

■

## ဟောပြောပွဲအတွေ့အကြုံ (၃)

ဒီတစ်ပတ်မှာတော့ ဖေဖေကဟောပြောပွဲအစား ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းတစ်ခုအတွက် ဆောင်ရွက်ပေးခဲ့တဲ့ အလုပ်ရုံဆွေးနွေးပွဲအကြောင်းကို သမီးကို ပြောပြချင်တယ်။ ထူးခြားတာက ရန်ကုန်မှာမဟုတ်ဘဲ ပုပ္ပားတောင်ကလပ်အနီးမှာရှိတဲ့ ပုပ္ပား Resort Hotel မှာလေ။

သမီးမှတ်မိမယ်ထင်ပါတယ်။ ဖေဖေရယ်၊ မေမေရယ်၊ သမီးရယ် ဟိုသုံးနှစ်တုန်းက တစ်ခေါက်ရောက်ခဲ့တာ။ ဖေဖေနဲ့ မေမေက နှစ်တိုင်းမြန်မာပြည်ကို ပြန်လာနိုင်အောင် ကြိုးစားတယ်။ ရောက်ရင်လည်း ဖေဖေတို့နိုင်ငံရဲ့ မြတ်နိုးစရာ၊ ဂုဏ်ယူစရာ၊ လှပတဲ့နေရာတွေကို အနှံ့ရောက်အောင် ကြိုးစားတယ်။ ငယ်ငယ်ကစပြီး သမီးလေးကို ကိုယ့်လူမျိုး၊ ကိုယ့်ယဉ်ကျေးမှုကို သိစေချင်တယ်၊ မြတ်နိုးစေချင်တယ်။ တကယ်တော့ ဖေဖေတို့နိုင်ငံမှာ ကြည့်စရာ၊ လည်စရာ၊ သွားစရာတွေမကုန်ဘူး သမီး။ အရှေ့တောင်အာရှဒေသမှာ ဘယ်နိုင်ငံမှမရှိတဲ့ ဆီးနှင်းတွေနဲ့ ဖုံးနေတဲ့ တောင်တွေရှိတယ်။ ပြီးတော့ တခြားနိုင်ငံမှာရှိတဲ့ ပင်လယ်ကမ်းခြေအလှအပဟာ မြန်မာပြည်မှာရှိတဲ့ ငပလီတို့၊ ချောင်းသာတို့၊ ငွေဆောင်တို့၊ မောင်းမကန်တို့ကို ဘယ်လိုမှ မမီနိုင်ဘူးလေ။ ဒီ Resort Hotel ရောက်တော့ မေမေ့ကိုရော၊ သမီးလေးကိုရော သိပ်သတိရမိ

တယ်။ ဖေဖေနဲ့သမီး အတူတူရေကူးခဲ့တဲ့ ရေကူးကန်ကိုလည်း အမှတ်ရတယ်။ ဟိုတယ်ကလူတွေက ဖေဖေ့ကို မှတ်မိနေကြတယ်။

ဖေဖေလုပ်ပေးတဲ့ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းက UNEPA လေ။ မြန်မာနိုင်ငံမှာ လူဦးရေနဲ့ပတ်သက်တဲ့ ကိစ္စတွေ ဆောင်ရွက်နေတဲ့ အဖွဲ့အစည်း။ မျိုးဆက်ပြန့်ပွားမှုနဲ့ပတ်သက်တဲ့ ကျန်းမာရေးဆိုင်ရာကိစ္စတွေ၊ HIV/AIDS နဲ့ ပတ်သက်တဲ့ကိစ္စရပ်တွေ၊ ပြီးတော့ အသက်ကြီးရင့်မှုကြောင့် နိုင်ငံတစ်နိုင်ငံမှာ ရင်ဆိုင်ရမယ့်ပြဿနာတွေကို အစိုးရ၊ လူမှုရေးအဖွဲ့အစည်းတွေနဲ့ ပြည်သူလူထုပူးပေါင်းပြီး ဆောင်ရွက်နေတဲ့ အဖွဲ့အစည်းဖြစ်တယ်။ ဝန်ထမ်းအရေအတွက်က ၂၀ ကျော်လောက်ပဲရှိပေမယ့် ကျစ်လျစ်တယ်၊ ဖျတ်လတ်တယ်။ အထူးသဖြင့် ဂုဏ်ယူဖွယ်ရာ ကိစ္စကတော့ ဒီအဖွဲ့အစည်းမှာ နိုင်ငံခြားဝန်ထမ်း နှစ်ဦးသာရှိပြီး ကျန်တဲ့သူတွေက မြန်မာလူမျိုးတွေ။ ဖေဖေလုပ်ပေးရတဲ့ကိစ္စက အချိန်တစ်ရက်ခွဲမှာ Retreat လုပ်တာဖြစ်တယ်။ Retreat ဆိုတဲ့ အဓိပ္ပာယ်က ဆိတ်ငြိမ်ပြီး ပြန်လည်သုံးသပ်မှုပဲဖြစ်တယ်။ တစ်နှစ်လုံးလုံး လုပ်ငန်းတွေ ဆောင်ရွက်ခဲ့ရာမှာ ရခဲ့တဲ့အောင်မြင်မှုတွေ၊ ကြုံတွေ့ရတဲ့ အခက်အခဲအဟန့်အတားတွေကို အဖွဲ့အစည်းမှာရှိတဲ့သူတွေက ဝိုင်းစဉ်းစားကြတာလေ။ စဉ်းစားတဲ့နေရာမှာလည်း ကြီးတယ်၊ ငယ်တယ်ဆိုတာနဲ့ ရာထူးရှိတဲ့၊ ရာထူးမရှိတဲ့၊ နိုင်ငံခြားသား တိုင်းရင်းသားဒါတွေနဲ့ ခွဲထားတာမဟုတ်ဘဲ အားလုံးဝိုင်းပြီး ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြ၊ ငြင်းကြ၊ ခုံကြ၊ ပြီးတော့ အဖြေအတူ ရှာဖွေကြတဲ့ကိစ္စပဲ ဖြစ်တယ်။

သမီးသိတဲ့အတိုင်း လုပ်ငန်းအဖွဲ့အစည်းမှာ တာဝန်ယူတဲ့သူတွေမှာ အမြဲတမ်းအလုပ်နဲ့ ပင်ပန်းနေကြတယ်။ အလုပ်နဲ့လက်ပြတ်တယ်လို့မရှိဘူး။ အခုလို တစ်ချိန်လုံးလုံးအာရုံစိုက်ပြီး အားထုတ်နေကြရတဲ့အတွက် ခဏလောက် ဆိတ်ငြိမ်မှုကိုရှာပြီး ပြန်လည်သုံးသပ်မှုဟာ အလွန်လိုအပ်တဲ့ကိစ္စပေါ့။ ဒီလို Retreat လုပ်ပေးရင်

အကျိုးကျေးဇူးအမျိုးမျိုးရနိုင်တယ်။ အလုပ်တာနေ နှစ်ရက် သုံးရက် အနားယူခွင့်ရတဲ့အတွက် ပင်ပန်းမှု၊ စိတ်ဝေဒနာဖိစီးမှုတွေ ခဏ တဖြုတ် အနားရနိုင်တယ်လေ။ ပြီးတော့ အခုလို အလုပ်ခွင်နဲ့ဝေးတဲ့ နေရာတစ်နေရာမှာလုပ်လို့ စိတ်လွတ်ကိုယ်လွတ်ရှိတယ်။ လုပ်ငန်းခွင် မှာ လုပ်ဖော်ကိုင်ဖက်အချင်းချင်းမှာလည်း ပိုမိုရင်းနှီးမှု၊ ရိုင်းပင်းမှု၊ ချစ်ခင်မှုရနိုင်တယ်၊ တိုးနိုင်တယ်။ ပြီးတော့လည်း တစ်နှစ်ပတ်လုံး လုပ်ခဲ့တဲ့ လုပ်ငန်းတွေအပေါ် စနစ်တကျသုံးသပ်နိုင်ပြီး နောင်နှစ် နောင်နှစ်တွေမှာ ပိုမိုအောင်မြင်အောင်၊ အဆင်ပြေအောင် လုပ်ငန်း အစီအစဉ်တွေကို ချမှတ်နိုင်မယ်လေ။

Retreat လုပ်တဲ့နေရာမှာ လုပ်ငန်းနဲ့ဆိုင်တဲ့ ကိစ္စတွေ သာမက ပျော်ပွဲရွှင်ပွဲတွေ၊ ကစားစရာတွေ၊ မရောက်ဖူးတဲ့နေရာ၊ မမြင်ဖူးတဲ့ရှုခင်းတွေကိုလည်း မြင်ရကြုံရတော့ ရတဲ့အကျိုးအမြတ် က အများကြီးပဲသမီး။ တချို့ကတော့ ပြောကြမှာပေါ့။ လူ ၂၀ လောက်ကို ရန်ကုန်ကနေ ညောင်ဦး၊ ညောင်ဦးကနေ ပုပ္ပား Hotel နှစ်ရက်သုံးရက်အချိန်ယူပြီးသွားတာ ငွေအကုန်အကျများလှတယ် လို့ ထင်ကြလိမ့်မယ်။ တကယ်တော့ ဒါတွေကို စရိတ် (Expenditure/ Costs) လို့ မယူဆစေချင်ဘူး။ Investment (အရင်းအနှီး) အဖြစ် မြင်ရမယ်။ အဖွဲ့ဝင်တွေအားလုံးက တက်တက်ကြွကြွ ပါဝင်ကြ တယ်၊ ဆွေးနွေးကြတယ်၊ ပြောကြတယ်၊ ငြင်းကြတယ်။ ဒါပေမဲ့ တစ်ယောက်နဲ့တစ်ယောက် နစ်နာအောင် နိုင်ထက်စီးနင်းမပြော ကြဘူး။ နားလည်မှုကို ဦးစားပေးတယ်။ ပြောတာထက် နားထောင် တာကို ဦးစားပေးဖို့ ဖေဖေက တဖွဖွမှာတယ်။

အခုလို Retreat မျိုးကို ဖေဖေမြန်မာပြည် ပြန်ရောက် ကတည်းက မကြာခဏ လုပ်ပေးဖြစ်တယ်။ အမှန်တော့ ဖေဖေ Turin မှာ ခုနစ်နှစ်တိတိလောက် တာဝန်ထမ်းဆောင်ရာမှာ အဓိက တာဝန်တစ်ရပ်က အခုလို Retreat တွေကို တစ်ကမ္ဘာလုံးကိုသွား ပြီး လုပ်ခဲ့တယ်။ အာရှ၊ အာဖရိက၊ အရှေ့အလယ်ပိုင်းဒေသ၊

ဥရောပ၊ လက်တင်အမေရိက၊ နိုင်ငံမြောက်များစွာကိုသွားပြီး လုပ်ပေးခဲ့တယ်။ တစ်ခုတော့ထူးခြားတယ် သမီး။ ဒီလိုလုပ်တဲ့ နေရာမှာ အဲဒီနိုင်ငံမှာရှိတဲ့ UN အဖွဲ့အစည်းတွေရဲ့ အကြီးအကဲ နဲ့စုဖွဲ့ထားတဲ့ UN Country Team အတွက် လုပ်ပေးရတာ။ အဖွဲ့ အစည်းတစ်ခုအတွက် လုပ်ပေးခဲ့တာမဟုတ်ဘူး။ အခု ကိုယ့်နိုင်ငံ ပြန်ရောက်မှ မြန်မာပြည်မှာ တာဝန်ယူနေတဲ့ UN အဖွဲ့အစည်း အသီးသီးအတွက် လုပ်ပေးဖြစ်တယ်။ ဒါတောင် လွန်ခဲ့တဲ့ နှစ်ပတ် လောက်က Dusit Inya Lake Hotel မှာ မြန်မာနိုင်ငံမှာ တာဝန်ယူ နေတဲ့ UN အဖွဲ့အစည်း ၁၃ ဦးရဲ့ ဌာနအကြီးအကဲတွေ အတွက် UN Country Team (Myanmar) အတွက် Retreat လုပ်ပေးရ တယ်။ သိပ်ကျေနပ်တယ်။ မြန်မာနိုင်ငံသားတစ်ဦးအနေနဲ့ အခုလို UN အဖွဲ့အစည်းတွေအတွက် လုပ်ပေးခွင့်ရတာ ဂုဏ်ယူတယ်၊ ကျေနပ်တယ်။

ဖေဖေ့ရဲ့တာဝန်က အဲဒီ Retreat မှာ Facilitator (ဖန်တီး သူ) အဖြစ် ဆောင်ရွက်ရတယ်။ ဒီ Facilitator ရဲ့ အခန်းက ဆန်းသစ်တယ်။ ထူးခြားတယ်။ သမားရိုးကျဟောပြောမှုချတဲ့ သဘောမဟုတ်ဘူး။ တကယ်တော့ ဟောတဲ့ပြောတဲ့အလုပ်က အလွယ်ဆုံးပါသမီး။ သတ်မှတ်ချိန်ကာလအတွင်း ကိုယ်ဟောချင် တာ ပြောချင်တာကို ပြင်ဆင်ပြီး ပြောရုံ ဟောရုံပဲ။ နားထောင်တဲ့ သူတွေ နားလည်တာ နားမလည်တာ၊ စိတ်ဝင်စားတာ၊ စိတ်မဝင် စားတာ သိပ်မစဉ်းစားဘူး။ အိပ်ငိုက်နေလည်း ဂရုမစိုက်ဘူး။ ဒါကြောင့် Lecture လုပ်တဲ့ အလုပ်ဟာ ခက်သလိုရှိပေမယ့် လွယ် တယ်လို့ ဖေဖေထင်တယ်။ Facilitator ရဲ့ အခန်းကတော့ တစ်မျိုး။ မဟောရဘူး။ မပြောရဘူး။ အကြောင်းအရာ၊ ဘာသာရပ်တစ်ခုကို နိဒါန်းပျိုးပေးရုံပဲ။ နိဒါန်းပျိုးပြီးရင် နောက်ဆုတ်။ တက်ရောက် လာတဲ့ သူတွေအချင်းချင်း အမြင်ချင်းဖလှယ်ကြ၊ ကိုယ်က ကန့်လန့် ကာ နောက်မှာနေရတယ်။ တစ်ယောက်နဲ့တစ်ယောက် ဆွေးနွေး

ဖြစ်အောင် ဖန်တီးပေးရမယ်။ ဒီတော့ အလုပ်ကလွယ်သလို ထင်ရပေမယ့်ခက်တယ်။ လူတိုင်းကို အမြဲအကဲခတ်နေရတယ်။ အပြောနည်းတဲ့သူကို ပိုပြောအောင် လုပ်ပေးရတယ်။ အပြောများတဲ့သူကို နည်းနည်းထိန်းရတယ်။ တကယ်တော့ Facilitator ဆိုတာက အသိတရားရှာဖွေတဲ့ ပတ်ဝန်းကျင်ကို ဖန်တီးပေးသူဖြစ်တယ်။ Facilitator တစ်ယောက် အောင်မြင်တာ သူ့ရဲ့ အရည်အချင်းကြောင့် မဟုတ်ဘူး။ တက်ရောက်နေတဲ့သူတွေ အားလုံးကြောင့်ဖြစ်တယ်။ ဖေဖေ Retreat အတွက် အချိန်တစ်ရက်ခွဲပဲရတယ်။ အချိန်က အဓိကမဟုတ်ဘူးလေ။ ရတဲ့အချိန်မှာ လိုချင်တဲ့ရည်မှန်းချက်တွေ ပြည့်ဖို့သာ အရေးကြီးတာပါသမီး။ နောက်ဆုံး Retreat ပြီးသွားတဲ့အခါ အရင့်အရင်တုန်းက Retreat နဲ့ နှိုင်းယှဉ်ကြတော့ ဒီတစ်ခေါက် သိပ်ကို ထူးခြားတယ်လို့ အားလုံးက ပြောကြတော့ ဖေဖေ ပီတိဖြစ်ရပါတယ်။ ဒါပေမဲ့ သမီးရေ ဒီတစ်ခေါက် ကောင်းရုံနဲ့ မကျေနပ်သင့်ဘူး။ နောက်တစ်ခေါက် ဒီထက်ကောင်းအောင် ကြိုးစားရပေဦးမယ်။

နောက်ဆုံးနေ့ညမှာ အဖွဲ့ဝင်တွေအတွက် Talent Show လုပ်ကြတယ်။ ဖေဖေ့ရယ်၊ ကျန်တဲ့လူကြီးနှစ်ယောက်က ဒိုင်လုပ်တယ်။ ဆိုကြ၊ ကကြတယ်။ အဆိုပြိုင်တဲ့သူတွေ ၁၀ ဦးလောက်ဟာ တကယ့် Professional တွေအတိုင်း ဆိုနိုင်ကြတယ်။ ဒါကြောင့် အလုပ်ခွင်မှာ ဝန်ထမ်းတွေအနေနဲ့ အလုပ်မှာ တာဝန်ယူရုံမကဘဲ သူတို့တစ်တွေမှာရှိတဲ့ ဗီဇ၊ ဝါသနာ၊ ထူးချွန်တာတွေရှိကြတယ်။ ဒါတွေဟာ လုပ်ငန်းခွင်တစ်ခုရဲ့ သာယာမှုကို ဝင်ထမ်းပေးတာပဲ သမီး။

ဖေဖေက UN မှာ အလုပ်မလုပ်ခင် တစ်ချိန်လုံး၊ အစိုးရဌာနတစ်ခုမှာ တာဝန်ယူခဲ့ရတယ်။ ဖေဖေ့မှာ Retreat လုပ်တဲ့ ထုံးစံမရှိခဲ့ဘူး။ တစ်ချိန်လုံးလုံး အလုပ်နဲ့ပဲနေခဲ့တယ်။ အကယ်၍သာ ဒီလို Retreat တွေ လုပ်ပေးနိုင်ရင် သိပ်ကောင်းမှာ။ ဝန်ထမ်း

တွေ အနားယူခွင့်ရမယ်။ တစ်ဦးနဲ့တစ်ဦး ပိုရင်းနှီးခွင့်ရမယ်။ အားသစ်တွေမွေးပြီး အားရှိနိုင်တယ်။ ဖေဖေသာ ဖြစ်နိုင်ရင် လုပ်ပေးချင်လိုက်တာ။ UNEPA ရဲ့ လူကြီးက Retreat ကို မပိတ်မီ ဖေဖေက တက်ရောက်လာသူအားလုံးကို စကားလက်ဆောင်ပေးခဲ့တယ်။ ပေးခဲ့တာကို သမီးကို ပြောပြချင်တယ်။ အကြောင်းအရာ နှစ်ခုပါ။ ပထမကတော့ 'Live as if you are going to die tomorrow.' အခုလို စိတ်ထားစတ်ဖို့ လိုတယ်သမီး။ လူတိုင်းဟာ ကိုယ်ဘယ်တော့ သေရမယ်ဆိုတာ မသိကြဘူး။ မနက်ဖြန်မှာ သေနိုင်တာပဲ။ ဒီတော့ အသက်ရှင်တဲ့အချိန်မှာ တစ်ယောက်နဲ့ တစ်ယောက် ကြင်နာဖို့လိုတယ်၊ ညှာတာဖို့လိုတယ်၊ နားလည်ဖို့လိုတယ်၊ ဂရုစိုက်ဖို့လိုတယ်။ ဒီလိုဆိုရင် အားလုံး ပျော်စရာကြီး မဟုတ်လား။ ဘာဖြစ်လို့ တစ်ယောက်နဲ့တစ်ယောက် မုန်းတီးတာ၊ ဒေါသဖြစ်တာတွေ စဉ်းစားနေကြတာလဲ။ မနက်ဖြန် ကိုယ်မရှိရင် အားလုံးဟာ အလကားပဲပေါ့။ ဒုတိယအချက်က 'Learn as if you will live forever.' ဒါကတော့ ဖေဖေ သမီးကို ပြောနေသလို အသိတရားကို အမြဲမပြတ် ရှာဖွေနေရမယ်။ ရှာဖွေမှုဟာ ဆုံးတယ် မရှိဘူး။ မပြီးပြတ်ဘူး။ ဒါကို ဖေဖေက လူတိုင်းကို အားပေးတယ်။ လေ့လာကြပါ၊ ဖတ်ကြပါ၊ ဆွေးနွေးကြပါ။ တစ်ဦးနဲ့တစ်ဦး မျှဝေစေချင်တယ်လေ။

ဖေဖေ ပုပ္ပားကပြန်ပြီး တစ်ခါတည်းတုပ်ကွေးနဲ့ ဒေါင်းတော့တာပဲ။ သုံးရက်တောင် အိပ်ရာထဲကမထနိုင်ဘူး။ ဒီနေ့ နေ့လယ်စာကို ဖေဖေနဲ့ မေမေ မြိတ်မောင်တိတ် ကပ်ကြေးကိုက် ဆိုင်သွားတယ်။ ဖေဖေတို့စားနေရင်း ကားတစ်စီးက အမျိုးသမီး နှစ်ဦးဆင်းလာတယ်။ တစ်ယောက်ကို ဖေဖေ ချက်ချင်းမှတ်မိပါတယ်။ ဖေဖေစီစဉ်ခဲ့တဲ့ Myanmar Egress ရဲ့ PCM က သင်တန်းသူတစ်ဦး။ နောက်တစ်ဦးက သူ့ရဲ့မိခင်ထင်ပါတယ်။ ဖေဖေ့ကို လာနှုတ်ဆက်ပြီး သူဖျာပုံမှာ ကွင်းဆင်းခဲ့ကြောင်း ပြောပြတယ်။

သူတို့က ဆိုင်မှာမစားဘဲ အထုပ်မှာထားတယ်။ သူတို့မှာတာ ရတော့ ဖေဖေ့ကိုလာနှုတ်ဆက်ရင်း ဆရာ့ကို ကျွန်မကျွေးပါရစေ ဆိုပြီး ငွေရှင်းလိုက်တယ်။ ဒါက ဖေဖေတို့ရဲ့ ယဉ်ကျေးမှုပဲ သမီး။ ဘယ်နိုင်ငံမှ မရှိဘူးလေ။ အတူတူသွားစားရင်တောင် အတိအကျ ခွဲပြီး ငွေရှင်းရတယ်။ စားတဲ့ပုံကိုကြည့်၊ တစ်ယောက်စာ တစ်ပန်းကန်ထဲမှာ အကုန်ထည့်ပြီး သီးသန့်စားကြတာ။ ဖေဖေတို့လို တစ်ခွက်ထဲ၊ တစ်ပန်းကန်ထဲက မျှဝေစားတာမဟုတ်ဘူး။ ဒီလိုပြောလို့ ဘယ်ဟာကကောင်း၊ ဘယ်ဟာမကောင်းဘူးပြောတာ မဟုတ်ဘူး။ ဒီလိုဘယ်တော့မှ မစဉ်းစားရဘူးနော်။ ကောင်းတယ် မကောင်းဘူးဆိုတာကို မဆုံးဖြတ်နဲ့။ ဖြစ်တာကို သိအောင်သာ ကြိုးစား။ သူတို့မှာလည်း အကြောင်းအကျိုးရှိမယ်။ ဖေဖေတို့မှာလည်း အကြောင်းအကျိုးရှိတယ်။ တကယ်တော့ အားလုံးဟာ လူသားတွေပဲသမီး။

■

# ဟောပြောပွဲအတွေ့အကြုံ (၄)

ဖေဖေက အခွင့်အရေးရတိုင်း ဟောပြောပွဲတွေကို နေရာအနှံ့မှာ အမြဲလုပ်ဖြစ်တယ်။ ခေါင်းစဉ်အမျိုးမျိုးနဲ့ ဟောပြောပွဲတွေလုပ်ပေးမယ့် အခွင့်အရေးရတိုင်း ခေါင်းဆောင်မှု၊ ဦးဆောင်မှုအကြောင်းတွေကို တင်ပြဆွေးနွေးခဲ့တယ်။ ဦးဆောင်မှုကို ပြောတဲ့နေရာမှာလည်း သတိထားရတယ်လေ။ ဖေဖေကအဖွဲ့အစည်းနဲ့ပတ်သက်တဲ့ ဦးဆောင်မှုကို ဇောင်းပေးပေမယ့် တစ်ခါတလေတော့လည်း နားထောင်တဲ့ပရိသတ်တွေရဲ့အတွေးမှာ အခြားအခြားသောဦးဆောင်မှုမျိုးကို ရောက်သွားကြတာတွေ့ရတယ်။ ဒါကြောင့်ဖေဖေက ဟောပြောပွဲမစခင်ကတည်းက အသေအချာအဓိပ္ပာယ်ဖွင့်ဆိုပေးတယ်။ ဒါမှလည်းနားထောင်တဲ့ ပရိသတ်ရော၊ ဖေဖေရောစိတ်တူသဘောတူဖြစ်နိုင်မှာပေါ့။ မဟုတ်ရင် ကိုယ်ပြောတာကတစ်မျိုး၊ သူတို့တွေးတာက တစ်ခုဆိုတော့ အလွဲလွဲအချော်ချော်ဖြစ်တတ်တယ်လေ။

အရင်အပတ်က သမီးကျောင်းကညွှန်ကြားရေးမှူးကဖေဖေ့ကို ဆက်သွယ်လာတယ်။ သမီးရဲ့ကျောင်းက ကျောင်းကောင်စီဝင်တွေ၊ ကျောင်းသားခေါင်းဆောင်တွေအတွက် Leadership Forum မှာ လာပြီး ဟောပြောပေးပါလို့ ကမ်းလှမ်းလာတယ်။ ဒီကမ်းလှမ်းချက်ကို ဖေဖေ ကျေကျေနပ်နပ် လက်ခံလိုက်

တယ်။ ဦးဆောင်မှုနဲ့ဆိုင်တဲ့ အတွေးအခေါ်တွေက လူကြီးတွေအတွက်သာမက ကလေးတွေအတွက်ပါ အကျိုးဝင်တယ်။ အရေးပါတယ်လေ။

ဒါနဲ့ကျောင်းသား၊ ကျောင်းသူခေါင်းဆောင်တွေအတွက် အသင့်တော်ဆုံးဖြစ်မယ့် ခေါင်းစဉ်ကို အချိန်အတော်အကြာကြီး စဉ်းစား ရွေးချယ်ခဲ့တယ်။ ခေါင်းစဉ်ကတော့ Servant Leadership လို့ ခေါ်တဲ့ ဦးဆောင်မှုဟာ ကျွန်၊ အစေခံတဲ့သူဖြစ်တဲ့ အဆိုပြုချက်ပဲဖြစ်တယ်။ ဆန့်ကျင်ဘက်လို့ ယူဆနိုင်တဲ့ တစ်ဖက်က သခင်၊ နောက်တစ်ဖက်ကကျတော့ ကျွန်၊ ဦးဆောင်တဲ့သူတွေဟာ တစ်ချိန်တည်းမှာ သခင်ဖြစ်သလို တစ်ဖက်ကလည်း ကျွန်ဖြစ်ရမယ်။ သိပ်ကို လေးနက်တဲ့ အဓိပ္ပာယ်ပဲသမီး။

ဖေဖေက သမီးကို ဖေဖေ့ရဲ့ဟောပြောချက်ကို ဝေမျှချင်တယ်။ ပထမဦးဆုံး ဖေဖေစပြောတဲ့နေရာမှာ **ကိုယ်ကအလျှော့ပေးရင် ကိုယ်ဟာအလိုလို ခိုင်မာမှုရှိတယ်။ ကိုယ်ကပေးဆပ်ရင် ကိုယ့်မှာ အလိုလိုရစရာတွေ ပေါ်လာတယ်။ ကိုယ့်မှာ လိုအပ်ချက် ဘာမှမရှိရင် ကိုယ့်အတွက်အားလုံးပြည့်စုံတယ်။** ဒါတွေဟာ အမှန်တရားတွေပဲ သမီး။ ဦးဆောင်တဲ့သူ၊ ခေါင်းဆောင်တဲ့သူကို အဓိပ္ပာယ်အမျိုးမျိုးဖွင့်ကြတယ်။ ဖေဖေ့အနေနဲ့တော့ **ဦးဆောင်သူ၊ ခေါင်းဆောင်တဲ့သူဟာ မအောင်မြင်မှုတွေရင်ဆိုင်တဲ့အခါ တာဝန်ယူသူဖြစ်ပြီး အောင်မြင်မှုရှိရင် ကိုယ့်ရဲ့အပေါင်းအပါတွေကြောင့်ဖြစ်တယ်လို့ ခံယူတတ်သူ ဖြစ်တယ်။** ဒါကို အမြင်သာဆုံးဥပမာ အနေနဲ့ မှန်နဲ့ ပြတင်းပေါက်ကို ပေးခဲ့တယ်။ တချို့ခေါင်းဆောင်တွေက အောင်မြင်ရင် မှန်ကိုသုံးကြတယ်။ အဓိပ္ပာယ်က ဒီအောင်မြင်မှုဟာ သူ့ကြောင့်ဖြစ်တဲ့သဘော။ မအောင်မြင်ရင်၊ အဆင်မပြေရင်တော့ ပြတင်းပေါက်ကိုသုံးတယ်။ အဓိပ္ပာယ်ကတော့ ပြတင်းပေါက်အပြင်မှာ တွေ့ရတဲ့သူတွေအားလုံးကြောင့်၊ ကိုယ်တော့မပါဘူး။ ခေါင်းဆောင်အစစ်ကတော့

ဒီလိုမဟုတ်ဘူး။ မအောင်မြင်ရင်၊ အဆင်မပြေရင် မှန်ကိုသုံးတယ်။ ဒီမအောင်မြင်မှုဟာ သူ့ကြောင့်ဆိုတာကို လက်ခံတယ်။ အောင်မြင်မှု၊ အဆင်ပြေမှုရှိရင်တော့ ပြတင်းပေါက်ကိုသုံးတယ်။ တစ်နည်းအားဖြင့် အခုလို အောင်မြင်တာဟာ ကိုယ့်ကြောင့်မဟုတ်ဘဲ ကျန်တဲ့သူကြောင့်ဖြစ်တာကို လက်ခံတာဖြစ်တယ်။ ဒီမှန်နဲ့ ပြတင်းပေါက် ဥပမာဟာ ရိုးရိုးလေးဖြစ်ပေမယ့် ထိရောက်တယ်။ လူတိုင်း သဘောပေါက်နိုင်တယ်လေ။

ကျွန်လိုကျင့်ကြံတဲ့ သခင်ဟာ သိုးထိန်းတစ်ယောက်လိုပါပဲ။ သိုးထိန်းဟာ သိုးတွေရဲ့ အရှေ့မှာမနေရဘူး။ အနောက်ကလိုက်တယ်။ သွက်လက်တဲ့သိုးတွေကို အရှေ့ကသွားစေပြီး ကျန်တဲ့သိုးတွေကို အနောက်ကလိုက်စေတယ်။ တကယ်တော့ သိုးထိန်းလုပ်သူဟာ အနောက်ကနေထိန်းပေးတယ်။ ကျွန်လိုဆက်ဆံတဲ့သခင်ဟာ အများအတွက်ဆောင်ရွက်ရင်း အဆင့်မြင့်ဆုံးဦးဆောင်မှု၊ အထိရောက်ဆုံးဦးဆောင်မှုကို ရယူတယ်။ နောက်လိုက်တွေမှာရှိတဲ့ ကျွမ်းကျင်လိမ္မာမှု အရည်အချင်းတွေကိုစုစည်းပြီး သူတို့ရဲ့ ပေးဆပ်မှုအရှိန်အဟုန်ကို မြှင့်တင်ပေးခိုင်းတယ်လေ။

ကျွန်လို ဆက်ဆံတဲ့သခင်ဟာ တကယ်တော့အသစ်အဆန်း မဟုတ်ပါဘူး။ ဟိုးအရင် တရုတ်ပညာရှင် ကွန်ဖြူးရှပ်စ်လို၊ သခင်ယေရှုခရစ်လို၊ အိန္ဒိယနိုင်ငံရေးခေါင်းဆောင် ဂန္ဒီတို့လို၊ မာသာထရီဇာတို့လို ပုဂ္ဂိုလ်တွေဟာ ဒီသဘောကိုပဲ လက်ခံကျင့်သုံးခဲ့ကြတယ်။

အခုလို ကျွန်လိုဆက်ဆံနိုင်မယ့် သခင်တစ်ယောက်ဖြစ်ဖို့ ကျွမ်းကျင်မှုတွေ၊ အလေ့အကျင့်တွေလိုတယ် သမီး။ အဓိကအကျဆုံးကတော့ နားထောင်နိုင်တဲ့အင်အားပဲ။ အပြောလျှော့ပြီး နားထောင်တာကို ဦးစားပေးတဲ့သူဖြစ်ရမယ်။ တစ်ဖက်ကလည်း စိတ်ရှည်ရမယ်။ ပြီးတော့ သူများပေးတဲ့အကြံဉာဏ်ကိုလည်း လက်ခံနိုင်စွမ်းရှိရမယ်။

ကျွန်သခင်ဟာ ယုံကြည်စိတ်ချမှုကို ဖန်တီးနိုင်စွမ်းရှိသူတစ်ဦးဖြစ်တယ်။ လူတိုင်းမှာ တာဝန်ရှိတယ်၊ တာဝန်ယူရမယ်ဆိုတာကို လက်ခံတယ်။ ကိုယ့်အကြောင်းကို ကိုယ်သိအောင်ကြိုးစားရလိမ့်မယ်။ ပြီးတော့ ပြဿနာပဋိပက္ခတွေကို ဖြေရှင်းနိုင်စွမ်းရှိရလိမ့်မယ်။ ကျွန်သခင်ဟာ မိမိရဲ့ဆန္ဒ၊ မိမိရဲ့သဘောကို ရှေ့တန်းမတင်ဘဲ အဖွဲ့ရဲ့သဘော၊ အဖွဲ့ရဲ့ဆန္ဒကို ဦးစားပေးတယ်။ အားလုံးကို ခွဲဝေ၊ မျှဝေနိုင်ပြီး ဦးဆောင်မှုအလုပ်တာဝန်ကို ခွဲဝေပေးနိုင်စွမ်းရှိတယ်။

ကျွန်သခင်ဟာ အလုပ်ဖြစ်စဉ်ကို ဇောင်းပေးအလေးထားတယ်။ တစ်ဦးနဲ့တစ်ဦးယုံကြည်မှုရအောင် ကြိုးစားပြီးအပြန်အလှန်နားလည်မှုရအောင်ဆောင်ရွက်တယ်။ တစ်ဖက်သားရဲ့ လိုအင်ဆန္ဒကို မိမိရဲ့လိုအပ်ချက်ထက် ဦးစားပေးနိုင်စွမ်းရှိပြီး လူတိုင်းကို လေးစားဂရုစိုက်ကြတယ်။

ကျွန်သခင်ဦးဆောင်တဲ့အဖွဲ့တွေဟာ ထူးခြားတယ် သမီး။ အဖွဲ့ဝင်တစ်ဦးချင်းမှာရော၊ တစ်ဖွဲ့လုံးမှာရော ရိုးသားမှု၊ ပွင့်လင်းမှု အပြည့်အဝ ရှိတာတွေ့ရတယ်။

ကျွန်သခင်မှာရှိတဲ့ အဓိကအရည်အချင်းတစ်ရပ်ကတော့ ကိုယ့်ကိုယ်ကိုယ်သိခြင်းပဲဖြစ်တယ်။ တခြားလူတွေအကြောင်းသိဖို့ဉာဏ်ရည်လိုအပ်ပေမယ့် ကိုယ့်ကိုယ်ကိုယ်သိဖို့ကတော့ ပညာက အဓိကပါ။ သူများကိုဦးဆောင်တဲ့သူဟာ ကိုယ့်ကိုယ်ကိုယ်သိဖို့ အလွန်အရေးကြီးတယ်။ ကိုယ့်အကြောင်းကိုယ်သိရင်၊ ကိုယ့်အထဲမှာ ဖြစ်နေတာကိုသိနိုင်ရင်၊ ဒါတွေကိုဖြည့်ဆည်းပေးနိုင်မယ့် နည်းလမ်းတွေ ရှာဖွေနိုင်မှာဖြစ်တယ်။ တစ်ခါတလေ ကိုယ့်အကြောင်းကိုယ် ပိုမိုသိဖို့ အနီးကပ်မှာရှိတဲ့သူတွေဆီကနေတစ်ဆင့် သိအောင်ကြိုးစားနိုင်တယ်။

ကိုယ့်အကြောင်းကိုယ်သိဖို့ အသုံးဝင်တဲ့ လက်နက်တစ်ခုကို ဖေဖေ့သမီးကို ပြောပြချင်တယ်။ အဲဒီလက်နက်ကို Johari

Window လို့ခေါ်တယ်။ Window ဆိုတဲ့အတိုင်း ပြတင်းပေါက်တစ်ပေါက်ဖြစ်တယ်။ ဒီပြတင်းပေါက်မှာ အကန့်လေးကန့်ရှိတယ်လေ။ ဒေါင်လိုက်နှစ်ကန့်၊ အလျားလိုက်နှစ်ကန့်၊ စုစုပေါင်းလေးကန့်ပေါ့၊ ဒေါင်လိုက်က ကိုယ်နဲ့ပတ်သက်တာ၊ အလျားလိုက်က တခြားလူတွေနဲ့ပတ်သက်တာ။ ဒေါင်လိုက်ကိုစဉ်းစားရင် ကိုယ့်အကြောင်းကိုယ်သိတာ၊ ကိုယ့်အကြောင်းကိုယ် မသိတာရှိသလို၊ အလျားလိုက်စဉ်းစားပြန်ရင် တခြားလူတွေသိတာနဲ့ မသိတာ နှစ်မျိုးရှိနိုင်တာပေါ့။ ဒီတော့ ဒီပြတင်းပေါက်အကန့်လေးကန့်ကို အခုလိုအဓိပ္ပာယ်ဖြစ်နိုင်တယ်။

**အကန့် (၁) ကိုယ်ကသိ၊ တခြားသူတွေကလည်းသိ၊**
**အကန့် (၂) ကိုယ်ကမသိ၊ တခြားသူတွေကသိ၊**
**အကန့် (၃) ကိုယ်ကသိ၊ တခြားသူတွေကမသိ၊**
**အကန့် (၄) ကိုယ်ကမသိ၊ တခြားသူတွေကလည်းမသိ၊**

အကန့် (၁) ကိုယ်က ကိုယ့်အကြောင်းကိုယ်သိပြီး တခြားသူတွေကလည်း အလားတူသိနေရင် ပွင့်လင်းတဲ့သဘောရှိတာပေါ့။ ကွယ်ဝှက်တာမရှိဘူးလေ။ အကန့် (၂) ကတော့ ကိုယ့်အကြောင်းကိုယ်မသိတာကို ဘေးလူတွေက သိနေတဲ့သဘော။ ဒါက ကိုယ်က မျက်စိကန်းနေတဲ့ သဘောဖြစ်တယ်။ အကန့် (၃) ကတော့ ကိုယ်ကသိပြီး တခြားလူတွေကမသိတာကျတော့ ဟန်ဆောင်ကောင်းမှုကို သရုပ်ဖော်တာ။ နောက်ဆုံးအကန့်(၄)ကတော့ ကိုယ်လည်းမသိ၊ တခြားသူတွေလည်း မသိတာပေါ့။ အမှောင်ချထားတဲ့နေရာရယ်လို့ သတ်မှတ်နိုင်တာပေါ့။ အားလုံးကို ခြုံပြီးစဉ်းစားရင် ဖေဖေတို့အနေနဲ့ လူတွေနဲ့ဆက်ဆံတဲ့နေရာမှာ အကန့် (၁) ကို ကျယ်ပြန့်အောင် ကြိုးစားရလိမ့်မယ်။ ဒီလိုဆောင်ရွက်ရင်း ပွင့်လင်းမှု၊ ကြည်လင်မှု၊ ပြတ်သားမှုတွေဟာ ပို၍ ပို၍တိုးလာနိုင်မှာပေါ့ သမီး။ နောက်ဆုံး ဖေဖေ သမီးကိုမှာချင်တယ်။ ပင်လယ်ကြီးက ဘာကြောင့်အင်အားရှိသလဲသမီး။ ဘာကြောင့်လဲဆိုတော့ ပင်လယ်ကြီးက

မြစ်တွေ၊ ချောင်းတွေအားလုံးရဲ့ အနိမ့်မှာ၊ အောက်မှာ ရှိနေတယ်။ အပေါ်ကအထက်ကမဟုတ်ဘူး။ ပြီးတော့ ဒီမြစ်၊ ဒီချောင်းတွေ အားလုံးကို ခြွင်းချက်မရှိလက်ခံတယ်။ ဒါကြောင့် အင်အား ကြီးတာပေါ့ သမီး။ ဖေဖေ့ သမီးလေး ပင်လယ်ကြီးလို ဖြစ်ပါစေလို့ ဆုတောင်းလိုက်ပါတယ်။

■

# ဟောပြောပွဲအတွေ့အကြုံ (၅)

သမီးသိတဲ့အတိုင်း ဖေဖေက အခွင့်အရေးရတိုင်း ဟောပြောပွဲတွေ လုပ်ပေးခဲ့တယ်။ အရင်တုန်းကဆို တစ်နှစ် တစ်ကြိမ် ခွင့်ရတဲ့အခါတိုင်း ဖေဖေတို့က မြန်မာပြည်ပြန်ခဲ့ကြတာ။ ရတဲ့ခွင့်က တစ်လ။ ဆွေမျိုးတွေကလည်း တွေ့ချင်တယ်၊ ခရီးလည်းထွက်ချင်တယ်၊ ဒီကြားထဲ ဖေဖေက ဟောပြောပွဲတွေ လုပ်ပေးချင်သေးတာ။ တစ်ခါတလေတော့ ပင်ပန်းတာပေါ့ သမီး။ ဒါပေမဲ့ ကိုယ်ဝါသနာပါတာလုပ်ရလို့ ပင်ပန်းတယ်လို့မထင်ခဲ့ပါဘူး။ အခု ဖေဖေတို့ မြန်မာပြည်ကို အပြီးပြန်လာတော့ ဖေဖေ့မှာ ဟောပြောပွဲတွေ ပိုလုပ်ခွင့်ရတယ်။ ပြောပေးပါ၊ ဟောပေးပါလို့လာပြီး ခွင့်တောင်းတိုင်း ဖေဖေမငြင်းခဲ့ဘူး။ တစ်ခါတလေ ဟောပြောပွဲတွေက ဆက်တိုက် တစ်ပတ်မှာ နှစ်ကြိမ်လောက် လုပ်ရတာလည်းရှိတယ်။ မမောနိုင်မပန်းနိုင်လည်း လုပ်ပေးတယ်။ အများအတွက် လုပ်ပေးတာရှိသလို လုပ်ငန်းအဖွဲ့အစည်းတစ်ခုချင်းအတွက်လည်း လုပ်ပေးခဲ့တယ်။ ဆွေးနွေးတဲ့သဘောဆောင်တဲ့ ဟောပြောပွဲတွေလုပ်ဖြစ်သလို အလုပ်ရုံဆွေးနွေးပွဲပုံစံကိုလည်း ဆောင်ရွက်ခဲ့တာ။ အခု ဖေဖေတို့ ပြန်ရောက်တာ ၁၀ လ လောက်ရှိပေမယ့် ဖေဖေ လုပ်ခဲ့တာ ၂၀ ကျော်ကျော်ရှိခဲ့ပြီ။ အခုလို ဟောပြောပွဲတွေ လုပ်တာများလို့ ဖေဖေ တစ်ခါတလေ ကိုယ့်ကိုယ်ကိုယ် သုံးသပ်မိတယ်။

ငါလုပ်နေတာတွေ အကျိုးရှိရဲ့လား၊ အဓိပ္ပာယ်ရှိရဲ့လားဆိုတဲ့ မေးခွန်းတွေမေးပါတယ်။ ဒီလိုမေးရတာလည်း ဖေဖေ ကိုယ်တိုင် UN မှာ တာဝန်ယူတုန်းက အဓိကထားပြီး ပို့ချရတဲ့ ဘာသာရပ် တစ်ခုက Results-Based Management (RBM) လို့ ခေါ်တဲ့ ရလဒ်ကို အခြေခံတဲ့ စီမံခန့်ခွဲမှုဖြစ်တယ်။ ဒီ RBM တာ UN ဝန်ထမ်းတစ်ဦးရဲ့ အခြေခံ ခံယူချက်တစ်ခုပဲဖြစ်တယ်။ ဘာကြောင့် RBM ကို အခုလို ဦးစားပေးရသလဲဆိုတော့ ဝန်ထမ်းတွေဟာ Activity Trap လို့ခေါ်တဲ့ အလုပ်များတဲ့ ထောင်ချောက်ထဲမှာ ပိတ်မိနေလို့ ဖြစ်တယ်။

UN ဝန်ထမ်းတွေ အလုပ်တွေများနေကြတယ်။ နေ့မအား ညမအား အလုပ်လုပ်နေကြတယ်။ တစ်ပတ်လုံး အလုပ်တွေများပြီး အားရတယ်လို့မရှိဘူး။ ဖေဖေ မြန်မာပြည်ပြန်ရောက်တော့ အခုလိုပဲ လူတိုင်း အလုပ်ထောင်ချောက်ထဲ ပိတ်မိတာတွေ့ရတယ်။ အားတဲ့ သူရယ်လို့မရှိဘူး။ အားလုံးအလုပ်များနေတာ တွေ့ရတယ်။ မေး လိုက်ရင် ဘယ်တော့မှ မအားဘူး။ မေးလိုက်တိုင်း အစည်းအဝေး တက်နေတယ်လို့ ပြောကြတယ်။ အားနေရင် ဖုန်းတစ်လုံးနဲ့ အလုပ် ရှုပ်နေတယ်။ ဒါတွေဟာ အလုပ်ထောင်ချောက်ထဲမိနေသူတွေရဲ့ လက္ခဏာတစ်ခုပေါ့။

တကယ်တော့ အရေးကြီးတာက အလုပ်မဟုတ်ဘူး။ တကယ် အာရုံထားရမှာက Results ရလဒ်ဖြစ်တယ်။ ဘာမှမလုပ် ဘဲ ရလဒ်ရရင် မကောင်းဘူးလား။ ဒါကတော့ အစွန်းကျတဲ့ အတွေးပေါ့။ ရလဒ်ကို အခြေခံပြီး အလုပ်လုပ်ဖို့လိုတယ်။ အလုပ် တွေများနေရုံနဲ့ မလုံလောက်ဘူး သမီး။ အခုလို အလုပ်အစား ရလဒ်ကို အခြေခံတဲ့အတွေးအခေါ်ဟာ သိပ်အရေးကြီးတဲ့ ပြောင်းလဲမှုပဲဖြစ်တယ်။ ဒီကိစ္စကို သမီးလွယ်လွယ်နားလည်ဖို့ ဖေဖေရှင်းပြမယ်။ ဥပမာ - သမီးက အမြတ်မီး စာတွေကျက်ရ

တယ်။ စာတွေလေ့လာရတယ်။ စာတွေကို ရေးမှတ်ရတယ်။ တစ်နည်းအားဖြင့် အလုပ်တွေအများကြီး လုပ်နေရတယ်။ ဒါပေမဲ့ ဒီလိုလုပ်နေတာဟာ ဘာအတွက်လဲ၊ ဘာရည်ရွယ်ချက်ရှိလို့လဲ၊ ဘာရလဒ်ကို မျှော်ကိုးလို့လဲ။ စာတတ်ဖို့ စာတော်ဖို့ပဲ မဟုတ်လား သမီး။ ဒီတော့ ရလဒ်က ကျောင်းစာတွေမှာ ထူးချွန်ဖို့၊ ဒါကို ယေဘူယျအားဖြင့် စာမေးပွဲအမှတ်တွေနဲ့ သတ်မှတ်ကြတယ်။ အမှန်တော့ အရေးကြီးရလဒ်က စာတတ်ဖို့၊ စဉ်းစားဉာဏ်ရှိဖို့ပဲ ဖြစ်တယ်။ အမှတ်နည်းတာ၊ များတာက စာတတ်တာ၊ မတတ်တာနဲ့ မဆိုင်ဘူးလေ။

ဒါကြောင့် ဖေဖေက ကိုယ်လုပ်နေတာကို သုံးသပ်ကြည့်တယ်။ ငါလိုချင်တဲ့ ရလဒ်က ဘာလဲ၊ ဘာကြောင့် ဒီဟောပြောပွဲတွေက အမြဲလုပ်နေတာလဲ၊ ဟောပြောပွဲက အလုပ်ရလဒ်က ဘာလဲ။ ဒီကိစ္စကို ဖေဖေက အမြဲစဉ်းစားတယ်။ စဉ်းစားနေတုန်း ဦးခင်မောင်ညို (ဘောဂဗေဒ) က ဖေဖေနဲ့ ဟောပြောပွဲတစ်ခုမှာ တွေ့ရင်း "ဆရာ Law of diminishing return ကို မမေ့နဲ့နော်" ဆိုပြီး စေတနာနဲ့ သတိပေးရှာတယ်။ ဒီဥပဒေသက စီးပွားရေးပညာရဲ့ အခြေခံတစ်ခုဖြစ်တယ်။ ဥပမာ - လယ်တစ်ကွက်မှာ လယ်လုပ်တဲ့သူတစ်ဦးနဲ့ လုပ်တယ်။ နောက်တစ်ဦးထပ်တိုးရင် အထွက်က တိုးလာတယ်။ နောက်တစ်ဦးထပ်တိုးရင် ထပ်ပြီး အထွက်တိုးလာတယ်။ ဒါပေမဲ့ အခုလို လယ်သမားတွေ ထပ်ထပ်တိုးရင်း တစ်ချိန်ကျတော့ အထွက်က မတိုးတော့ဘူး။ လယ်တစ်ကွက်ထဲမှာ လယ်လုပ်တဲ့သူတွေ များလာလို့ တစ်ဦးကျထုတ်လုပ်မှုဟာ မတိုးတော့ဘဲ လျော့သွားတဲ့သဘော။ အဓိပ္ပာယ်က အလုပ်တစ်ခုကို လုပ်ပါများရင် ဒီအလုပ်ကရမယ့်အကျိုးက တဖြည်းဖြည်းလျော့နည်းလာနိုင်တဲ့သဘော။ အခုလိုပဲ ဖေဖေ့ရဲ့ ဟောပြောပွဲတွေက လုပ်ပါများရင် အကျိုးရှိမှုလျော့သွားနိုင်မလား။ ဒီကိစ္စဟာ စဉ်းစားသင့်တဲ့ကိစ္စတစ်ခုဖြစ်တယ်။ ဒါကြောင့်လည်း ဖေဖေ

က RBM ရဲ့ သဘောနဲ့သုံးသပ်မိတယ်။ ဟောပြောပွဲလုပ်တဲ့ ရလဒ်ကို RBM အရ သုံးမျိုးခွဲခြားနိုင်တယ်။ ပထမဦးဆုံးရတဲ့ရလဒ်က ဟောပြောပွဲပြီးပြီးချင်းရတဲ့ရလဒ်၊ ဥပမာ - ဟောပြောပွဲကို လူ ၂၀၀ လောက်တက်ရင် ဒီ ၂၀၀ ဟာ ရလဒ်ပဲဖြစ်တယ်။ ဒါကို RBM က Output (အထွက်) လို့ သတ်မှတ်တယ်။ ဒါပေမဲ့ ဟောပြောပွဲလုပ်တဲ့ ရလဒ်က လူ ၂၀၀ တက်ရုံနဲ့မပြီးဘူး။ တက်လာတဲ့လူတွေအတွက် ဘာဖြစ်သလဲ၊ ဘယ်လိုခံစားရသလဲ၊ တက်ရောက်တဲ့အတွက် ဘာအကျိုးရှိသလဲ၊ ဒီမေးခွန်းတွေရဲ့အဖြေကို Outcome လို့ ပြောလေ့ရှိတယ်။ ဟောပြောပွဲတက်လို့ အရင်တုန်းက မသိတာ၊ မစဉ်းစားမိတာတွေကိုသိတယ်။ စဉ်းစားသိရင် ဒါဟာ Outcome ပဲ ဖြစ်တယ်။ ဒီ Outcome နဲ့ ကျေနပ်လို့မဖြစ်သေးဘူး။ အသိတရားတက်ပြီးရင် နောက်ဘာဖြစ်မလဲ၊ နောက်ဆုံးပိတ်ရလဒ်ဟာ ဒါဘာလဲ။ တစ်ခုတည်းပြောရရင် Impact ပေါ့။ ဖေဖေကတော့ ဒီ Impact ဟာ ဟောပြောပွဲတက်ရောက်လာသူတွေရဲ့ အသိတရားတိုးတဲ့အတွက် သူတို့ရဲ့အပြုအမူ၊ ဆောင်ရွက်ချက်တွေ ပြောင်းလဲမှုကို အထောက်အကူဖြစ်စေတယ်။ တစ်နည်းပြောရရင် အသိတရားတိုးလာတဲ့အတွက် သူတို့ဟာ အရင်လိုမလုပ်တော့ဘူးပေါ့။

ဒီကိစ္စကို ဖေဖေက စဉ်းစားနေတုန်း တစ်နေ့က သမီးရဲ့ ဦးလေးတွေ၊ အဒေါ်တွေ၊ ဝမ်းကွဲမောင်နှမတွေ သီတင်းကျွတ်လာကန်တော့ကြတယ်။ ကန်တော့တဲ့သူတွေအထဲမှာ သမီးရဲ့ ဝမ်းကွဲအစ်ကို ထွန်းသူရသက် ပါတယ်။ သူ့ကိုတော့ လူသိများတယ်။ လူငယ်တစ်ယောက်ဖြစ်ပေမယ့် အောင်မြင်တယ်၊ ထူးချွန်တယ်။ မြန်မာပြည် IT လောကမှာ နာမည်ရတဲ့တစ်ယောက်။ ကန်တော့ပြီးတော့ သူက ဘဘရဲ့ ဟောပြောပွဲအကြောင်း ဆရာမဂျူးရဲ့ ဝတ္ထုထဲမှာပါတယ်။ ဘဘဟောပြောပွဲတက်လိုက်လို့ ဝတ္ထုထဲက ဇာတ်ကောင်တစ်ကောင်ရဲ့ဘဝ ထူးခြားစွာပြောင်းလဲသွားတာကို

ရေးထားတာလို့ ပြောတယ်။ ဆရာမဂျူးလို့ ပြောတော့ သမီးမေမေက သိပ်စိတ်ဝင်စားသွားတယ်။ သူက ဂျူးရဲ့စာဖတ်ပရိသတ်တစ်ယောက်။ ခဏ ခဏ ဂျူးဝတ္ထုတွေအကြောင်း ဖေဖေ့ကို ပြောပြဖူးတယ်။ ညနေဘက် ဖေဖေနဲ့မေမေက သွားနေကြအတိုင်း ဗီဒီယိုအခွေဆိုင်သွားပြီး ဗီဒီယိုခွေပြန်အပ်၊ အသစ်ငှားပြီးတော့ မေမေက ဂျူးစာအုပ်ရှိသလားမေးတော့ ဆိုင်ရှင်က ချက်ချင်းထုတ်ပေးလိုက်တယ်။ စာအုပ်အမည်က "သူ မင်းကို ဘယ်တော့မှ" မေမေက အဲဒီညမှာ ဗီဒီယိုကြည့်ပြီး အိပ်ရာထဲဝင်တော့ ဒီစာအုပ်ကို လက်က မချဘူး။ တစ်ညလုံး ဖတ်နေတာ။ သမီးက မေမေ အခုလို ဝတ္ထုဖတ်နေလို့ သိပ်ကျေနပ်နေတာ။ သမီးက ဖေဖေနဲ့ မေမေ လုပ်ထားလို့ ညအိပ်ရာဝင်တိုင်း စာဖတ်တဲ့အကျင့်ရှိတာ။ တစ်ညလုံး ဖတ်ပြီး သမီးမေမေက ထုံးစံအတိုင်း ဖောက်သည်ချတယ်။ ပြီးတော့ ဖေဖေ့ကို ဖတ်ဖို့ တိုက်တွန်းတယ်။ ဖေဖေက ကိုယ့်ရဲ့ဟောပြောပွဲ အဖြေကို ဆရာမဂျူးက ထုတ်ဖော်ထားတာသိရလို့ ကိုယ်ရှာနေတဲ့ ရလဒ်ကို သိရမှာမို့ သိပ်စိတ်ဝင်စားမိနေတယ်။ ဖေဖေ့စိတ်ထဲမှာ ကိုယ်လုပ်နေတာ အဓိပ္ပာယ်ရှိရဲ့လားလို့ မေးတဲ့မေးခွန်းကို ဟောပြောပွဲတက်ရောက်တဲ့သူတစ်ယောက်ရဲ့ ဘဝ ထူးထူးခြားခြားပြောင်းလဲသွားပုံကို ရေးထားတယ်ဆိုတော့ ဖေဖေ့အတွက် အဖြေ အလိုလို ရခဲ့တယ်။ ခွန်အားရတဲ့အပြင် ဒါ ဟောပြောပွဲတွေ ဆက်လုပ်ပေးသင့်တယ်ဆိုတာကို ကောက်ချက်ချမှတ်တယ်၊ ဆက်လုပ်မယ်လို့လည်း ဆုံးဖြတ်လိုက်မိတယ်။ ဆရာမဂျူးရဲ့ ဝတ္ထုတစ်ပုဒ်လုံး ပြန်ပြောဖို့ အချိန်မရှိဘူးသမီး။ ဖြစ်နိုင်ရင် သူ့စာအုပ်ကို ပရိသတ်တွေဖတ်စေချင်တယ်။ အချုပ်ပြောရရင် ဖေဖေက ဟောပြောပွဲတစ်ခုမှာ Trust-Building ဆိုတဲ့ ယုံကြည်မှု တည်ဆောက်ခြင်း ခေါင်းစဉ်နဲ့ Trust အကြောင်း ဆွေးနွေးခဲ့တာ၊ ဒီဟောပြောပွဲကို တက်ရောက်ခဲ့တဲ့အမျိုးသမီးတစ်ဦးဟာ ဟောပြောပွဲတက်ပြီး သူ့ဘဝမှာ အကြီးအကျယ်ပြောင်းလဲသွားပုံကို ရေးထားတာ၊ အရေးအသားက

ကောင်းတော့ ဖေဖေ့ဟောပြောပွဲတွေမှာပါတဲ့ အချက်အလက်တွေကို ထိထိမိမိ ဖော်ထုတ်နိုင်ခဲ့တာ။ ဒါကြောင့် ဖေဖေက ဆရာမဂျူးကို ကျေးဇူးတင်ချင်ပါတယ်။ ဖေဖေ့ရဲ့ ဟောပြောပွဲကြောင့် သူ့ရဲ့ဇာတ်ကောင်ဘဝပြောင်းလဲသွားသလို ဆရာမဂျူးရဲ့ ဝတ္ထုကြောင့် ဖေဖေဟောပြောပွဲလုပ်တာတွေဟာ အဓိပ္ပာယ်ရှိတယ်ဆိုတဲ့ အဖြေပေါ်ခဲ့တယ်သမီး။

ဖေဖေက ဦးဆောင်မှု (Leadership)၊ စီမံခန့်ခွဲမှု (Management) ဘာသာတွေလေ့လာတယ်၊သင်ကြားတယ်၊ အခုလို ဦးဆောင်မှု၊ စီမံခန့်ခွဲမှုမှာ အဓိကအချက်က ယုံကြည်မှုပဲသမီး၊ ယုံကြည်မှုရှိနေရင် ဘာလုပ်လုပ်ဖြစ်တယ်၊ ဘာလုပ်လုပ် အဆင်ပြေတယ်။ ယုံကြည်မှုပျက်ပြားသွားရင်တော့ ဘာမှ လုပ်မရတော့ဘူး။ ယုံကြည်မှုခေါင်းစဉ်ကို ရွေးမိတာလည်း စိတ်ဝင်စားဖို့ကောင်းတယ် သမီး။ ဖေဖေက ဂျာနယ်တစ်ခုမှာ ဆောင်းပါးတစ်ပုဒ်ဖတ်မိတယ်။ နာမည်ကြီးဆေးခန်းတစ်ခုမှာ တက်ရောက်ကုသနေတဲ့ လူနာ သေဆုံးသွားရင် ဆေးခန်းကအလောင်းကို အဝတ်ဖြူနဲ့ ပတ်ပြီး အခန်းတစ်ခန်းထဲမှာ သော့ခတ်လိုက်တယ်တဲ့။ ရုတ်တရက်တော့ ဘာကြောင့် ဒီလိုလုပ်ရသလဲဆိုတာ ဖေဖေ မစဉ်းစားမိဘူး။ နောက်မှ ဆောင်းပါးထဲမှာ ဒီလိုအလောင်းကို သော့မခတ်ထားရင် လူနာရှင်တွေက ပေးရမယ့် အခကြေးငွေတွေကို မပေးဘဲဆင်းသွားကြလို့တဲ့။ စိတ်မကောင်းစရာပဲသမီး။ သော့ခတ်တဲ့ဆေးခန်းမှာလည်းအပြစ်မရှိဘူး။ ခဏခဏ ခံရတော့ ဒီလိုမှမလုပ်ရင် ခက်တာပေါ့။ ဒီကိစ္စရဲ့ စနက်ကတော့ ယုံကြည်မှုပဲဖြစ်တယ် သမီး။ Trust ဟာ သိပ်အရေးကြီးတယ်။ ဖေဖေတာဝန်ယူခဲ့တဲ့ UN ရဲ့ အလုပ်တွေမှာ Trust ဟာ အဓိကပါ။ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ Trust မရှိရင် ပဋိပက္ခဖြစ်ကြတယ်။ အငြင်းပွားကြမယ်။ ဒီလိုပဲ လူ့အဖွဲ့အစည်းတစ်ခုမှာ Trust မရှိရင် ဘာကိုမှ ထိထိရောက်ရောက် မလုပ်နိုင်ဘူးလေ။ မိသားစုမှာလည်း တစ်ယောက်နဲ့တစ်ယောက် Trust ရှိဖို့

လိုတယ်။ ဒါကြောင့် ဖေဖေနဲ့ မေမေက သမီး ငယ်ငယ်ကလေး ကတည်းက Trust ကိုသင်တယ်။ နမူနာပြတယ်။ သမီးကျောင်းစာ တွေလုပ်ရင် အင်တာနက်ကို သုံးရတယ်။ ဒီလိုသုံးရင် ကြည့်သင့် တာရော၊ မကြည့်သင့်တာရောပါမှာပဲ။ မကြည့်သင့်တာတွေကို ကြည့်မှာစိုးလို့ အင်တာနက်ကို မသုံးနဲ့လို့ပြောလိုက်ရင် သမီးမှာ နစ်နာမှာပေါ့။ ဒီတော့ ဖေဖေနဲ့ မေမေက အစကတည်းက ကြည့် သင့် မကြည့်သင့်တာတွေကို သမီးနားလည်အောင် ပြောပြတယ်။ ပြီးတော့ ကြည့်တာ၊ မကြည့်တာကိုတော့ အနားမှာ ၂၄ နာရီ မထိုင်ဘဲ သမီးအပေါ် Trust ရှိရတယ်လေ။ ဒါဟာ အရေးကြီး တယ်။ ဒီလိုပြောလို့ Blind Trust မျိုးတော့ မရှိသင့်ဘူးပေါ့။ မျက်စိ မှိတ်ပြီး ယုံတာမျိုး။ ဒါပေမဲ့ Complete Trust တော့ ရှိရမယ်လေ။ လုံးဝယုံကြည်ရလိမ့်မယ်။ ဖေဖေကတော့ Trust Building ဟာ လူတိုင်း၊ နိုင်ငံတိုင်းအတွက် အရေးကြီးတယ်ထင်တယ်။ ဒါကြောင့် လည်း Trust နဲ့ ပတ်သက်လို့ ဘယ်လိုတည်ဆောက်သင့်သလဲဆို တာတွေကို ဖော်ထုတ်ချင်တယ်၊ လေ့လာချင်တယ်။ ဖေဖေတို့ နိုင်ငံ ကို Trusting Society တစ်ခုဖြစ်လာအောင် ကြိုးစားရလိမ့်မယ် သမီး။ ဒီတာဝန်ဟာ အားလုံးနဲ့ သက်ဆိုင်တယ်၊ အားလုံးမှာ တာဝန် ရှိတယ်သမီး။

■

## ဟောပြောပွဲအတွေ့အကြုံ (၆)

မနေ့မနက်က ဖေဖေ အာစရိယပူဇော်ပွဲကိုသွားခဲ့တယ်။ အရင်တုန်းကတော့ ဖေဖေက အပြင်မှာရောက်နေတာမို့ ဒီလိုပွဲမျိုး မကြုံခဲ့ဘူး။ အခုပြန်ရောက်တော့ ခဏခဏသွားခဲ့ရတယ်။ အရင်တစ်ပတ်ကဆို နေ့စဉ်ရှက်ဆက်။ မနေ့ကပွဲကတော့ ထူးခြားသား။ ၁၉၇၄-၁၉၇၈ ခုနှစ်အတွင်း စီးပွားရေးတက္ကသိုလ်က ဘွဲ့ရတဲ့သူတွေက ကျင်းပတာ။ သူတို့တစ်တွေက ဘွဲ့ရတာ အနှစ် ၂၀ ပြည့်ခဲ့ပြီ။ တနည်းအားဖြင့် ပုလဲရတုအထိမ်းအမှတ်ပွဲပေါ့။ ကျောင်းသား၊ ကျောင်းသူဟောင်း ၅၀၀ ကျော်ကျော်က စုစည်းပြီးလုပ်တာ။ ဖိတ်ထားတဲ့ ဆရာ၊ ဆရာမတွေက အဲဒီနှစ်တွေမှာ စီးပွားရေး တက္ကသိုလ်မှာ တာဝန်ယူခဲ့တဲ့သူတွေ။ ဖေဖေက ဖိတ်စာရတော့ သိပ်သွားချင်နေတာ။

ဒီလိုပွဲမျိုးမှာ ပုံမှန်မတွေ့ဖြစ်တဲ့ ကိုယ့်ရဲ့ဆရာ၊ ဆရာမကြီးတွေ လုပ်ဖော်ကိုင်ဖက်တွေ၊ ပြီးတော့ တပည့်တွေကို တွေ့ရမှာ။ ဒါကြောင့် ခပ်စောစောပဲ ဖေဖေ စီးပွားရေးတက္ကသိုလ်ကို သွားခဲ့တယ်။ ရောက်ရောက်ချင်းပဲ လာကြိုနေတဲ့သူတွေအပြည့်။ ဖေဖေ့ကို ပါမောက္ခချုပ်ဟောင်း ရုံးခန်းကို ခေါ်သွားတယ်။ အဲဒီအတန်းမှာ ဆရာ၊ ဆရာမတွေကို မကန်တော့ခင် ဧည့်ခံတာ။ မတွေ့ရတာကြာပြီဖြစ်တဲ့ ပါမောက္ခချုပ်ဟောင်း ဒေါက်တာခင်မောင်ညွန့်ကို တွေ့ခဲ့

ရတယ်။ သူက ခင်ဗျားကို မတွေ့ရပေမယ့် ဂျာနယ်တွေထဲတော့ ဖတ်ရတယ်။ ဟောပြောပွဲတွေလုပ်နေတာလည်း သိတယ်။ အကျိုးရှိတယ်။ လုပ်နိုင်တုန်းလုပ်လို့ ပြောတော့ ဖေဖေ အားရှိသွားတယ်။ ကျေနပ်သွားတယ်။ ကိုယ့်ဆရာက ကိုယ့်အပေါ် ဒီလိုအားပေးဖော်ရလို့။ ဆရာကြီး ဒေါက်တာခင်မောင်ညွန့်ကို ဖေဖေအားကျခဲ့တာ။ သူက London School of Economics (LSE) က ပါရဂူဘွဲ့ရခဲ့သူ ဖြစ်တယ်။ တကယ် LSE ဆိုတာက စီးပွားရေးပညာရပ်နဲ့ ပတ်သက်လာရင် အထွတ်အထိပ်။ နာမည်အပြည့်အစုံကို လူတွေက သိပ်မသိကြဘူး။ LSE ဟာ London School of Economics and Political Sciences ဖြစ်တယ်။ ဒါကြောင့် ဖေဖေက Political Economy ဆိုတဲ့ နိုင်ငံရေး စီးပွားရေးပညာရပ်ကို သင်စေချင်တာ၊ လေ့လာစေချင်တာ။ အရာရာမှာ စီးပွားရေးပညာနဲ့ နိုင်ငံရေးပညာကို တွဲပြီးစဉ်းစားရလိမ့်မယ်။ မဟုတ်ရင် မပြည့်စုံဘူးလေ။ နိုင်ငံရေးမပါတဲ့ စီးပွားရေး မရှိနိုင်သလို စီးပွားရေးမပါတဲ့ နိုင်ငံရေးလည်း မဖြစ်နိုင်ဘူးလေ။

အဲဒီအခန်း (၁၅) မှာ ဆရာကြီးဦးသာထိုက်ကိုလည်း နှုတ်ဆက်ခွင့်ရခဲ့တယ်။ အခမ်းအနားစမှာမို့ ဖေဖေတို့ကို အာစရိယပူဇော်ပွဲကျင်းပမယ့် အခန်း (၁၀)ကို ခေါ်သွားကြတယ်။ဟိုရောက်တော့ ရောက်နှင့်နေတဲ့ ဆရာ၊ ဆရာမတွေကလည်း ထိုင်နေကြတယ်။ အဲဒီမှာ ပါမောက္ခဒေါက်တာခင်မောင်ကြွယ်၊ ပါမောက္ခဒေါ်ရီရီမြင့်၊ ပါမောက္ခဒေါ်လှမြင့်၊ ပါမောက္ခချုပ်ဦးမော်သန်းတို့ကို တွေ့တယ်။ ပြီးတော့ ဝန်ထမ်းရွေးချယ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်ကိုလည်းတွေ့တယ်။ အစုံပါပဲ။ လုပ်ဖော်ကိုင်ဖက်တွေကိုလည်းတွေ့ရတယ်။ သူတို့တစ်တွေကတော့ အငြိမ်းစားယူကုန်ကြပြီ။ အာစရိယပူဇော်ပွဲအစဉ်အလာအရ ကျောင်းသား၊ ကျောင်းသူတွေက ကန်တော့ကြ၊ လက်ဆောင်တွေပေးကြ၊ ပြီးတော့ ဆရာ၊ ဆရာမတွေက ပြန်ပြီး ဩဝါဒ ဆုပေးကြ၊ ဆရာကြီးငါးဦးက ဆုတွေတစ်ပုံ

ကြီးပေးကြတယ်။ ပြီးတော့ ဩဝါဒစကားတွေလည်း အများကြီး ပေးကြတယ်။ သူတို့ရဲ့ စေတနာတွေကို ဖော်ပြနေတာပေါ့ သမီး။ ကျောင်းသား၊ ကျောင်းသူဟောင်းတွေဟာလည်း မငယ်ကြတော့ဘူး။ ဘွဲ့ရထားတာ အနှစ်သုံးဆယ်ဖြစ်တာမို့ အနည်းဆုံး ၅၀နှစ် ပတ်ဝန်းကျင် လောက်ရှိကြပြီး၊ အခမ်းအနားကြေညာသွားတဲ့အထဲ ၁၉၇၄-၁၉၇၈ ခုနှစ်၊ ကျောင်းသား၊ ကျောင်းသူတွေထဲမှာ စီးပွားရေးတက္ကသိုလ်မှာ ပြန်ပြီးတာဝန်ယူနေတဲ့ ပါမောက္ခ၊ ဌာနမှူး ခုနှစ်ဦးရှိတယ်လို့ပြောသွားတယ်။ အားရစရာပေါ့။ ဒီအထဲ ဗိုလ်မှူးကြီးတွေလည်းပါတယ်။ ရာထူး၊ တာဝန်ကြီးကြီးယူနေတဲ့ သူတွေလည်းပါတယ်။ သူတို့တစ်တွေရဲ့ စေတနာကတော့ လေးစားစရာပါသမီး။ ကျေနပ်စရာပါ။ ဖေဖေ့ကို တစ်ဦးချင်း လာနှုတ်ဆက်တဲ့သူတွေလည်း အပြည့်၊ တချို့တွေကို မှတ်မိတယ်။ ငယ်ရုပ် မပြောင်းကြဘူး။ တချို့တွေကတော့ မမှတ်မိတော့ဘူး။ ရုပ်တွေ ပြောင်းသွားကြတာ။ ကိုယ်လည်း ဒီလိုပဲဖြစ်မယ်ထင်ပါရဲ့။

ဩဝါဒစကားတွေ နားထောင်ရင်း ဖေဖေ့စိတ်ထဲမှာ အတွေးတစ်ခုဝင်လာမိတယ်။ ဒီစကားတွေကို လူတွေက ဘယ်လိုခံယူကြသလဲ။ ဆရာကြီးတွေပြောသွားတာကို တကယ်ပဲ စိတ်ထဲနှလုံးထဲမှတ်ကြရဲ့လား။ မှတ်ပြီးတော့ နေ့တိုင်း ကျင့်ကြံနိုင်ကြရဲ့လား။ မှာတာ၊ ပြောတာတွေက အားလုံး အကောင်းကြီးပဲ သမီး။ ဆရာကြီးတွေကရယ်စရာတွေ၊ ဟာသတွေလည်း ထည့်ပြီးပြောသွားရှာတယ်။ သူတို့ရဲ့ ပြောဟန်ဆိုဟန်၊ လေယူလေသိမ်းက အတုယူစရာ၊ ဖေဖေနဲ့ဆိုရင် အနည်းဆုံး ခုနစ်နှစ်၊ ရှစ်နှစ်မက ကြီးကြသူတွေ။ အခမ်းအနားမှူးလုပ်တဲ့သူက ဆရာရဲ့ဂုဏ်ပုဒ်ကို ဖော်ထုတ်သွားတယ်။ သူပြောတာကို နားထောင်ရင်း တစ်နေ့က MBA အာစရိယပူဇော်ပွဲမှာ အခမ်းအနားမှူးလုပ်တဲ့ကျောင်းသားက ဆရာဆိုတဲ့အဓိပ္ပာယ်ကို ဖွင့်ဆိုသွားသည်။ ဆရာဆိုတဲ့စကားက ပါဠိလိုကလာတာဖြစ်ပြီး "ရိပ်" လို့ အဓိပ္ပာယ်ရတယ်တဲ့။ ဒီစကားကို

ကြားရလို့ ဖေဖေ့စိတ်ထဲ ကြည်နူးမိတယ်။ ကျေနပ်မိတယ်။ ဖေဖေ တာ တစ်သက်လုံးစိတ်ပါတာ၊ လုပ်ချင်တာတစ်ခုပဲရှိတယ်။ အဲဒါက 'ဆရာ' ဖြစ်ချင်တာ။ ဆရာပဲလုပ်ချင်တယ်။ တခြားကိစ္စစိတ်မဝင် စားခဲ့ဘူး။ အကြောင်းကြောင်းကြောင့် ဖေဖေက နိုင်ငံ့တာဝန်ကို ညွှန်ကြားရေးမှူးချုပ်အနေနဲ့ တာဝန်ယူခဲ့ပေမယ့် စိတ်ထဲမှာတော့ ဆရာပဲ။ နောက် UN မှာ တာဝန်ထမ်းဆောင်ပြန်တော့လည်း ဆရာအလုပ်ကိုပဲ တမ်းတတယ်။ သတိရတယ်။ ကံကောင်းလို့ နောက်ဆုံးတာဝန်အနေနဲ့ ဖေဖေ့ကို အီတလီနိုင်ငံမှာရှိတဲ့ UN System Staff College ကို ပို့လိုက်တော့ ဖေဖေ့ရဲ့ ဝါသနာ၊ ဗီဇနဲ့ အကိုက်ညီဆုံးအလုပ်ကို လုပ်ဖြစ်သွားတာပေါ့။ ဖေဖေ့အတွက် ရာထူးဆိုတာဟာ မက်မောစရာမဖြစ်ခဲ့ဘူး။ စာသင်နေရရင်၊ ကိုယ် သိတာကို သူများတွေကို မျှဝေနေရရင် ကျေနပ်နေတာ။

ဖေဖေက အာစရိယ ပူဇော်ပွဲလုပ်တဲ့ အခန်း (၁၀) အထဲ ရောက်တော့ ဟိုလွန်ခဲ့တဲ့ နှစ်ပေါင်း ၄၀ လောက်ကို ပြန်သတိရမိ တယ်။ အဲဒီတုန်းက ဖေဖေက နည်းပြဆရာပေါက်စ၊ နောက် Lecturing Tutor အဖြစ် တာဝန်အပေးခံရတော့ Lecture တွေ ယူရတယ်။ ဖေဖေမှတ်မိတာက ဖေဖေ့ကို အခန်း (၁၀) မှာ စာသင် ခိုင်းရင် တစ်ခန်းလုံးအပြည့် ပြည့်တဲ့အပြင်လျှလို့ အပြင်မှာ ခုံထိုးပြီး၊ ထိုင်ကြရတယ်။ ကြိုပြီးနေရာဦးတဲ့သူတွေအပြည့်။ ဒီလိုဖြစ်တော့ ဖေဖေ့ကို မျက်စိစပါးမွှေးစူးကြတာလည်းရှိမှာပေါ့။

ဖေဖေ ထင်တာကတော့ ဖေဖေ ဒီနေ့ ဟောပြောပွဲတွေ လုပ်နေတာဟာ အခန်း (၁၀) ကစခဲ့တာ။ ဒါကြောင့် 'ဟောပြော ပွဲအစ အခန်း (၁၀) က'လို့ ဆောင်ပုဒ်ပေးရမလိုဖြစ်နေပြီ။ ဖေဖေ အခုလို ဟောပြောပွဲတွေလုပ်နေတာဟာ ဟိုလွန်ခဲ့တဲ့ အနှစ် ၄၀ လောက်က စခဲ့တာဖြစ်တယ်။ ဖေဖေ့အတန်းမှာ ဘာကြောင့် ကျောင်းသား၊ ကျောင်းသူတွေ အလုအယက်တက်ကြသလဲ။ အကျိုး အမျိုးမျိုးတော့ရှိပါလိမ့်မယ်။ ဖေဖေ့အနေနဲ့ကတော့ ဖေဖေ့ရဲ့ ခံယူ

ချက်ကိုပဲ သမီးကိုပြောပြချင်တယ်။ ဖေဖေအတန်းထဲ ဝင်တိုင်း အတန်းထဲမှာ ဖေဖေ ဘာပြောပြော ဘာမှနားမလည်မယ့် ကျောင်းသား၊ ကျောင်းသူတစ်ယောက်ကို စိတ်ထဲမှာ စဉ်းစားလိုက်တယ်။ ဖေဖေ့အနေနဲ့ တခြားကျောင်းသား ကျောင်းသူတွေကို ခဏမေ့ပြီး အာရုံထဲမှာ သူ့ကိုပဲအာရုံရအောင် မြင်ကြည့်တယ်။ ပြီးတော့ သူ့ကိုပဲဦးတည်ပြီး စာသင်တယ်။ သူနားလည်ရင်၊ သူသဘော ပေါက်ရင် ကျန်တဲ့သူတွေအတွက် အခက်အခဲရှိမှာ မဟုတ်တော့ ဘူး။ တစ်ခန်းလုံးမှာ သူတစ်ယောက်တည်းရှိတယ်လို့ သဘောထား ပြီး သူ့ကိုအာရုံပြုပြီး စာသင်တာပဲ။ ဒီလိုလုပ်တဲ့အတွက် အောင်မြင် တယ်လို့ ထင်မိပါတယ်။

ဖေဖေ့ရဲ့ဟောပြောပွဲဘဝဟာ စီးပွားရေးတက္ကသိုလ် အခန်း (၁၀) က စခဲ့တာပါ။ ဖေဖေဟာ တတ်နိုင်သမျှ အကြောင်း အရာတစ်ခုကိုအလွယ်ဆုံးဖြစ်အောင် စဉ်းစားတယ်၊ ကြိုးစားတယ်။ ကိစ္စအားလုံးကို လွယ်အောင်စဉ်းစားတယ်။ စဉ်းစားတဲ့အတိုင်း အလွယ်ဆုံးဖြစ်အောင်တစ်ဆင့်မျှဝေတယ်။ ဒါကြောင့် ကျောင်းသား၊ ကျောင်းသူတွေ သဘောကျတယ်လို့ ထင်တယ်။ ဖေဖေ ငယ်ငယ် တုန်းက စာရင်းကိုင်ပညာကို သင်ရတယ်။ ပထမနှစ် ကျောင်းသား၊ ကျောင်းသူတွေအတွက် အဲဒီအထဲမှာ ဘဏ်ညှိနှိုင်းစာရင်း ရေးဆွဲ တဲ့အခန်းက ခက်တယ်။ ကျောင်းသူ၊ ကျောင်းသားတွေမှာ အကြီး အကျယ်ဒုက္ခတွေ့ရတယ်။ ဖေဖေတို့မှာ ဒီခေါင်းစဉ်နဲ့ ပတ်သက်လို့ ပြဋ္ဌာန်းထားတဲ့စာအုပ်ရှိတယ်။ ဖေဖေ ဒီအခန်းကို အပြန်ပြန် အလှန်လှန်လေ့လာပြီး ကျောင်းသား၊ ကျောင်းသူတွေ နားလည် အောင် ဘယ်လိုသင်ရပါ့မလဲလို့ အဖြေရှာတယ်။ နောက်တော့ ဖေဖေ ပုံသေနည်းတစ်ခုဖော်နိုင်ခဲ့တယ်။ ဒီပုံသေနည်းကိုသာ သုံးရင် ဘဏ်ညှိနှိုင်းစာရင်းဆွဲရတာက အလွယ်လေး။ ဖေဖေ့ အယူ အဆက အမြဲတမ်း 'keep it simple' အရာရာကို လွယ်အောင် လုပ်ပါ။ စဉ်းစားပါ။ တွေးပါ၊ ဆုံးဖြတ်ပါ။ Simplicity လွယ်ကူခြင်း

ကို မြှတ်နိုးရမယ်၊ ခုံမင်ရမယ်။ လက်ခံရမယ်။ Complexity လို့ ခေါ်တဲ့ ခက်ခဲရှုပ်ထွေးမှုကို မုန်းရမယ်၊ ရှောင်ရမယ်။ ပစ်ပယ်ရမယ်၊ **တကယ်တော့ ဘဝကြီးတစ်ခုလုံးဟာ ခက်တယ်၊ ရှုပ်တယ် သမီး။ ဒီတော့ ကိုယ်က ထပ်မခက်အောင်၊ ထပ်မရှုပ်အောင် လုပ်ရမယ်။**

အရင်တုန်းက တက္ကသိုလ်မှာ ဆရာ၊ ဆရာမတွေရှိတယ်။ သူတို့ရဲ့ Lecture သွားနားထောင်ရင် တစ်လုံးမှ နားမလည်ဘူး။ နားမလည်တော့ ကျောင်းသား၊ ကျောင်းသူတွေရဲ့ စိတ်ထဲမှာ ဒီဆရာကြီးသိပ်တော်တာပဲ။ သူပြောတာတို့တစ်ခုမှ နားမလည်ဘူး။ နားမလည်နိုင်တာ တို့အသိနည်းလို့ဖြစ်တယ်လို့ ယူဆကြတယ်။ ဖေဖေ ဒါကို လက်မခံဘူး။ ဖေဖေကတော့ လူတိုင်းနားလည်အောင် ကြိုးစားပြီးပြောမယ်။ လူတိုင်းနားလည်ရင် ဖေဖေအောင်မြင်တာပဲ။ တစ်ခုတော့ရှိတယ် သမီး Simple လွယ်တာနဲ့ Simplistic အလွယ်လိုက်တာက မတူဘူး။ ဖေဖေသတိထားမိတာတစ်ခုက လူတွေဟာ အလွယ်လိုက်ကြတယ်။ ခက်ခဲနက်နဲမှုတစ်ရပ်ကို နက်နက်နဲနဲမစဉ်းစားဘဲ အပေါ်ယံလောက်ကြည့်ပြီး ပြောကြဆိုကြတယ်၊ ရေးကြတယ်၊ ဆွေးနွေးကြတယ်။ အလွယ်မလိုက်ဖို့ လိုတယ်။ မဟုတ်ရင် အင်မတန်လေးနက်တဲ့ကိစ္စက ပေါ့ပျက်ပျက်ဖြစ်သွားရော။ ဒါကြောင့် 'Be simple but not simplistic' လွယ်အောင်လုပ်၊ အလွယ်မလိုက်နဲ့လို့ ဖေဖေမှာချင်တယ်သမီး။

ဖေဖေဟာ ဆရာတစ်ယောက်အနေနဲ့ လုပ်ခဲ့တာ အခုဆို နှစ်ပေါင်း ၄၀ ကျော်ခဲ့ပြီ။ ဖေဖေဖြတ်သန်းလာတဲ့ ဆရာရဲ့ဘဝကို သုံးသပ်လာရင် ကောက်ချက်ချတာ တစ်ခုပဲရှိတယ် သမီး။ အဲဒါကတော့ "I can not teach anybody anything. I can only make them think." ငါဟာ ဘယ်သူ့ကိုမျှ မသင်နိုင်ဘူး။ သူတို့ကို စဉ်းစားတတ်အောင်ပဲ လုပ်ပေးနိုင်တယ်။ တကယ်တော့ ဖေဖေအနေနဲ့ Teaching သင်ကြားမှုထက် Learning အသိတရားတိုးတက်မှုကို

အားပေးချင်တယ်။ Teach လုပ်တယ်လို့ပြောရင် မသိတာ၊ မတတ်တာကို သင်ပေးခြင်းဖြစ်တယ်။ အခြေခံအယူအဆက ကျောင်းသား၊ ကျောင်းသူတွေ ဘာမှ မတတ်ဘူး။ မတတ်လို့ ဆရာက သင်ပေးရမယ်။ ဖေဖေ ဒါကို လက်မခံဘူး။ ကျောင်းသား၊ ကျောင်းသူတွေမှာ အသိရှိတယ်။ အတွေ့အကြုံရှိတယ်။ ဒီတော့ ဆရာရဲ့တာဝန်က သူတို့ရဲ့အသိ၊ သူတို့ရဲ့အတွေ့အကြုံကို အချင်းချင်းဖလှယ်နိုင်အောင် ဖန်တီးပေးဖို့ပဲ။ သင်တာမဟုတ်တော့ဘူး။ ဖန်တီးသူရဲ့တာဝန်က ပိုခက်တယ်။ သိမ်မွေ့တယ်။ သင်တာက လွယ်ပါတယ်။ ကိုယ်သိတာကို ပြောလိုက်ရုံပဲ။ Learning ကျတော့ ဒီလိုမဟုတ်တော့ဘူး။ အချင်းချင်းအပြန်အလှန်ပြောကြဆိုကြ၊ ဆွေးနွေးကြ၊ ငြင်းခုံကြ၊ ဒီလိုလုပ်ရင်း အသိတရားတွေကို တိုးတက်အောင် လုပ်ရတာ။ ဒါကြောင့် ဖေဖေဟာ လူတွေရဲ့ စဉ်းစားတွေးခေါ်မှု၊ ခံယူချက်၊ အယူအဆတွေ ပြောင်းလဲလာအောင် ဖန်တီးပေးချင်တယ်။ အတွေးအသစ်၊ အမြင်အသစ်ရှိမှလည်း ဖေဖေတို့မျှော်လင့်တဲ့၊ လိုချင်တဲ့ ရလဒ် ရနိုင်မှာလေ။

အခု ဖေဖေဟောပြောပွဲလုပ်တိုင်း အခန်း (၁၀) ကို အမြဲအမှတ်ရပါတယ်။ စင်မြင့်ပေါ်က ကြည့်လိုက်ရင် မြင်ရတဲ့ မျက်နှာတွေက ပြောင်းသွားပေမယ့် သိချင်၊ တတ်ချင်၊ နားလည်ချင်တဲ့ စိတ်အပြည့်နဲ့ ဖေဖေပြောတာကို အာရုံထားပြီး နားထောင်နေကြတဲ့ သူတို့ရဲ့ မျက်နှာတွေကိုကြည့်ပြီး ဖေဖေရဲ့ တာဝန် ဘယ်လောက်ကြီးမားတယ်ဆိုတာ သဘောပေါက်မိတယ်။ သူတို့ဟာ ဒီဟောပြောပွဲတွေကို မိမိဆန္ဒအလျောက်လာခဲ့တာ။ ဘယ်သူကမှ ခိုင်းလို့ စေလို့မဟုတ်ဘူး။ ကိုယ်ရဲ့ ကိုယ်ပိုင်အချိန်ကို ဖဲ့ပြီးလာတာ။ ဒီတော့ ဖေဖေဟောပြောပွဲလုပ်တိုင်း အားထည့်တယ်။ သူတို့နားလည်အောင်၊ သဘောပေါက်အောင်၊ ဘယ်လိုတင်ပြရမလဲလို့ အမြဲစဉ်းစားတယ်။ သုံးတဲ့ Slides တွေကိုလည်းပြင်ရတယ်။ လွယ်အောင် လုပ်ရတယ်။ လှအောင်လုပ်ရတယ်။ ဒီလိုကြိုးစားရင် ပရိသတ်တွေ

အတွက် ပိုနားလည်စေတယ်။ သဘောပေါက်စေတယ်။ ဖေဖေ့အတွက် သူတို့နားလည်ဖို့က အဓိက။ ကျန်တာအရေးမပါဘူး။ ကိုယ့်ကိုအထင်ကြီးစရာလည်းမလိုဘူး။ အထင်သေးစရာလည်း မလိုဘူး။ ဒါတွေဟာလည်း အရေးမပါဘူး။ ဖေဖေ့ရဲ့ စေတနာက တစ်ခုတည်းပဲသမီး။ အသိတရားတိုးတက်အောင် လုပ်ပေးဖို့ပဲ။ ဒါက ဖေဖေ့စေတနာ။

■

# ဟောပြောပွဲအတွေ့အကြုံ (၇)

'ပုခက်လွှဲတဲ့သူတွေဟာ ကမ္ဘာကြီးကို အုပ်စိုးမယ်' ဆိုတဲ့ ဆောင်ပုဒ်ကို သမီးကြားဖူးမှာပေါ့။ ဒီဆောင်ပုဒ်က အမျိုးသမီးတွေရဲ့ အရေးပါမှုကို ဖော်ညွှန်းတာဖြစ်တယ်။ မေမေ့မှာ သမီးရဲ့ကိုယ်ဝန်ရတော့ လူတွေကလာမေးကြတယ်။ ဘာလေးလိုချင်သလဲပေါ့။ ဖေဖေက အများမျှော်လင့်သလို သားယောကျ်ားလေးလိုချင်တယ်လို့ မဖြေခဲ့ဘူး။ သမီးပဲလိုချင်တယ်လို့ အမြဲပြောခဲ့တယ်။ သမီးလေးဆိုမှ ကြီးလာရင် မေမေ့ကို စောင့်ရှောက်နိုင်မှာ။ မေမေ့အနားမှာရှိမှာ။ သားဆိုရင် အချိန်တန် သူ့ရဲ့မိန်းမနောက်ပါသွားတတ်တာပဲ။ ဖေဖေ့ကိုပဲကြည့်လေ။ သားလိုချင်တဲ့ရောဂါဟာ သိပ်ပြီးမှားတယ်။

တရုတ်နိုင်ငံမှာဆိုရင် ကလေးတစ်ယောက်တည်းယူရမယ်ဆိုတဲ့ ညွှန်ကြားချက်ကြောင့် တစ်ဖက်ကလည်း ဆေးပညာတွေခေတ်မီထွန်းကားလို့ ကိုယ်ဝန်ဆောင်နေတုန်း ကလေးဟာ ယောကျ်ားလေးလား၊ မိန်းကလေးလားသိချိန်မှာ မိန်းကလေးဖြစ်ရင် ကိုယ်ဝန်ဖျက်ချ။ ဒီလိုလုပ်ရပ်တွေရဲ့ရလဒ်က တရုတ်နိုင်ငံမှာ Missing Girls လို့ ခေါ်တဲ့ပျောက်နေတဲ့ကလေးမတွေနဲ့ ပတ်သက်လို့ လူဦးရေလေ့လာမှုပညာရပ်မှာ ထူးထူးခြားခြားပေါ်လာခဲ့တယ်။ ဒီကိစ္စကို ကမ္ဘာကျော်စီးပွားရေးပညာရှင်တွေက လေ့လာကြတယ်။

အိန္ဒိယမှာလည်း ဒီကိစ္စပေါ်ပေါက်ခဲ့တယ်။ ကလေးက လည်း တစ်ယောက်တည်း၊ သားယောကျာ်းလေးလည်း ဖြစ်ပြန် တော့ မိဘတွေက စိတ်ကြိုက်အလိုလိုက်၊ လိုချင်တာတွေကို ဖြည့်ဆည်းပေးတော့ သူတို့လေးတွေကို Little Emperor (ဧကရာဇ် အသေးစားလေး) လို့ ကင်ပွန်းတပ်ကြတယ်။ ထူးဆန်းတာက သူတို့ တွေ လူလားမြောက်လာတော့ ရွယ်တူမိန်းကလေးတွေ နည်းနေတာ မို့ သင့်တော်တဲ့ အိမ်ထောင်ဖက်ရဖို့ ခက်ခဲတာတွေ့ရတယ်။ ဒီတော့ လူပျို လူလွတ်တွေဟာ အိမ်နီးနားချင်းနိုင်ငံတွေ ထွက်ပြီး သင့်တော်တဲ့ သတို့သမီးတွေရှာရတဲ့ဒုက္ခနဲ့ ရင်ဆိုင်ရတာ တွေ့ခဲ့ရ တယ်။ ဒီတော့ အဆုံးအဖြတ်တစ်ခု ချမှတ်လိုက်လို့ နောင်တစ်ချိန် ချိန်မှာ မမျှော်လင့်တဲ့ အကျိုးခံစားချက်တွေရနိုင်ပုံကို ကွက်ကွက် ကွင်းကွင်းဖော်ထုတ်ခဲ့တယ်သမီး။

တစ်နေ့က ဖေဖေဟောပြောပွဲတစ်ခု လုပ်ပေးခဲ့တယ်။ YWCA အဖွဲ့အစည်းရဲ့ နှစ်ပတ်လည်ဦးဆောင်မှုသင်တန်းမှာ ရန်ကုန်ကရော၊ အခြားမြို့တွေကလာတဲ့ အမျိုးသမီးခေါင်းဆောင် တွေကို ဖေဖေက ***Women in Development*** ခေါင်းစဉ်နဲ့ နိုင်ငံ တစ်နိုင်ငံရဲ့ တိုးတက်ဖွံ့ဖြိုးမှုမှာ အမျိုးသမီးတွေရဲ့ အရေးပါတဲ့ အခန်းကဏ္ဍကို ဆွေးနွေးခဲ့တယ်။ တင်ပြခဲ့တယ်။ ဖေဖေအနေနဲ့ သမီးလေးကို ဖောက်သည်ချချင်တယ်။

ဖေဖေဟာ တက္ကသိုလ်မှာ ဝါဏိဇ္ဇဝိဇ္ဇာဘွဲ့ရခဲ့တယ်။ ဘွဲ့လွန်သင်တန်းတွေကို အင်္ဂလန်သွားပြီး ပညာသင်ခဲ့တော့လည်း စီမံခန့်ခွဲမှုပညာကို အထူးပြုခဲ့တယ်။ ဒါပေမဲ့ ဖေဖေဟာ စီးပွားရေး ကို အမြဲစိတ်ဝင်စားခဲ့တယ်။ လေ့လာခဲ့တယ်။ ဖေဖေ ဂျာမနီနိုင်ငံ မှာ ဘွဲ့လွန်ပါရဂူပွဲ သွားလုပ်တော့ ဖေဖေဝါသနာပါတဲ့ စီးပွားရေး ပညာကို သုတေသနလုပ်ခွင့်ရတယ်။ ဖေဖေကံကောင်းခဲ့တယ်။ မြန်မာပြည်မှာ ပါရဂူဘွဲ့ရတဲ့သူတွေဟာ ဘွဲ့ရပြီးရင် နောက်ထပ် ဆက်လုပ်ခွင့်မရခဲ့ဘူး။ အနောက်နိုင်ငံတွေမှာတော့ ပါရဂူဘွဲ့ရပြီး

ပြီးချင်း၊ အနည်းဆုံး နှစ်နှစ်သုံးနှစ်ဆက်ပြီး Post-Doctoral Research ပါရဂူဘွဲ့လွန်သုတေသနလုပ်ခွင့်ရကြတာ။ ဖေဖေက ပါရဂူဘွဲ့လွန်သုတေသနကို မြန်မာပြည်ရဲ့ စီးပွားရေးသမိုင်း (Economic History) ကို အခြေခံပြီးလုပ်ခဲ့တယ်။

ဖေဖေ UN မှာ တာဝန်ယူတော့လည်း စီးပွားရေးပညာကို လေ့လာခွင့်ရခဲ့တယ်။ တစ်ခုတော့ရှိတယ်။ ဖေဖေစီးပွားရေးတက္ကသိုလ်မှာ ဆရာလုပ်တုန်း သုတေသနအနေနဲ့ မြန်မာရဲ့ တိုးတက်ဖွံ့ဖြိုးမှုကို သုံးသပ်ခဲ့တယ်။ ဒါကို Physical Quality of Live Index (PQLI) နဲ့ တိုင်းတာနိုင်တယ်။ ဒီပေတံမှာ နိုင်ငံရဲ့ စီးပွားရေး၊ ပညာရေးနဲ့ ကျန်းမာရေးညွှန်ကိန်းတွေကို ပေါင်းထားတာ။ ဒီ PQLI နဲ့ တွက်ချက်ကြည့်တော့ မြန်မာပြည်ဟာ စီးပွားရေးအရ မဖွံ့ဖြိုး၊ မတိုးတက်ပေမယ့် လူမှုရေးအရ မနိမ့်ကျတာကို မြင်ရတယ်။ ဒီတော့ဖေဖေဟာ နိုင်ငံတစ်နိုင်ငံရဲ့ တိုးတက်မှုကို ဘယ်လိုတိုင်းတာနိုင်မလဲဆိုတဲ့ မေးခွန်းကို အမြဲထုတ်ခဲ့တယ်။ တိုက်တိုက်ဆိုင်ဆိုင် UNDP က ၁၉၉၀ ခုနှစ်မှာ Human Development Report (HDR) လို့ခေါ်တဲ့ အစီရင်ခံစာတစ်ရပ်ကို ထုတ်ခဲ့တယ်။ ဒီ HDR ကို အဲဒီနှစ်ကစပြီး နှစ်စဉ်ထုတ်ဝေခဲ့တယ်။ တိုးတက်ဖွံ့ဖြိုးမှုနဲ့ဆိုင်တဲ့ ခေါင်းစဉ်တစ်မျိုးစီကိုရေးပြီး အစီရင်ခံထုတ်ဝေခဲ့တာပေါ့သမီး။

၁၉၉၀ ခုနှစ်ဟာ ဖေဖေတို့လို စီးပွားရေးပညာလေ့လာသူတွေအတွက် အလွန်အရေးကြီးတဲ့နှစ်ပါ။ ဘာကြောင့်လဲဆိုတော့ ခုနကဖေဖေပြောခဲ့တဲ့ HDR အစီရင်ခံစာကြောင့်ပဲသမီး။ ဒီ HDR မှာ နိုင်ငံတွေရဲ့ တိုးတက်ဖွံ့ဖြိုးမှုကို ပထမဆုံးအကြိမ် တိုင်းတာခဲ့တာဖြစ်တယ်။ ဒီတိုင်းတာချက်ဟာ သိပ်အရေးကြီးတယ်သမီး။ ဖေဖေငယ်ငယ်ကတည်းက စီးပွားရေးပညာသင်ခဲ့တဲ့အခါ နိုင်ငံတစ်နိုင်ငံရဲ့ တိုးတက်မှုကို တိုင်းတာတဲ့တိုင်းတာချက်နဲ့ နပန်းလုံးခဲ့ရတယ်။ အရင်တုန်းက နိုင်ငံရဲ့ တိုးတက်ဖွံ့ဖြိုးမှုကို တိုင်းဖြည်

ဝင်ငွေနဲ့ တိုင်းခဲ့ကြတာ။ အဓိပ္ပာယ်ကတော့ အဲဒီနိုင်ငံမှာ နေထိုင်ကြတဲ့လူတွေအားလုံးရဲ့ ဝင်ငွေတွေကို ပေါင်းထားတာဖြစ်တယ်။ ဒါကို Gross Domestic Product (GDP) တို့ Gross National Income (GNI) တို့နဲ့တိုင်းတာကြတယ်။ ဒီပေတံတွေနဲ့တိုင်းရင်း နိုင်ငံတစ်နိုင်ငံကို ချမ်းသာတယ်၊ ဆင်းရဲတယ်၊ ဖွံ့ဖြိုးတယ်၊ မဖွံ့ဖြိုးသေးဘူးလို့ အမျိုးအစားခွဲခြားခဲ့တယ်။ Low-Income Countries (ဝင်ငွေနည်းသောနိုင်ငံများ)၊ Middle-Income Countries (ဝင်ငွေအလယ်အလတ်ရှိသောနိုင်ငံများ)၊ High-Income Countries (ဝင်ငွေများသောနိုင်ငံများ) ရယ်လို့ သာမန်အားဖြင့် ခွဲခြားကြတာတွေ့ရတယ်။

အခုလိုဝင်ငွေကို အခြေခံပြီး တိုင်းတာတာဟာ စီးပွားရေးပညာရဲ့ အခြေခံတစ်ခုပဲဖြစ်တယ် သမီး။ ဒါကြောင့် စီးပွားရေးပညာရဲ့ ဖခင်လို့ သတ်မှတ်တဲ့ အင်္ဂလိပ်ပညာရှင် Adam Smith က *The Wealth of Nations* ဆိုတဲ့ စာအုပ်ကိုရေးသားပြုစုခဲ့တာ။ နိုင်ငံတစ်နိုင်ငံရဲ့ ကြွယ်ဝချမ်းသာလာမှုကို ဆန်းစစ်နိုင်သလို တစ်ဖက်ကလည်း နိုင်ငံရဲ့ဆင်းရဲနွမ်းပါးမှုနဲ့လည်း တိုင်းတာနိုင်တာပေါ့။ အခုလိုဆင်းရဲခြင်း (Poverty) ဘက်က နိုင်ငံတွေရဲ့အခြေအထားကို လေ့လာမှုတွေ တိုးပွားလာတာလည်း တွေ့ရတယ်။

၁၉၉၀ ခုနှစ် UNDP HDR ရဲ့ ထူးခြားချက်တစ်ရပ်ကတော့ နိုင်ငံတစ်နိုင်ငံရဲ့ တိုးတက်မှုကို ညွှန်ကိန်းအသစ်တစ်ခုကို ဖော်ထုတ်ပြီးတိုင်းခဲ့တာပဲ။ တိုးတက်ဖွံ့ဖြိုးမှုကို အဓိပ္ပာယ်ဖွင့်ဆိုချက်အသစ်တစ်ရပ်နဲ့သရုပ်ဖော်ခဲ့တယ်။ တိုးတက်ဖွံ့ဖြိုးမှုဟာ စီးပွားရေးဖွံ့ဖြိုးမှုသက်သက်မဟုတ်ဘူး။ နိုင်ငံရဲ့ တိုးတက်မှုဟာ နိုင်ငံသားတွေရဲ့ ဖွံ့ဖြိုးမှုသာဖြစ်တယ်ဆိုပြီး စီးပွားရေးပေတံတစ်ခုတည်းကို အခြေခံခြင်းမရှိတော့ဘဲ ပိုပြီး ကျယ်ကျယ်ပြန့်ပြန့်စဉ်းစားလာခဲ့တယ်။ ဒါကြောင့် Development မှာ Human Development ဆိုတဲ့ ဝေါဟာရကို အသုံးပြုလာခဲ့တယ်။

ဒီတော့ လူသားတိုးတက်မှုဟာ ဘာလဲဆိုတာ မေးစရာဖြစ်လာတယ်။ လူသားတိုးတက်မှုကို ရိုးရိုးလေး အဓိပ္ပာယ်ဖော်ရင် လူတွေရဲ့အခွင့်အလမ်း (Opportunity) ကို တိုးချဲ့ခြင်းဖြစ်တယ်။ အခွင့်အလမ်းတွေများများရရင် လူဟာတိုးတက်တယ်။ အခွင့်အလမ်းတွေမရှိရင် မစဉ်းစားတတ်ဘူးလို့ ခပ်လွယ်လွယ်ပြောနိုင်တာပေါ့။ ဒီတော့ နိုင်ငံတစ်နိုင်ငံတိုးတက်လာရင် အဲဒီနိုင်ငံမှာရှိတဲ့ နိုင်ငံသားတွေရဲ့ အခွင့်အလမ်းတွေ တိုးလာတယ်၊ များလာတယ်၊ မြင့်မားလာတယ်။ သိပ်ချစ်စရာကောင်းတဲ့ အဓိပ္ပာယ်တစ်ခုပဲမဟုတ်လားသမီး။ ဒီတော့ နိုင်ငံတွေတိုးတက်ချင်ရင် သူ့နိုင်ငံသားတွေအပေါ် အာရုံထားရမယ်။ ဂရုစိုက်ရမယ်။ နိုင်ငံသားတွေရဲ့ အခွင့်အလမ်းတွေကို မြှင့်တင်ရတဲ့သဘောပေါ့ သမီး။ ဒီအခွင့်အလမ်းကို ဘာနဲ့တိုင်းမလဲ။ အခြေခံအားဖြင့် ညွှန်ကိန်းသုံးခုနဲ့ တိုင်းနိုင်တယ်။ပထမညွှန်ကိန်းကတော့ ဝင်ငွေပေါ့။ ဝင်ငွေဟာ လူတစ်ဦးရဲ့အခွင့်အလမ်းကို တိုးပွားစေတာ။ ဝင်ငွေများတဲ့သူမှာ အခွင့်အလမ်းတွေအများကြီး။ မရှိတဲ့သူ၊ နည်းတဲ့သူကြတော့ အခွင့်အလမ်းက အကန့်အသတ်ရှိတာ။ ဒါပေမဲ့ ဝင်ငွေတစ်ခုတည်းနဲ့ မလုံလောက်ဘူးသမီး။ ကျန်းမာဖို့လိုတယ်လေ။ မကျန်းမာရင် ဘယ်လောက်ချမ်းသာချမ်းသာ အလကားပဲ အချည်းနှီးပေါ့။ ကျန်းမာမှုကို တိုင်းတဲ့နေရာမှာ လူတစ်ယောက်ရဲ့ သက်တမ်းနဲ့တိုင်းတယ်။ တစ်နိုင်ငံလုံးအတွက်ဆို လူတွေအားလုံးရဲ့ ပျမ်းမျှသက်တမ်း (Average Life Expectancy) ပေါ့။ နောက်ဆုံး ညွှန်ကိန်းကတော့ အသိတရားညွှန်ကိန်းဖြစ်တယ်။ အသိတရားကို ပညာရေးနဲ့တိုင်းတယ်။ ပျမ်းမျှမူလတန်းကျောင်းထားတဲ့နှုန်းနဲ့တိုင်းတယ်။ ဒီတော့ ဖွံ့ဖြိုးမှုညွှန်ကိန်းဟာ ဝင်ငွေရယ်၊ ကျန်းမာရေးရယ်၊ ပညာရေးရယ်ကိုပေါင်းပြီး ဖွဲ့စည်းထားတဲ့တိုင်းတာမှု ဖြစ်တယ်။ သမီးကို ဖေဖေက အိပ်ရာဝင်တိုင်း ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ ပညာတွေအများကြီးတတ်ပါစေလို့ ဆုတောင်းတာ။ သမီးရဲ့အခွင့်အလမ်းတွေ

တိုးပွားပါစေလို့ ဆုတောင်းတာပေါ့။

အခုလို HDR ကိုသုံးပြီး နိုင်ငံတွေကို ကြီးစဉ်ငယ်လိုက်ခွဲခြားနိုင်တယ်။ ရှိတဲ့ကိန်းဂဏန်းအရ နိုင်ငံပေါင်း ၁၇၇ နိုင်ငံရဲ့ အနေအထားကို ဖော်ပြတာ။ နံပါတ် ၁ နိုင်ငံက လူသားဖွံ့ဖြိုးမှုမှာ ရှေ့ဆုံးကပြေးနေပြီး နံပါတ် ၁၇၇ နိုင်ငံကတော့ နောက်ဆုံးပေါ့။ များသောအားဖြင့် အာဖရိကနိုင်ငံတွေမှာ လူသားဖွံ့ဖြိုးမှုနိမ့်ကျတာတွေ့ရတယ်။ အခုလို နှစ်စဉ်ထုတ်ဝေတဲ့ HDR အစီရင်ခံစာကို သုံးသပ်ရင် တစ်ကမ္ဘာလုံးရှိ နိုင်ငံတွေရဲ့ တိုးတက်ဖွံ့ဖြိုးမှုကို သုံးသပ်နိုင်တယ်။ ထူးခြားချက်တစ်ခုက နိုင်ငံတစ်နိုင်ငံရဲ့ ဝင်ငွေများပေမယ့် လူသားဖွံ့ဖြိုးမှု နိမ့်ကျတာတွေ့ရပြီး တချို့နိုင်ငံတွေမှာ ဝင်ငွေအသင့်အတင့်သာရှိပေမယ့် လူသားဖွံ့ဖြိုးမှုအဆင့်မြင့်နေတာတွေ့ရတယ်။ ချမ်းသာတိုင်း မဖွံ့ဖြိုးဘူးလို့ပြောတဲ့ သဘောပေါ့ သမီး။

အခုဆို HDR ထုတ်ဝေခဲ့တဲ့ ၁၉၉၀ ခုနှစ် အပြီး နောင် ၁၀ နှစ်ကာလ ၂၀၀၀ ပြည့်နှစ်မှာ နိုင်ငံတွေရဲ့ တိုးတက်မှုကို တိုင်းထွာတဲ့ Millennium Development Goals (MDGs) တွေကို ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအားလုံးက အတည်ပြုလက်ခံခဲ့ကြတယ်။ အဲဒီတုန်းက ဖေဖေတို့ New York မှာရှိကြတယ်လေ။ သမီးက ငါးနှစ်ပေါ့။ ဒီ MDGs တွေဟာ နိုင်ငံတစ်နိုင်ငံရဲ့ တိုးတက်မှုကို ဖော်ညွှန်းတဲ့ရည်မှန်းချက်တွေဖြစ်တယ်။ ဒီရည်မှန်းချက်တွေ စုစုပေါင်းရှစ်ခုရှိတယ်။

ဒီရည်မှန်းချက်ရှစ်ခုကို သုံးသပ်ရင် အင်မတန်မှ ပြီးပြည့်စုံတဲ့ (တိုးတက်ဖွံ့ဖြိုးမှုလမ်းညွှန်မှု) ပဲ ဖြစ်တယ် သမီး။ အရေးကြီးတဲ့ အချက်တစ်ခုက အခုလိုရည်မှန်းချက် ရှစ်ချက်ကို အသေးစိတ်လေ့လာရင်း ရည်မှန်းချက်တစ်ခုချင်းမှာ အမျိုးသမီးများရဲ့ အရေးကြီးတဲ့ အခန်းကဏ္ဍကိုတွေ့မြင်နိုင်တယ်။ ဥပမာဆိုပါတော့၊ ဆင်းရဲနွမ်းပါးမှုဟာ အမျိုးသားနဲ့ အမျိုးသမီးကိုယှဉ်ရင် အမျိုးသမီးတွေ ပိုဆင်းရဲတာတွေ့ရတယ်။

| ရည်မှန်းချက် | ရှင်းလင်းချက် |
|---|---|
| (၁) | ဆင်းရဲနွမ်းပါးမှု၊ ငတ်မွတ်ခေါင်းပါးမှု၊ |
| (၂) | မူလတန်းပညာရေး၊ |
| (၃) | အမျိုးသမီး၊အမျိုးသားညီမျှမှု၊ အမျိုးသမီးများ အတွက် လုပ်ကိုင်ဆောင်ရွက်ခွင့်၊ |
| (၄) | ကလေးသူငယ်သေဆုံးမှု၊ |
| (၅) | မိခင်များရဲ့ကျန်းမာရေး၊ |
| (၆) | အေအိုင်ဒီအက်စ်၊ ငှက်ဖျားနှင့် အခြားရောဂါများကင်းစင်မှု၊ |
| (၇) | သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု၊ |
| (၈) | နိုင်ငံအချင်းချင်းပူးပေါင်းဆောင်ရွက်မှု၊ |

ဒီလိုပဲ မူလတန်းကျောင်းပညာရေးမှာ မိန်းကလေးတွေဟာ ယောက်ျားလေးတွေထက် ကျောင်းတက်နိုင်တဲ့ အခွင့်အရေးလျော့ပါးတာတွေ့ရတယ်။ HIV/AIDS, Malaria, TB ရောဂါနဲ့ပတ်သက်လာရင် အမျိုးသမီးတွေမှာ ရောဂါပိုပြီး ဖိစီးတာတွေ့ရတယ်။ ဒါကြောင့်လည်း ဖေဖေ့အနေနဲ့ နိုင်ငံတစ်နိုင်ငံရဲ့ တိုးတက်ဖွံ့ဖြိုးမှုကို စဉ်းစားရင် အမျိုးသမီးတွေရဲ့ အခန်းကဏ္ဍကိုမမေ့ဖို့ ဂရုစိုက်ဖို့ သင်တန်းမှာ အလေးထားပြီး ဆွေးနွေးခဲ့တယ်။ အမျိုးသမီးတွေမပါဝင်တဲ့၊ အမျိုးသမီးများရဲ့ အခွင့်အလမ်းမတိုးတက်စေတဲ့ ဖွံ့ဖြိုးမှုဟာ စစ်မှန်တဲ့ တိုးတက်မှုမဖြစ်နိုင်ဘူးသမီး။ ဖေဖေတို့ မြန်မာပြည်မှာ အမျိုးသမီးတွေရဲ့အနေအထားတို့၊ အခြေအနေတို့ကို အမြဲဂရုစိုက်ခဲ့တယ်။ ဒါကြောင့် တခြားနိုင်ငံတွေမှာလို ကျား၊ မ ခွဲခြားဆက်ဆံမှုမရှိဘူး။ ဥပမာအနေနဲ့ နိုင်ငံတော်တော်များများမှာ အမျိုးသမီးတစ်ယောက် လက်ထပ်လိုက်တဲ့အခါ သူ့ခင်ပွန်းရဲ့အမည်ကိုယူရတယ်။ မြန်မာနိုင်ငံမှာ ဒီလိုမဟုတ်ဘူးလေ။ မေမေက သူ့ရဲ့နာမည်ကို မပြောင်းရဘူး။ သမီးကြီးလို့ လက်ထပ်တဲ့အခါ

လည်း ဒီလိုပဲပေါ့။ ထူးဆန်းတာက အခုမှအနောက်နိုင်ငံတွေမှာ ခေတ်မီသူတွေ၊ ခေတ်ရှေ့ရောက်သူတွေက လက်ထပ်တဲ့အခါမှာ ခင်ပွန်းရဲ့အမည်ကိုမယူဘဲ သူ့နာမည်ကိုသုံးတာတွေ့ရတယ်။ ဖေဖေတို့နိုင်ငံမှာက ဟိုအရင်ကတည်းက ခေတ်မီခဲ့တယ်။ ခေတ်ရှေ့ပြေးခဲ့တယ်။ သမီးဈေးသွားရင်တစ်ခုသတိထားမိလား။ ဈေးရောင်းသူတွေ အများစုက အမျိုးသမီးတွေ၊ စီးပွားရေးကိစ္စမှာ ကျွမ်းကျင်ကြတယ်။ ငွေရေးကြေးရေးအရာတွေ ကျွမ်းကျင်တယ်။ ဒီတော့ ဖေဖေနဲ့မေမေအတွက် သမီးဟာတကယ့်ရတနာပါ။ သမီးလေး ကျန်းမာချမ်းသာပြီး ပညာတွေအများကြီးတတ်ပါစေ၊

## ဟောပြောပွဲအတွေ့အကြုံ (၈)

ဖေဖေက အခုဆိုတစ်ပတ်မှာ နှစ်ရက်လောက် ညဘက် ပျောက်ပျောက်သွားတော့ သမီးကမေးတယ်။ ဖေဖေဘယ်သွားနေတာလဲပေါ့။ ၅း၂၀ နာရီလောက်က ပျောက်သွားလိုက်တာ ၈း၀၀ နာရီမှာ ပြန်ရောက်တယ်။ မှန်မှန်သွားနေတော့ သမီးသိချင်တယ် ဖေဖေလို့ ပြောလာတယ်။ တကယ်တော့ ဖေဖေက တနင်္လာနေ့ ညဘက်မှာ ရန်ကုန်စီးပွားရေးတက္ကသိုလ် အသုံးချဘောဂဗေဒဌာနက ဖွင့်တဲ့ ဘွဲ့လွန် Master of Public Administration (MPA) သင်တန်းမှာ သွားသင်ပြီး၊ ဗုဒ္ဓဟူးနေ့ညဘက်ကျတော့ စီးပွားရေးတက္ကသိုလ် စီမံခန့်ခွဲမှုပညာဌာနက ပတ္တမြားဆောင်မှာဖွင့်လှစ်တဲ့ ဘွဲ့လွန် Master of Business Administration (e-MBA) ကို သွားသင်တာ။ ဒီဘွဲ့လွန်သင်တန်းနှစ်ခုဟာတစ်ခုက ပြည်သူ့ရေးရာ အုပ်ချုပ်မှုပညာ၊ နောက်တစ်ခုကတော့ စီးပွားရေးဆိုင်ရာ စီမံခန့်ခွဲမှုပညာ။ တိုင်းပြည်အတွက် အရေးကြီးတဲ့ပညာနှစ်ခုပဲဖြစ်တယ်။ တစ်ခုက Public၊ နောက်တစ်ခုက Business၊ ဖေဖေက သင်တန်းနှစ်ခုစလုံးမှာ သင်ရတာကို ကျေနပ်မိတယ်။

MBA သင်တန်းကတော့ ကိုယ်ကိုယ်တိုင်ယူခဲ့တဲ့ပညာ။ ဖေဖေယူကေမှာဘွဲ့လွန်တက်နေတုန်းက University of Warwick School of Business မှာ M.Sc ဘွဲ့ယူခဲ့တာ။ အဲဒီအချိန်တုန်းက

MBA ဘွဲ့ကို မပေးဘူး။ M.A ဒါမှမဟုတ် M.Sc ဘွဲ့ကိုသာပေးတာ။ အခုတော့ ယူကေမှာ MBA ဘွဲ့တွေပေးနေပြီ။

MBA ဘွဲ့နဲ့ပတ်သက်လာရင် နာမည်အကြီးဆုံးကတော့ Harvard University က ရတဲ့ဘွဲ့ပဲ။ တကယ်တော့ ဒီဘွဲ့ကို Harvard Business School ကပေးတာ။ အများသိကြပေမယ့် နာမည်အမှန်ကတော့ Howard Baker School of Business ၊ လူသိများတာကတော့ Harvard Business School အနေနဲ့။ သမီး မှတ်မိမယ်ထင်တယ်။ ဖေဖေရယ်၊ မေမေရယ်၊ သမီးရယ် အင်္ဂလန်ကိုသွားလည်တုန်းက နာမည်ကျော်စာရေးဆရာ William Shakespeare နေခဲ့တဲ့ Stratfordon-Avon ဆိုတဲ့မြို့ကို သွားလည်ကြတာလေ။ Shakespeare က ကမ္ဘာကျော်တာကြောင့် သူ့မြို့ကလေးကို ကမ္ဘာလှည့်ခရီးသည်တွေ အများကြီးလာကြတယ်။ သူမွေးတဲ့အိမ်၊ သူကြီးတော့နေတဲ့အိမ်၊ သူ့ပုံနှိပ်တိုက်အားလုံးကို ပြတိုက်သဘောမျိုးပြသထားတယ်။ ဒီမြို့ထဲဖေဖေတို့သုံးယောက် လျှောက်လည်တုန်း ဟိုရှေးရှေးက အိမ်တစ်အိမ်မှာ ဒီအိမ်ဟာ John Harvard နေသွားတဲ့အိမ်လို့ တမ္ပည်းထိုးထားတယ်။ ဒီ John Harvard ဟာ အင်္ဂလန်နိုင်ငံကနေ အမေရိကန်နိုင်ငံကို ပြောင်းရွှေ့သွားပြီး Boston မြို့မှာတက္ကသိုလ်တည်ဖို့ ငွေကြေးထောက်ပံ့ခဲ့တာ။ သူ့ကို အသိအမှတ်ပြုတဲ့အနေနဲ့ Harvard College နဲ့စတာ။ ဒီ Harvard University မှာ ကမ္ဘာကျော် School of Medicine ဆေးတက္ကသိုလ်၊ School of Divinity ဘာသာရေးတက္ကသိုလ်၊ School of Business စီးပွားရေးတက္ကသိုလ်ရယ်လို့ ဘာသာရပ်အလိုက် ဖွဲ့စည်းထားတဲ့တက္ကသိုလ်တွေ အမျိုးမျိုးရှိတယ်။

စိတ်ဝင်စားဖို့ကောင်းတာက အမေရိကန်သမ္မတ John F.Kennedy အသတ်ခံရပြီး သူ့ရဲ့အထိမ်းအမှတ်နဲ့ JFK School of Government ပြည်သူ့ရေးရာတက္ကသိုလ်ကိုလည်း တည်ထောင်ခဲ့တာ။ ဒီတော့ဖေဖေတို့ ရန်ကုန်စီးပွားရေးတက္ကသိုလ်က Harvard

တက္ကသိုလ်လို MBA ရော၊ MPA ရော ဘွဲ့တွေပေးနေတာပေါ့။ သမီးက ငယ်သေးတော့မှတ်မိမှာမဟုတ်ဘူး။ ဖေဖေ့မိတ်ဆွေ Boston ရောက်နေတာသိလို့ ဖေဖေတို့မိသားစု သူ့ကိုသွားတွေ့ပြီး နှုတ်ဆက်တုန်းက Harvard University ကို လှည့်ပတ်ခဲ့သေးတာ။ ဖေဖေ အီတလီမှာ တာဝန်ယူတုန်းက Harvard Business School နဲ့ အဆက်အသွယ်ရှိခဲ့တယ်။ ဖေဖေက UN နဲ့ပတ်သက်လို့ လေ့လာချက်တွေ လုပ်နေတော့ သင်ကြားရေးလုပ်ငန်းတွေမှာ အသုံးချဖို့ Case Study လို့ခေါ်တဲ့ အမှုအခင်းလေ့လာချက်နည်းကို သုံးချင်တာနဲ့ Harvard ကိုသွားခဲ့တယ်။ ပြီးတော့ သူတို့ဆီက ဆရာတွေကို အီတလီကို ခေါ်ပြီး သင်တန်းတွေပေးစေခဲ့တယ်။ Harvard Business School နဲ့ပတ်သက်ရင် လူအသိများတဲ့ သင်ကြားနည်းက Case Study ပဲဖြစ်တယ်။ Case Method လို့လည်းခေါ်တယ်။ ဥပဒေပညာ အခြေခံပေါ့။ Case Method တာ Lecture နဲ့မတူဘူး။ ဆရာက ဟောတာ၊ ပြောတာဘာမှမရှိဘူး။ ကျောင်းသားတွေကို Case တစ်ခု ချပေးတယ်။ စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းနဲ့ ပတ်သက်လို့ အမှုအခင်း ဒီ Case ကို ကျောင်းသားတွေက တစ်ဦးချင်း၊ အဖွဲ့လိုက်ဆွေးနွေးကြတယ်။ သုံးသပ်ကြတယ်။ ဆန်းစစ်ကြတယ်။ ဒီဆန်းစစ်မှုတွေကို ဆရာလုပ်သူက ဦးဆောင်ပြီးဆွေးနွေးတယ်။

ချစ်ဖို့ကောင်းတာက Case တစ်ခုနဲ့ပတ်သက်လာရင် မှန်တဲ့အဖြေ၊ မှားတဲ့အဖြေဆိုတာမရှိဘူး။ အခုလိုဆရာနဲ့ကျောင်းသားတွေ ပူးပေါင်းပြီးဆွေးနွေးကြရင်း လက်တွေ့အမှုအခင်းတစ်ခုကို ဘာသာရပ်ဆိုင်ရာနောက်ခံနဲ့တွဲဖက်ပြီး သုံးသပ်တယ်။ ဒီလိုလုပ်တဲ့အတွက် လက်တွေ့ပကတိအခြေအနေကိုလည်း တစ်ဖက်ကနားလည်၊ တစ်ဖက်ကလည်း ဘာသာရပ်နဲ့ပတ်သက်တဲ့သီအိုရီကို လက်တွေ့အခြေအနေနဲ့ထင်ဟပ်ပြီး သုံးသပ်နိုင်တာပေါ့။ ဖေဖေ M.Sc လုပ်တုန်းကဆို နေ့တိုင်း Case ၂၀လောက် သုံးသပ်လေ့လာ

ရတယ်။ ဒီ Case Method ဟာ ထိရောက်တဲ့သင်ကြားမှုနည်းတစ်ခုဖြစ်တယ်။ Case ရေးသားပြုစုတာကို လူတိုင်းမလုပ်နိုင်ဘူး။ မလုပ်တတ်ဘူး။ အထူးပြုထားတဲ့ ဆရာတွေကသာ ရေးသားပြုစုနိုင်တာ။ Case တွေများများလေ့လာရလေလေ၊ လက်တွေ့စီးပွားရေးဘဝကို ပိုနားလည်လေလေပေါ့။ Case Method ကိုသုံးဖို့ ဆရာလုပ်သူက သင်တန်းတက်ရတယ်။ သာမန်သင်ကြားတဲ့ပုံစံမျိုးမဟုတ်ဘူးလေ။ သမီးပိုပြီးသဘောပေါက်။ Case တစ်ခုဟာ ဇာတ်လမ်းတစ်ပုဒ်ပေါ့။ ဒီဇာတ်လမ်းမှာ ဇာတ်ကောင်တွေရှိတယ်။ အရေးကြီးဆုံးအချက်က ဒီဇာတ်လမ်းမှာ အဆုံးအဖြတ်တစ်ခုရှိတယ်။ ဒီအဆုံးအဖြတ်ကို ဝိုင်းဆွေးနွေးကြတာ။ ပျော်စရာကောင်းသလို တစ်ခါတလေတော့လည်း အဖြေမရှိတော့ စိတ်ညစ်စရာ။ ကိုယ်ပိုင်ဉာဏ်၊ ကိုယ်ပိုင်အတွေးကိုသာ အားထားရတာ။ ဖေဖေ ဝါဏိဇ္ဇဘွဲ့ကိုယူတဲ့အခါ ဆရာလုပ်တဲ့ ပါမောက္ခ ဦးစီလျံပေါ်က ဒီ Case Method ကိုပဲသုံးခဲ့တာ။ သူက Harvard Business School က MBA ရခဲ့တဲ့သူလေ။ တကယ့်ကို ဆရာပီသတဲ့သူ။ ဖေဖေက သိပ်အားကျခဲ့တယ်။ အေးချမ်းတယ်။ ပြည့်စုံတယ်။ ချစ်စရာကောင်းတယ်။

နောက်ဆရာတစ်ယောက်က ဒေါက်တာခင်မောင်ကြည်။ သူက Harvard ကပဲ MBA ရခဲ့သူ။ နောက် Cornell University က ပါရဂူဘွဲ့ယူခဲ့တဲ့သူ။ ဆရာကလည်း Case Method ကို သုံးခဲ့တယ်။ ဆရာခင်မောင်ကြွယ်လည်း Case Method ကို သုံးပြီးစာသင်ခဲ့တယ်။ ဖေဖေလုပ်ခဲ့တဲ့ ဝါဏိဇ္ဇဌာနမှာရှိတဲ့ ဆရာ၊ ဆရာမတွေက အမေရိကန်တက္ကသိုလ်တွေကနေ MBA တွေရခဲ့လို့ Case Method ကို သုံးခဲ့တယ်။ ဒါကြောင့် ဖေဖေတို့အလှည့်ရောက်တဲ့အခါ ဆက်ပြီးသုံးခဲ့တာပေါ့။ အခုလည်း ဆက်ပြီးသုံးနေတာဖေဖေတွေ့ရလို့ သိပ်ဝမ်းသာတယ်။

ဖေဖေကတော့ မြန်မာပြည်ရဲ့ လက်တွေ့အခြေအနေကို သုံးသပ်တဲ့ Case တွေသုံးပြီး သင်စေချင်တယ်။ ဒါမှလည်း ပိုပြီး အကျိုးရှိနိုင်မှာပေါ့။ နိုင်ငံခြား Case တွေက အသုံးဝင်ပါတယ်။ ဒါပေမဲ့ ကိုယ့်အခြေအနေကို ထင်ဟပ်နိုင်ရင်ပိုကောင်းတာပေါ့။ Harvard Business School လို နာမည်ကြီးတဲ့ တက္ကသိုလ်တွေကတော့ အမေရိကန်နိုင်ငံမှာဆို **Standard Business School,** Wharton Business School, **Chicago Business School,** အင်္ဂလန်မှာတော့ London Business School, **Judd of Management** (Cambridge University) **Oxford Business School,** Manchester Business School ။ ဥရောပမှာတော့ ပြင်သစ်နိုင်ငံရဲ့ INSEAD Business School က ဖေဖေတို့ရဲ့ အိမ်နီးနားချင်းနိုင်ငံတွေမှာလည်း MBA ပေးတဲ့တက္ကသိုလ်တွေအများကြီး။ ဘန်ကောက်မှာလည်းရှိတယ်။ စင်ကာပူမှာလည်းရှိတယ်။ Australia နိုင်ငံမှာလည်း MBA ပေးတာ တွေ့ရတယ်။ တရုတ်နဲ့အိန္ဒိယနိုင်ငံတွေမှာလည်း ကျောင်းကောင်းတွေအများကြီး။

ဖေဖေက မြန်မာပြည်ရဲ့ MBA ကို ကောင်းသထက်ကောင်းစေချင်တယ်။ အနည်းဆုံးအာရှတိုက်မှာ အကောင်းဆုံးဖြစ်စေချင်တယ်။ နှစ်စဉ် တစ်ကမ္ဘာလုံးမှာရှိတဲ့ Business Schools တွေကို တန်းစီပြီး အရည်အသွေးသတ်မှတ်တာရှိတယ်။ အဲဒီစာရင်းထဲ တစ်နေ့ပါနိုင်အောင် ကြိုးစားရမှာပေါ့ သမီး။ MBA မှာ သွားသင်ရင် ဖေဖေအားရတယ်။ ကျေနပ်တယ်။ တက်တဲ့ကျောင်းသားတွေက ရင့်ကျက်တဲ့သူတွေ။ အလုပ်အကိုင်ကတစ်ဖက်နဲ့။ ဒီတော့ သူတို့မှာ လက်တွေ့ရှိပြီးသား။ စာတွေ့ရအောင်လာကြတာ။ လုပ်ငန်းအတွေ့အကြုံရှိတော့ သင်ရတာအဓိပ္ပာယ်ရှိတယ်။

Harvard Business School မှာ MBA က ၂ နှစ်တိတိတက်ရတယ်။ များသောအားဖြင့် ဘွဲ့ရပြီး လုပ်ငန်းအတွေ့အကြုံရှိပြီးသူတွေ တက်ကြတာများတယ်။ ဘွဲ့ရပြီးပြီးချင်းတက်ရင်

လက်မခံဘူး။ အခုတော့တခြားတက္ကသိုလ်တွေမှာ MBA သင်တန်းကာလကို အချိန်ပြည့်တစ်နှစ်လျှော့ချတာ တွေ့ရတယ်။ အချိန်သက်သာတဲ့အတွက် အလုပ်ကတစ်နှစ်နားတာ မထောင်းသာဘူးလေ။ MBA တက်တဲ့သူတွေက သူတို့ကုန်ကျတဲ့ကျောင်းစရိတ်ကို စရိတ်စကအနေနဲ့ မသတ်မှတ်ဘူး။ ရင်းနှီးမြှုပ်နှံမှုအနေနဲ့ သဘောထားကြတယ်။ ဒီလိုစဉ်းစားတာလည်းမှန်တယ်လေ။ အခုလို နာမည်ရ၊ နာမည်ကြီးတက္ကသိုလ်တွေက MBA ဘွဲ့ရခဲ့ရင် လစာက အဆပေါင်းများစွာတက်ခဲ့တာ သေချာပေါက်ပဲ။ ဒါကြောင့် အလုအယက်တက်ကြတာ။ တန်ဖိုးရှိလို့ပေါ့။

သမီးလေးတက္ကသိုလ်တက်တဲ့အချိန်မှာ ဖေဖေကတော့ ကျောင်းကောင်းကောင်းတက်စေချင်တယ်။ ပင်ပန်းမှန်းသိတယ်။ အပြိုင်အဆိုင်ကလည်းအများကြီး။ ဒါပေမဲ့ ကျောင်းကောင်းကောင်းတက်ခွင့်ရရင် ပညာကောင်းကောင်းရမှာ သေချာတယ်လေ။ ဖေဖေကတော့ စိတ်ကူးအမျိုးမျိုးယဉ်နေတာ။ ဒါပေမဲ့ သမီးရဲ့ဆန္ဒလည်း ရှိသေးတယ်။ ဖေဖေနဲ့မေမေက ဘာလုပ်သင့်သလဲဆိုတာကို ပြောပြနိုင်တာပဲရှိပါတယ်။ အဆုံးအဖြတ်ပေးရမှာက သမီး။ သမီးကိုယ်တိုင် စိတ်ဝင်စားမှုဖြစ်တာ။

ဖေဖေ MBA နဲ့ MPA မှာ စာသင်ရင်းကျောင်းသားတွေထဲမှာ သမီးကိုမြင်ယောင်နေမိတယ်။ ဒါကြောင့်လည်း ဖေဖေက သမီးလေးကို ဦးတည်ပြီး သင်နေရသလိုပါပဲ။ သမီးလေးအဆုံးအဖြတ်မှန်ကန်နိုင်ပါစေ။ နောက်တစ်ခေါက်မှ MPA သင်တန်းအကြောင်း ဖေဖေပြောပြမယ်။

■

## ဟောပြောပွဲအတွေ့အကြုံ (၉)

အရင်တစ်ခေါက်က သမီးကို ဖေဖေက MBA သင်တန်းအကြောင်းပြောပြတယ်။ ဒီတစ်ခါတော့ ဖေဖေသင်နေတဲ့ Master of Public Administration (MPA) အကြောင်းပြောပြမယ်။ MPA ကို စီးပွားရေးတက္ကသိုလ် အသုံးချဘောဂဗေဒဌာနက ဖွင့်လှစ်ထားတာ။ MPA စဖွဲ့တုန်းက တာဝန်ယူတဲ့ ဆရာမကြီးက ဖေဖေ့ ငယ်သူငယ်ချင်း ဒေါ်တင်လှကြည်။ ဖေဖေတို့အထက်တန်းကျောင်းကို English Methodist မှာ အတူတက်ခဲ့ကြတာ။ နောက်တော့ သူက ဘောဂဗေဒယူတယ်။ ဖေဖေက ဝါဏိဇ္ဇဗေဒ ယူတယ်။ ဖေဖေ မြန်မာပြည်ကိုပြန်လာတုန်း သူဖိတ်လို့ MPA သင်တန်းမှာ သွားသင်တယ်။ သင်တိုင်း သူက ဖေဖေ့ကို သူ့သူငယ်ချင်းလို့ မိတ်ဆက်တယ်။ ဒီတစ်ခေါက်တော့ သူက အငြိမ်းစားယူသွားပြီး သူ့ရဲ့နေရာမှာ ပါမောက္ခဖြစ်လာသူက ဒေါ်ဌေးဌေးလွင်။ ဖေဖေ့တပည့်။ ဒီလိုပဲ လက်ဆင့်ကမ်းပြီး လုပ်ကြရတာ။ အရှေ့က သွားတဲ့သူကသွား၊ နောက်က လိုက်တဲ့သူကလိုက်၊ တစ်ခုတော့ရှိတယ်။ နောက်ကလိုက်လာတဲ့သူက ရှေ့ကသွားတဲ့သူထက် တော်ဖို့လိုတယ်။ ဒါမှတိုးတက်မှု ရနိုင်မှာ မဟုတ်လား။ ဖေဖေ့အယူအဆကတော့ ကိုယ်တပည့်က ကိုယ့်ထက်တော်ရမယ်။ ကိုယ့်ထက်မညံ့ရဘူး။ ဒါမှ လက်ဆင့်ကမ်းတဲ့နေရာမှာ မှန်မှန်ကန်ကန် ဖြစ်နိုင်မှာပေါ့။ တပည့်ဟာ ဆရာ့ထက် ညံ့နေရင် လက်ဆင့်ကမ်းမှုဟာ တဖြည်းဖြည်း လျော့ကျ

သွားမှာပေါ့သမီး။ ဒီလိုပဲ သားသမီးဟာ မိဘထက် တော်ရမယ်၊ ထူးချွန်ရမယ်။ ဒီလိုနဲ့ မျိုးဆက်တွေ အရည်အသွေးတိုးနိုင်မှာ။

MPA ဘွဲ့ဟာ ပြည်သူ့ရေးရာအုပ်ချုပ်မှုပညာဖြစ်တာမို့ အစိုးရအဖွဲ့အစည်းတွေမှာ တာဝန်ယူနေတဲ့ အရာရှိတွေ၊ NGO တွေမှာ လုပ်နေသူတွေ၊ UN အဖွဲ့အစည်းတွေမှာ တာဝန်ယူနေတဲ့ သူတွေအတွက် အကျိုးရှိတယ်။ ဒါကြောင့်လည်း အများစုက သူတို့ ပဲ။ Executive Programme ဖြစ်တာမို့ အလုပ်ရှိပြီးသူတွေ၊ ရင့်ကျက်မှုရှိသူတွေပါကြတော့ ဖေဖေသင်ရတာအားရတယ်။ သင်သမျှကို သူတို့အလုပ်မှာ ပြန်အသုံးချမှာမဟုတ်လား။ ဖေဖေက တော့ စသင်တဲ့အချိန်မှာ တစ်ခုတော့သတိပေးပါတယ်။ "ငါဟာ မင်းတို့ကို သင်ဖို့လာတာမဟုတ်ဘူး။ မင်းတို့ကို စဉ်းစားတတ်အောင် လာပြီးဆွေးနွေးတာ"။ ဟုတ်တယ်သမီး။ လူတစ်ယောက်ကို သင်ပေးဖို့ဆိုတာ မလွယ်သလို မဖြစ်နိုင်ပါဘူး။ ဒါပေမဲ့ သူတို စဉ်းစားလာအောင်၊ စဉ်းစားတတ်အောင် ဖန်တီးပေးရလိမ့်မယ်။ အရေးကြီးတာက တွေးခေါ်မှု Mind-set ဖြစ်တယ်။ တွေးတတ်၊ စဉ်းစားတတ်၊ မေးခွန်းထုတ်တတ်တဲ့ အသိရှိကြဖို့လိုတယ်။ ဒီ MPA သင်တန်းမှာ သွားသင်ရင်း ဖေဖေ အီတလီကို သတိရတယ်။ ဖေဖေတို့ Turin မှာ ခုနစ်နှစ်ကျော်နေခဲ့ကြတယ်။ ဖေဖေက UN System Staff College မှာ တာဝန်ယူပြီး စာသင်တာ။ သင်ကြားတဲ့ ဘာသာရပ်တွေအမျိုးမျိုးရှိပေမယ့် တကယ်တော့ ခြုံပြီးကြည့်ရင် UN မှာ တာဝန်ယူကြတဲ့ သူတွေအတွက် Public Administration ကိုသင်ပေးတာဖြစ်တယ်။ ဒါကြောင့်လည်း ဖေဖေ Turin မှာ ရှိတုန်း Harvard University မှာရှိတဲ့ Kennedy School of Government ကိုသွားပြီး သင်တန်းတက်ခဲ့တယ်။ လေ့လာခဲ့တယ်။ ဒီလေ့လာချက်တွေအပေါ် အခြေခံပြီး UN System Staff College မှာ သင်ရိုးညွှန်းတမ်းတွေပြင်ခဲ့တယ်။

Public Administration ဘာသာနဲ့ပတ်သက်လို့ မဟာဘွဲ့

ပေးတဲ့ တက္ကသိုလ်တွေ ကမ္ဘာမှာအများကြီးရှိတယ်။ UK မှာဆို Henley College၊ ပြင်သစ်မှာတော့ Ecole လို့ခေါ်တဲ့အဆင့်မြင့် တက္ကသိုလ်တွေမှာ ပြည်သူ့ရေးရာအုပ်ချုပ်မှုပညာကို သင်ပေးတဲ့ သီးခြားတက္ကသိုလ်ရှိတယ်။ ဒီတက္ကသိုလ်ကဆင်းလာတဲ့သူတွေဟာ အစိုးရအဖွဲ့အစည်းတွေမှာ တစ်နေ့ကြရင် တာဝန်ကြီးကြီးယူတဲ့သူ တွေဖြစ်လာတယ်။ အမေရိကမှာတော့ Kennedy School က နာမည်ကြီးတယ်။ သူ့လိုနာမည်ကြီးတဲ့ သင်တန်းတွေကို Columbia University, Princeton University နဲ့ Yale University တွေမှာ MPA ဘွဲ့ပေးကြတယ်။ ဖေဖေတို့နဲ့နီးတဲ့ စင်ကာပူမှာဆို National University of Singapore (NUS) မှာ School of Public Policy ရှိတယ်။ ဒီမှာ MPA ပေးပြီး Kennedy School နဲ့ ချိတ်ထားတယ်။ ဒီကျောင်းရဲ့ ညွှန်ကြားရေးမှူးက တစ်ချိန်က UN မှာ စင်ကာပူ သံအမတ်ကြီး။ သူနဲ့ဖေဖေရင်းနှီးတယ်။ သူက *Can Asians Think?* ဆိုတဲ့ အာရှတိုက်သားတွေ စဉ်းစားတတ်ကြရဲ့လား စာအုပ်ကို ရေးသားခဲ့တာ။ စိတ်ဝင်စားဖို့ကောင်းတယ်။ ဖေဖေ အာရှတိုက်သားတွေဟာ လူကြီးကိုရိုသေတယ်။ လူကြီးပြောတာကို တစ်သဝေမတိမ်းလက်ခံတတ်ကြတယ်။ အမိန့်ကို မမှိတ်မသုန် နာခံတယ်။ ဒီ Mind-Set ကြောင့် အပြောင်းအလဲများပြီး အပြောင်း အလဲမြန်တဲ့ ယနေ့ကမ္ဘာကြီးရဲ့ စိန်ခေါ်မှုတွေကို ရင်ဆိုင်နိုင်ပါ့ မလားလို့ မေးခွန်းထုတ်ထားတာ။

MPA မှာ ဖေဖေ့ကိုပုံမှန်သင်တန်းကို မသင်ခိုင်းဘဲ နှီးနှော ဖလှယ်ပွဲ၊ Seminars တွေ လုပ်ခိုင်းတယ်။ တစ်ပတ်တစ်ခါပေါ့။ ဖေဖေကလည်း MPA သင်တန်းမှာ သင်ကြားတဲ့အခြားဘာသာရပ် တွေအတွက် အထောက်အကူဖြစ်စေမယ့် ခေါင်းစဉ်တွေ ရွေးချယ် ပြီး လုပ်ပေးတယ်။ ဒေါ်ဒွေးဒွေးလွင် က ပထမနှစ်ကျောင်းသား တွေရော၊ ဒုတိယနှစ်ကျောင်းသားတွေပါ တက်ခိုင်းတော့ တစ်ခန်း လုံးအပြည့်ပြည့်တယ်။ ဖေဖေကတော့ ပြည်သူ့ရေးရာအုပ်ချုပ်မှု

တာဝန်ယူနေတဲ့၊ တာဝန်ယူမယ့်သူတွေအတွက် စိတ်ဝင်စားမယ့်၊ အကျိုးရှိမယ့်ခေါင်းစဉ်တွေကို ရွေးပြီးပြောတယ်။ အဓိကဦးတည်ချက်က Public Policy ဖြစ်တယ်။ သင်တန်းသားအများစုဟာ ပြည်သူ့ဝန်ထမ်းတွေဖြစ်ကြတယ်။ တစ်နည်းပြောရင် Civil Servants တွေပေါ့။ ဒါကြောင့် ဖေဖေ တစ်ခါကပြောခဲ့သလို သူတို့တစ်တွေက ပြည်သူကို အလုပ်အကျွေးပြုရတဲ့သူတွေဖြစ်တယ်။ ပြည်သူတွေရဲ့ ဝန်ကို ထမ်းကြရတဲ့သူတွေဖြစ်ကြောင်း သတိပေးတယ်။ ဖေဖေ UN မှာ အလုပ်စဝင်တော့ International Civil Service ဝန်ထမ်း ဖြစ်တဲ့အတွက် ကတိခံဝန်ချက်လက်မှတ်ထိုးပြီး ကျမ်းကျိန်ရတယ်။ အဓိပ္ပာယ်ကတော့ ဝန်ထမ်းတစ်ဦးအတွက်ထားသင့်တဲ့ ကျင့်ဝတ်တွေကိုသိအောင်၊ နားလည်အောင်လုပ်တာဖြစ်တယ်။ တစ်ချိန်တုန်းက မြန်မာပြည်မှာ အင်္ဂလိပ်တွေအုပ်ချုပ်စဉ် အုပ်ချုပ်မှုယန္တရားကို ဦးစီးတာဝန်ယူတဲ့သူတွေက Indian Civil Service လို့ခေါ်တဲ့ ICS တွေဖြစ်ကြတယ်။ တော်ရုံတန်ရုံနဲ့ မရဘူး။ အစကတော့ အင်္ဂလိပ်လူမျိုးတွေပဲရှိကြတယ်။ အိန္ဒိယလူမျိုးတွေလည်း ပါတယ်။ နောက်ပိုင်းတော့ မြန်မာတွေ အရွေးခံရတယ်။ ဖေဖေသိသလောက်ဆို အရွေးခံပြီးဖြစ်လာတဲ့ ဗမာထဲမှာ ICS ဦးတင်ထွတ်။ နောက်တော့ ICS တွေအများကြီးပေါ့။ သူတို့တစ်တွေဟာ လူ့အသိုင်းအဝိုင်းရဲ့ မျက်နှာဖုံးတွေ၊ တစ်ခုတော့ရှိတာပေါ့ သမီး။ နိုင်ငံရေးအရတော့ အင်္ဂလိပ်တွေရဲ့ အလိုတော်ရိတွေလို့ စွပ်စွဲကြတယ်။ ဒီ ICS ရတဲ့လူကြီးထဲမှာ တချို့ကတော့ Sir ဘွဲ့ရတဲ့သူတွေ ရှိကြတယ်။ အင်္ဂလိပ်တွေ သဘောကျလို့ပေးတဲ့ ဘွဲ့ထူးဂုဏ်ထူးပေါ့။ ဒီအကြောင်းကို ဖေဖေတစ်ခါက သုတေသနလုပ်ဖူးတယ်။ ကိုလိုနီခေတ်တစ်လျှောက် မြန်မာတွေအထဲ Sir ဘွဲ့ရသူ ၁၂ ဦးရှိတယ်။ အများစုက Barrister ရှေ့နေကြီးတွေဖြစ်ကြတယ်။ တချို့ကတော့ ဖေဖေပြောသလို ICS အုပ်ချုပ်သူတွေ။ ဒီထဲမှာ စိတ်ဝင်စားဖို့ကောင်းတာက သူဌေးသူကြွယ်တွေပါတယ်။ သူတို့ ၁၂ ယောက်ရဲ့

ကိုယ်ရေးသမိုင်းကိုစုစည်းပြီး လေ့လာခဲ့တာ။ တစ်နေ့ကျရင် စာအုပ်ထုတ်ဖို့ ဖေဖေရည်ရွယ်ခဲ့တာ။ အခုထိ မလုပ်ဖြစ်သေးဘူး။ တကယ်တော့ ဒါဟာ ဖေဖေတို့ရဲ့ Social History တစ်ပုဒ်ပေါ့။

လွတ်လပ်ရေးရပြီးတော့ ICS တွေကို Burma Civil Service (BCS) နဲ့ အစားထိုးတယ်။ BCS တွေက အရေးပိုင်တွေ၊ တိုင်းမင်းကြီးတွေ၊ အတွင်းဝန်တွေ၊ အုပ်ချုပ်ရေးအပိုင်းကို ဦးစီးကြတာ။ နောက် ခေတ်ပြောင်းလာတော့ BCS ကို ဖြုတ်လိုက်တယ်။ အခုတော့မရှိတော့ဘူး။ ပုံစံတစ်မျိုးနဲ့တော့ ဖောင်ကြီး၊ ဇဟိုဝန်ထမ်းတက္ကသိုလ်ကို ဖွင့်လှစ်ခဲ့တယ်။ ဒီကျောင်းကြီးမှာ ပြည်သူ့အုပ်ချုပ်မှုပညာကို သင်တန်းတွေပေးပြီး ပြည်သူ့ဝန်ထမ်းတွေကို မွေးထုတ်နေတာ။ ဖေဖေက ဖောင်ကြီးမှာ စာသင်ဖူးတယ်။ ဖေဖေက မေမေနဲ့ လက်ထပ်ပြီး ပျားရည်ဆမ်းခရီး ပေလီသွားခဲ့တာ။ နှစ်ရက်လောက်ပဲရှိသေးတယ်။ ဖောင်ကြီးမှာ သင်တန်းဖွင့်မယ်။ ဖေဖေသင်ရမယ်ဆိုလို့ Honeymoon ကို ဖျက်ပြီး ပြန်လာခဲ့ရတယ်။ ဖေဖေ့ကို Management နဲ့ Leadership ဘာသာတွေ သင်ခိုင်းတယ်။ အဲဒီတုန်းက တက္ကသိုလ်ဆရာ၊ ဆရာမတွေအတွက် အထူးမွမ်းမံသင်တန်း။ ဖေဖေက တက္ကသိုလ်ကနေ တာဝန်ပေးလို့ ကျန်းမာရေးဝန်ကြီးဌာနမှာ တာဝန်ယူနေပြီ။ အခုလို အထူးမွမ်းမံသင်တန်းမှာ သင်ရတော့ ကိုယ့်ရဲ့လုပ်ဖော်ကိုင်ဖက်တွေ။ အချို့ကတော့ ကိုယ့်ရဲ့ဆရာဆရာမတွေကို သင်တန်းပေးရတာ။ စိတ်ထဲကတော့တစ်မျိုး။ တက္ကသိုလ်ဆရာ ဆရာမတွေအတွက် အထူးမွမ်းမံသင်တန်းပြီးတော့ ကျန်းမာရေးဝန်ကြီးဌာနမှာ တာဝန်ယူနေတဲ့ ဆရာဝန်တွေအတွက်လည်း အထူးမွမ်းမံသင်တန်းပေးရပြန်တယ်။ ဖေဖေက ကိုယ့်ဝန်ကြီးဌာနက ဝန်ထမ်းတွေကိုသင်ရတော့ အကျိုးရှိမယ့်ခေါင်းစဉ်တွေရွေးပြီး ပို့ချခဲ့တယ်။

ဒီနှစ် MPA သင်တန်းမှာ ဖေဖေပို့ချခဲ့တဲ့ နှီးနှောဖလှယ်ပွဲထဲမှာ ဖေဖေသဘောကျတဲ့ခေါင်းစဉ်တစ်ခုကတော့ State Building

ဖြစ်တယ်။ ဖေဖေ သုံးကြိမ်လောက်အချိန်ယူခဲ့တယ်။ နိုင်ငံ တစ်နိုင်ငံအနေနဲ့ သူရဲ့ဆောင်ရွက်မှုတွေကို ရွေးချယ်စဉ်းစားတဲ့ နေရာမှာ အခြေခံအကြောင်းအချက် နှစ်ချက်ကိုမူတည်ပြီး စဉ်းစားရတယ်။ တစ်ခုကတော့ ပြည်သူ့အုပ်ချုပ်ရေးရဲ့ အတိုင်းအတာ၊ အရွယ်ပမာဏ၊ တစ်နည်းပြောရရင် Size ပေါ့။ တချို့နိုင်ငံတွေမှာ အစိုးရတွေအနေနဲ့ ဆောင်ရွက်ချက်တွေအများကြီးလုပ်ကြတယ်။ ကာကွယ်ရေး၊ နိုင်ငံရေး၊ ဥပဒေရေးရာ၊ စီးပွားရေး၊ လူမှုရေး အစရှိတာတွေ။ အချို့နိုင်ငံမှာတော့ အစိုးရက ဆောင်ရွက်မှုကို နည်းနည်းပဲတာဝန်ယူကြတယ်။ တိုင်းပြည်အတွက် အရေးကြီးတဲ့ လုံခြုံရေး၊ ကာကွယ်ရေး၊ တရားဥပဒေစိုးမိုးရေး ဒါကိုပဲ အာရုံပြုတယ်။ ကျန်တဲ့ဆောင်ရွက်ချက်တွေကို ပုဂ္ဂလိကလက်ထဲအပ်တယ်။ ဒါမှမဟုတ် လူမှုရေးအဖွဲ့အစည်းတွေကို လုပ်စေတယ်။ ဒုတိယအခြေခံကတော့ နိုင်ငံရဲ့အုပ်ချုပ်မှုအင်အား (Strength) ဖြစ်တယ်။ တစ်နည်းပြောရရင် Capacity လုပ်နိုင်မှုစွမ်းအားပေါ့။ ဒီအခြေခံနှစ်ခုအပေါ်မူတည်ပြီး ပေါ်လစီရွေးချယ်မှုအနေနဲ့ လေးမျိုးရှိတယ်။

၁။ ပြည်သူ့အုပ်ချုပ်ရေးအတိုင်းအတာလျော့ပါး၊ အုပ်ချုပ်ရေးအင်အား အားနည်း။

၂။ ပြည်သူ့အုပ်ချုပ်ရေးအတိုင်းအတာကျယ်ပြန့်၊ အုပ်ချုပ်ရေးအင်အား အားနည်း။

၃။ ပြည်သူ့အုပ်ချုပ်ရေးအတိုင်းအတာကျယ်ပြန့်၊ အုပ်ချုပ်ရေးအင်အား အားကြီး။

၄။ ပြည်သူ့အုပ်ချုပ်ရေးအတိုင်းအတာ လျော့ပါး၊ အုပ်ချုပ်ရေးအင်အား အားကြီး

ဒီ လေးမျိုးအတွင်းမှာ နိုင်ငံတွေက ရွေးချယ်ကြရတယ်။

ပထမအမျိုးအစားကတော့ ပျက်စီးတဲ့နိုင်ငံ၊ အားလျော့တဲ့တိုင်းပြည်တွေမှာတွေ့ရတယ်။ အာဖဂန်နစ္စတန်နိုင်ငံတို့၊ ဆိုမာလီယာတို့ပေါ့ သမီး။ ဒုတိယအမျိုးအစားကတော့ ဖွံ့ဖြိုးဆဲနိုင်ငံ

အတော်များများမှာ တွေ့ရတယ်။ ပြည်သူတွေအတွက် လုပ်ပေးချင်တဲ့ဆန္ဒ၊ စေတနာကအများကြီး၊ ဒါကြောင့်အမျိုးမျိုးဆောင်ရွက်ပေးချင်တယ်။ ကိုလိုနီနိုင်ငံအဖြစ်က လွတ်မြောက်လာခဲ့တဲ့ နိုင်ငံတိုင်းလိုလို အစိုးရတွေအနေနဲ့ ကိုယ့်ထီးကိုယ့်နန်းဖြစ်လာတော့ လုပ်ပေးချင်တာတွေအပြည့်။ ဒါပေမဲ့ လုပ်နိုင်တဲ့အစွမ်းအစကတော့ အားနည်းတယ်။ ထင်သလောက် ခရီးမရောက်တာတွေ့ရတယ်။ ဟိုဟာလည်း လုပ်ချင်၊ ဒီဟာလည်း လုပ်ချင်။ တစ်ခါတလေတော့ လုပ်ချင်သလောက်မလုပ်နိုင်ဘူး။ နိုင်ငံတော်ကာကွယ်ရေး၊ ဥပဒေစိုးမိုးရေးကတစ်ဖက်၊ အခြေခံစားသောက်ကုန်ရောင်းဝယ်ဖြန့်ဖြူးတာကတစ်ဖက်။ လုပ်ပေးချင်တာတွေက အမျိုးမျိုး။ တတိယအမျိုးအစားကိုတော့ ဥရောပနိုင်ငံတွေမှာ အတွေ့များတယ်။ ပြည်သူ့အုပ်ချုပ်ရေးအတိုင်းအတာ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပြီး တစ်ဖက်ကလည်း အုပ်ချုပ်မှုစွမ်းအင်မြင့်မားတာတွေ့ရတယ်။ နောက်ဆုံး အမျိုးအစားကတော့ အမေရိကန်နိုင်ငံကို ဥပမာအနေနဲ့ ပြလေ့ရှိတယ်။ ပြည်သူ့အုပ်ချုပ်ရေးကဏ္ဍမှာ နိုင်ငံအစိုးရအနေနဲ့ သေသေချာချာရွေးချယ်ပြီးမှ ဆောင်ရွက်တယ်။ ဥပမာ- ပညာရေးဝန်ကြီးဌာနအနေနဲ့ ပညာရေးကိစ္စကို ကိုယ်တိုင်ဝင်မလုပ်ဘဲ အရည်အသွေးထိန်းသိမ်းမှုတာဝန်ကို ဦးဆောင်ဆောင်ရွက်တယ်။ တစ်ဖက်ကတော့ အုပ်ချုပ်မှုတာဝန်ကို သပ်သပ်ရပ်ရပ် အရည်အချင်းမီမီလုပ်နိုင်အောင် ကြိုးစားတယ်။ တချို့က ဒီပုံစံကို အကောင်းဆုံးလို့ သတ်မှတ်ကြတယ်။ ဖေဖေ့အနေနဲ့တော့ ဒါကို လက်မခံချင်ဘူး။ ဖွံ့ဖြိုးဆဲနိုင်ငံတွေအနေနဲ့ အခြေအနေ ၂ က အခြေအနေ ၃ ကို သွားမလား။ အခြေအနေ ၄ ကို သွားမလား။ ဒါကို အဓိကထားပြီး ရွေးချယ်ရလိမ့်မယ်။ ဘယ်လမ်းကြောင်း မှန်မမှန်ဆိုတာတော့ ကိုယ့်အခြေအနေကို မှီပြီးဆုံးဖြတ်ရမှာပဲ။ ပုံသေနည်းမရှိဘူး သမီး။ ဒါက ပေါ်လစီရွေးချယ်မှု ပြဿနာပဲ။ ဒီကိစ္စမျိုးကို MPA သင်တန်းသားတွေအနေနဲ့ စဉ်းစားဆုံးဖြတ်နိုင်ဖို့ သိပ်

အရေးကြီးတယ်။ ဖေဖေအမြဲပြောတဲ့ Mind-Set ပေါ့။ သမီးလေးကို ဖေဖေနဲ့မေမေက ငယ်ငယ်ကလေးကတည်းက လွတ်လွတ်လပ်လပ် စဉ်းစားနိုင်ဖို့ အခွင့်အရေးပေးခဲ့တယ်။ အားပေးခဲ့တယ်။ ဘဝမှာ ဒါက အရေးကြီးဆုံးပဲသမီး။ သမီးအနေနဲ့ မှန်တဲ့စဉ်းစားမှုတွေ လုပ်နိုင်ရင် အရာရာကို ရဲရဲဝံ့ဝံ့ရင်ဆိုင်နိုင်မှာပေါ့။

■

## ဟောပြောပွဲအတွေ့အကြုံ (၁၀)

ဖေဖေက သမီးကို ဖေဖေလုပ်တဲ့ဟောပြောပွဲတွေ အကြောင်း အမြဲတမ်းပြောခဲ့တယ်။ ဒီတစ်ခေါက်တော့ သူများလုပ်တဲ့ဟောပြောပွဲတွေကို ဖေဖေတက်ခဲ့တဲ့အကြောင်းကို ပြောပြပေးမယ်။

သောကြာနေ့က ဖေဖေ မလေးရှားနိုင်ငံမှာရှိတဲ့ Kota Kinabalu မြို့ကို သွားခဲ့တယ်။ လေယာဉ်နဲ့ Kuala Lumpur မြို့ကို အရင်သွား။ အဲဒီကတစ်ဆင့် Kota Kinabalu ကို သွားခဲ့တယ်။ ဖေဖေ ရန်ကုန်ကထွက်တော့ မေမေက လိုက်ပို့ခဲ့တယ်။ သမီးကတော့ ကျောင်းကစီစဉ်ထားတဲ့အတိုင်း ပုဂံ ညောင်ဦး၊ ပုပ္ပါးခရီး သွားနေလို့မရှိဘူး။ တိုက်တိုက်ဆိုင်ဆိုင် သမီးက ညဘက်ပြန်ရောက်မှာ။ ဖေဖေက မနက်ထွက်ခဲ့တာ။ သမီးလေးသွားတဲ့ခရီးက တစ်ပတ်လောက်။ အခုလို သမီး ဖေဖေ မေမေတို့နဲ့ခွဲသွားတာ ဒါ ပထမဆုံးအကြိမ်ပဲ။ ဖေဖေနဲ့မေမေက သိပ်သတိရပြီး မနေတတ် မထိုင်တတ်။ ဒါပေမဲ့ သမီးကို ဒီခရီးသွားဖို့ သဘောတူခဲ့တယ်။ သာမန်ခရီးမဟုတ်ဘဲ ပုဂံ ညောင်ဦးမှာရှိတဲ့ စေတီပုထိုးတွေဆီ ရောက်ဖူးတဲ့အပြင် သမိုင်း၊ ယဉ်ကျေးမှုနဲ့ ဆိုင်တဲ့လေ့လာမှုတွေ တစ်ချိန်တည်းလုပ်ရမှာလေ။ ပြီးတော့ ညောင်ဦးမှာရှိတဲ့ ကျေးရွာတစ်ရွာကိုသွားပြီး ရွာသူရွာသားတွေရဲ့ နေရေးထိုင်ရေး၊ စီးပွားရေး၊ လူမှုရေးအကြောင်းတွေ အသေးစိတ်အနီးကပ် လေ့လာခွင့်ရမှာမို့

တန်ဖိုးရှိတဲ့ခရီး။ ဒါကြောင့် ဖေဖေနဲ့မေမေက မခွဲချင်မေ့မယ့် သွားခွင့်ပြုခဲ့တာ။ တစ်ချိန်ကြရင် သမီးလေးတက္ကသိုလ်တက်ဖို့ ဒီလိုပဲ ဖေဖေတို့နဲ့ ခွဲရမှာမဟုတ်လား။

ဖေဖေက သမီးရဲ့ကျောင်းအုပ်ချုပ်ရေးအဖွဲ့မှာ ဒုတိယ ဥက္ကဋ္ဌအဖြစ် အရွေးခံခဲ့ရပြီး ကျောင်းရဲ့စီမံမှုတာဝန်ကို မကြာခင်က ယူခဲ့ရတယ်။ ဒီတာဝန်ယူခဲ့ပြီး အရှေ့အာရှနိုင်ငံတွေမှာရှိတဲ့ Overseas School တွေမှာ ဖေဖေတို့လိုပဲ ကျောင်းအုပ်ချုပ်ရေး အဖွဲ့ဝင်တွေအတွက် ကျင်းပခဲ့တဲ့ ညီလာခံကိုသွားခဲ့တာ။ သမီး ကျောင်းက ကျောင်းအုပ်ကြီးရော၊ အုပ်ချုပ်ရေးအဖွဲ့ဝင်စုစုပေါင်း ငါးဦးသွားကြတာ။

လေယာဉ်က ဖေဖေပြောသလို ပထမ မလေးရှားနိုင်ငံ မြို့တော်ဖြစ်တဲ့ Kuala Lumpur ကို အရင်သွားခဲ့တယ်။ လေယာဉ် မထွက်ခင် Lounge မှာ စောင့်နေရင်း ကျန်တဲ့ခရီးသည်တွေကို အကဲခတ်မိတယ်။ နိုင်ငံခြားသားတွေပါတယ်။ ဒါပေမဲ့အများစုက မြန်မာလူငယ်တွေ၊ အမျိုးသားတွေရော၊ အမျိုးသမီးတွေပါ ပါကြ တယ်။ အသက်တွေက ခပ်ငယ်ငယ်၊ အထုပ်တွေအပိုးတွေနဲ့။ သူတို့ ကြည့်ရတာ ဟိုမှာသွားပြီး အလုပ်လုပ်ကြမယ်ထင်ပါရဲ့။ အခုလို နိုင်ငံခြားထွက်ပြီး စီးပွားရှာတာ၊ ပညာရှာတာကို ဖေဖေအားပေး ပါတယ်။ ဒါပေမဲ့ စိတ်ထဲမှာတော့ ကလေးတွေလိုအပ်တဲ့ ပြင်ဆင် မှုတွေ လုပ်ရဲ့လားလို့ စိုးရိမ်မိတယ်။ နိုင်ငံခြားထွက်ရင် မိဝေးဖဝေး တစ်ယောက်ထဲ ရုန်းကန်ရမှာ။ အားကိုးစရာ မိသားစုရှိမှာ မဟုတ် ဘူး။ သူငယ်ချင်းတွေ၊ အပေါင်းအသင်းတွေ၊ လုပ်ဖော်ကိုင်ဖက်တွေ ကိုသာ အားကိုးရမှာ။ အဓိကကတော့ ကိုယ့်ကိုယ်ကိုယ် အားကိုး ရမှာ။ ဒီတော့ စိတ်ပိုင်းဆိုင်ရာ ပြင်ဆင်မှုလုပ်ဖို့လိုတယ်။ ဒါမှ ကိုယ်ရည်ရွယ်တဲ့အတိုင်း ဖြစ်နိုင်မှာ။ သူတို့ကိုကြည့်ပြီး လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၀ ကျော်ကျော်က ပထမဆုံးအကြိမ် ဖေဖေ နိုင်ငံခြား သွားခဲ့တာ သတိရမိတယ်။ ဖေဖေတို့ ခေတ်တုန်းကတော့ လူငယ်

တွေ နိုင်ငံခြားသွားဖို့ဆိုရင် နိုင်ငံတော်က လွှတ်တဲ့ ပညာတော်သင် အနေနဲ့သာ သွားခွင့်ရတာ။ ဖေဖေ့အနေနဲ့ ပညာရေးနဲ့ပတ်သက်တဲ့ ပြင်ဆင်မှုတွေကတော့ လုပ်ခဲ့တယ်။ ဒါပေမဲ့ တစ်ယောက်တည်း နေနိုင်ထိုင်နိုင်ဖို့အတွက်တော့ ပြင်ဆင်မှုမရှိခဲ့ဘူး။ ဟိုရောက်မှ မီးစင်ကြည့်ကမယ်ဆိုတဲ့ သဘော။ ဖေဖေ နိုင်ငံခြားထွက်ခဲ့တုန်းက ထူးခြားတာက သမီးရဲ့အဘွားနဲ့ အဘိုးလည်းအတူ လိုက်ပို့တယ်။ ဖေဖေ့ရင်ထဲမှာ တစ်ဖက်က နိုင်ငံခြားမှာ ပညာသင်ရတော့မယ်၊ ကိုယ်မျှော်မှန်းထားသလို စာတွေဆက်သင်ရတော့မယ်ဆိုတဲ့ အသိနဲ့ ပျော်နေမိတယ်။ တစ်ဖက်ကတော့ မိခင်ကြီးအတွက် စိုးရိမ်စိတ် တွေကအပြည့်။ ခံစားမှုနှစ်မျိုးနဲ့ကြုံရတာ။

ဖေဖေတို့ လေယာဉ် Kuala Lumpur ရောက်ပြီးနောက် လေယာဉ်စီးဖို့ နှစ်နာရီလောက်စောင့်ခဲ့ရတယ်။ လေယာဉ် နောက် ကျလို့ နောက်ထပ်တစ်နာရီ ထပ်စောင့်ရတယ်။ ဒါနဲ့ Kota Kinabalu ရောက်တော့ သန်းခေါင်ကျော်ပြီ။ ဟိုတယ်က မော်တော် ကားနဲ့ လေယာဉ်ကွင်းကနေ ဟိုတယ်ကိုသွား။ ဟိုရောက်တော့ Check-in လုပ်ပြီး ပေးထားတဲ့အခန်းသွားပြီး အိပ်ဖို့ပြင်။ အကြို ညီလာခံက နောက်တစ်နေ့မနက်အစောကြီးလုပ်မှာမို့ အိပ်ရေးဝ အောင် ကြိုးစားခဲ့ရတယ်။ နောက်တစ်နေ့မနက် စောစောထပြီး ဖေဖေ့ဝါသနာအတိုင်း ပြေးခဲ့တယ်။ ညက ညဥ့်နက်လို့ဘာမှမမြင်ရ ပေမယ့် မနက်အစောကြီး ထပြေးတော့ မြင်ကွင်းကလှလိုက်တာ။ Hotel က ပင်လယ်ကမ်းခြေနားမှာ ဆောက်ထားတာ။ ပြေးလမ်း ကလည်း Hotel ကိုမထိပြီး ပင်လယ်ကမ်းနံဘေးမှာ သာယာလိုက် တာ သမီး။ ရေထဲကြည့်တော့လည်း အောက်ခြေအထိမြင်ရတယ်။ ရေကကြည်လိုက်တာ။ ပင်လယ်ငါးတွေကလည်း အများကြီးပဲ၊ သမီးသာဆို သိပ်ပျော်မှာ။

မနက်စာစားပြီး ညီလာခံအတွက် မှတ်ပုံတင်ပြီးတော့ ဆွေးနွေးမယ့်အခန်းကို သွားခဲ့တယ်။ ဦးဆောင်ဆွေးနွေးမယ့်သူက

ရောက်နေပြီ။ အခန်းထဲမှာ စုစုပေါင်း လူ ၃၀ ကျော်ကျော်။ ဖေဖေ တို့လိုပဲ။ တခြားအခန်းတွေမှာ ဆွေးနွေးပွဲတွေ တစ်ပြိုင်တည်းလုပ် နေတာ။

ဖေဖေတို့အဖွဲ့ကို တာဝန်ယူဆွေးနွေးတဲ့သူက အတွေ့ အကြုံရှိတဲ့သူပါ။ သူ့ဘာသာရပ်ကို ပိုင်တယ်။ သူ့ရဲ့ပြောဟန်ဆိုဟန် က အတုယူစရာ။ သူက Powerpoint Slide တွေသုံးတယ်။ ဒီနေရာ မှာတော့ Slide သုံးတဲ့ နည်းကသိပ်မသပ်ရပ်ဘူး။ စာလုံးတွေ ထွေးသိပ်နေတာပဲ။ ပြီးတော့ Slide မှာပါတာကို သူကဖတ်ပြနေ တာ။ သူ့ကိုကြည့်ပြီး ပြင်ပေးချင်တဲ့စိတ်က တဖွားဖွား။ သိတဲ့အတိုင်း ဖေဖေက နေရာတကာ ဆရာလုပ်ချင်တဲ့သူ။ သူများလုပ်တာကို ဝေဖန်ဖို့အဆင်သင့်။ Slide Show ကို ဖေဖေက တစ်ချိန်လုံးလုံး လုပ်နေတော့ အနည်းအကျဉ်းသိတယ်။ ကျွမ်းကျင်တယ်။ အခုလို ဖေဖေ Powerpoint ကို ကျွမ်းကျင်သွားတာလည်း မခံချင်တဲ့စိတ် ကြောင့်ပဲသမီး။ ဖေဖေ ၁၉၉၇ ခုနှစ်မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာရှိတဲ့ UNICEF ရုံးမှာ တာဝန်ကျတယ်။ အဲဒီတုန်းက သမီးက ၂ နှစ် လောက်ရှိသေးတယ်။ ဖေဖေတို့ ဒါကာကိုရောက်ရောက်ချင်း လူကြီးလုပ်တဲ့သူက တစ်ရုံးလုံး စစ်တကောင်းမြို့မှာ နှစ်ပတ်လည် အခမ်းအနားလေးလုပ်မယ်။ လက်ခံဖို့ တာဝန်ပေးလို့ သမီးနဲ့ မေမေတို့ကိုထားခဲ့ပြီး ခရီးထွက်ခဲ့ရတယ်။ ရောက်ရောက်ချင်းပဲ နောက်တစ်နေ့မှာ Presentation လုပ်ရမယ်။ လုပ်တဲ့အခါမှာလည်း Powerpoint Slide တွေသုံးရမယ်လို့ ပြောတော့ ဖေဖေ့မှာခေါင်း စားသွားတာပေါ့။ ဖေဖေက နယူးရော့ခ်မြို့မှာရှိတဲ့ UNICEF ရုံး မှာ ငါးနှစ်လောက်တာဝန်ယူခဲ့ပေမယ့် Powerpoint ကို မသုံးခဲ့ဘူး။ ပြောရဦးမယ်သမီး။ ဖေဖေတို့ ၁၉၉၂ ခုနှစ် မြန်မာပြည်က ထွက်ပြီး နယူးရော့ခ်ကိုရောက်တော့ UNICEF မှာတောင် E-mail ကို စသုံး ခါစရှိသေးတယ်။ ဖေဖေလည်း စမ်းတဝါးဝါးနဲ့ ကွန်ပျူတာကိုလည်း နယူးရော့ခ်ရောက်မှ ကိုယ်တိုင်ကိုင်ခဲ့တာ။ ရန်ကုန်မှာတုန်းက

ဖေဖေ့ရုံးမှာ ကွန်ပျူတာရှိပါတယ်။ ဒါပေမဲ့ ဖေဖေက ညွှန်ချုပ်။ ဖေဖေ့အောက်မှာ ဖေဖေ့အတွက် အစစအရာရာလုပ်ပေးမယ့်သူတွေက တစ်ပုံကြီး။ ဒီတော့ ခိုင်းတတ်တယ်။ ကိုယ်တိုင်မလုပ်ခဲ့ဘူး။ ဟိုရောက်တော့ ကိုယ်တိုင်လုပ်ရတာ၊ လုပ်ပေးမယ့်သူမရှိဘူး။ ဘာရေးမဆိုတာကလည်း သူ့အလုပ်နဲ့သူ။ ဖေဖေက Powerpoint မသုံးဖူးဘူး။ အကူအညီလိုတယ်လို့ပြောတော့ ဖေဖေ့ဌာနက အရာရှိက စိတ်မပူပါနဲ့ ကျွမ်းကျင်တဲ့ IT က လူတစ်ဦးရှိတယ်။ သူ့ကို ခိုင်းရင်ဖြစ်တယ်လို့ပြောတော့ နည်းနည်းစိတ်သက်သာသွားတယ်။ သူနဲ့တွေ့တော့လည်း စိတ်မပူပါနဲ့ သူကူညီပါ့မယ်လို့ အာမခံတယ်။ ညဘက်မှာ အတူတူလုပ်ကြတာပေါ့လို့ပြောတယ်။ ဖေဖေကတော့ ကိုယ်ဘာပြောချင်တာကို ပြင်ဆင်ထားပြီးသား။ ဒါနဲ့သူ့ကို စောင့်ခဲ့တယ်။ ချိန်းထားတဲ့အချိန်မှာ မပေါ်လာဘူး။ စိတ်ထဲမှာ ပူလိုက်တာ။ တစ်ညလုံးစောင့်ပေမယ့် ပေါ်မလာဘူး။ နောက်တစ်နေ့ မနက်စောစောကျမှ ဖေဖေ့ဆီရောက်လာတယ်။ ညက သူ့ကလေး နေမကောင်းလို့တဲ့။ ဘယ်တတ်နိုင်မလဲ သမီး။ အချိန်က တစ်နာရီလောက်ပဲရလို့ သူနဲ့အတူ Slides တွေ ဖြစ်သလို ပြင်ခဲ့တယ်။ အဲဒီနေ့ကစပြီး ကိုယ့်ဟာကိုယ်ဆုံးဖြတ်လိုက်တယ်။ ဒီ Powerpoint ကို ငါတတ်အောင်လုပ်မယ်။ တတ်ရုံမဟုတ်ဘဲ ထူးချွန်အောင်လုပ်မယ်ဆိုပြီး ကြိုးစားခဲ့တယ်။ ဖေဖေ ဘယ်လောက် ကြိုးစားလိုက်သလဲဆို ဖေဖေတို့ UN အသိုင်းအဝိုင်းမှာ Mr. Powerpoint လို့တောင် နာမည်ပေးခံခဲ့တယ်။ ဖေဖေ အပတ်စဉ် Slide တွေပြင်ပြီး UN မှာ တာဝန်ရှိတဲ့သူတွေဆီ မှန်မှန်ပို့ခဲ့တယ်။

ဖေဖေတို့ဆွေးနွေးပွဲမှာ ဖေဖေက ခဏခဏဝင်ပြီး ဆွေးနွေး၊ မေးခွန်းထုတ်ခဲ့တယ်။ တင်ပြချက်တချို့ကို ဖေဖေက သိပ်အားမရဘူးလေ။ ပြောစရာရှိရင်ပြောမယ်။ ဒါက ငါ့တာဝန်၊ ဖေဖေ ခဏခဏပြောလွန်းလို့ထင်ပါရဲ့၊ ဆွေးနွေးတဲ့ဆရာက ဖေဖေ့ ကို အမြဲတိုင်တည်ပြီးမှ တင်ပြချက်ကိုအဆုံးသတ်ခဲ့တယ်။ နောက်

တစ်နေ့မှာ အစည်းအဝေးကြီးစတယ်။ စုစုပေါင်းတက်ရောက်သူ ၈၀၀ ကျော်ရှိတယ်။ ကိုရီးယား၊ ဂျပန်၊ တရုတ်၊ တိုင်ပေ၊ ဟောင်ကောင်၊ မလေးရှား၊ စင်ကာပူ၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ မြန်မာ၊ အင်ဒိုနီးရှား နိုင်ငံပေါင်းစုံက အုပ်ချုပ်သူတွေ၊ ကျောင်းအုပ်ဆရာကြီးတွေ၊ ဆရာ၊ ဆရာမတွေ၊ အားကစားမှူးတွေတက်ကြတယ်။ ဖွင့်ပွဲအခမ်းအနားပြီးတော့ ပညာရပ်ဆိုင်ရာ ဟောပြောပွဲတစ်ခုကျင်းပတယ်။ ဟောတဲ့သူက အမေရိကန်က ပါမောက္ခတစ်ယောက်၊ သိပ်တော်တဲ့သူ။ ပရိသတ်ကိုထိန်းနိုင်တယ်။ တစ်နာရီကျော်ကျော်ပြောပေမယ့် လုံးဝမငြီးငွေ့စေရဘူး။ စိတ်ဝင်စားဖို့ကောင်းတာက သူ့ရဲ့ဟောချက်ကို Powerpoint နဲ့ Internet ကိုတွဲပြီးသုံးခဲ့တာ။ ဖေဖေ အီတလီမှာရှိတုန်း လုပ်ဖူးတယ်။ Intenet Access ကောင်းရှင်လုပ်လို့ရတယ်လေ။ ပိုပြီးထိရောက်တယ်။ သူ့ဟောပြောပွဲဟာ ဖေဖေ့အတွက်တော့ သိပ်အသုံးဝင်တာ။ အကြောင်းအရာအပြင် သူ့ရဲ့ပြောဟန်ဆိုဟန်က အတုယူစရာ လေယူလေသိမ်းကိုယ်ဟန်အမူအရာ ဒါတွေက ဖေဖေတို့လို ဟောပြောပွဲလုပ်နေသူတွေအတွက် အရေးကြီးတာလေ။ သူ့ဟောပြောပွဲပြီးတော့ ဖေဖေက EQ ဆွေးနွေးတဲ့နေရာကို သွားခဲ့တယ်။ သမီးသိတဲ့အတိုင်း ဖေဖေက EQ ကို လေ့လာခဲ့တာ အခုဆို ၁၅ နှစ်လောက်ရှိခဲ့ပြီ။ ဟောတဲ့သူက အာဖရိကအနွယ် အမေရိကန် ပါမောက္ခတစ်ဦး။ သူ့ကို ဖေဖေက ဖေဖေလုပ်ခဲ့တဲ့အကြောင်းတွေပြောပြခဲ့လို့ တစ်ချိန်လုံး ဖေဖေ့ကိုပဲဦးတည်ပြီး ဆွေးနွေးသွားတယ်။ EQ အကြောင်းပြည့်ပြည့်စုံစုံတင်ပြနိုင်ခဲ့တယ်။ တစ်ခုတော့ရှိတယ် သမီး။ သူက အဖိနှိပ်ခံလူမည်းတစ်ယောက်။ ဒီတော့ သူ့ရဲ့ ဟောချက်တွေမှာ သူ့ရဲ့ဘဝနောက်ခံကို အမြဲအခြေခံပြီး ဆွေးနွေးခဲ့တယ်။ အခုလို ဖောင်းမေးတော့ နည်းနည်းကျဉ်းမြောင်းသွားတာပေါ့။ ညဘက်ကျတော့ ညီလာခံညစာစားပွဲကျင်းပတယ်။ အစားအသောက်တွေကတော့မျိုးစုံပဲ။ ယဉ်ကျေးမှုအဖွဲ့ကလည်း ဧည့်ခံတယ်။ သူတို့

မှာက ဖေဖေတို့ဆီက တိုင်းရင်းသားအကတွေနဲ့ ခပ်ဆင်ဆင်။ ထမင်းမစားမီ Kota Kinabalu မြို့ရှိတဲ့ Sahah ပြည်နယ်က တာဝန်ရှိသူတွေက ဗီဒီယိုပြတယ်။ သူတို့ပြည်နယ် ဘယ်လောက်လှပကြောင်း ကမ္ဘာလှည့်ခရီးသည်တွေလာဖို့ ဖိတ်ခေါ်တာပေါ့။

တကယ်လည်း လာချင်စရာပါပဲ။ တောတောင်သဘာဝ၊ ယဉ်ကျေးမှု အစစအရာရာက စိတ်ဝင်စားဖို့ကောင်းတာ။ နာမည်အကြီးဆုံးကတော့ Kinabalu တောင်ကြီးပေါ့။ ဖေဖေက ရန်ကုန်မှာ အလုပ်ရှိနေသေးလို့ ညီလာခံမပြီးခင် ပြန်ခဲ့ရတယ်။ ဒါပေမဲ့ ရတဲ့နှစ်ရက်မှာ ဖေဖေ့အတွက် အလွန်တန်ဖိုးရှိတဲ့ အတွေ့အကြုံဗဟုသုတအများကြီး ရခဲ့တယ်သမီး။ တစ်ခုတော့ရှိတယ်။ အခုလို ဒီအာရှညီလာခံကြီး ဖေဖေတက်ခွင့်ရတာ သမီးရဲ့ကျေးဇူးကြောင့်ပါ။ သမီးကြောင့် ဖေဖေကျောင်းအုပ်ချုပ်ရေးအဖွဲ့မှာ ဝင်အရွေးခံခဲ့တယ်။ အရွေးခံခဲ့ရလို့လည်း ဖေဖေဒုတိယဥက္ကဋ္ဌဖြစ်လာတယ်။ ဒါကြောင့်လည်း ဖေဖေ ဒီခရီးထွက်ခွင့်ရခဲ့တာပေါ့သမီး။

■

# ဟောပြောပွဲအတွေ့အကြုံ (၁၁)

လွန်ခဲ့တဲ့တစ်ပတ်က စီးပွားရေးတက္ကသိုလ်မှာ ဖွင့်လှစ်နေတဲ့ Master of Development Studies (M.Dev.S) ဘွဲ့လွန်သင်တန်းမှာ ဖေဖေ Seminar တစ်ခု လုပ်ပေးခဲ့တယ်။ ဖေဖေက MPA သင်တန်းမှာရော၊ MBA သင်တန်းမှာပါ သင်တန်းတွေပေးခဲ့တယ်။ M.Dev.S သင်တန်းနဲ့တစ်ခါမှ မကြုံခဲ့ဖူးဘူး။ တာဝန်ကျပါမောက္ခက ဖုန်းဆက်လာလို့ ဖေဖေက ကြည်ကြည်ဖြူဖြူပဲ လက်ခံလိုက်တယ်။ လက်ခံလိုက်လို့ ဖေဖေ့မှာ တစ်ပတ်မှာ သုံးညမအားတော့ဘူး။ တနင်္လာ၊ ဗုဒ္ဓဟူးနဲ့ သောကြာညဘက်မှာ ဘွဲ့လွန် Seminar တွေ ပေးခွင့်ရတယ်။ အခုလို သင်ခွင့်ရလို့ ဖေဖေရဲ့ ပညာတွေကို မျှဝေခွင့်ရလို့ ဖေဖေ သိပ်ပျော်တယ်။

M.Dev.S သင်တန်းမှာ သင်တန်းသားတွေ အတော်များများက ဆရာဝန်တွေဖြစ်တာတွေ့ရတယ်။ ဒါဟာ ကောင်းတဲ့ လက္ခဏာပဲ။ ဆရာဝန်တွေ အတော်များများက စီမံခန့်ခွဲမှုတာဝန်ယူနေကြရတော့ M.Dev.S သင်တန်းမှာ လေ့လာခွင့်ရတဲ့ ဘာသာရပ်တွေက သူတို့အတွက် အသုံးဝင်တယ်။ အကျိုးရှိပါတယ်။

Development Studies ကို ဖေဖေ စိတ်ဝင်စားခဲ့တယ်။ ဖေဖေတို့လို နိုင်ငံတွေမှာပိုပြီး အရေးပါတယ်လေ။ ဖေဖေ လက်လှမ်းမီသလောက်ပြောရရင် မြန်မာ့စီးပွားရေးပညာရှင် ဒေါက်တာ

ဦးလှမြင့်က ကမ္ဘာကျော် Development Economist တစ်ဦး။ ဆရာကြီးဟာ London School of Economics and Political Sciences မှာ နှစ်အကြာကြီး တာဝန်ယူခဲ့ပြီး ဖွံ့ဖြိုးမှုဆိုင်ရာ စီးပွားရေးပညာကို ကျယ်ပြန့်အောင်ဆောင်ရွက်နိုင်သူဖြစ်ခဲ့တယ်။ ဒေါက်တာလှမြင့်လို့ ပြောလိုက်ရင် မသိတဲ့သူ မရှိသလောက် ထင်ရှားခဲ့တယ်။

Development Studies ဆိုတာ ဘာသာရပ်ကို နက်နက်နဲနဲသုံးသပ်ရင် စီးပွားရေးပညာထက်ပိုတယ်။ ဥပဒေဆိုပါတော့ သမိုင်းပညာရပ်ဟာ အရေးပါတဲ့ အစိတ်အပိုင်းဖြစ်တယ်။ သမိုင်းကို သိသင့်တယ်။ သမိုင်းမသိရင် အမှားတွေထပ်တလဲလဲဖြစ်တတ်တယ်လို့ ပြောကြတာ ဖေဖေမှတ်မိတယ်။ အထူးသဖြင့် စီးပွားရေးသမိုင်း Economic History ပေါ့။

Development Studies ဟာ ဖွံ့ဖြိုးဆဲနိုင်ငံအားလုံးအတွက် အရေးပါတယ်။ ဒီဘာသာရပ်ကို ကျွမ်းကျွမ်းကျင်ကျင် လေ့လာဆည်းပူးနိုင်ရင်တိုင်းပြည်ဖွံ့ဖြိုးမှုအတွက် အလွန်အရေးကြီးတာပေါ့။ ဖေဖေ UK သွားတုန်းက ပထမနှစ် ၁၉၇၁ ခုနှစ်မှာ Brighton Polytechnic က Post-Graduate Diploma in Management Studies လုပ်နေတုန်း Sussex University ကို မကြာမကြာရောက်တယ်။ ဒီတက္ကသိုလ်မှာ နာမည်ကြီး Institute of Development Studies (IDS) ရှိတယ်။ Development Studies နဲ့ပတ်သက်ရင် ဒီဌာနဟာ နာမည်အကြီးဆုံးပဲ။ အဲဒီမှာ Director အဖြစ် တာဝန်ယူတဲ့သူက Dr. Richard Jolly၊ သူ့ကို ဖေဖေ ၁၉၉၂ ခုနှစ် UNICEF ရောက်တော့ ထပ်တွေ့တယ်။ အဲဒီအချိန် မှာသူက ဒုတိယအကြီးဆုံး အရာရှိဖြစ်နေပြီ။ အမှန်တော့ ဖေဖေ့ အကြောင်းကိုသိပြီး သူပဲ ဖေဖေကို UNICEF မှာ လုပ်ဖို့ခေါ်ခဲ့တာ။ IDS က သိပ်နာမည်ကြီးပြီး တစ်ကမ္ဘာလုံးက Development Studies လုပ်တဲ့သူတွေ ချဉ်းကပ်ခဲ့ရတာ။ Dr. Jolly ကလည်း နာမည်ကြီး

စီးပွားရေးပညာရှင်။ စိတ်ဝင်စားဖို့ကောင်းတာက သူနဲ့အတူ ပါရဂူဘွဲ့ယူခဲ့ကြတဲ့ သူငယ်ချင်းတစ်သိုက်ဟာ တစ်ချိန်မှာ အဖွဲ့အစည်းအသီးသီးတွေမှာ ဦးစီးဦးဆောင်လုပ်တဲ့သူတွေ ဖြစ်လာခဲ့တယ်။ အားလုံးဟာ ကျောင်းအတူတူတက်ခဲ့ကြတဲ့သူတွေ၊ ရင်းနှီးကြတဲ့သူတွေ။ ဒီပုဂ္ဂိုလ်တစ်စုက Development Studies ဘာသာရပ်ကို ပြုစုပျိုးထောင်ခဲ့ပြီး ရှင်သန်နေအောင် လုပ်ခဲ့ကြတယ်။ သူတို့တစ်တွေဟာ UN မှာ တာဝန်ယူခဲ့ကြပြီး Development လို့ ခေါ်တဲ့ ဖွံ့ဖြိုးမှုကို ပုံစံအသစ်နဲ့ အဓိပ္ပာယ်ဖွင့်ဆိုခဲ့ကြတယ်။ သူတို့ရဲ့ အရေးအသား အတွေးအခေါ်တွေဟာ တစ်ကမ္ဘာလုံးပျံ့နှံ့လာခဲ့တယ်။

ဒါကြောင့်လည်း ဖေဖေတို့ အိမ်နီးနားချင်းနိုင်ငံဖြစ်တဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ Bangladesh Institute of Development Studies (BIDS) ကို တည်ထောင်ခဲ့တယ်။ ဒီဌာနမှာ ဦးစီးခဲ့သူက Professor Sobhan ဖြစ်ပြီး သူက Dr. Jolley နဲ့ ကျောင်းနေဘက်တွေ။ သူ့ကို ဖေဖေ UNICEF Dhaka မှာ တာဝန်ယူစဉ် ပထမဆုံးတွေ့ခဲ့ပြီး နောက်တော့ Turin မြို့မှာ တစ်ခါထပ်တွေ့ရတယ်။ ဒီပုဂ္ဂိုလ်ထူးတွေထဲမှာ အထူးချွန်ဆုံးလို့ ပြောရမယ့်သူကတော့ Professor Amartya Sen ဖြစ်တယ်။ သူဟာ ၁၉၉၈ ခုနှစ်မှာ Nobel Prize in Economics ကို ရခဲ့တဲ့သူဖြစ်တယ်။ ပါမောက္ခ Sen ကို သူ Nobel ဆုရပြီးချိန် ဖေဖေ ဘင်္ဂလားဒေ့ရှ်မှာ တွေ့ခဲ့တယ်။ ဖေဖေ့ကို မြန်မာပြည်ကမှန်းသိတော့ သိပ်ဝမ်းသာခဲ့တယ်။ သူ့မိဘတွေဟာ မြန်မာပြည်မှာ စီးပွားရှာခဲ့သူတွေဖြစ်ခဲ့တယ်။ တစ်ချိန်က ဖေဖေတို့ မြန်မာပြည်ရဲ့ စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုကြောင့် အိန္ဒိယပြည်သူတွေအများကြီးလာပြီး စီးပွားရှာခဲ့ကြတယ်။ ချမ်းသာချင်ရင် မြန်မာပြည်သွားကြဖို့ ပြောလေ့ရှိခဲ့ကြတယ်။ တရုတ်ပြည်ကသူတွေလည်း အလုံးအရင်းနဲ့ ရောက်လာကြတယ်။ တစ်ချိန်က မြန်မာပြည်ဟာ အိမ်နီးနားချင်းနိုင်ငံတွေအတွက် Economic Magnet စီးပွားရေးသံလိုက်ဖြစ်ခဲ့တာ။ ဖွံ့ဖြိုးမှုလေ့လာ

ချက်ဟာ အမှန်တော့ ဆင်းရဲခြင်း (Poverty) ကို ဦးစားပေး လေ့လာတဲ့ ပညာရပ်ဖြစ်တယ်။ ဆင်းရဲတဲ့အကြောင်းသိမှ၊ နားလည်မှ ဖွံ့ဖြိုးနိုင်မှာ မဟုတ်လားသမီး။ လူတွေ ဘာကြောင့် ဆင်းရဲကြသလဲ၊ ဆင်းရဲမှုကို ဘယ်လိုတိုင်းတာနိုင်မလဲ၊ ဆင်းရဲတွင်းက တက်နိုင်အောင် ဘာတွေလုပ်သင့်သလဲ၊ ဒီမေးခွန်းတွေဟာ ဖွံ့ဖြိုးမှု ဘာသာရပ်ရဲ့ အခြေခံတွေဖြစ်တယ်။ ဒါကြောင့် နဂါးနီသီချင်းထဲကလို "လူမွဲတွေက မနေ့ခေတ်မီ သူဌေးဖြစ်တော့မည်" ဆိုတာဟာ ဖွံ့ဖြိုးမှု ပညာရဲ့ အနှစ်ဖြစ်တယ်လို့ ဖေဖေထင်တယ်လေ။

Prof. Sen က သူ့ရဲ့ပါရဂူဘွဲ့အတွက် စာတမ်းပြုစုတဲ့အခါ ဆင်းရဲငတ်မွတ်ခြင်းကို လေ့လာခဲ့တယ်။ အင်္ဂလိပ်လက်ထက် အိန္ဒိယနိုင်ငံမှာ မကြာခဏ ငတ်မွတ်တဲ့ဘေးနဲ့ကြုံခဲ့ရတယ်။ လူတွေ အမြောက်အမြားဆုံးရှုံးခဲ့တယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ ဘာကြောင့် ဖြစ်ရသလဲဆိုတာကို သူ သုတေသနပြုခဲ့တယ်။ ထူးခြားတဲ့ တွေ့ရှိချက်က အခုလိုငတ်နေတဲ့ချိန်မှာ စားနပ်ရိက္ခာတွေက အလျှံပယ် ရှိနေတာတွေ့ရတယ်။ ဒါကြောင့် ငတ်တာဟာ စားနပ်ရိက္ခာ မရှိလို့ မဟုတ်ဘဲ ဒီစားနပ်ရိက္ခာကို ဝယ်သုံးနိုင်ဖို့ ငွေကြေးမရှိလို့ဘဲ ဖြစ်တယ်။ ဒီတော့ ပြဿနာဟာ Supply မဟုတ်တော့ဘဲ Access ဖြစ်တယ်ဆိုတာကို ရှာဖွေတွေ့ရှိခဲ့တယ်။

ဖေဖေပြောခဲ့တဲ့ ပုဂ္ဂိုလ်တွေဟာ တက္ကသိုလ်တွေမှာ UN မှာ၊ အစိုးရဌာနတွေမှာ အလုပ်လုပ်ကြရင်း ဖွံ့ဖြိုးမှုအကြောင်း သစ်ဆန်းတဲ့ အတွေးအခေါ်တွေထုတ်ဖော်ခဲ့ကြတယ်။ ဒီအုပ်စု အထဲမှာ အခုအိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် Dr. M.Singh လည်း ပါတယ်။ သူ့ကို ဖေဖေလွန်ခဲ့တဲ့ အနှစ် ၂၀ လောက်က Delhi မြို့ ရောက်တော့ တွေ့ခဲ့ရတယ်။ အဲဒီတုန်းက သူက Planning Commission မှာ တာဝန်ယူနေတာ။ ဖွံ့ဖြိုးမှုကို အရင်တုန်းက စီးပွားရေးပေတံနဲ့ တိုင်းတာခဲ့တာကို အားမရတဲ့အတွက် သူတို့က မုံစံ အသစ်တွေ ဖော်ခဲ့ကြတယ်။ အခုဆိုရင် သူတို့တီထွင်ခဲ့တဲ့ အတွေး

အခေါ်အယူအဆတွေကို အများကလက်ခံနေကြတယ်။

ဖွံ့ဖြိုးမှုနဲ့ ပတ်သက်လာရင် Social Cohesion ရှိဖို့လိုတယ်လို့ လက်ခံထားကြတာ။ ဒါနဲ့ပတ်သက်လို့ ဖေဖေနဲ့မေမေ တန်ဆောင်မုန်းလပြည့်နေ့ အတွေ့အကြုံတစ်ခုကို ပြောပြချင်တယ်။

သမီးရဲ့အဒေါ် စုစုသိန်းရဲ့ သူငယ်ချင်းက ဖေဖေနဲ့မေမေကို သူတို့လမ်းမှာလုပ်မယ့် နိဗ္ဗာန်ဈေးကို လာခဲ့ပါလို့ဖိတ်တယ်။ ဖေဖေရောမေမေကရောက နိဗ္ဗာန်ဈေးနဲ့ မကြုံခဲ့တာ ကြာပြီဖြစ်လို့ သွားခဲ့တယ်။ သမီးအဒေါ် နေတဲ့နေရာက ၇မိုင် ပြည်သူ့လမ်းထဲမှာ။ သမီးသိတဲ့အတိုင်း လမ်းက ပြည်လမ်းကဝင်ရတယ်။ လမ်းထိပ်မှာ အိမ်ကြီးအိမ်ကောင်းတွေ၊ ငွေကြေးချမ်းသာတဲ့သူတွေ နေကြတဲ့နေရာ။ ဒါပေမဲ့ လမ်းဆုံးတော့ အိမ်ကောင်းတွေရဲ့ တစ်ဖက်မှာ ရပ်ကွက်အကြီးကြီး။ နိဗ္ဗာန်ဈေးလုပ်တာက ချမ်းသာတဲ့သူတွေ မလုပ်ဘဲ လက်လုပ်လက်စားရပ်ကွက်မှာ လုပ်တာ။ အလှူပေးချင်တဲ့ အိမ်တွေက အစားအသောက်အမျိုးမျိုး ချက်ပြုတ် ပြင်ဆင်ထားတယ်။ နာမည်လေးတွေလည်း ပေးထားကြတယ်။ ဖေဖေတို့ သွားတဲ့ရပ်ကွက်က အသီးနာမည်တွေ၊ ပန်းသီး၊ ဘောပတ်သီး၊ လိမ္မော်သီး အမျိုးမျိုးပေါ့။ ရပ်ကွက် ရ. ယ. က ရုံးမှာ လက်မှတ်တွေထုတ်ပေးတယ်။ တန်းစီပြီးယူရတယ်။ တရှုန်းရှုန်းနဲ့ပေါ့။ ဒီလက်မှတ်ကလေးတွေမှာ သစ်သီးနာမည်တွေရေးထားတယ်။ ဒီလက်မှတ်တွေယူပြီး ရပ်ကွက်တစ်ခုလုံးသွားပြီး တစ်အိမ်တက်တစ်အိမ်ဆင်းနဲ့ ပြင်ဆင်ထားတဲ့ အစားအသောက်တွေယူလို့ရတာ။ မီးတွေထွန်းထားလို့ လှပပြီး ပျော်စရာကောင်းလိုက်တာ။ ဖေဖေနဲ့ မေမေက ရပ်ကွက်ထဲနှံ့အောင် လျှောက်ခဲ့ကြတယ်။ လက်ထဲမှာလည်း အထုပ်တွေက အများကြီး။ ပျော်စရာမြင်ကွင်းတစ်ခုက ဦးပဉ္စင်းတစ်ပါး Digital Camera နဲ့ ဓာတ်ပုံတွေ လိုက်ရိုက်နေတာတွေ့ခဲ့တယ်။ ရိုက်ပြီး Internet ထဲပို့ရင် ဘယ်လောက်ကောင်းလိုက်မလဲလို့ စိတ်ထဲမြင်မိတယ်။

ဖေဖေ့စိတ်ထဲ စိတ်ကူးတစ်ခုဝင်လာတယ်။ နိဗ္ဗာန်ဈေးကို ရပ်ကွက်ထဲလုပ်ပြီး အိမ်ကြီးရာကြီးတွေကမပါကြဘူး။ တစ်နည်းပြောရရင် ချမ်းသာသူတွေ မပါဘဲ ဆင်းရဲတဲ့သူတွေ ဆင်နွှဲတဲ့ပွဲ။ ဖေဖေ့ရင်ထဲမှာတစ်မျိုးပဲ။ **ဆင်းရဲတဲ့အချိန်မှာ ပိုစည်းလုံးပြီး ချမ်းသာတော့ ဘာသိဘာသာနေတတ်ကြတာလား။ ဆင်းရဲရင် အေးအတူ ပူအမျှဖြစ်ပေမယ့် ချမ်းသာတဲ့အခါ ကိုယ့်ဘာသာ ကိုယ်ရုန်းကန်ကြတာလား စဉ်းစားစရာပဲ သမီး။**

ဖွံ့ဖြိုးမှုလို့ပြောရင် ဒီကိစ္စကို မေ့လို့မရဘူးလေ။ တစ်ယောက်နဲ့တစ်ယောက် မျှဝေခံစားတာဟာ အရေးကြီးတယ်။ တစ်ကိုယ်ကောင်းဆန်မှုဟာ အဟန့်အတားဖြစ်နိုင်တယ်။

ဒါကြောင့် ဖေဖေတာ Development Studies ကိုချစ်တာ။ စဉ်းစားစရာတွေ၊ တွေးစရာတွေကအပြည့်။ ခိုင်မာတဲ့ပေတံနဲ့ တိုင်းလို့ရသလို လက်ဆုပ်လက်ကိုင်မပြနိုင်တဲ့ ကိစ္စတွေကိုလည်း ထည့်တွက်ရမှာလေ။ အခုဆို တစ်ကမ္ဘာလုံးမှာရင်ဆိုင်နေတဲ့ စီးပွားရေးပြဿနာဟာ ဖွံ့ဖြိုးမှုဘာသာရပ်နဲ့သက်ဆိုင်နေတယ်သမီး။ အဟန့်အတား၊ အတားအဆီးမရှိတဲ့ အရင်းရှင် စီးပွားရေးမူဝါဒ ကျင့်သုံးခဲ့လို့ဖြစ်တာ။ အရင်းရှင်စီးပွားရေးစနစ်ဟာ ဖွံ့ဖြိုးမှုအတွက် အရေးသာတာမှန်ပေမယ့် စည်းကမ်းမရှိရင် ဒုက္ခနဲ့ရင်ဆိုင်ရတတ်တယ်။

ဖွံ့ဖြိုးမှုအကြောင်း စဉ်းစားရင် ဈေးကွက်အခန်းကဏ္ဍနဲ့ အစိုးရရဲ့ အခန်းကဏ္ဍကို သုံးသပ်ဖို့လိုပြန်တယ်။ ဒါကြောင့် ဒီလောက်ကျယ်ပြန့်တဲ့ ဘာသာရပ်ကို ဖေဖေစိတ်ဝင်စားတာပေါ့ သမီး။

■

## ဟောပြောပွဲအတွေ့အကြုံ (၁၂)

အရင်တစ်ပတ်က ဖေဖေ စနေနေ့ မနက်အစောကြီး တက္ကသိုလ် ဓမ္မာရုံကိုသွားခဲ့တယ်။

ဖေဖေ ခရီးကပြန်လာတော့ မေမေက "ဖိတ်စာရောက်နေတယ်။ မနက်ဖြန်တက္ကသိုလ်ဓမ္မာရုံမှာ အာစရိယပူဇော်ပွဲရှိတယ်။ ဖိတ်တဲ့သူက ခဏခဏဖုန်းဆက်ပြီး ဖိတ်တယ်။ သွားလိုက်ပါ" လို့ တိုက်တွန်းတော့ ဖေဖေလည်း ရောက်ခဲ့တယ်။

ဟိုရောက်တော့ နဖူးစီးမှာ တက္ကသိုလ်များ ခြေလျင်နှင့်တောင်တက်အသင်းနှင့် ရန်ကုန်တက္ကသိုလ်ခြေလျင်နှင့် တောင်တက်အသင်းတို့က ကြီးမှူးကျင်းပတဲ့ ဂုဏ်ထူးဆောင်နာယကပူဇော်ပွဲနဲ့ ဂုဏ်ပြုပွဲဆိုတာကို သိရတယ်။ ကြိုဆိုတဲ့သူတွေက ဖေဖေ့ကို ရှေ့မှာနေရာယူခိုင်းတယ်။ ကုလားထိုင်မှာတော့ ဂုဏ်ထူးဆောင်နာယက လေးဦးထိုင်နေတာတွေ့ရတယ်။ သုံးဦးကို ဖေဖေ ကောင်းကောင်းသိတယ်။ တစ်ဦးကတော့ ဦးလှကျော်၊ သူက အရင်တုန်းက မြန်မာနိုင်ငံ ခြေလျင်နှင့်တောင်တက်အဖွဲ့ချုပ်ရဲ့ ဖခင်လို့ပြောနိုင်တဲ့ ဗိုလ်မှူးကြီးလှအောင်နဲ့အတူ အဖွဲ့ချုပ်မှာ လုပ်ရှားခဲ့တဲ့သူ။ ဖေဖေစီးပွားရေးတက္ကသိုလ် ခြေလျင်နှင့်တောင်တက်အသင်းမှာ တာဝန်ယူတုန်းက အဖွဲ့ချုပ်နဲ့ အဆက်အသွယ်ရှိခဲ့တယ်။ ဒါကြောင့် ဦးလှကျော်နဲ့ တွေ့ခဲ့တာ။ အဖွဲ့ချုပ်နဲ့တွဲပြီး သင်တန်းတွေလုပ်ခဲ့

တယ်။ တောင်ပေါ်ကနေ ကြိုးနဲ့ဆင်းတဲ့ပညာကို စီးပွားရေး တက္ကသိုလ်အဆောက်အအုံ အပေါ်ထပ်ကနေ အောက်အထိ လျှော ဆင်းတဲ့ လေ့ကျင့်မှုတွေ လုပ်ခဲ့တာ။ ဖေဖေတို့ တက္ကသိုလ်များ လမ်းလျှောက်ပြိုင်ပွဲလုပ်တိုင်း အဖွဲ့ချုပ်ကို အတူအညီတောင်းပြီး ဒိုင်လူကြီးတွေဖိတ်ခေါ်တော့ ဦးလှကျော်က ပါခဲ့တာ။ အခု သူက အသက် ၈၉ နှစ်၊ သန့်တုန်းမြန်တုန်း။ ငယ်ငယ်က ကျန်းမာရေး လိုက်စားခဲ့တဲ့အကျိုးပေါ့သမီး။

နောက်တစ်ဦးကတော့ ဒေါက်တာမောင်သိန်း။ သူ့ကိုတော့ ဖေဖေ အရင်ကတည်းကသိတာ။ သူက ဘူမိဗေဒဌာနမှာ၊ ဖေဖေ က စီးပွားရေးတက္ကသိုလ်မှာ။ ရန်ကုန်တက္ကသိုလ်မှာ ဘူမိဗေဒဌာန က ခြေလျင်နဲ့တောင့်တက်အသင်းမှာ နာမည်ကြီး ဆရာကြီး ဦးဘသန်းဟက် လက်ထက်ကတည်းက ဆရာမောင်သိန်းက ခြေလျင်တောင်တက်လှုပ်ရှားမှုမှာ ထိပ်ကပေါ့။ နောက်တစ်ဦးက တော့ ဆရာဦးသက်ဝင်း။ သူ့ကို ဖေဖေ ပိုရင်းနှီးတယ်။ သူက ဆေးတက္ကသိုလ်မှာ အားကစားမှူး လုပ်ခဲ့သူ။ ဟိုတစ်ချိန်က ဖေဖေ တို့ နိုင်ငံမှာ လူရည်ချွန်စီမံကိန်းဆိုတာရှိခဲ့တယ်။ ဆိုရှယ်လစ်နိုင်ငံ တိုင်းမှာ ဒီလိုစီမံကိန်းတွေရှိခဲ့တယ်။ စာပေမှာရော၊ အားကစားမှာ ရော ထူးချွန်တဲ့ ကျောင်းသား/သူတွေကို နိုင်ငံတော်က ရွေးချယ် ပြီး ချီးမြှောက်တယ်။ ပြီးတော့ ငပလီကမ်းခြေ (ရွှေဝါချိုင်) မှာ၊ အင်းလေးခေါင်တိုင်မှာ လူရည်ချွန်စခန်းတွေဖွင့်ပြီး ဆုရတဲ့သူတွေ ကိုပို့ခဲ့တာ။ ဒီလူရည်ချွန်ဆုတွေကို ကြီးကြပ်ဖို့ တက္ကသိုလ်အသီးသီး က ဆရာ/မတွေကို ရွေးချယ်တယ်။ တစ်နှစ်မှာတော့ ဖေဖေ အရွေးခံရတယ်။ ဖေဖေနဲ့အတူ ဦးသက်ဝင်းလည်းပါတယ်။ သွား အတူ လာအတူဆိုတော့ ပိုပြီး ရင်းနှီးကြတာပေါ့။ အခု သူက အသက် ၇၁ နှစ်၊ ကျန်းကျန်းမာမာပဲ။ သူတစ်ချိန်က ဒိုင်ဗင်ထိုးတဲ့ ချန်ပီယံ။ နိုင်ငံကိုယ်စားပြု အားကစားသမားတစ်ဦး။ ဒီနာယက

လေးဦးအပြင် ပူဇော်ပွဲကို မတက်ရောက်နိုင်တဲ့ သူတွေလည်း ရှိကြတယ်။

အခမ်းအနားကလေးက ပျော်စရာကောင်းတယ် သမီး။ မတွေ့ရတာကြာခဲ့တဲ့ ဝါသနာတူ၊ စိတ်တူ၊ သဘောတူရှိကြတဲ့သူတွေ စုစည်းကြတဲ့ ပွဲကလေး။ ဖေဖေက တစ်ချိန်က ခြေလျင်နှင့်တောင်တက်အဖွဲ့ချုပ်မှာ ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့ရတာ။ အခမ်းအနားမှူးက ဖေဖေ့ကို မိန့်ခွန်းပြောဖို့ ဖိတ်ခေါ်တော့ ရုတ်တရက် ဘာပြောရမှန်းမသိ ဖြစ်မိတယ်။ နောက်တော့မှ ဖေဖေချစ်တဲ့ ခြေလျင်နှင့်တောင်တက်အသင်းကို အခြေခံတဲ့အကြောင်းအရာ နှစ်ခုကိုမျှဝေခဲ့တယ်။ အမှန်တော့ ခြေလျင်နှင့်တောင်တက်အသင်းမှာ နှစ်ပိုင်းရှိတယ်။ တစ်ပိုင်းက တောင်တက်တာ။ နောက်တစ်ပိုင်းက လမ်းလျှောက်ပြိုင်တာ။ လမ်းလျှောက်ပွဲဟာ ဖေဖေတို့အမြဲအားခဲရတဲ့ပြိုင်ပွဲ။ တက္ကသိုလ်ပေါင်းစုံ လမ်းလျှောက်ပြိုင်ပွဲကို တစ်နှစ်တစ်ကြိမ်ကျင်းပတယ်။ ပန်းဝင်တဲ့နေရာကတော့တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ။ လမ်းလျှောက်ပြိုင်ပွဲမှာ အမျိုးသား၊ အမျိုးသမီးပါတယ်။ အကြိတ်အနယ်ယှဉ်ပြိုင်ရတာ။ ဖေဖေတို့ စီးပွားရေးတက္ကသိုလ်နဲ့ပြိုင်ဘက်ကတော့ ပညာရေးတက္ကသိုလ်။ ဖေဖေတို့ကတော့ ပြိုင်ပွဲမကျင်းပမီ လေ့ကျင့်မှုတွေ အပြင်းအထန်လုပ်ခဲ့တယ်။ ဒါကြောင့် နှစ်တိုင်းဆုရခဲ့တာ။

ဒါပေမဲ့ ဖေဖေမှတ်မိတာက ရခဲ့တဲ့ဆုတွေမဟုတ်ဘူး။ သင်ခန်းစာရခဲ့တာက နောက်တစ်ခု။ လမ်းလျှောက်ပြိုင်ပွဲဟာ အမြဲအငြင်းပွားရတဲ့ အားကစားမျိုး။ အောလုံးပွဲလို အရှုံးအနိုင်က မပြတ်သားဘူး။ လမ်းလျှောက်ပြိုင်တဲ့သူတွေ လမ်းလျှောက်ရင်း နိုင်ချင်ဇောနဲ့ တစ်ခါတလေ ပြေးသလိုဖြစ်တယ်။ ဒါကို ဒိုင်လူကြီးတွေကတွေ့ရင် မှတ်ထားတယ်။ ပန်းဝင်ပြီးမှ ဒိုင်လူကြီးတွေရဲ့ အဆုံးအဖြတ်ကိုသိတဲ့အခါကျမှ ဘယ်သူနိုင်ဘယ်သူရှုံးတယ်ဆိုတာ သိတာ။ ပြိုင်ပွဲလမ်းတစ်လျှောက်မှာ ဒိုင်လူကြီးတွေ ချထားတယ်။

ဒိုင်လူကြီးနှစ်ယောက်က ပြေးတယ်လို့ သတ်မှတ်ရင် ပြိုင်ပွဲဝင်သူက အပယ်ခံရတယ်။ ဒီတော့ ပန်းတိုင်ကိုပထမဝင်ပေမယ့် ဆုရမယ်ဆိုတာမသေချာဘူး။ ဒိုင်တွေကအပြစ်မရှိဘူးဆိုမှ ဆုရတာ။ ဒီတော့ ဒိုင်လူကြီးတွေရဲ့အဆုံးအဖြတ်ကို ရင်တထိတ်ထိတ်နဲ့ စောင့်ရတယ်။ စောင့်ပြီး ဒိုင်လူကြီးရဲ့ အဆုံးအဖြတ်ကို ကြိုက်ကြိုက်၊ မကြိုက်ကြိုက် လက်ခံရတယ်။ ဒါဟာ ဘဝအတွက် အရေးကြီးတဲ့သင်ခန်းစာပဲ သမီး။ သတ်မှတ်တဲ့စည်းကမ်းကို လိုက်နာရမယ်။ လက်ခံရမယ်။ တစ်ခါတလေ အဆုံးအဖြတ်ဟာ ကိုယ့်ဘက်တကြည့်ရင် လက်မခံစရာဖြစ်ပေမယ့် ဒီအဆုံးအဖြတ်ကို ငြင်းလို့မရဘူး။ လက်ခံရတယ်။ ဒါကြောင့် အားကစားကို ဖေဖေ သမီးကို သိပ်လုပ်စေချင်တာ။ အားကစားလုပ်တဲ့သူတိုင်းမှာ ဒီစိတ်ရှိတယ်။ တရားသောနည်းနဲ့ အနိုင်ယူတဲ့စိတ်က ရင်ထဲမှာ အမြဲကိန်းဝပ်နေတယ်။ တရားတာကမမ္ဘ၊ အားကစားလုပ်သူတွေဟာ အမမ္ဘကို လက်မခံဘူး။ မနှစ်မြို့ဘူး သမီး။

တောင်တက်ခြင်းနဲ့ ပတ်သက်လို့ ဖေဖေဖတ်ဖူးတဲ့ အကြောင်းအရာတစ်ခုကို ဖောက်သည်ချခဲ့တယ်။ တောင်တက်ခြင်းဆိုတာဟာ တောင်ထိပ်ရောက်ဖို့။ ဒါကြောင့် 'တောင်ကြီးဖဝါးအောက်' ဆိုတဲ့ ဆောင်ပုဒ်ကို ဖေဖေတို့ လက်ခံထားခဲ့တာ။ အခုလို တောင်တက်ကြတဲ့အခါ တစ်ခါတလေ တောင်ထိပ်မရောက်ခင် တောင်တက်သမားတွေဟာ ရောက်တဲ့နေရာမှာတင် ကျေနပ်ပြီး ရှေ့ဆက်မသွားတော့ဘူး။ တော်ပါပြီ၊ တောင်ထိပ်ရောက်အောင် သွားလည်း သိပ်မထူးတော့ပါဘူး၊ ရောက်တဲ့နေရာကပဲ ပြန်ကြတာပေါ့ဆိုတဲ့ စိတ်မျိုး ပေါ်တတ်ကြတယ်။ ခရီးကလည်းပန်း၊ ရောက်တဲ့နေရာကလည်း အတော်အတန်မြင့်တဲ့ နေရာဖြစ်နေတာမို့ ဆက်မြီးမတက်ဘဲ ပြန်လှည့်လိုတဲ့စိတ်ပေါ်တတ်ကြတယ်။ ဒီလိုပဲ သမီး။ ဖေဖေတို့ လူ့ဘဝမှာကိုယ်အနေနဲ့ အမြင့်ဆုံးရောက်အောင် ကြိုးစားကြတဲ့အခါ တစ်ခါတစ်ခါ ဒါနဲ့ ကျေနပ်ပါပြီ၊ နောက်

ကြိုးစားလည်း ဘာမှမထူးပါဘူး။ ဆက်ပြီး မကြိုးစားဘဲ ရောက်တဲ့နေရာ၊ ရောက်တဲ့ဘဝကိုပဲ ကျေနပ်ကြတယ်။ တကယ်တော့ ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက်ဖြစ်သင့်တယ်။ တင်းတိမ်တယ်၊ ကျေနပ်တယ်ဆိုတာနဲ့ မရောင့်ရဲသင့်ဘူး။ ကိုယ်အတတ်နိုင်ဆုံး ကြိုးစားရမယ်၊ မလျှော့ရဘူး။

ဖေဖေက စိတ်ထဲပေါ်လာတဲ့အကြောင်းနှစ်ခုကို မျှဝေခဲ့တယ်။ ဝါသနာတူတဲ့သူတွေကို စဉ်းစားစေချင်တာ။ ဒီအာစရိယပူဇော်ပွဲကို တက်ရလို့ ဖေဖေ့စိတ်ထဲမှာ ပီတိဖြစ်မိတယ်။ လူတစ်ဦးမှာ လိုအပ်ချက် အခြေခံလေးမျိုးရှိတယ်။ ပထမတစ်ခုက **အသက်ရှင်ဖို့**။ အသက်ရှင်ဖို့ ကျန်းမာအောင်နေရမယ်၊ အမြဲ ဂရုစိုက်ရမယ်၊ အားကစားလုပ်ရမယ်။ လှုပ်ရှားရမယ်။ အနည်းဆုံး တစ်ရက်မှာ နှာရီဝက်လောက် လေ့ကျင့်ခန်းလုပ်ရမယ်။ ဒုတိယတစ်ခုကတော့ **အသိတရားရှိရမယ်။** အသိတရားဆိုတာက ပညာက ရတာမို့ ပညာကိုအသက်ထက်ဆုံးရှာဖွေရမယ်။ အတန်းပညာအပြင် ဘဝပညာလည်း အရေးပါတယ်။ တတိယတစ်ခုကတော့ **မေတ္တာတရား။** တစ်ဦးနဲ့တစ်ဦး ကြင်နာရမယ်၊ ညှာတာရမယ်။ ညည်းခံရမယ်။ အရာရာကို မေတ္တာရှေ့ထားပြီး စဉ်းစားရမယ်၊ ဆုံးဖြတ်ရမယ်။ မေတ္တာတရားနဲ့အတူ ကရုဏာတရား၊ ကိုယ်ချင်းစာနာစိတ်ရှိရမယ်။

နောက်ဆုံးတစ်ခုကတော့ **ကိုယ်ထားခဲ့တဲ့အမွေ။** လူတစ်ဦးမှာ ဒီကိစ္စက သိပ်အရေးကြီးတယ်။ ကိုယ်မရှိတဲ့ အချိန်၊ ကိုယ်ဘာထားခဲ့သလဲ။ တစ်နည်းပြောရရင် ကိုယ့်ရဲ့သမိုင်းကို ကိုယ်ရေးရလိမ့်မယ်။

ဖေဖေဟာ ခြေလျင်နဲ့တောင်တက်အသင်းကို လွန်ခဲ့တဲ့အနှစ်လေးဆယ်ကျော်လောက်ကတည်းက စလုပ်ခဲ့တယ်။ ကိုယ်ရဲ့ဝါသနာတစ်ခုကိုသာ ဦးစားပေးပြီးလုပ်ခဲ့တာ။ ပေးခဲ့တဲ့ တာဝန်တွေကိုလည်း ကျေကျေနပ်နပ်ယူခဲ့တယ်။ ဘာကိုမှ မမျှော်လင့်ခဲ့ဘူး။

ဒါပေမဲ့ အခုလို အာစရိယပူဇော်ပွဲမှာ ဖေဖေ့ကို အရေးတယူ ဖိတ်ကြားပြီး ပြောခွင့်ဆိုခွင့်ပေးတာကို ဖေဖေကျေနပ်မိတယ်။ ဝမ်းသာတယ်။ ဖေဖေ့ရဲ့အမွေဟာ တန်ဖိုးရှိတယ်ဆိုတာသိရလို့ ပိုပြီးကျေနပ်ရတာပေါ့သမီး။

အခုဆို ဖေဖေတို့နိုင်ငံမှာ အရင်တုန်းက မသွားနိုင်တဲ့နေရာ၊ မတက်နိုင်တဲ့တောင်တွေကို တက်နိုင်နေပြီ။ ဖေဖေက နိုင်ငံခြားသားတွေနဲ့တွေ့တိုင်း အမြဲကြွားခဲ့တယ်။ တို့နိုင်ငံဟာ အရှေ့တောင်အာရှဒေသမှာ ၁၂ ရာသီပတ်လုံး ဆီးနှင်းဖုံးတဲ့တောင်တွေရှိတဲ့နိုင်ငံဖြစ်တယ်။ တခြားနိုင်ငံတွေမှာ မရှိဘူး။ ဒီပထဝီအနေအထားကြောင့် ခြေလျင်နဲ့တောင်တက်အသင်းကြီးဟာ အမြဲတမ်းရှင်သန်နေမှာပဲ၊ အမြဲလန်းဆန်းနေမှာပဲသမီး။ တစ်နေ့ကျရင် သမီးလေးလည်း မြန်မာပြည်ရဲ့ အမြင့်ဆုံးတောင်ဖြစ်တဲ့ ခါကာဘိုရာဇီတောင်ထိပ်ပေါ် ရောက်စေချင်တယ်။

အာစရိယပူဇော်ပွဲကို စီစဉ်ဆောင်ရွက်နေတဲ့သူတွေကြည့်ရင်း ဖေဖေ ကျေနပ်မိတာ နောက်တစ်ခုရှိသေးတယ်။ ဖေဖေဥက္ကဋ္ဌလုပ်တုန်းက တချို့တွေက ကျောင်းသားအဖွဲ့ဝင်တွေ။ အခုတော့ လူကြီးတွေ၊ တာဝန်ယူနိုင်တဲ့သူတွေ ဖြစ်လာကြပြီ။ တစ်နည်းပြောရရင် လက်ဆင့်ကမ်းနေသူတွေ။ ဒီလိုပဲဖြစ်ရမယ်။ တစ်ဦးကနောက်တစ်ဦးကို လက်ဆင့်ကမ်းလုပ်ကြရမယ်။ ဒီလိုနဲ့ တစ်ဖြည်းဖြည်း ပြောင်းလဲသွားကြရမှာ။ လက်ဆင့်ကမ်းအပြေးပြိုင်ပွဲမှာတုတ် ကိုယ့်လက်ထဲရောက်ရင် သပ်သပ်ရပ်ရပ် ကိုင်နိုင်ဖို့လိုသလို နောက်လူကို လွှဲပေးတဲ့အခါမှာလည်း ချောချောမွေ့မွေ့ အဆင်ပြေအောင်လွှဲရမှာ။ ဒီလိုနဲ့ တာဝန်တွေကိုတစ်ဆင့်ပြီးတစ်ဆင့် ယူကြရလိမ့်မယ် သမီး။

■

# ဟောပြောပွဲအတွေ့အကြုံ (၁၃)

တစ်နေ့က ဖေဖေ ညဘက်မှာ အသွင်ထူးတဲ့ ဟောပြောပွဲ တစ်ခုသွားလုပ်ဖြစ်တယ်။ ဖိတ်ကြားတဲ့သူက ဆရာတော်မြမင်းလွင်၊ သူက မေမေ့ရဲ့ငယ်သူငယ်ချင်း။ အ. ထ. က ၄ အလုံမှာ ငယ်ငယ် လေးကတည်းက ကျောင်းနေဘက်တွေ။ သူ့အကြောင်း မေမေက အမြဲပြောတယ်။ စာတော်ကြောင်း၊ ကြိုးစားကြောင်း။ သူက Oxford University မှာ မဟာဘွဲ့ရခဲ့တယ်။ သူက အခုတော့ Cushing Church ရဲ့ သင်းအုပ်ဆရာဖြစ်နေတယ်။ သူ့ရဲ့ အသင်းတော်မှာ မိသားစု ရက်သတ္တပတ်လုပ်တာ ဖေဖေ့ကို လာဟောပေးပါလို့ ပြောတာနဲ့ သွားခဲ့တယ်။ ခေါင်းစဉ်ကို ဆရာကြိုက်သလိုရွေးပါလို့ ပြောတာမို့ မိသားစုရက်သတ္တပတ်နဲ့ ဆီလျော်တဲ့ 'လူပတဲ့ မိသားစု တည်ဆောက်မှု' ခေါင်းစဉ်ကိုရွေးခဲ့တယ်။ ဒီအကြောင်းအရာဟာ လူမျိုးမရွေး၊ ဘာသာမရွေး သက်ဆိုင်တာမဟုတ်လား သမီး။ ဖေဖေက မိသားစုကို သိပ်ခင်တွယ်တယ်၊ မြတ်နိုးတယ်။ ဖေဖေ့ရဲ့ အဖေမှာ မိသားစုက အကြီးကြီး။ သားချင်း ၁၂ ယောက်တောင် ရှိတယ်။ အားလုံးထူးချွန်ကြတယ်။ အောင်မြင်ကြတယ်။ တစ်ခု တော့ သတိထားမိတယ်။ တစ်ယောက်နဲ့တစ်ယောက် သိပ်ချစ်ကြ တယ်။

ဖေဖေ မှတ်မိသေးတယ်။ ၁၉၇၇ ခုနှစ် ဖေဖေ Ph.D

ပြီးတော့ မြန်မာပြည်ပြန်ဖို့ အိမ်ကို သံကြိုးရိုက်လိုက်တယ်။ ဟိုခေတ်က အခုလို E-mail တွေ၊ Internet တွေမရှိသေးဘူးသမီး။ နောက်ဘစ်ရက်ကြာတော့ ဘဘကြီးဆီက သံကြိုးပြန်လာတယ်။ "မင်းအဖေနေမကောင်းဘူး။ အမြန်ဆုံးပြန်လာပါ" ဆိုတဲ့သံကြိုးဖတ်ပြီးမယုံနိုင်အောင် ဖြစ်မိတယ်။ သမီးရဲ့အဘိုးက ကျန်းမာရေးအမြဲလိုက်စားတယ်။ ငယ်ငယ်တုန်းက ဘောလုံးသမား၊ တပ်မတော်အသင်းမှာ ဂိုးသမား၊ အောင်ဆန်းကွင်းမှာ ကစားခဲ့သူ၊ ပြီးတော့ ဘင်းနစ်ရိုက်တယ်။ ဆုတွေ ဖလားတွေရခဲ့တယ်။ နောက်တော့ ဂေါက်သီးရိုက်တယ်။ နေမကောင်းအမြဲဖြစ်တာက သမီးရဲ့အဘွား၊ နှလုံးရောဂါရှိလို့ ဖေဖေ အင်္ဂလန်ကို ပညာသင်သွားတုန်းက ခွဲစိတ်ကုသခဲ့တာ။ ဒါကြောင့် ဖေဖေက သူ့အတွက် အမြဲစိတ်ပူခဲ့ရတာ။ သံကြိုးစာရတော့ ချက်ချင်းပဲ ဆရာလုပ်သူဆီသွားပြီး ကျွန်တော်ပြန်တော့မယ်၊ ဘွဲ့ယူတဲ့အခမ်းအနားကို မတက်တော့ဘူးလို့ တင်ပြခဲ့တယ်။ သူကလည်းစိတ်မကောင်းဖြစ်တယ်။ ဘွဲ့ယူတဲ့အခမ်းအနား တက်စေချင်ပေမယ့် အခုလိုသေရေးရှင်ရေးကိစ္စမို့ မြန်မြန်ပြန်ဖို့ တိုက်တွန်းတယ်။ ဖေဖေ မြန်မာပြည်ရောက်တော့ သမီးရဲ့အဘိုးက အိပ်ရာထဲလဲနေပြီ၊ အသည်းကင်ဆာနဲ့။ တစ်သက်လုံးဆေးလိပ်မသောက်တဲ့သူ၊ အရက်မသောက်တဲ့သူက ဒီရောဂါရလို့နားမလည်နိုင်အောင်ဖြစ်ရတယ်။ ဖေဖေ့ရဲ့ဦးလေးတွေထဲမှာ ဆရာဝန် နှစ်ယောက်ပါတယ်။ တစ်ယောက်က မြန်မာပြည်ရဲ့ ဆေးသိပ္ပံမှာနာမည်ကြီးတဲ့ ပါမောက္ခဒေါက်တာဦးစိုးမြင့်။ မီးယပ်နဲ့သားဖွားအထူးကုဖြစ်တာမို့ လူတိုင်းက OG ဦးစိုးမြင့်လို့ ခေါ်ဝေါ်ကြတယ်။ သူကာ အဘိုးရဲ့ အခြေအနေကိုသိတော့ ကြိုးစားကြတာပေါ့။ ဒါပေမဲ့ မျှော်လင့်ချက်တော့ မရှိဘူး။ ဒါနဲ့ ဖေဖေတို့လည်းအနောက်တိုင်းဆေး၊ တိုင်းရင်းဆေးနဲ့ မျိုးစုံကြိုးစားတာပါပဲ။ အခုလို ဘိုးဘိုး အိပ်ရာထဲလဲနေတော့ သူ့ရဲ့သားချင်းတွေအားလုံးက အိမ်မှာလာပြီး အိပ်ကြတယ်။ သူတို့ရဲ့အစ်ကို၊ ညီ၊ မောင်ကို

အနီးကပ်ပြီး ပြုစုကြတာ။ ဘိုးဘိုးကလည်း သူရဲ့ အချစ်ဆုံးညီ လုပ်သူကျွေးမှု ထမင်းစားတော့တယ်။ ဖေဖေက ဘိုးဘိုးရဲ့ သားချင်းတွေရဲ့ အပြုအမူကိုကြည့်ပြီး တစ်ဖက်က ဘိုးဘိုးအတွက် စိတ်မကောင်းဖြစ်ပေမယ့် အခုလို စည်းစည်းလုံးလုံး ချစ်ချစ်ခင်ခင်နဲ့ ပြုစုကြတာ၊ ဂရုစိုက်ကြတာမြင်ပြီး ရင်ထဲမှာတော့ပီတိဖြစ်ရတယ်။ ဒါဟာ မိသားစုအစစ်ပဲ သမီး။ ဘိုးဘိုးဟာ ခြောက်လလောက် ရောဂါကိုအလူးအလဲခံစားရတယ်။ ဆုံးတော့ ဘိုးဘိုးရဲ့ အခေါင်းကို သူ့ရဲ့ညီခြောက်ဦးက ထမ်းကြတာ။

ဖေဖေတမိသားစုအပေါ် အလေးထားတာ၊ ဦးစားပေးတာ ဘိုးဘိုးဆီက သွေးပါလို့ထင်ပါရဲ့သမီး။ မိသားစုဟာ ဘာလဲသမီး။ **မိသားစုဟာ စိတ်ဓာတ်၊ ခံစားမှု၊ နားလည်မှု အကျင့်စာရိတ္တဖြစ်တယ်လို့ ဖေဖေထင်တယ်။ အမြဲတမ်းသင့်မြတ်ချင်မှ သင့်မြတ်မယ်၊ ရန်ဖြစ်တာ၊ မတည့်တာ ရှိကောင်းရှိမယ်။ ဒါပေမဲ့ အရေးကြုံလာရင်တော့ စည်းလုံးတယ်။ သည်းခံတယ်။ စောင့်ရှောက်တယ်။ မိသားစုစိတ်ဓာတ်လို့ပြောရင် 'ငါ ဆိုတာ မရှိဘူး' 'ဒို့တစ်တွေ' ဆိုတာပဲရှိတယ် သမီး။**

ဘိုးဘိုးရဲ့နောက်ဆုံးအချိန်ကို ပြန်သုံးသပ်ကြည့်ရင် ဘဝမှာ အရေးကြီးဆုံးဟာ မိသားစုဖြစ်ကြောင်း မြင်သာအောင် သက်သေပြခဲ့တာပါပဲသမီး။ မိဘတွေအနေနဲ့ ကိုယ့်ရဲ့ သားသမီးတွေအတွက် အကောင်းဆုံးလုပ်နိုင်တဲ့ကိစ္စကတော့ တစ်ယောက်နဲ့တစ်ယောက် မေတ္တာပြပြီး ချစ်ချစ်ခင်ခင် နေထိုင်ပေါင်းသင်းကြဖို့ပဲဖြစ်တယ်။ မိဘတွေဟာ သားသမီးတွေကို သွန်သင်ဆုံးမကြရမယ်။ ဒီတာဝန်ဟာ အရေးကြီးဆုံးပဲ။ အမှားနဲ့အမှန်၊ တရားတာနဲ့ မတရားတာကို သင်ပြရလိမ့်မယ်။ မိသားစုအတွင်း ဒီတန်ဖိုးထားမှုတွေ မသင်ပြနိုင်ရင် ပတ်ဝန်းကျင်က အစားထိုးပြီးဆောင်ရွက်ကြလိမ့်မယ်။ ပတ်ဝန်းကျင်သင်ကြားမှုကို လက်ခံရမှာသေချာတယ်။

မိသားစုတစ်စုမှာ ရှင်သန်မှုဟာ အခြေခံပေါ့။ ဒီအခြေခံကို မူတည်ပြီး တည်ငြိမ်မှုရအောင် ကြိုးစားကြရမယ်။ နောက်တစ်ဆင့်ကတော့ အောင်မြင်မှု၊ နောက်ဆုံးအဆင့်ကတော့ အရေးပါမှုဖြစ်တယ် သမီး။ ခိုင်မာတဲ့မိသားစုအတွင်းမှာ အရေးပါတဲ့ အခန်းကဏ္ဍလေးခုပါဝင်တယ်။ ပထမဆုံးကတော့ သင်ကြားမှု၊ သွန်သင်မှုပေါ့။ ဒုတိယအဆင့်လာတော့ မိသားစုအတွင်းမှာ စုစည်းမှုရှိအောင် ဖန်တီးရလိမ့်မယ်။ တတိယအပိုင်းက ဆုံးမမှုဖြစ်ပြီး နောက်ဆုံးအပိုင်းကတော့ နမူနာပြဖို့ဖြစ်တယ်။

မိသားစုမှာ ဘာအရေးကြီးသလဲ။ ဒါကိုဟောပြောပွဲမှာ ဖေဖေ ဖတ်ဖူးတဲ့အကြောင်းအရာတစ်ခုကို တင်ပြခဲ့တယ်။ တစ်ခါက ပါမောက္ခကြီးတစ်ဦးဟာ သူ့ရဲ့အတန်းရှေ့မှာရပ်ပြီး စားပွဲပေါ်မှာ ပစ္စည်းတချို့ချလိုက်တယ်။ အတန်းစတော့ ဆရာက အတော်အတန်ကြီးတဲ့ ဖန်ပေါင်းချောင်တစ်ခုကို ကောက်ယူပြီး ဘာမှမပြောဘဲ ဂေါက်သီးတွေနဲ့ ဖြည့်လိုက်တယ်။ ဖြည့်ပြီး ကျောင်းသားတွေကို ဖန်ပေါင်းချောင်ပြည့်နေပြီလားလို့ မေးလိုက်တယ်။ ကျောင်းသားတွေကလည်း ပြည့်ပြီလို့ဖြေကြတာပေါ့။ ဒါနဲ့ဆရာက စားပွဲပေါ်မှာ ရှိနေတဲ့ ကျောက်စရစ်ခဲတွေကို ဖန်ပေါင်းချောင်ထဲ လောင်းချလိုက်တယ်။ ပြီးတော့ ဖန်ပေါင်းချောင်ကို လှုပ်လိုက်တော့ ကျောက်စရစ်ခဲတွေဟာ ဂေါက်သီးတွေအကြားဝင်သွားတာပေါ့။ ဆရာက ဖန်ပေါင်းချောင်ပြည့်ပြီလားလို့ ထပ်မေးပြန်ရော။ ကျောင်းသားတွေက ပြည့်ပြီလို့ ပြန်ဖြေကြတယ်။ ဒါနဲ့ ဆရာလုပ်သူက စားပွဲပေါ်မှာ တင်ထားတဲ့ သဲတွေကို ဖန်ပေါင်းချောင်ထဲ သွန်ချလိုက်ပြန်ရော။ ပြီးတော့ ဖန်ပေါင်းချောင်ကို လှုပ်လိုက်တော့ သဲတွေဟာ ဖန်ပေါင်းချောင်ထဲ ပြည့်ဝင်သွားတာပေါ့။ ဒီတစ်ခါလည်း ဆရာက ဖန်ပေါင်းချောင်ပြည့်ပြီလားလို့ မေးပြန်တယ်။ ကျောင်းသားတွေကလည်း ပြည့်တယ်လို့ ဖြေကြားကြပြန်တယ်။ အခုလိုအားလုံးလုပ်ပြီးမှ

ပါမောက္ခဖြစ်သူက သူ့ရဲ့ဟောပြောမှုကို စခဲ့တယ်။ တကယ်တော့ ဖန်ပေါင်းချောင်ဟာ သင်တို့ရဲ့ ဘဝဖြစ်တယ်။ ဂေါက်သီးတွေကတော့ သင်တို့ရဲ့ဘဝမှာ အရေးကြီးအရာတွေပေါ့။ မိသားစု၊ သားသမီး၊ ကျန်းမာရေး၊ မိတ်ဆွေအပေါင်းအသင်း၊ ယုံကြည်မှု၊ ဝါသနာစတာတို့ပေါ့။ ကျန်တာတွေ အားလုံးဆုံးရှုံးပေမယ့် ဒါတွေ ကျန်သေးရင် သင့်ရဲ့ဘဝဟာ ပြည့်စုံဆဲပဲ။ ကျောက်စရစ်ခဲလုံးတွေကတော့ သင့်ဘဝအတွက် အရေးပါတဲ့ တခြားအရာတွေပေါ့။ အလုပ်အကိုင်၊ အိမ်ရာ၊ နေမှုထိုင်မှု။ သဲပွင့်တွေကတော့ အသေးအဖွဲတွေ၊ အရေးမကြီးတဲ့၊ လူတွေ အာရုံစိုက်နေတဲ့ ကျော်ကြားမှု၊ လုပ်မှုတွေ။ ဖန်ပေါင်းချောင်ထဲမှာ သဲတွေကို အရင်ထည့်လိုက်ရင် ကျန်တဲ့ ကျောက်စရစ်ခဲတွေ၊ ဂေါက်သီးတွေထည့်ဖို့ နေရာမရှိတော့ဘူး။ ပြည့်နေလို့လေ။

ဘဝမှာ ဒီလိုပါပဲ။ အရေးမကြီးတဲ့ကိစ္စတွေနဲ့ အချိန်ကုန်နေရင် သင့်ဘဝအတွက် အရေးပါတဲ့၊ အရေးကြီးတဲ့ကိစ္စတွေကို အာရုံမပြုနိုင်တော့ဘူးပေါ့ သမီး။ ဒါကြောင့် ဖေဖေက ပရိသတ်တွေကို မှာလိုက်တယ်။ ကိုယ့်ရဲ့ ပျော်ရွှင်မှု၊ စိတ်ချမ်းသာမှုအတွက် အရေးပါ တဲ့အချက်တွေကို အမြဲအာရုံပြုစေချင်တယ်။ ကိုယ့်ရဲ့ သားသမီးတွေနဲ့ ဆော့ကစားပါ။ မိဘတွေနဲ့ အချိန်ယူပါ။ အဘိုးအဘွားတွေရှိသေးရင် ရောက်အောင်သွားပါ။ အချိန်ယူပြီး ကျန်းမာရေးစစ်ပါ။ မိမိရဲ့ဇနီး၊ ခင်ပွန်းနဲ့အတူ အချိန်သုံးပါ။ ကျန်တာတွေဟာ အရေးမကြီးပါဘူး၊ သဲတွေပါ။

မိသားစုတစ်ခုမှာ အမြဲတမ်းဝေဖန်မှု၊ အပြစ်တင်မှုတွေနဲ့ ကလေးတစ်ယောက်က ရှင်သန်လာရင်၊ ကြီးပြင်းလာရင် သူဟာ အများကို ဝေဖန်ပြစ်တင်တတ်သူဖြစ်လာလိမ့်မယ်။ မိသားစုမှာ လုံခြုံရင်၊ သူဟာ ကြီးပြင်းလာရင် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်ရှိသူဖြစ်လာလိမ့်မယ်။ မိသားစုအတွင်းမှာ ခိုက်ရန်ဒေါသနဲ့ ပြည့်နေရင် ကြီးပြင်းလာရင် ရန်ဖြစ်တဲ့၊ ရန်လိုတဲ့သူဖြစ်လာလိမ့်

မယ်။ မိသားစုအတွင်းမှာ လက်ခံမှု၊ နားလည်မှုနဲ့ နေထိုင်ခဲ့တဲ့ ကလေးဟာ ကြီးပြင်းလာရင် မေတ္တာထားတတ်သူ၊ ကြင်နာတတ်သူ ဖြစ်လာလိမ့်မယ်။ မိသားစုအတွင်းမှာ ချီးကျူးမှု၊ လက်ခံမှုနဲ့ ပြည့်စုံရင် ကြီးပြင်းလာရင် ရည်မှန်းချက်၊ ရည်ရွယ်ချက်ပြည့်စုံသူ ဖြစ်လာလိမ့်မယ်။ မိသားစုအတွင်းမှာ ရင်းနှီးမှုချစ်ခင်မှုနဲ့ ပြည့်စုံရင် ကြီးပြင်းလာတဲ့အခါ ကမ္ဘာကြီးကို မြတ်နိုးတဲ့သူဖြစ်လာလိမ့်မယ်။

မိသားစုကိစ္စရပ်တွေအားလုံးမှာ အနားယူခြင်းဆိုတာ မရှိပါဘူး။ အငြိမ်းစားယူလို့မရပါဘူး။ အမြဲမသေမချင်းတာဝန်ရှိနေမှာပါပဲ။ ဖေဖေ့အယူအဆကတော့ ဘဝတစ်ခုဟာ ဘယ်လောက်မှ အသက်ရှည်ရှည်နေရတာမဟုတ်ပါဘူး။ **ဘဝတစ်ခုရဲ့ တန်ဖိုးဟာ အသက်ရှင်နေတဲ့အချိန်မှာ မိမိပတ်ဝန်းကျင်ကို ပေးဆပ်နိုင်မှုပဲ ဖြစ်တယ်။**

သမီးဟာ တစ်ဦးတည်းသော သမီးဖြစ်တာမို့ မိသားစုအရေအတွက်မများပါဘူး။ ဒါပေမဲ့ ဖေဖေ့အဖို့ကတော့ မိသားစုဟာ ဖေဖေရယ်၊ မေမေရယ်၊ သမီးရယ်တင်မက မေမေ့ရဲ့မောင်နှမတွေ၊ သားချင်းတွေ၊ ဖေဖေ့ရဲ့မောင်နှမတွေ၊ သားချင်းတွေဖြစ်တယ်။ ဒီရင်းနှီးတဲ့မိသားစုအပြင် မိမိရဲ့အိမ်နီးချင်းရပ်ကွက်၊ ကျေးရွာမှာ နေထိုင်ကြသူတွေကလည်း မိသားစုဝင်တွေပါပဲ။ တစ်နိုင်ငံလုံးမှာ နေထိုင်ကြတဲ့ သူတွေဟာလည်း သားချင်းတွေပဲ သမီး။ တစ်ကမ္ဘာလုံးမှာ ရှိကြသူတွေဟာလည်း မိသားစုဝင်တွေပဲ ဖြစ်တယ်။

ဒါကြောင့် တစ်ချိန်က ဒေါက်တာမောင်မောင်က *Burma in the Family of Nations* ဆိုတဲ့ စာအုပ်တစ်အုပ်ရေးသားပြုစုခဲ့တာ။ ဒီလိုအမြင်ရှိရင် တစ်ဦးနဲ့တစ်ဦး၊ တစ်နိုင်ငံနဲ့တစ်နိုင်ငံ ဆက်ဆံရန်ဒေါသအမျက်ပွားဖို့ ခက်မှာသေချာတာပေါ့။

မိသားစုတစ်စုမှာ အရေးကြီးဆုံးကိစ္စကို ပြောပါဆိုရင် ဖေဖေကတော့ Family Values လို့ခေါ်တဲ့ မိသားစုတစ်စု ယုံကြည်

လက်ခံတဲ့ တန်ဖိုးထားမှု ယုံကြည်မှုတွေပဲဖြစ်တယ်။ ဒီ Values တွေကို မိသားစုအလိုက် ရွေးချယ်ကြရမှာဖြစ်တယ်။ အကောင်းအဆိုး၊ အမှားအမှန်၊ ဓမ္မ၊ အဓမ္မ စတာတွေကို မိသားစုအတွင်း ဖော်ထုတ်ကြရလိမ့်မယ်။ တစ်ယောက်ကိုတစ်ယောက် လေးစားတဲ့၊ တစ်ဦးကိုတစ်ဦးယုံကြည်မှု အပြည့်ရှိတဲ့ မိသားစုပတ်ဝန်းကျင် တစ်ခုကို တည်ဆောက်နိုင်ဖို့ အမြဲကြိုးစားကြရလိမ့်မယ်သမီး။ သမီးလေးလည်း ကြီးပြင်းလာတဲ့အခါ ကိုယ့်ရဲ့ မိသားစုတစ်ခုတည်ဆောက်ရလိမ့်မယ်။ သမီးဘဝကနေ မိခင်ဘဝ၊ မိခင်ဘဝကနေ အဘွားဘဝ ပြောင်းရဦးမယ်။ ဘယ်လိုပဲပြောင်းပြောင်း ဖေဖေတို့၊ မေမေတို့ရဲ့ မိသားစုစိတ်ဓာတ်၊ တန်ဖိုးထားမှု၊ ယုံကြည်မှုတွေကို အမြဲမှတ်ယူနိုင်ပါစေ၊ ထိန်းသိမ်းနိုင်ပါစေလို့ ဖေဖေအမြဲဆုတောင်းပါတယ်။

■

# ဟောပြောပွဲအတွေ့အကြုံ (၁၄)

သမီးတက်နေတဲ့ကျောင်းက တစ်နှစ်တစ်ခါစစ်တဲ့ စာမေးပွဲ စနစ်ကိုမသုံးဘဲ စဉ်ဆက်မပြတ် ဆန်းစစ်ချက် (Continuous Assessment) ကိုလုပ်တော့ သမီးကစာမေးပွဲအတွေ့အကြုံမရှိသေးဘူးလေ။ ဖေဖေသင်နေတဲ့ MBA အတန်းမှာ ပထမသုံးလပတ်ပြီးလို့ ဖေဖေ့ကို စာမေးပွဲမေးခွန်းထုတ်ဖို့ပြောလာတယ်။ မေးခွန်းကို ကျောင်းမှာ သွားပေးရင်းနဲ့ နောက်ဆုံးအကြိမ် သင်ခန်းစာပေးရင်း သင်တန်းသားတွေကို ဖေဖေရဲ့ စာမေးပွဲအတွေ့အကြုံနှစ်ခုကို ပြောပြမိတယ်။

ဖေဖေ လေးနှစ်လောက် သုတေသနလုပ်ငန်းတွေပြီးတော့ ကြီးကြပ်တဲ့နေရာက ပါရဂူကျမ်းပြုစုခွင့်ပေးလိုက်တယ်။ ဒါနဲ့ ဖေဖေ စပြီးရေးတော့တာပေါ့။ ကျမ်းကြီးပြုစုပြီးတော့ နှုတ်ဖြေစာမေးပွဲ (Oral Examination) အတွက် ပြင်ဆင်ရတယ်။ နှုတ်ဖြေစာမေးပွဲ မလုပ်ခင် တစ်ရက်လောက်မှာ ဆရာက ဖေဖေ့ကိုလာပြောတယ်။ "မင်းငါနဲ့အတူ သုတေသနလုပ်ခဲ့တာ လေးနှစ်လောက်ရှိသွားပြီ။ ဒီတစ်ချိန်လုံးလုံးမှာ ငါကမင်းရဲ့ကြီးကြပ်သူဖြစ်ခဲ့တယ်။ ဒီတော့ မင်းကို ငါ အကြံပေးနိုင်တယ်။ ကူညီနိုင်တယ်။ စာမေးပွဲစစ်တဲ့ အချိန်မှာတော့ ငါဟာမင်းရဲ့ Supervisor မဟုတ်တော့ဘူး။ မင်းရဲ့ Examiner ။ စစ်ဆေးသူရဲ့ အလုပ်က မင်းမှာအရည်အချင်းရှိ

မရှိ စစ်ရမှာ။ ဒီတော့ မနက်ဖြန် စာမေးပွဲလုပ်တဲ့အခါမှာ ငါ့ရဲ့ ပြောင်းလဲသွားတဲ့ အခန်းကဏ္ဍ (Role) ကို မင်းသဘောပေါက်ရမယ်" ဆိုပြီး အကြာကြီးရှင်းပြတယ်။ သူပြောတာနားထောင်ပြီး ဖေဖေ့ စိတ်ထဲမှာ ပထမတော့ စိတ်မကောင်းဖြစ်မိတယ်။ ဖေဖေနဲ့ ဆရာရင်းနှီးချိန်ကလည်း လေးနှစ်သောက်ကြာပြီဆိုတော့ မနည်းဘူးလေ။ ဆရာတပည့်ဆိုတာထက် လုပ်ဖော်ကိုင်ဖက် သဘောဆောင်တာ။ အခုလို ကူညီသူ၊ အားပေးသူ၊ ညွှန်ပြသူအဖြစ်ကနေ စာစစ်သူအသွင် ပြောင်းသွားတာက ရုတ်တရက်မို့ စိတ်ထဲမှာ ခံစားရတာပေါ့။ ဒါပေမဲ့ အခုလို ကြည်ကြည်လင်လင် ပြတ်ပြတ်သားသား ပြောတဲ့အချက်ကို ဖေဖေ မီးမောင်းထိုးချင်တာပါ။ စာစစ်သူတစ်ဦးဟာ သူ့ရဲ့တာဝန်၊ သူ့ရဲ့ဝတ္တရားကို တိတိကျကျ ဖော်ထုတ်ဖို့ လိုတယ်လေ။ သံယောဇဉ်၊ ရင်းနှီးမှုကတစ်ပိုင်း၊ တာဝန်ကတာဝန်ပဲ။ စာစစ်သူတစ်ယောက်အဖို့ အားနာတဲ့စိတ်မရှိရဘူး။ သမာသမတ်နဲ့လုပ်သင့်တာလုပ်ရမယ့် တာဝန်ရှိရမှာ။

တစ်ခါတလေ အခန်းကဏ္ဍနှစ်ခုကို မခွဲခြားတတ်ရင် မလိုအပ်တဲ့ ပြဿနာတွေဖြစ်နိုင်တယ်။ ဒီခွဲခြားမှုဟာ ဆရာတစ်ယောက်အတွက် သိပ်အရေးကြီးတယ်။ သေသေချာချာသဘောပေါက်ဖို့လိုတယ်။ ဆရာတွေသာမက ကျောင်းသားတွေရော ကျောင်းသားမိဘတွေကပါ နားလည်ဖို့လိုအပ်တယ်။ နားလည်မှုအားနည်းရင် သဘောထားတွေ မှားယွင်းနိုင်တာပေါ့။

နောက်တစ်ခုကတော့ စာစစ်တဲ့ဆရာထားသင့်တဲ့စိတ်။ ဒါကို ဖေဖေကွက်ကွက်ကွင်းကွင်း မြင်ခွင့်ရတယ်။ ရလို့လည်း ဖေဖေ ဆင်ခြင်နိုင်တဲ့စိတ် အမြဲထားနိုင်မိတယ်။ ဖေဖေ နှုတ်ဖြေစာမေးပွဲနေ့ပေါ့။ နှုတ်ဖြေစာမေးပွဲမှာ ဖေဖေ့ကို စစ်မယ့်သူက နှစ်ဦး။ တစ်ဦးကတော့ ဖေဖေ့ရဲ့ကြီးကြပ်သူ၊ အခုတော့ စာစစ်သူပေါ့။ နောက်တစ်ဦးကတော့ ပြင်ပစာစစ်သူ (External Examiner)၊ ဒီပြင်ပစာစစ်က Leeds University က ကမ္ဘာကျော် ပါမောက္ခ။

နှစ်ယောက်စလုံးက ဖေဖေ ပြုစုထားတဲ့ကျမ်းကို အခြေခံပြီး မေးတော့မှာ။ စိတ်ကလှုပ်ရှားမိတာတော့ အမှန်ပဲ။ ဒါပေမဲ့ ကိုယ်လုပ်ထားတာကို ကိုယ်ယုံကြည်မှုအပြည့်။ အနှစ်နှစ်အလလ အကောင်းဆုံးဖြစ်အောင်လုပ်ပြီးပြီပဲ။ စိတ်ကတော့ တည်ငြိမ်ပါတယ်။ ဖေဖေဘမေးပွဲထိုင်နေတဲ့အချိန်မှာ ဌာနမှာ သုတေသနလုပ်တဲ့သူတွေ၊ Ph.D လုပ်နေတဲ့သူတွေက ထိုင်နေကြတယ်။ လေ့လာသူတွေအနေနဲ့ပေါ့။ စာမေးပွဲရှိတာက သတင်းစာထဲမှာ ကြေညာပြီး စိတ်ဝင်စားသူတိုင်းကို ဖိတ်ထားတာ။ နှုတ်ဖြေစတော့ တအောင့်ပဲကြာတာ။

ပြင်ပစာစစ်သူက ကျမ်းစာကိုသဘောကျတဲ့အကြောင်း၊ သူ့အနေနဲ့ အထွေအထူး မေးစရာမရှိတဲ့အကြောင်းပြောတော့ စာမေးပွဲပြီးပြီဆိုတာ သိလိုက်တယ်။ သူက မေးစရာမရှိတော့ဘူးလို့ ပြောတော့ ဖေဖေရဲ့ကြီးကြပ်သူက ဆက်မေးတယ်။ သူ့ မေးခွန်းတွေဟာ ဖေဖေ အလွယ်တကူဖြေနိုင်တာတွေဖြစ်တော့ ရှော့ရှော့ရှူရှူပဲ ပြီးသွားတယ်။ ဖေဖေ့ကို အပြင်ခဏထွက်ပေးပါလို့ ပြောတော့ ဖေဖေအခန်းအပြင်ဘက်ထွက်ပြီး စောင့်ခဲ့ရတယ်။ စိတ်ထဲမှာတော့ ရင်တွေခုန်နေတာ။ သူငယ်ချင်းတွေက ဝိုင်းပြီး အားပေးကြတယ်။ မင်းရမှာ သေချာပါတယ်။ ဘာမှစိတ်မပူနဲ့တဲ့။

ခဏကြာတော့ ဖေဖေ့ကို ဆရာကလာခေါ်တယ်။ ခေါ်ပြီး "Congratulations, Dr. Aung Tun Thet" လို့ပြောတော့ ဘယ်လိုပျော်မှန်းမသိဘူးသမီး။ ဖေဖေက ဒေါက်တာရူး ရူးခဲ့သူ။ ကျောင်းမှာ နည်းပြဆရာအဖြစ် စအလုပ်ဝင်ကတည်းက ဒေါက်တာဘွဲ့ကို ရအောင်လုပ်မယ်ဆိုပြီး စိတ်ထဲမှာခဲထားတာ။ ဖေဖေအားကျတဲ့သူတွေကလည်း ချမ်းသာတဲ့သူတွေ၊ ဂုဏ်ရှိတဲ့သူတွေ၊ ရာထူးကြီးတဲ့သူတွေ မဟုတ်ခဲ့ဘူး။ ပညာရှိတဲ့သူတွေကိုပဲ အားကျခဲ့တာ။ ဒေါက်တာဘွဲ့က ကျောင်းပညာမှာတော့ အထွတ်အထိပ်လေ။ ဒီတော့ Ph.D ကို သိပ်ရူးခဲ့တာ။

အဲဒီတုန်းကလည်း တက္ကသိုလ်မှာ နာမည်ကျော်ဆရာတွေ

က အများကြီးပဲ။ ဒေါက်တာမောင်မောင်ခ၊ ဒေါက်တာလှသွင်၊ ဒေါက်တာကျော်သက်၊ ဒေါက်တာ Findlay၊ ဒေါက်တာမောင်ရှိန်၊ ဒေါက်တာခင်မောင်ညွန့်၊ ဒေါက်တာခင်မောင်ကြည်၊ ဒေါက်တာအေးလှိုင်၊ ဒေါက်တာညီညီ။ သူတို့ကိုကြည့်ပြီး သိပ်သဘောကျတယ်။ အထင်ကြီးတယ်။ အားကျတယ်။ သူတို့တက်ရောက်ခဲ့တဲ့ ကျောင်းတွေကလည်း နာမည်ကြီးကျောင်းတွေ၊ Cambridge LSE၊ Columbia၊ London University၊ Cornell၊ Harvard၊ New York။ နောက်တော့ ဒေါက်တာမြင့်၊ ဒေါက်တာမျိုးညွန့်၊ ဒေါက်တာခင်မောင်ကြွယ်၊ ဒေါက်တာထွန်းလွင်၊ သူတို့ရလာတဲ့ Ph.D တွေကလည်း ထိုက်ထိုက်တန်တန်ရခဲ့တာ။ ခက်ခက်ခဲခဲရခဲ့တာ။ လွယ်လွယ်ကူကူနဲ့ရတာမျိုး၊ ဖြတ်လမ်းနဲ့ ရတာမျိုးမဟုတ်ဘူး။ အစစ်ခံတဲ့အခွဲတွေ။ ဘယ်လိုစမ်းစမ်း အစမ်းခံတာမျိုး။ ဒီတော့ သိပ်ကြည်ညိုစရာကောင်းတဲ့ဆရာတွေပဲ။

တကယ်တော့ သမီး။ အစစ်အမှန်ကိုမြင်ရတိုင်း အတုအယောင်တွေနဲ့ သိပ်ကွာတာကို သိရတာပါပဲ။ ဖေဖေ့ရဲ့အားကျမှုကိုအားပေးတဲ့တစ်ဦးကတော့ကလောင်နာမည် တက္ကသိုလ်ဘုန်းနိုင်ဆိုတဲ့ ဆရာကြီး ဦးခင်မောင်တင့်ပဲ။ သူ့ရဲ့ဝတ္ထုတွေကိုကြိုက်တာ၊ ပိုကြိုက်တာက ဆရာရဲ့ ဇာတ်လိုက်တွေအားလုံးလိုလိုက နိုင်ငံခြားမှာပညာသင်ခဲ့ပြီး မြန်မာပြည် ပြန်ပြီးတော့ သိပ်ချော၊ သိပ်လှတဲ့သူတွေနဲ့ရ၊ အားကျစရာပေါ့သမီး။ သူ့ရဲ့ဇာတ်ကောင်တွေကလည်း နာမည်ကြီးတက္ကသိုလ်ကို သွားခဲ့သူတွေဖြစ်ကြတာ။

ဖေဖေတို့ငယ်ငယ်တုန်းကတော့ တက္ကသိုလ်မှာ မဟာတွဲဟာ အမြင့်ဆုံးပဲ။ Ph.D ယူချင်ရင် နိုင်ငံခြားသွားရတယ်။ အခုတော့ ပြည်တွင်းမှာ Ph.D တွေထုတ်နေကြပြီ။ အရင်တုန်းက မရှိတာနဲ့စာရင် အခုလိုရှိတာကကောင်းတာပေါ့။ တိုးတက်တယ်လို့ပြောလို့ရတယ်။ တစ်ခုတော့ရှိတယ် သမီး။ ပေးတဲ့ဘွဲ့ကို အစာတ်နိုင်ဆုံး အဆင့်မီအောင်တော့ အမြဲကြိုးစားရလိမ့်မယ်။

Ph.D နဲ့ပတ်သက်လာရင် အဓိကအနေနဲ့ အပိုင်းနှစ်ပိုင်းရှိတယ်။ တစ်ပိုင်းကတော့ Theory အပိုင်း။ Ph.D ကျမ်းပြုစုတယ်ဆိုတာက သီအိုရီအသစ်တစ်ခုကို ထုတ်ဖော်တာပဲ။ အခုလို သီအိုရီအသစ်ထုတ်ဖော်နိုင်ဖို့ ရှိနေတဲ့သီအိုရီတွေကို သိဖို့ နားလည်ဖို့ သုံးသပ်ဖို့လိုတယ်။ တစ်နည်းအားဖြင့် သူများတွေလုပ်ထားတယ်ဆိုတာကိုပဲသိအောင် ပထမကြိုးစားရတယ်။ ဒါကိုသိဖို့က Literature Review လုပ်ရတယ်။ အရင်တုန်းကတော့ စာကြည့်တိုက်ကို သိပ်အားကိုးရတယ်။ အခုတော့ စာကြည့်တိုက်နဲ့အတူ Internet နဲ့တွဲပြီး ရှာရတယ်။ ဒါကြောင့် စာကြည့်တိုက် ကောင်းကောင်းရှိဖို့ သိပ်အရေးကြီးသလို တစ်ဖက်ကလည်း Internet ကို သုံးနိုင်ဖို့ အရေးကြီးပြန်တယ်။ Internet ကောင်းကောင်း မရရင် သိပ်မပြည့်စုံဘူးပေါ့။

အခုလို သီအိုရီအပိုင်းကို ပြီးပြည့်စုံအောင် ရှာဖွေပြီးရင် သူများမလုပ်သေးတဲ့အကြောင်းအရာကိုရှာပြီး ကိုယ်ပိုင်သီအိုရီအသစ်တစ်ရပ်ကို ထုတ်ဖော်ရတယ်။ ဒီသီအိုရီအသစ်ကို အဆိုပြုချက် (Hypothesis) နဲ့ ထုတ်ဖော်ရတယ်။ Theory အပိုင်းကို အနည်းဆုံးတစ်နှစ်ခွဲ၊ ၂ နှစ်လောက် အချိန်ပေးရတယ်။ အခုဆိုသီအိုရီပြီးတော့ သီအိုရီကို ထောက်ခံနိုင်မယ့် အထောက်အထားတွေရှာဖို့ ကွင်းဆင်းရတယ်။ စာရင်းကောက်ရတယ်။ စာရင်းဇယားပြုစုရတယ်။ တစ်နည်းပြောရရင် Field Work ပေါ့။ အချက်အလက်တွေစုစည်းပြီး တွက်ချက်မှုတွေလုပ်ပြီးမှ ကိုယ်ထုတ်ထားတဲ့ သီအိုရီတစ်နည်းအားဖြင့် အဆိုပြုချက် မှန်၊ မမှန်ကို ဆန်းစစ်ရတာ။ ဒီတော့ ရေးသားပြုစုတဲ့ Ph.D ကျမ်းမှာ ဒီနှစ်ပိုင်းစလုံးကို သပ်သပ်ရပ်ရပ် တင်ပြရတယ်။ ဒီနှစ်ပိုင်းစလုံးကို ဟန်ချက်ညီညီလုပ်ရတယ်။ တစ်ခုတစ်ပိုင်း ကောင်းရုံနဲ့မဖြစ်ဘူး။

နောက်အရေးကြီးတဲ့အပိုင်းကတော့ ကြီးကြပ်သူ (Supervisor) ဖြစ်တယ်။ ကြီးကြပ်သူကိုယ်တိုင်က သုတေသနလုပ်ဖူးသူ၊

ဖြစ်နိုင်ရင် Ph.D ရပြီးသူဖြစ်ရမယ်။ သုတေသန မလုပ်ဖူးဘူးဆိုရင် သုတေသနအလုပ်ကို ကြီးကြပ်နိုင်စွမ်းရှိမှာ မဟုတ်ဘူး။ ကြီးကြပ်မှုဟာ ရာထူးနဲ့မဆိုင်ဘူး၊ ပညာနဲ့သာဆိုင်တာ။ ဒါကြောင့် မှန်ကန်တဲ့ကြီးကြပ်မှု ပေးနိုင်ဖို့ သိပ်အရေးကြီးတယ်။ နောက်တစ်ပိုင်းကတော့ ပြင်ပစာစစ်သူ (External Examiner)၊ သူက **Independent Assessment** ဘက်မလိုက်တဲ့ဆန်းစစ်မှုကို လုပ်နိုင်တဲ့သူ။ သူကိုယ်တိုင်လည်း သုတေသနလုပ်နေသူ၊ ဘာသာရပ်နဲ့ ပတ်သက်လာရင်လည်း တီးခေါက်နိုင်သူဖြစ်ရမယ်။ အခုလို အချက်အလက်တွေ ပြည့်စုံရင်တော့ စံမီတဲ့ **Ph.D** မျိုးထုတ်နိုင်မှာပေါ့ သမီး။ ဖေဖေဖတ်ဖူး၊ ကြားဖူးတာက ပင်ပင်ပန်းပန်း ခက်ခက်ခဲခဲနဲ့ လုပ်မယ့်အစား ဘွဲ့ရရင်ပြီးရော၊ ဒေါက်တာအခေါ် ခံရရင်ပြီးရောဆိုပြီး ဖြတ်လမ်းလိုက်ကြတဲ့သူတွေရှိကြတယ်။ ဒီလူတွေဟာ မဖွံ့ဖြိုးသေးတဲ့နိုင်ငံမှာမက ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာတောင်ရှိကြတယ်။ ငွေပေးပြီး ဝယ်တဲ့သဘောပေါ့ သမီး။ သူများရေးပေးတဲ့ စာတမ်းကိုတင်တာမျိုးရှိတယ်။ ဘွဲ့ကို သက်သက်ရောင်းစားတဲ့ အယောင်ဆောင် တက္ကသိုလ်အတုတွေကလည်း ရှိနေတာကိုး။ ဒါကတော့ လိုအပ်ချက်ရှိနေသမျှ ဖြည့်ဆည်းပေးမယ့်သူတွေက ရှိစမြဲပဲသမီး။ လွယ်လွယ်နဲ့ဖြတ်လမ်းက ယူတဲ့သူတွေမှာ အပြစ်မရှိပါဘူး သမီး။ ဒါက ပတ်ဝန်းကျင်ရဲ့ဖိအားပေးမှုကြောင့်လို့ ဖေဖေ ထင်တယ်။ ဘွဲ့ရှိမှ အထင်ကြီးတတ်တဲ့ စိတ်ထားတွေရှိနေလို့ ဒီကိစ္စကို ဖျောက်ဖို့မလွယ်ပါဘူး။ **Law of Supply and Demand** ပေါ့သမီး။

အခုလို 'ဒေါက်တာ'လို့ အခေါ်ခံလိုက်ရတော့ ရင်ထဲမှာ ခံစားရတာကို ဖေဖေမပြောတတ်ဘူး။ နှစ်တွေအကြာကြီးမျှော်လင့်ခဲ့ရတာကိုရလို့ ကျေနပ်တာကတစ်ဖက်၊ Ph.D ဟာ အဆုံးမဟုတ်ဘဲ အစဖြစ်တာကိုသဘောပေါက်လို့ ငါလုပ်စရာတွေ အခုမှ စပြီလို့ စိတ်ထဲပေါ်တာကတစ်ဖက်ပေါ့။

အခန်းထဲ ဖေဖေပြန်ဝင်လာတော့ ပြင်ပစာစစ်သူက လက်ဆွဲနှုတ်ဆက်ပြီး ကျေနပ်ကြောင်း ဝမ်းသာကြောင်းပြောတယ်။ ဒါနဲ့ လုပ်စရာကလေးတွေလုပ်ပြီး ဖေဖေရယ်၊ ဆရာရယ်၊ ကြီးကြပ်သူရယ်၊ တက္ကသိုလ်စားသောက်ဆိုင်မှာရှိတဲ့ ဆရာ၊ ဆရာမတွေအတွက် သီးသန့်ဖွင့်လှစ်ထားတဲ့ဆိုင်ကိုသွားကြတယ်။

ဆိုင်ကိုရောက်ပြီး အစားအသောက်တွေမှာပြီးတော့ ပြင်ပစာစစ်သူပြောတဲ့စကားဟာ ဖေဖေသမီးကို ပြောပြချင်တဲ့ ဒုတိယတစ်ခုပေါ့။ "အခုအစားအသောက်ကုန်တာကို မင်းမပေးရဘူးနော်။ ငါဟာ မင်းကိုစာစစ်ရတဲ့သူ၊ မင်းပေးတာကို ငါစားခွင့်မရှိဘူး" လို့ ပြတ်ပြတ်သားသားပြောလိုက်တာ။ ဒီစကား ကြားရတော့ ဖေဖေ့ရင်ထဲမှာ ကြည်ညိုစိတ်တွေတဖွားဖွားပေါ်လာတယ်။ သူပြောတဲ့စကားကို ဖေဖေ ဘယ်တော့မှ မမေ့နိုင်ဘူး။ လူတိုင်း ဒါကို သတိထားရမယ်။ ဖေဖေကသာ အစားအသောက်အတွက် ငွေရှင်းလိုက်ရင် ဘယ်လိုမြင်ကြမလဲ။ ကျောင်းသားကျွေးတာ အထူးသဖြင့် စာစစ်ခံတဲ့ကျောင်းသားကျွေးတာကို စာစစ်သူကစားရင် ဘယ်လိုသဘောဆောင်သွားနိုင်မလဲ။ ဒီကိစ္စမျိုး အမြဲစဉ်းစားရလိမ့်မယ်သမီး။ ကြည်ကြည်ဖြူဖြူကျွေးတာကိုစားတာ ဘာဖြစ်သလဲ။ ဘာမှအပြစ်မရှိဘူးလို့ထင်နိုင်မယ်။ ဒါပေမဲ့ တကယ်တော့ လူတွေရဲ့စိတ်ထဲ သံသယစိတ်နည်းနည်းမှမဝင်အောင် သတိထားရမှာ။ **စည်းကမ်းဆိုတာ အမြဲထားရမယ်။ သူများအထင်မှား၊ အမြင်မှား မဖြစ်အောင် အမြဲဆင်ခြင်ရမယ်။ ကိုယ်က မဟုတ်တာ မလုပ်ရင်တောင် သူများက ထင်ယောင်ထင်မှား မဖြစ်အောင် အမြဲဆင်ခြင်ရမယ်။**

ဖေဖေရခဲ့တဲ့သင်ခန်းစာနှစ်ခုကို MBA တက်နေသူတွေကို ပြောပြခွင့်ရတဲ့အတွက် သိပ်ကျေနပ်မိတယ်။ သူတို့တစ်တွေဟာ စီးပွားရေးအလုပ်တွေ၊ အုပ်ချုပ်ရေးအလုပ်တွေမှာ တာဝန်ယူလုပ်နေကြသူတွေဖြစ်ကြတယ်။ သူတို့အဖို့ အမှားအမှန်ကို ခွဲခြားသိနိုင်

တဲ့ ပညာကို သင်ပေးနိုင်ဖို့လိုတယ်။ နည်းပညာ (Techniques) တွေက သင်ဖို့လွယ်တယ်။ ခက်တာက **Mind-Set** မှန်ကန်တဲ့စိတ် ဖြောင့်မတ်တဲ့စိတ်ရှိဖို့ကို နမူနာတွေပြပြီး နားလည်လာအောင်လုပ် ရမှာ။ စီးပွားရေးလုပ်လို့ အမြတ်တစ်ခုတည်းကိုကြည့်ပြီး ကြီးပွား လိုတဲ့ စိတ်မျိုးမရှိအောင် သွန်သင်ဖို့သိပ်အရေးကြီးတယ်။ ပတ်ဝန်း ကျင်မှာ ဖြစ်နေတာက တစ်ခုပဲ။ ဒီပတ်ဝန်းကျင်က စေခိုင်းသလို မလုပ်ဖို့က ကိုယ့်ရဲ့အဆုံးအဖြတ်လေ။

မှားတယ်မှန်တယ်ဆိုတာ လူတိုင်းသိပါတယ်သမီး။ မှား မှန်းသိရဲ့နဲ့ မလုပ်မိဖို့က အရေးကြီးတာပါ။ ဒါက မိမိရဲ့တန်ဖိုး ထားမှုနဲ့ ယုံကြည်ချက်အပေါ် မူတည်တာပေါ့။ ဒါကြောင့် ဖေဖေ ရော၊ မေမေရော သမီးလေးကို အမြဲတမ်းမှန်ကန်တဲ့စိတ်ထားမျိုး ပြုစုပျိုးထောင်နိုင်အောင် ကြိုးစားနေတာပေါ့။

■

## ဟောပြောပွဲအတွေ့အကြုံ (၁၅)

တစ်နေ့က ဖေဖေ MPA သင်တန်းမှာ သုတေသနလုပ်ထုံးလုပ်နည်းအကြောင်း ဆွေးနွေးပွဲလုပ်ခဲ့တယ်။ ဒီသင်တန်းမှာ ဒုတိယနှစ်တက်နေတဲ့ ကျောင်းသား/သူတွေဟာ စာမေးပွဲပြီးရင် စာတမ်းတွေ ရေးသားပြုစုကြရတော့မှာ။ စာတမ်းရေးတယ်ဆိုတာက တကယ်တော့ သုတေသနလုပ်ငန်းတစ်ခုနဲ့ ပတ်သက်လို့ အစီရင်ခံစာတစ်ခုပဲ။ ဒါကြောင့် သုတေသနမလုပ်ဘဲ စာတမ်းမရေးနိုင်ဘူး။ ပြီးတော့ သုတေသနလုပ်နည်းလုပ်ဟန်ကိုမသိဘဲ သုတေသန ဘယ်လုပ်နိုင်လိမ့်မလဲသမီး။ တစ်ခါတလေ သုတေသနလုပ်နည်းလုပ်ဟန်ကိုမသိဘဲ သုတေသနလုပ်နေတာ တွေ့ရတော့ ဖေဖေ စိတ်မကောင်းဖြစ်ရတယ်။ သုတေသနကို လူတိုင်း မလုပ်နိုင်ဘူးလေ။ သုတေသနလုပ်နည်းသိသူတွေကတော့ လုပ်နိုင်တာပေါ့။ ဒါကြောင့် သုတေသနလုပ်နည်းအကြောင်း ဟောပြောပို့ချချင်တယ်လို့ ဌာနမှူးကို ပြောပြတော့ သူကလည်း သဘောတူတယ်။ ကျောင်းသား/သူတွေကလည်း ကြိုဆိုကြတယ်။ အဲဒီနေ့က တစ်ခန်းလုံးလူအပြည့် ဖေဖေက ဘာကြောင့် လူဒီလောက်များနေလဲလို့မေးကြည့်တော့ နေ့ ကျောင်းသား/သူတွေပါ ပါလို့ပြောတယ်။ ပါရဂူဘွဲ့စာတမ်းပြုစုနေတဲ့ ဆရာမတွေကိုလည်း တွေ့လိုက်ရတယ်။

ဖေဖေက ဆရာဖြစ်လာကတည်းက သုတေသနလုပ်ငန်း

ကို စိတ်ဝင်စားခဲ့တာ။ စီးပွားရေးတက္ကသိုလ် စဝင်တုန်းက နည်းပြဆရာအဖြစ်နဲ့ သုတေသနဌာနမှာစပြီး အလုပ်ဝင်ရတာ။ နောက်မှ ဝါဏိဇ္ဇဗေဒဌာနကို ပြောင်းခဲ့တာ။ သုတေသနဌာနမှာမို့ သုတေသနအကြောင်း လေ့လာရတယ်။ သုတေသနလုပ်တာ ဘယ်လိုလုပ်ရတယ်ဆိုတာ ဖတ်ရတယ်မှတ်ရတယ်။ လက်တွေ့လုပ်ကြည့်ရတယ်။ ဖေဖေ ပါရဂူဘွဲ့အတွက် ကျမ်းကြီးပြုစုတဲ့အခါကျတော့ သုတေသနလုပ်ငန်းကို ပိုပြီးလေ့လာရတယ်။ ဘွဲ့ရပြီး ရန်ကုန်ပြန်ရောက်တော့ သုတေသနလုပ်ငန်းတွေ အမျိုးမျိုးလုပ်ခဲ့ရတယ်။ စီးပွားရေးနဲ့ဆိုင်တဲ့သုတေသန၊ ကျန်းမာရေးနဲ့ဆိုင်တဲ့သုတေသန၊ သမဝါယမနဲ့ဆိုင်တဲ့ သုတေသနစာတမ်းဖတ်ပွဲတွေမှာလည်း စာတမ်းမျိုးစုံရေးသားပြုစုပြီး တင်သွင်းခဲ့ရတယ်။ သိပ်ပျော်စရာကောင်းတာ။ နောက် ဖေဖေ ပါရဂူဘွဲ့လွန်အတွက် ဂျာမနီနိုင်ငံသွားတော့လည်း သုတေသနလုပ်ငန်းတွေ ထပ်လုပ်ရပြန်ရော။ ဒါပေမဲ့ ဖေဖေ့ရဲ့ သုတေသနလုပ်ငန်းက သမိုင်းနဲ့ပတ်သက်တော့ ပုံစံတစ်မျိုး၊ ချဉ်းကပ်ပုံတစ်မျိုးနဲ့ လုပ်ခဲ့ရတာ။ သုတေသနတွေ့ရှိချက်ကို ဖေဖေကစာအုပ်တစ်အုပ်ရေးခဲ့တယ်။

နောက်တော့လည်း သုတေသနတွေ ဆက်လုပ်ရပြန်တယ်။ ကျန်းမာရေးဝန်ကြီးဌာန ပြောင်းသွားတော့လည်း သုတေသနတွေ ဆက်လုပ်ရတယ်။ ဖေဖေ UN မှာတာဝန်ယူတော့လည်း သုတေသနတွေ ဆက်လုပ်ရပြန်ရော။ အားလုံးပေါင်းလိုက်ရင် သုတေသနလုပ်သက် အနှစ် ၄၀ လောက်ရှိခဲ့တာ။ ဖေဖေက ဒါကြောင့် သုတေသနနဲ့အသက်မွေးတဲ့ 'သုတေသီ' တစ်ယောက်လို့ ကိုယ့်ကိုယ်ကိုယ် ပြန်ခံယူတယ်။ ဂုဏ်ယူတယ်။ မြတ်နိုးတယ်။ သုတေသနဆိုတဲ့စကားလုံးဟာ ပါဠိလို သုတေသနလို့ခေါ်ကြောင်း ဖေဖေကြားဖူးတယ်။ တစ်နည်းပြောရရင် မသိသေးတဲ့ အရာကို ရှာဖွေခြင်းဖြစ်တယ်။ အင်္ဂလိပ်လိုတော့ Research လို့ခေါ်တယ်။ ဒီစကားလုံးမှာ Search ရှာဖွေခြင်းဆိုတဲ့ အဓိပ္ပာယ်

နှုံသလို Re-search ပြန်လည်ရှာဖွေခြင်း ဆိုတဲ့သဘောလည်း ပါတယ်။ တစ်နည်းပြောရရင် မသိသေးတဲ့ အသစ်တွေသိအောင် ရှာသလို သိပြီးသားတွေကို ပုံစံတစ်မျိုးနဲ့သိအောင် ကြိုးစားတာဖြစ် ဘယ်။ ဒါကြောင့် သုတေသနလုပ်ငန်းဟာ အသိတရားတိုးအောင် လုပ်တဲ့အလုပ်တစ်ခုသာဖြစ်တယ်။ ဖေစ်ခုတော့ရှိတယ်သမီး။ သုတေသနလုပ်တာ၊ ဝါသနာပါလို့ လုပ်တာမျိုး၊ လုပ်ချင်လို့ လုပ်တာမျိုးပဲဖြစ်သင့်တယ်။ ခိုင်းလို့လုပ်ရတာမျိုးမဖြစ်သင့်ဘူးပေါ့။

သုတေသနကို သာမန်အားဖြင့် သုတေသနသန့်သန့် (Pure) နဲ့ အသုံးချသုတေသန (Applied) ရယ်လို့ ခွဲခြားလေ့ရှိကြ တယ်။ သိပ္ပံပညာရပ်နဲ့ပတ်သက်လာရင် များသောအားဖြင့် သုတေ သနသန့်သန့်ဆောင်ရွက်ကြပြီး ဖေဖေတို့ရဲ့ လူမှုရေးသိပ္ပံဘာသာ ရပ်တွေမှာတော့ အသုံးချသုတေသနလုပ်တာ များကြတယ်။ ဖေဖေ တို့ လေ့လာတဲ့ စီးပွားရေးပညာ၊ စီမံခန့်ခွဲမှုပညာတွေကို လူမှုရေး သိပ္ပံလို့ သတ်မှတ်ကြတယ်။ ဒါကြောင့် တစ်ချိန်ကဆို စီးပွားရေး တက္ကသိုလ်အဆောက်အအုံကို လူမှုရေးသိပ္ပံ၊ မဟာဌာနရယ်လို့ ခေါ်ဝေါ်ခဲ့တာ။ ဖေဖေတက္ကသိုလ်ရောက်တုန်းက BOC College လို့ခေါ်တဲ့ တက္ကသိုလ်ဘောလုံးကွင်းအနားမှာရှိတဲ့ အဆောက်အအုံ မှာ ကျောင်းတက်ရတာ။ အဲဒီမှာ ဥပမာ - ဝိဇ္ဇာ နှစ်နှစ်တက်ပြီးမှ စီးပွားရေးတက္ကသိုလ်မှာ နှစ်နှစ်ဆက်တက်ရတာ။ BOC နဲ့ စီးပွားရေးတက္ကသိုလ်ဟာ တက္ကသိုလ်ရိပ်သာလမ်းပဲ ခြားပေမယ့် ဖေဖေရဲ့ စိတ်ထဲမှာတော့အဝေးကြီးပဲ။ တစ်ဖက်က အတန်းငယ် တက်ရတဲ့ ကျောင်းသား၊ နောက်တစ်ဖက်ကတော့ ဘွဲ့ရတော့မယ့် ကျောင်းသား၊ သိပ်ကွာခြားနေသလိုပဲသမီး။

သုတေသနဆောင်ရွက်မှုကို သိပ္ပံပညာရှင်များကပဲ လုပ် ကြတယ်လို့ ပြောလေ့ရှိကြတယ်။ ဒီလိုပြောရင် ရူပဗေဒ၊ ဓာတုဗေဒ လေ့လာတဲ့သူတွေပါဝင်သလို စိတ်ပညာ၊ စီးပွားရေးပညာ၊ ဥပဒေ ပညာလေ့လာသူတွေလည်း ပါဝင်တာပေါ့။ လေ့လာတဲ့ ဘာသာရပ်

တွေ မတူပေမယ့် အခြေခံကတော့ သိပ္ပံနည်းကို အသုံးချကြတာဖြစ်တယ်။ ဒါကြောင့်လည်း တစ်ခါတလေ သုတေသနလုပ်သူတွေကို သိပ္ပံလူ့အဖွဲ့အစည်း (Scientific Community)လို့ ခေါ်ဝေါ်သတ်မှတ်ကြတာ တွေ့ရတယ်သမီး။ ဒီသိပ္ပံလူ့အဖွဲ့အစည်းကို သုတေသီတွေနဲ့ စုပေါင်းဖွဲ့စည်းထားတယ်လို့လည်း သတ်မှတ်ကြတယ်။ ဒီသိပ္ပံလူ့အဖွဲ့အစည်းရဲ့ အဖွဲ့ဝင်တွေဟာ များသောအားဖြင့် ပါရဂူ (Ph.D) ဘွဲ့ရတဲ့သူတွေ ပါဝင်တာတွေ့ရတယ်။ ဒီလူ့အဖွဲ့အစည်းရဲ့ ဆောင်ရွက်ချက်တစ်ခုကတော့ ဆောင်ရွက်ခဲ့တဲ့ သုတေသနတွေကို စာတမ်းပြုစုပြီး ဂျာနယ်တွေမှာ ထည့်သွင်းဖော်ပြခြင်းပဲဖြစ်တယ်။ အခုလိုဂျာနယ်တွေမှာ ထည့်တာနဲ့ ပတ်သက်လို့ သိပ်ချစ်စရာကောင်းတဲ့အကျင့်တစ်ခုကို သမီးကို ပြောပြချင်တယ်။

သုတေသီတစ်ယောက် စာတမ်းပြုစုပြီး ဂျာနယ်ထဲပါချင်ရင် ပထမဦးဆုံး စာတမ်းကို စာတည်းအဖွဲ့ကို တင်သွင်းရတယ်။ စာတည်းအဖွဲ့က ပဏာမစိစစ်ပြီးတဲ့အခါ စာတမ်းကို ဆက်ပြီး တည်းဖြတ်ဖို့ ပညာရပ်ဆိုင်ရာ ပညာရှင်တွေဆီပို့တယ်။ ပို့တဲ့အခါ စာတမ်းကို ဘယ်သူကရေးတယ်လို့ မဖော်ပြဘဲပို့ရတယ်။ ဒီတော့ တည်းဖြတ်တဲ့ ပညာရှင်တွေအနေနဲ့ ရေးတဲ့ပုဂ္ဂိုလ်ကိုမသိဘဲ တည်းဖြတ်ရတာ။ ဒီလိုလုပ်တာ ဖေဖေက သိပ်သဘောကျတယ်။ စာတမ်းကို တည်းဖြတ်တာမှာ ရေးတဲ့စာတမ်းကိုပဲ အခြေခံပြီး ဘယ်သူဘယ်ဝါရေးလို့ လက်ခံတဲ့ဘက်လိုက်မှုမျိုး မရှိနိုင်တော့ဘူးပေါ့။ စာတမ်းတစ်ခုကို စိစစ်တဲ့နေရာမှာ စာတမ်းရဲ့အရည်အသွေးအပေါ်သာ ဆုံးဖြတ်ရမှာဖြစ်တယ်။

တက္ကသိုလ်ရယ်လို့ သတ်မှတ်ရင် တက္ကသိုလ်ရဲ့ အနှစ်သာရ၊ တက္ကသိုလ်ရဲ့ တန်ဖိုးဟာ သုတေသနလုပ်ငန်းတွေအပေါ်မူတည်တယ်။ တစ်နည်းပြောရရင် ဒီတက္ကသိုလ်မှာရရှိတဲ့ သိပ္ပံလူ့အဖွဲ့အစည်းပေါ့။ နိုင်ငံခြားတက္ကသိုလ်တွေကို ဆန်းစစ်တဲ့အခါ

အသုံးများတဲ့ ပေတံတစ်ခုကတော့ သုတေသနလုပ်ငန်းဆောင်ရွက်ချက်ပဲ သမီး။ နာမည်ကြီးတဲ့တက္ကသိုလ်ဖြစ်ဖို့ ဒီတက္ကသိုလ်မှာ တာဝန်ယူနေတဲ့၊ စာသင်နေတဲ့ ဆရာတွေက သုတေသနကို တစိုက်မတ်မတ် လုပ်နေရမယ်။ ဒါမှ ဒီတက္ကသိုလ်ဟာ ရှေ့တပြေးနေတဲ့ သဘောရှိတာ။ ဒါကြောင့်လည်း တက္ကသိုလ်တစ်ခုတည်းမှာတောင် သုတေသန ဆောင်ရွက်မှုအပေါ် အခြေခံပြီး ဌာနတွေရဲ့ အဆင့်အတန်း၊ အရည်အသွေးကို ခွဲခြားသတ်မှတ်တာတွေ့ရတယ်။ ဌာနတစ်ခုမှာ နိုဘယ်လ်ဆုရ (Nobel prize winners) ဘယ်နှဦးရှိတယ်ဆိုတဲ့ ပေတံကို သုံးတာကိုလည်း တွေ့ရတယ်။ ဆုရတဲ့ ပညာရှင်တွေများလေလေ ဌာနရဲ့အရှိန်အဝါ၊ တက္ကသိုလ်ရဲ့ အရှိန်အဝါ တက်လေလေပေါ့သမီး။ သုတေသနဆိုတာဘာလဲ။ သုတေသနလုပ်ငန်းရဲ့အစက သုတေသနမေးခွန်းပဲဖြစ်တယ်။ သိချင်တာ မသိသေးတာကို မေးခွန်းထုတ်ပြီး အဖြေရှာရတာဖြစ်တယ်။ ဒီတော့ သုတေသန လုပ်ငန်းဟာ မေးခွန်းတွေဘယ်ကရမှာလဲ။ မေးခွန်းတွေဟာ သုတေသီရဲ့ စူးစမ်းမှု၊ တစ်နည်းပြောရရင် စပ်စုမှုကို အခြေခံပြီး ထွက်လာတာပေါ့။ သုတေသီဟာ အခုလိုမေးခွန်းထုတ်ပြီး ထုတ်ထားတဲ့ မေးခွန်းအတွက် ဖြစ်နိုင်ခြေရှိမယ့်အဖြေကို ပြန်ပေးရပြန်တယ်။ အဆိုပြုချက်လုပ်တာပေါ့။ အခုလိုမေးခွန်းထုတ်ပြီး ဖြစ်နိုင်ခြေရှိမယ့် အဖြေတွေပေးရတာဟာ သုတေသနလုပ်ငန်းရဲ့ အခြေခံပဲဖြစ်တယ်။ ဒီအဖြေတွေဟုတ်မဟုတ် ဆန်းစစ်ဖို့ စာရင်းဇယားတွေ ကောက်ယူပြုစုပြီး သုံးသပ်တာပဲဖြစ်တယ်။ ဒါကြောင့် စာရင်းကောက်တာက နောက်မှလုပ်ရတဲ့အဆင့်။ သုတေသနအကြောင်း မသိတဲ့သူတွေကစာရင်းကောက်တာကို သုတေသနအလုပ်လို့ ထင်ကြတာ။ အမှန်တော့ မဟုတ်ဘူးသမီး။ သုတေသနလုပ်ငန်းကို အသေးစိတ်သုံးသပ်ရင် အဆင့်ခုနစ်ဆင့် ရှိတာတွေ့ရတယ်။ ဒီအဆင့်တွေကို တစ်ဆင့်ပြီးတစ်ဆင့် လုပ်ရမှာဖြစ်တယ်။ တစ်ခုတော့ရှိတယ်။ ဒီအဆင့်တွေကို တန်းစီပြီးလုပ်ရတဲ့

သဘောမဟုတ်ဘဲ တစ်ခါတလေ နောက်ပြန်သွားရတဲ့ သဘောမျိုးလည်းရှိတယ်။ ပထမဆုံးအဆင့်က ခေါင်းစဉ်ရွေးချယ်မှု ဖြစ်တယ်။ ဒီခေါင်းစဉ်ရွေးတာကတော့ ကိုယ့်ရဲ့ဘာသာရပ်အလိုက် လေ့လာမှုကို အခြေခံပြီးရွေးရတာ။ ခေါင်းစဉ်ရွေးပြီးရင် ဒုတိယအဆင့်မှာ သုတေသန မေးခွန်းထုတ်ဖော်ရတယ်။ ဒီမေးခွန်းဟာ ခေါင်းစဉ်နဲ့ ဆီလျော်ရမှာပေါ့။ တတိယအဆင့်ကတော့ သုတေသနဆောင်ရွက်မယ့် ပုံစံဒီဇိုင်းကို စဉ်းစားရတယ်။ ဖေဖေကတော့ အဆင့်သုံးဆင့်ဟာ သုတေသန လုပ်ငန်းအတွက် အရေးကြီးဆုံးအဆင့်တွေ ဖြစ်တယ်လို့ ယူဆတယ်။ သုတေသနရဲ့ အရည်အသွေးဟာ ဒီအဆင့်သုံးဆင့်အပေါ်မှာ မူတည်တယ်။ အခုလိုအဆင့်သုံးဆင့်ကို သပ်သပ်ရပ်ရပ်ဆောင်ရွက်ပြီးရင် ကျန်တဲ့အဆင့်တွေက အလိုလို ဖြစ်လာမှာပဲ။

စတုတ္ထအဆင့်က သုတေသနပုံစံအပေါ် အခြေခံပြီး စာရင်းကောက်ပြုစုရတယ်။ အဆင့် ၅ ကတော့ ပြုစုထားတဲ့ စာရင်းအချက်အလက်တွေကို စိစစ်ဆန်းစစ်တွက်ချက်ပြီး ဆဋ္ဌမအဆင့်မှာ ဆန်းစစ်မှုအပေါ် အခြေခံပြီး အဓိပ္ပာယ်ဖော်ထုတ်ဖွင့်ဆိုရတာ။ နောက်ဆုံးအဆင့်ကတော့သုတေသနက ရရှိတဲ့အချက်အလက်တွေကို အများသိအောင် လုပ်တာ၊ ရေးသားတာဖြစ်တယ်။ ဒီတော့ သုတေသနလုပ်ငန်းစဉ်ဟာ သပ်ရပ်တယ်။ အဓိပ္ပာယ်ရှိတယ်။ လေးနက်တယ် သမီး။ တစ်ခါတလေ အဆင့် ၅ မှာ စာရင်းအချက်အလက်တွေကို ဆန်းစစ်ပြီးတဲ့အခါ လိုသေးလို့ စာရင်းအတွက် လက်တွေ့ထပ်ကောက်တဲ့ အဆင့် ၄ လည်း ရှိနိုင်တယ်။ ဒီလိုပဲ အဆင့် ၂ မှာ သုတေသနပုံစံဖော်တဲ့အခါ အဆင့်နှစ်ဖြစ်တဲ့ မေးခွန်းပြန်ထုတ်ရတာမျိုးလည်းရှိတယ်။ ဒီသုတေသနအဆင့်နှစ်ဆင့်ရဲ့ အခြေခံကျောရိုးကတော့ သီအိုရီပဲဖြစ်တယ်။ ဒါကြောင့် သုတေသီတွေအနေနဲ့ သီအိုရီပိုင်ဖို့လိုတယ်။ သီအိုရီပိုင်ဖို့ဆိုပြန်လည်း လေ့လာလိုက်စားမှုအပေါ် အခြေခံတာပေါ့။

သုတေသနလုပ်ငန်းကို ရှုထောင့်လေးမျိုးနဲ့ သုံးသပ်နိုင်တာတွေ့ရတယ်။ ပထမရှုထောင့်ကတော့ စောစောက ဖေဖေပြောခဲ့တဲ့ သုတေသနသန့်သန့်နဲ့ အသုံးချ သုတေသနခွဲခြားမှုဖြစ်တယ်။ ဒုတိယရှုထောင့်ကတော့ သုတေသနလုပ်ငန်းရဲ့ ဦးတည်ချက်ပဲဖြစ်တယ်။ သုတေသနလုပ်ငန်းမှာ ဖော်ပြမှု၊ ဖြေရှင်းမှုနဲ့ စမ်းသပ်မှုရယ်လို့ ရည်ရွယ်ချက်၊ ဦးတည်ချက်သုံးမျိုးရှိနိုင်တာ တွေ့ရတယ်။ တတိယရှုထောင့်ကတော့ သုတေသနပုံစံ ရွေးချယ်တဲ့နေရာမှာ အချိန်ကာလ ရွေးချယ်မှုပဲဖြစ်တယ်။ နောက်ဆုံးရှုထောင့်ကတော့ စာရင်းအချက်အလက်တွေ ကောက်ယူပြုစုတဲ့ပုံစံပဲဖြစ်တယ်။

ဖေဖေက သမီးကို သုတေသနအကြောင်း ပြည့်ပြည့်စုံစုံ ပြောပြရှင်းပြပေမယ့် တစ်ခါတလေ သုသေတနမလုပ်ဘဲ အသိတရားရနိုင်တာ တွေ့ရတယ်။ မိမိရဲ့ ကိုယ်တွေ့ အတွေ့အကြုံအပေါ် အခြေခံပြီး အသိတရားရတာမျိုးရှိသလို ထုံးထမ်းအစဉ်အလာကနေ အသိရတာလည်း ရှိနိုင်တယ်။ ယုံကြည်ထိုက်တဲ့သူတွေဆီက အသိရတာမျိုးလည်း ရှိတာတွေ့ရပြန်တယ်။ ဒီတော့ အသိတရားကို ပုံစံအမျိုးမျိုးနဲ့ ရနိုင်ပေမယ့် သုတေသနလုပ်ပြီးရတဲ့ အသိတရားဟာ အခိုင်မာဆုံးဖြစ်တာ တွေ့ရတယ်သမီး။

နောက်ဆုံးအနေနဲ့ ဖေဖေက သမီးကို သုတေသီတွေမှာ ရှိသင့်တဲ့ အရည်အချင်းတွေကို ပြောပြချင်တယ်။ သုတေသီက မှန်ကန်မှုကို မြတ်နိုးတဲ့သူဖြစ်ရမယ်။ အမှန်တရားကိုချစ်တဲ့သူ၊ ရိုးသားဖြောင့်မတ်တဲ့သူ ဖြစ်ရမယ်။ ကိုယ့်အကြောင်းကိုယ်သိသူဖြစ်ဖို့ လိုတယ်။ နောက်ဆုံးအနေနဲ့ကတော့ သုတေသီတစ်ဦးဟာ စိတ်ကူးစိတ်သန်း ကောင်းဖို့လိုအပ်တယ်သမီး။

ဖေဖေက သမီးအိမ်စာလုပ်တာကိုကြည့်ပြီး သိပ်သဘောကျတာ။ သမီးက စာကျက်တာမျိုးမဟုတ်ဘဲ ဆရာမက ညွှန်ကြားလိုက်တာကို စူးစမ်းရှာဖွေနေရတာ။ တကယ်တော့ ဒါဟာ သုတေသနလုပ်တာပဲ သမီး။ အခုလို ငယ်ငယ်ကတည်းက သုတေသန

လုပ်ငန်းကို ယဉ်ပါးတဲ့ သမီး ထိတွေ့နေတဲ့သမီးဟာ ကြီးလာရင် ပိုပြီး အကျိုးရှိတဲ့ သုတေသနအလုပ်တွေ လုပ်နိုင်လိမ့်မယ်လို့ ဖေဖေ ယုံကြည်ပါတယ်။

■

## ဟောပြောပွဲအတွေ့အကြုံ (၁၆)

တစ်နေ့က ဖေဖေ ရန်ကုန်မြို့လယ်မှာရှိတဲ့ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်မှာ Master of Public Health (MPH) တက်နေတဲ့ သင်တန်းသားတွေကို *Level 5 Leadership* ခေါင်းစဉ်နဲ့ ဟောပြောပွဲလုပ်ဖြစ်တယ်။ ဒီသင်တန်းကို ဖေဖေ မကြာမကြာသွားပြီး ဟောကြားမိုချခဲ့ဖူးတယ်။ ဖေဖေ့အနေနဲ့ အခုဆိုရင် စီးပွားရေးတက္ကသိုလ်မှာရှိတဲ့ MBA,MPA နဲ့ M.DevS ဘွဲ့လွန်သင်တန်းတွေမှာ စာသင်ပေးနေပြီး ပြည်သူ့ကျန်းမာရေးတက္ကသိုလ်က MPH သင်တန်းမှာလည်း စာသင်နေတယ်။ ဘွဲ့လွန်သင်တန်းလေးခုကို ပို့ချနေရလို့ ပင်ပန်းသား။ ဒါပေမဲ့ ဖေဖေ ကျေနပ်တယ်။ ကိုယ်လုပ်နိုင်တုန်း အတတ်နိုင်ဆုံးလုပ်မှာပဲ။ စာသင်ရတဲ့အကျိုးတစ်ခုက စာဖတ်ဖြစ်တယ်။ စာကအမြဲဖတ်ရတယ်။ ဒီကြားထဲ Myanmar Egress မှာ ဖွင့်ထားတဲ့ Social Entrepreneurship သင်တန်းမှာရော၊ Project Cycle Management သင်တန်းမှာရော ဖေဖေသင်တယ်။ ဖေဖေက စာသင်တာ ဝါသနာပါတယ်။ ၁၉၆၆ ခုနှစ် လွန်ခဲ့တဲ့ နှစ်ပေါင်း ၄၄ နှစ် ကတည်းက နည်းပြဆရာပေါက်စနဲ့ စာစသင်ခဲ့တာ။ MPH မှာ သင်ရတာကို နှစ်သက်တယ်။

ဖေဖေ Ph.D ကို Operations Research ဘာသာရပ်နဲ့

ယူခဲ့ပြီး Health Care System ကို အထူးပြုခဲ့တာ။ ဒီတော့ ကျန်းမာရေးကဏ္ဍကို ဖေဖေစိတ်ဝင်စားတယ်။ ရင်းနှီးတယ်။ ဖေဖေ Ph.D ရပြီး ပြန်လာတော့ အစမှာ အခက်အခဲတွေ့တယ်။ ဖေဖေက စီးပွားရေးပညာအခြေခံရှိသူ။ ဒါပေမဲ့ ကျန်းမာရေး အကြောင်းတွေ သုတေသနလုပ်ခဲ့တယ်။ ဆရာဝန်မဟုတ်ဘဲ ကျန်းမာရေးအကြောင်းကို စီးပွားရေးရှုထောင့်၊ စီမံခန့်ခွဲမှုရှုထောင့်၊ ခေါင်းဆောင်မှုရှုထောင့်က လေ့လာလိုက်စားတဲ့သူဖြစ်တာမို့ တော်ရုံတန်ရုံ နားမလည်သဘောမပေါက်ကြဘူး။ မကြာခင်မှာပဲ ဆေးတက္ကသိုလ် ၂ မှာ ပါမောက္ခ ဒေါက်တာမြင့်စိုးနဲ့ ဆက်သွယ်ရတယ်။ ဖေဖေလုပ်ချင်တဲ့ သုတေသနတွေကို သူနဲ့စတွဲလုပ်ဖြစ်တယ်။ ကွင်းဆင်းသုတေသနကို လှည်းကူးမှာ သွားလုပ်ရတယ်။ ဦးမြင့်စိုးနဲ့အတူ ဒေါက်တာလှရွှေလည်း ပါတယ်။ အခုတော့ သူက မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌဖြစ်နေပြီ။ လှည်းကူးမှာ ကွင်းဆင်းသုတေသနလုပ်ခဲ့လို့ လှည်းကူးမြို့နယ်မှာရှိတဲ့ ရွာအားလုံးလိုလို ဖေဖေ ရောက်ဖူးတယ်။ တစ်အိမ်တက် တစ်အိမ်ဆင်း လက်တွေ့သုတေသနလုပ်ခဲ့တာ။

နောက်တော့ ကျန်းမာရေးဦးစီးဌာနနဲ့ အဆက်အသွယ်ရပြန်တယ်။ အဲဒီတုန်းက ပြည်သူ့ကျန်းမာရေးကို တာဝန်ယူတဲ့ ဒေါက်တာဦးဘထွန်းနဲ့တွဲလုပ်ဖြစ်တယ်။ ညွှန်ကြားရေးမှူး ဒေါက်တာဦးလွန်းဝေနဲ့လည်း ပေါင်းပြီး သုတေသနတွေ လုပ်ဖြစ်တယ်။ ထူးခြားချက်တစ်ခုက သုတေသနလုပ်ပြီး စာတမ်းတင်တဲ့ အခါ နှစ်စဉ်ကျင်းပတဲ့ မြန်မာနိုင်ငံ ဆရာဝန်များအသင်းညီလာခံမှာ သွားတင်ရတယ်။ ဖေဖေ တစ်ဦးတည်း သုတေသနလုပ်ပေမယ့် ဖေဖေက ဆရာဝန်မဟုတ်တော့ ဆရာဝန်ဖြစ်တဲ့သူတစ်ယောက်ရဲ့ နာမည်ကို ထည့်ရတယ်။ ဖေဖေ့အတွက်ကတော့ မထူးပါဘူး။ ကိုယ် လုပ်တာ ကိုယ်သိတော့ ဘယ်သူ့နာမည်ထည့်ထည့် အရေးမကြီး လှဘူး။ ဆရာဝန်များအသင်းမှာ သုတေသနစာတမ်းတွေဖတ်သလို

ာူမှုရေးသိပ္ပံသုတေသန စာတမ်းဖတ်ပွဲတွေမှာလည်း စာတမ်းတွေ ာင်ဖြစ်တယ်။ ဖေဖေက ဖိဖိစီးစီးလုပ်တော့ သုတေသနစာတမ်း တွေ အများကြီးတင်ဖြစ်တယ်။ ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာန က ဒေါက်တာဦးညီဝင်းမှုန်နဲ့လည်း တွဲလုပ်ဖြစ်တယ်။ ကလေး အထူးကု သမားတော်ကြီး ဦးသိန်းအုပ်ကျော်မြင့်နဲ့လည်းတွဲပြီး သုတေသနတွေလုပ်ခဲ့တယ်။ သူ့ဘက်က ဆရာဝန်တပည့်တွေနဲ့ ဖေဖေ့ဘက်က စီးပွားရေးကျောင်းသား ကျောင်းသူတွေတွဲပြီး လုပ်တာ။ ဆရာသိန်းအုပ်ကို သမီးကတော့ Uncle Johnny အနေနဲ့ မှတ်မိမှာ။ ဖေဖေနဲ့အတူ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာရှိတဲ့ UNICEF ရုံးမှာ အတူတူအလုပ်လုပ်ကြတယ်။

ဖေဖေက ကျန်းမာရေးဆိုင်ရာ သုတေသနလုပ်ငန်းနဲ့ နာမည်ရလာတယ်။ နောက်တော့ ဆေးတက္ကသိုလ် ၁ က ဘွဲ့လွန် သင်တန်းမှာ စာသင်ပေးဖို့ပြောလာတယ်။ ဖေဖေလည်း ကျေကျေ နပ်နပ်နဲ့စာသင်ခဲ့တာ။ ဓါမောက္ခ၊ ဌာနမှူးက ဒေါက်တာကျော်တင့်။ အဲဒီတုန်းက ဘွဲ့လွန်သင်တန်းမှာ ဒီပလိုမာပဲ ပေးနိုင်သေးတယ်။ မဟာဘွဲ့ကို မပေးနိုင်သေးဘူး။ တစ်ဖက်က ဆေးပညာပါရဂူတွေ က ပြည်သူ့ကျန်းမာရေးအပိုင်းကို လျှော့ချပြီး အပူပိုင်းဆေးပညာ ကို တိုးချဲ့ချင်တာ။ ဒါပေမဲ့ မအောင်မြင်ခဲ့ဘူး။ အဲဒီကတည်းက ဖေဖေက မဟာဘွဲ့ဖြစ်စေချင်တာ။ အခုတော့ မဟာဘွဲ့တင်မက ဘူး။ သီးခြားတက္ကသိုလ်တစ်ခုအနေနဲ့ ပြည်သူ့ကျန်းမာရေး တက္ကသိုလ်ရယ်လို့ ပေါ်ပေါက်လာပြီ။ ပျော်စရာကြီးပဲ သမီး။ မဟာဘွဲ့လည်းပေးနေပြီ။ ဖေဖေ ပြန်ရောက်တာသိလို့ ကူညီဖို့ လာပြောတော့ ဖေဖေကသိပ်ဝမ်းသာသွားတာ။ လုပ်ပေးချင်တယ်။ မဟာဘွဲ့တင်မက ဒေါက်တာဘွဲ့အထိပါ ပေးစေချင်တာ။ ပြည်သူ့ ကျန်းမာရေးပညာနဲ့ ပတ်သက်လာရင် ထိုင်းနိုင်ငံမှာရှိတဲ့ Mahidol University က နာမည်ကြီးတယ်။ ဖေဖေကတော့ သူ့ထက်သာ စေချင်၊ အောင်မြင်စေချင်တယ်။ ဖြစ်လည်းဖြစ်နိုင်တယ်။ ဒါကြောင့်

လည်း ဖေဖေအားစိုက်ဆောင်ရွက်နေတာပေါ့။

ပြည်သူ့ကျန်းမာရေးတာဝန်ယူနေကြတဲ့ ကျန်းမာရေးဝန်ထမ်းတွေက မျက်နှာငယ်ရတယ်။ အထူးကုဆရာဝန်ကြီးတွေနဲ့ နှိုင်းယှဉ်ရင် သူတို့က ဝင်ငွေမကောင်းဘူး၊ နာမည်မရဘူး။ သူတို့က အများနဲ့ဆိုင်တဲ့ ကာကွယ်ဆေးကိစ္စ၊ ရေသန့်ရရှိရေးကိစ္စ၊ ယင်လုံအိမ်သာဆောက်ဖို့ လုံးပန်းရတဲ့ကိစ္စ ဒါတွေနဲ့ အချိန်ကုန်နေရတဲ့သူတွေ။ ဒါပေမဲ့ အများပြည်သူ့ကျန်းမာရေးအတွက်ကတော့ သူတို့တစ်တွေက အဓိကသော့ချက်ပဲ။ ဖေဖေ့ရဲ့အတန်းကို ပါမောက္ခချုပ်အပြင် တစ်ခြားဌာနက ပါမောက္ခတွေ၊ ကထိကတွေတက်ကြတယ်။ ဖေဖေက Level-5 Leadership အကြောင်း အသေးစိတ်တင်ပြခဲ့တယ်။

ခေါင်းဆောင်မှုနဲ့ပတ်သက်လာရင် အဆင့်အမြင့်ဆုံး သုံးဆင့်ကို အဆင့် ၅ လို့ သတ်မှတ်ကြတယ်။ ထူးခြားအောင်မြင်တဲ့လုပ်ငန်းအဖွဲ့အစည်းတွေမှာ ဦးဆောင်သူတွေက ဒီအဆင့် ၅ကို ရောက်ခဲ့ကြသူလို့ ဆိုကြတယ်။ အဆင့် ၅ ရောက်တဲ့ ဦးဆောင်သူတွေမှာ ထူးခြားတဲ့သတ္တိနှစ်ရပ်ရှိတယ်။ ဒီသတ္တိနှစ်ရပ်မှာ တစ်ခုနဲ့တစ်ခု မငြိပက္ခဖြစ်တယ်လို့ ယေဘုယျအားဖြင့် ယူဆနိုင်ပေမယ့် တကယ်တော့ ဒီသတ္တိနှစ်ရပ်ကို တစ်ပြိုင်နက်တည်း ပိုင်ဆိုင်ဖို့လိုပါတယ်။

ပထမသတ္တိကတော့ **နှိမ့်ချမှု (humility)** ဖြစ်တယ်။ ဦးဆောင်သူဟာ စိတ်နှိမ့်ချသူဖြစ်ရမယ်။ တကယ်တော့ နှိမ့်ချတဲ့စိတ်ကို လူတိုင်း ရှိသင့်တာပေါ့သမီး။ ဦးဆောင်တဲ့သူမှ မဟုတ်ပါဘူး။ ဖေဖေ့အထင်တော့ လူတိုင်းရှိသင့်၊ ထားသင့်တဲ့စိတ်ပါ။ ကိုယ့်ကိုယ်ကိုယ် နှိမ့်ချတဲ့သူဟာ မနိမ့်ကျသွားပါဘူး။ နှိမ့်ချမှုဆိုတာဟာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိသူတွေသာ ထားနိုင်တဲ့စိတ်ပါ။ ဒုတိယသတ္တိကတော့ စိတ်ဓာတ်ခိုင်မာပြီး မိမိရဲ့ကျွမ်းကျင်မှုအပေါ် အခြေခံတဲ့စိတ်ထား မယိမ်းမယိုင်ရှိဖို့ပဲ။ ဒီသတ္တိ

နှစ်ခုဟာ ဆန့်ကျင်ဘက်တွေလို့ယူဆနိုင်ပေမယ့် တကယ်တော့ အပျော့နဲ့အမာ ပေါင်းစပ်မှုပဲသမီး။

အဆင့် ၅ ခေါင်းဆောင်မှုဟာ အောင်မြင်တဲ့လုပ်ငန်း အဖွဲ့အစည်းတွေကို ထူးခြားပြောင်မြောက်တဲ့ လုပ်ငန်းအဖွဲ့အစည်း အဖြစ် ပြောင်းလဲနိုင်ကြတယ်။ ခေါင်းဆောင်မှုအဆင့်အသီးသီးကို အခုလို ခွဲခြားနိုင်ကြောင်းတွေ့ရတယ်။

| အဆင့် | ဖြေရှင်းချက် |
| --- | --- |
| (၁) | စွမ်းရည်ပြည့်သူတစ်ဦး |
| (၂) | အဖွဲ့အစည်းကို အလုပ်အကျွေးပြုနိုင်သူ |
| (၃) | ထိထိကျကျစီမံခန့်ခွဲနိုင်သူ |
| (၄) | ထိရောက်သောခေါင်းဆောင် |
| (၅) | ဦးစီးတာဝန်ယူသူ |

အဆင့် ၅ ဦးဆောင်မှုဟာ အဆင့်မြင့်ဆုံးဖြစ်တယ်။ ဒီအဆင့် ၅ အောက်မှာ ကျန်တဲ့အဆင့်လေးခုရှိကြောင်း တွေ့ရတယ်။ အဆင့်တိုင်းဟာ အရေးပါပေမယ့် အဆင့် ၅ လောက် ခွန်အားမရှိဘူး။ အဆင့်ကို တစ်ဆင့်ပြီးတစ်ဆင့် ဆက်ရတဲ့သဘော မဟုတ်ပါဘူး။ ဒါပေမဲ့ အဆင့် ၅ ရောက်ဖို့ဆိုရင် ကျန်တဲ့အဆင့်တွေကို ဖြတ်သန်းရမှာဖြစ်တယ် သမီး။

အဆင့် ၅ ခေါင်းဆောင်မှုအတွေးအခေါ်ဟာ သာမန် စဉ်းစားချက်နဲ့ မတူကြရဘူး။ လူအများစုကတော့ အောင်မြင်တဲ့ အဖွဲ့အစည်းကနေ ထူးချွန်ပြောင်မြောက်တဲ့အဖွဲ့အစည်းဖြစ်ဖို့ လူအထင်ကြီးတဲ့ လူတွေကို ဆွဲဆောင်နိုင်တဲ့ ခေါင်းဆောင်တွေ လိုတယ်လို့ ထင်ကြတယ်။ အမှန်တော့ ဒီလိုမဟုတ်ဘဲ အဆင့် ၅ ခေါင်းဆောင်တစ်ယောက်ဟာ တစ်ဖက်မှာ အနေအထိုင်ကျစ်လျစ် ပြီး ရှက်တတ်ကြောက်တတ်ပေမယ့် နောက်တစ်ဖက်မှာ သတ္တိ အပြည့်ရှိတဲ့သူဖြစ်တယ်။

သူတို့ဟာ ကိုယ့်အကြောင်းကိုယ်မပြောတတ်တဲ့သူတွေ

ဖြစ်ပြီး မိမိတာဝန်ယူနေတဲ့ လုပ်ငန်းအဖွဲ့အစည်းတွေအကြောင်းကိုသာ ဦးစိုက်ပြီး ဆွေးနွေးကြတာ တွေ့ရတယ်။ တစ်ဖက်ကတော့ မိမိကျွမ်းကျင်တဲ့ နေရာမှာ အပြည့်အဝစွမ်းဆောင်နိုင်ပြီး အလုပ်တစ်ခုကို ဖွဲ့နဲ့အမြဲကြိုးစားဆောင်ရွက်နေတယ်။ သင့်တာ၊ ကောင်းတာနဲ့မရောင့်ရဲဘဲ ထူးချွန်မှုကိုသာ ဦးစားပေးသူဖြစ်တယ်။ အဆင့် ၅ ခေါင်းဆောင်တွေဟာ ကိုယ့်အတွက်ပဓာနမထားဘဲ လုပ်ငန်းအဖွဲ့အစည်းတွေရဲ့ အကျိုးကိုသာ ရှေးရှုတဲ့သူတွေဖြစ်တယ်။ သူတို့မရှိရင် နောင်တက်လာမယ့်သူတွေကို သေသေချာချာရွေးချယ်ပေးတယ်။ ဒီလိုလုပ်ရင် နောင်တစ်ချိန်မှာ လုပ်ငန်းအဖွဲ့အစည်းဟာ ပိုမိုအောင်မြင်တဲ့ အဖွဲ့အစည်းဖြစ်လာနိုင်မှာပေါ့။

အဆင့် ၅ ခေါင်းဆောင်တွေ မွေးယူလို့ရမရဆိုတဲ့ မေးခွန်းဟာ အရေးကြီးတဲ့မေးခွန်းတစ်ရပ် ဖြစ်တယ်။ တချို့ခေါင်းဆောင်တွေဟာ အဆင့် ၅ ခေါင်းဆောင်မှုကို လုံးဝမရောက်ကြဘူး။ သူတို့ဟာ မိမိအောင်မြင်မှုကျော်ကြားမှု ရာထူးအာဏာ၊ ငွေကြေးတို့သာ အာရုံစိုက်ကြတယ်။ တချို့တွေကတော့ အဆင့် ၅ ကို ရောက်တဲ့ ခေါင်းဆောင်တွေဖြစ်ကြတယ်။ သူတို့တစ်တွေမှာ ထူးခြားတဲ့အမြင်၊ အတွေးခံယူချက်တွေရှိကြတယ်။

ဖေဖေက MPH သင်တန်းသားတွေကို အဆင့် ၅ ခေါင်းဆောင်မှုပေးနိုင်သူတွေ ဖြစ်စေချင်တယ်။ ကျောင်းပြီးသွားရင် သူတို့ဟာပြည်သူ့ကျန်းမာရေးလုပ်ငန်းတွေကို တာဝန်ယူကြရမယ့်သူတွေ။ အခုလို အဆင့် ၅ ခေါင်းဆောင်မှုအကြောင်း သိနားလည်လာရင် သူတို့အနေနဲ့ ကျရောက်တဲ့တာဝန်တွေကို ထူးထူးချွန်ချွန် ဆောင်ရွက်နိုင်လိမ့်မယ်လို့ ယုံကြည်တယ်။ ခေါင်းဆောင်မှု အရည်အချင်းပြည့်ဝရင် ကျန်းမာရေးလုပ်ဆောင်ချက်တွေကို ထူးချွန်စွာ ဆောင်ရွက်နိုင်မယ်လို့ ဖေဖေယုံကြည်တယ်။ ဒါကြောင့် ဖေဖေက အခွင့်အရေးရတိုင်း ခေါင်းဆောင်မှုနဲ့ပတ်သက်တဲ့ဟောပြောပွဲတွေ လုပ်ပေးနေခဲ့တယ်။ တက္ကသိုလ်အဲ့လွန်သင်တန်းတွေတင်မက

အများနဲ့ဆိုင်တဲ့ ဟောပြောပွဲတွေမှာလည်း မျှဝေနေတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ တိုးတက်ဖွံ့ဖြိုးမှုအတွက် ခေါင်းဆောင်မှုဟာ အလွန်အရေးပါပြီး အခု ဖေဖေဟောပြောတဲ့အဆင့် ၅ ဦးဆောင်မှုဟာ ပိုပြီး အရေးကြီးနေတယ်သမီး။

■

# ဟောပြောပွဲအတွေ့အကြုံ (၁၇)

ဖေဖေ ၂၀၀၉ ခုနှစ် ဇန်နဝါရီလ ၁ ရက် နှစ်သစ်ကူး အသင်းနေ့မှာ ဟောပြောပွဲတစ်ခု လုပ်ဖြစ်တယ်။ ဟိုတယ်လုပ်ငန်းရှင်များက ကမကထလုပ်ပေးတာ။ ယုဇနဟိုတယ်မှာလုပ်တယ်။ နှစ်ဆန်းတစ်ရက်မို့ ပရိသတ်တွေရှိပါ့မလားလို့ စိတ်ပူခဲ့တယ်။ ဒါပေမဲ့ လူတွေရှိကြသား။ ပရိသတ်ကိုကျေးဇူးတင်ရတယ်။ သူတို့ရှိမှ၊ သူတို့လာမှ ဟောပြောပွဲက အဓိပ္ပာယ်ရှိတာမဟုတ်လား။ ဖေဖေက ၁ ရက်နေ့မှာ ဟောပြောပွဲလုပ်မယ် ပြောတော့ မေမေက ဒါဆို ဒီ ၂၀၀၉ ခုနှစ်မှာ တစ်နှစ်ပတ်လုံး လုပ်နေရတော့မယ်လို့ သတိပေးပါတယ်။ ဖေဖေကတော့ လုပ်ရရင်လည်း ကောင်းတာပဲလို့ သဘောထားတာ။

ဖေဖေက ဟောပြောပွဲခေါင်းစဉ်ကို 'Blue Ocean Strategy' ပင်လယ်ပြာ စီးပွားရေးမဟာဗျူဟာလို့ ပေးခဲ့တယ်။ ဒီခေါင်းစဉ်နဲ့ ပတ်သက်လို့ ပြောချင်တာကတော့ ကြာခဲ့ပြီ။ MBA သင်တန်းမှာ Strategic Management ဘာသာသင်ကတည်းက ပြောဖို့ပြင်ဆင်ခဲ့တာ။ ဒီအကြောင်းကိုဖတ်ထားတာ၊ လေ့လာထားတာကတော့ ကြာပါပြီ။ အခုအချိန်မှာ ဒီမဟာဗျူဟာအကြောင်း သိဖို့ ပိုအရေးကြီးတယ်။ စီးပွားရေးအကျပ်အတည်းဖြစ်ချိန်မှာ လုပ်ငန်းတွေ၊ ကုမ္ပဏီတွေဟာ အခုလုပ်နေကြတဲ့ အလုပ်တွေကို

ဆက်လုပ်နေလို့ မဖြစ်ဘူး။ နိုင်ငံတစ်နိုင်ငံအနေနဲ့လည်း Blue Ocean Strategy ကို ဖော်ထုတ်ပြီးဆောင်ရွက်ဖို့ လိုလိမ့်မယ်။ ပုဂ္ဂိုလ်တစ်ဦးအတွက်လည်း ဒီပင်လယ်ပြာမဟာဗျူဟာက အသုံးဝင်နိုင်တယ်။

ဖေဖေက Blue Ocean Strategy နဲ့ ပတ်သက်လို့ လွန်ခဲ့တဲ့ လေးငါးနှစ်လောက်က *Harvard Business Review* မဂ္ဂဇင်းဂျာနယ်မှာ ဖတ်ခဲ့ရတယ်။ ဒီစာတမ်းကိုရေးသားတဲ့သူတွေက ပြင်သစ်နိုင်ငံ ပါရီမြို့အနီးမှာရှိတဲ့ INSEAD လို့ခေါ်တဲ့ စီးပွားရေးတက္ကသိုလ်မှာ ပါမောက္ခလုပ်တဲ့သူနှစ်ဦး။ ဒီကျောင်းက သိပ်နာမည်ကြီးတာ။ London Business School နဲ့ ဥရောပမှာတော့အပြိုင်ပေါ့။ Harvard Business School နဲ့လည်း အပြိုင်ဖြစ်တယ်။ ဖေဖေက အဲဒီကျောင်းကို ရောက်ခဲ့တယ်။ UN System Staff College မှာလုပ်တုန်း Leadership Development ကိစ္စနဲ့မကြာခဏသွားခဲ့တာ။ ဥရောပမှာတင်မက တစ်ကမ္ဘာလုံးမှာလည်း နာမည်ရတဲ့ကျောင်းဖြစ်တယ်။ သူတို့နှစ်ဦးရဲ့ သုတေသနတွေ့ရှိချက်အပေါ်အခြေခံပြီး ဒီပင်လယ်ပြာ စီးပွားရေးမဟာဗျူဟာကို ဖော်ထုတ်ခဲ့တာ။ အဓိပ္ပာယ်ကတော့ ရိုးတယ်၊ လွယ်တယ်။ စီးပွားရေးလုပ်ငန်းတွေလုပ်တဲ့နေရာမှာ အရေးကြီးဆုံးအချက်က ပြိုင်ဘက်ကိုအနိုင်ယူရမယ်။ နိုင်ရမယ်ဆိုတဲ့ အယူအဆရှိတယ်။ ဒါကြောင့် စီးပွားရေးမဟာဗျူဟာအနေနဲ့ယှဉ်ပြိုင်မှုမှာ အသာရအောင် အမြဲကြိုးစားရတယ်။ အမှန်တော့ ဒီအယူအဆအတွေးအခေါ်ဟာ စစ်ဘက်ဆိုင်ရာ မဟာဗျူဟာကနေ ဆင်းသက်လာခဲ့တာဖြစ်တယ်။ စစ်ရေးစစ်ရာမှာ ရန်သူကိုချေမှုန်းရမယ်။ အနိုင်ရအောင်တိုက်ရမယ်။ ရန်သူ့နယ်ကို သိမ်းပိုက်ပြီး စီးတားရမယ်။ ဒီအယူအဆကို စီးပွားရေးနယ်မှာ အသုံးချတော့ အမြဲအနိုင်အရှုံးကို ရင်ဆိုင်ရတာပေါ့။ သူ့ထက်သာအောင်၊ သူ့ထက်ကောင်းအောင် အမြဲကြိုးစားရမယ်။ ဒီလိုဆောင်ရွက်တာကို 'Red Ocean Strategy'

ပင်လယ်နီ စီးပွားရေးမဟာဗျူဟာ' လို့ သတ်မှတ်နိုင်တယ်။ သမီး သိတဲ့အတိုင်း ပင်လယ်ရဲ့သဘာဝက ပြာတဲ့အရောင်ရှိတယ်။

ဒီလိုပြာနေတဲ့ပင်လယ် ဘယ်တော့နီမလဲ။ ဒါကိုမြင်သာအောင်လို့ တစ်ချိန်ကသိပ်လူကြိုက်များခဲ့တဲ့ *Jaws* ရုပ်ရှင်ဇာတ်ကားကို ဥပမာပေးနိုင်တယ်။ ပင်လယ်ထဲမှာ အချင်းချင်းသတ်ဖြတ်နေတဲ့ ငါးမန်းတွေရှိနေတယ်ဆိုပါစို့။ ဒီလို ငါးမန်းတွေရှိတာကြောင့် တစ်ကောင်နဲ့တစ်ကောင် ကိုက်ကြ၊ ဖဲ့ကြနဲ့ ပြာနေတဲ့ပင်လယ်ကြီးဟာ သွေးတွေနဲ့နီရဲသွားလိမ့်မယ်။ ဒီလိုပါပဲ ဈေးကွက်ထဲမှာ အပြိုင်အဆိုင်တွေနဲ့ ရုန်းကန်နေရရင် ပင်လယ်နီ စီးပွားရေးမဟာဗျူဟာကိုကျင့်သုံးတဲ့ သဘောပေါ့။

ဖေဖေတို့လွန်ခဲ့တဲ့နှစ် ၁၀၀ လောက်ကို စဉ်းစားကြည့်ရင် မော်တော်ကားဆိုတာမရှိခဲ့ဘူး။ လေယာဉ်ပျံဆိုတာလည်းမရှိခဲ့ဘူး။ အခုခေတ်လို ခေတ်မီတဲ့ဆေးဝါးတွေလည်း မရှိခဲ့ဘူး။ ဖေဖေ မှတ်မိသလောက်ပြောရရင် ဖေဖေငယ်ငယ်တုန်းက Handphone ဆိုတာမရှိဘူး။ Coffee Bars တွေလည်းမရှိသေးဘူး။ အိမ်မှာကြည့်နိုင်တဲ့ ဗီဒီယိုဆိုတာမျိုးလည်း မရှိခဲ့ဘူး သမီး။ ဒါတွေပေါ်လာတာဟာ Blue Ocean Strategy ကို သုံးခဲ့လို့ပဲသမီး။ သူများမလုပ်တာ၊ ပြိုင်ဘက်မရှိတာတွေကို စဉ်းစားတီထွင်တဲ့သဘောပေါ့။

အမှန်တော့ စီးပွားရေးနယ်နိမိတ်မှာ သတ်မှတ်ချက် နှစ်ခုရှိတာတွေ့ရတယ်။ တစ်ခုကတော့ Red Ocean ဖြစ်တယ်။ ဒီနယ်နိမိတ်မှာ ရှိရင်းစွဲလုပ်ငန်းစုတွေ ပါဝင်တယ်။ ဈေးကွက်ကို သိကြတယ်။ နားလည်ကြတယ်။ တစ်ဦးနဲ့တစ်ဦး အပြိုင်အဆိုင် ယှဉ်ပြိုင်ရတယ်။ လူတွေပြည့်ကျပ်နေတယ်။ အမြတ်တွေနည်းပြီး ချဲ့ထွင်နိုင်စွမ်းသိပ်မရှိဘူး။

**Red Ocean** နဲ့ ဆန့်ကျင်ဘက်ကတော့ **Blue Ocean** ဖြစ်တယ်။ မရှိသေးတဲ့လုပ်ငန်းစုတွေ ပါဝင်တယ်။ ပြိုင်ဆိုင်မှုကင်းတယ်။ ဝယ်လိုအားကို ဖန်တီးယူတယ်။ လုယက်မှု

မရှိဘူး။ အမြတ်ရနိုင်ခြေတွေများပြီး လုပ်ငန်းတိုးချဲ့နိုင်စွမ်း ရှိတယ်။ ပင်လယ်ပြာမဟာဗျူဟာ ထုတ်ဖော်နိုင်တဲ့ နည်းနှစ်နည်းရှိတယ်။ တစ်ခုကတော့ လုပ်ငန်းစုအသစ်တစ်ခုကို ဖန်တီးခြင်းဖြစ်တယ်။ ဒါကို ဥပမာပြတဲ့အနေနဲ့ e-Bay ကို ကြည့်သင့်တယ်။ e-Bay က အခုတော့ ကမ္ဘာကျော်ပေါ့။ ကိုယ့်မှာရှိတဲ့ ပစ္စည်းရောင်းချင်တာရှိရင် e-Bay မှာ လေလံတင်လို့ရတယ်။ ဘာပစ္စည်းကို ဘယ်ဈေးနဲ့ရောင်းချင်သလဲဆိုတာကို Internet ကတစ်ဆင့် e-Bay ကို ပြောရုံပဲ။ ဒီပစ္စည်းကို ဝယ်ချင်တဲ့သူတွေက ကိုယ်ပေးနိုင်မယ့်ဈေးကိုပြောပြီး လေလံပွဲကို Internet ကနေတစ်ဆင့် လုပ်တာ။ ဈေးတည့်သွားရင် ဘယ်နေရာ၊ ဘယ်တော့လာယူမပါ ဆိုတာ ပြောလိုက်ရုံပဲ။ ကိုယ့်အသုံးလိုတဲ့ပစ္စည်းကို လိုချင်ရင်လည်း e-Bay မှာ စုံစမ်းပြီး လေလံတင်ပွဲမှာပါဝင်လို့ရတယ်။ ဒီလိုလုပ်တဲ့အတွက် အခကြေးငွေအနည်းငယ်ပေးရတယ်။ ဒီ e-Bay ကြောင့် On-Line Buying and Selling သွက်တယ်။ ချောမွေ့တယ်။ အရင်တုန်းက လုံးဝမရှိခဲ့တဲ့ လုပ်ငန်းမျိုးပေါ့။

နောက်တစ်နည်းကတော့ ပင်လယ်နီအထဲက ဖန်တီးတာ။ တစ်နည်းပြောရရင် ပြိုင်ဆိုင်နေတဲ့အကြားက သူများမလုပ်တဲ့ အလုပ်ကို ဆောင်ရွက်တာ။ ဥပမာအနေနဲ့ ကနေဒါနိုင်ငံက Cirque Soleil လို့ခေါ်တဲ့ Circus ပေါ့။ ဖေဖေတို့ ငယ်ငယ်တုန်းက Circus က သိပ်ခေတ်စားတာ။ ကလေးတွေသိပ်ကြိုက်တာ။ လူရွှင်တော်တွေကြောင့် ပျော်ရတယ်။ သားရဲတိရစ္ဆာန်တွေကို ယဉ်အောင် ထိန်းပြီးလိုသလို ခိုင်းနိုင်တယ်။ ကောင်းကင်ကျွမ်းဘားတွေ ကစားတာတွေ့ရတယ်။ မြန်မာပြည်မှာတစ်ချိန်က ဦးမောင်မောင် ဆပ်ကပ်ကနာမည်ကြီးပေါ့။ နောက်တော့ Circus တွေ ခေတ်မစားတော့ဘူး။ လူတွေရဲ့အကြိုက်တွေ ပြောင်းလဲခဲ့တယ်။ တိရစ္ဆာန်တွေကို နှိပ်စက်တယ်လို့ ယူဆလာကြတယ်။ ဒီလိုနဲ့ဆပ်ကပ်တွေပျောက်သလောက်ရှိခဲ့တယ်။ ဒီအထဲမှာ ထူးထူးခြားခြားအောင်မြင်မှုရခဲ့တဲ့

ဆပ်ကပ်ကတော့ Cirque Soleil ပေါ့။ သူကပရိသတ်ကို ပုံစံတစ်မျိုးနဲ့ဆွဲဆောင်တယ်။ တိရစ္ဆာန်တွေမသုံးတော့ဘူး။ လူငယ်တွေသာမက လူကြီးပရိသတ်ကို ဆွဲဆောင်တယ်။ အဓိကတော့ဆပ်ကပ်သက်သက်မဟုတ်ဘဲ ပြဇာတ်ကတဲ့ သဘောမျိုး ဆောင်တယ်။ လူကြီးပရိသတ်တွေ တိုးလာတဲ့အပြင် ကုမ္ပဏီလုပ်ငန်းတွေရဲ့ထောက်ပံ့မှုတွေလည်းရခဲ့တယ်။ အမှန်တော့ ပင်လယ်ပြာဆိုတဲ့အသုံးအနှုန်းဟာ အသစ်ဖြစ်ပေမယ့် အယူအဆအနေနဲ့ကတော့အရင်ကတည်းကရှိခဲ့ပါတယ်။ စီးပွားရေးနယ်ပယ်မှာတော့ပင်လယ်နီဟာ ပိုပြီးရေပန်းစားတယ်။ စောစောကဖေဖေပြောခဲ့သလို စစ်ဘက်ရေးရာအတွေးအခေါ်ရဲ့ အရိပ်အသက်တွေ များခဲ့လို့ပေါ့။ ဒီပင်လယ်နီစီးပွားရေးမဟာဗျူဟာကို ၁၉၇၀ ခုနှစ်ကစပြီး US မှာ အခြေခံချလာခဲ့တာတွေ့ရတယ်။ အဲဒီတုန်းက ဂျပန်နိုင်ငံရဲ့သွင်းကုန်တွေကို တုံ့ပြန်နေရတဲ့အချိန် စီးပွားရေးအောင်မြင်ဖို့ပြိုင်ရဆိုင်ရတာကို ဦးစားပေးတယ်။ ဒါကြောင့်လည်း ပြိုင်ဆိုင်မှုအခွင့်အလမ်း (Competitive Advantage) ရှာဖို့၊ ရဖို့ တွန်းအားပေးခဲ့ကြတာ။

ပင်လယ်ပြာ၊ စီးပွားရေးမဟာဗျူဟာကျင့်သုံးရင် ယှဉ်ပြိုင်မှု မရှိတဲ့၊ ပြိုင်ဘက်မရှိတဲ့ ဈေးကွက်မှာ စီးပွားရေးလုပ်တယ်။ နယ်သစ်၊ မြေသစ်ကို ဖော်တာဖြစ်တယ်။ ရှိပြီးသားနယ်မြေကို ခွဲဝေတာမဟုတ်ဘူး။

ဖေဖေက ဒီလိုပြောလို့ ပင်လယ်ပြာစီးပွားရေးမဟာဗျူဟာဖော်ထုတ်ချင်ရင် နည်းပညာအသစ်အဆန်းတွေ ထည့်သွင်းဖို့လိုလိမ့်မယ်လို့ ထင်ကြလိမ့်မယ်။ အမှန်တော့ အဲဒီလိုမဟုတ်ပါဘူး။ ကိုယ်လုပ်နေတဲ့အလုပ်တွေကို ဆောင်ရွက်ရင်း၊ ပင်လယ်ပြာကိုဖန်တီးနိုင်ပါတယ်။ တကယ်လိုအပ်တာက အတွေးအခေါ်အသစ်ကို လက်ခံဖို့ပါပဲ။ သမားရိုးကျတွေးခေါ်မှုကို စွန့်ပယ်ပြီးခေါက်ရိုး

ကျိုးနေတာကို ပယ်ဖျက်ဖို့လိုတယ်။

ဒီလိုအတွေးအခေါ် အသစ်ရဖို့ ဗေဗေတာ စက်ဝိုင်းသုံးခုကို သုံးပြီး ရှင်းပြချင်ပါတယ်။ ဒီစက်ဝိုင်းသုံးခုနဲ့ အလွယ်တကူသရုပ်ဖော်နိုင်ပါတယ်။


အခုလို စက်ဝိုင်းသုံးခုနဲ့ အနေအထားတိုယူပြီး နယ်နိမိတ်တွေကို အခုလိုသတ်မှတ်နိုင်ပါတယ်။

အပိုင်း (က) ဖောက်သည်လိုအပ်ချက်၊ မိမိကုမ္ပဏီရဲ့ဖြည့်ဆည်းမှုနဲ့ ပြိုင်ဘက်တွေရဲ့ ဖြည့်ဆည်းနိုင်မှုတူညီရှိ။ ဒီနေရာမှာ ပြိုင်ဆိုင်မှုအပြင်းအထန်ဖြစ်တာပေါ့။

အပိုင်း (ခ) ဖောက်သည်လိုအပ်ချက်ကို မိမိကုမ္ပဏီကသာ ဖြည့်ဆည်းတဲ့အခြေအနေ။

အပိုင်း (ဂ) ဖောက်သည်လိုအပ်ချက်ကို ပြိုင်ဘက်တွေကသာ ဖြည့်ဆည်းနိုင်တဲ့အခြေအနေ။

ပုံ (၁) စက်ဝိုင်းသုံးခုပုံစံငယ်




အပိုင်း (ဃ)၊ (င)၊ (စ) ဖောက်သည်တွေမလိုတာကို မိမိနဲ့ပြိုင်ဘက်တွေက ဖြည့်ဆည်းနေတာ။

အပိုင်း (ဆ) ဖောက်သည်ရဲ့ လိုအပ်ချက်တွေရှိရဲ့နဲ့ တယ်သူမှ မဖြည့်ဆည်းသေးတဲ့နယ်။ ဒါကပင်လယ်ပြာပေါ့။

ဒီစက်ဝိုင်းသုံးခုပုံစံငယ်ဟာ လုပ်ငန်းအဖွဲ့အစည်းတွေအတွက် သိပ်အသုံးဝင်တာတွေ့ရတယ်။ လွယ်လွယ်နဲ့နားလည်နိုင်ရုံမက အလွယ်တကူအသုံးချနိုင်စွမ်းရှိတာတွေ့ရတယ်။ ပင်လယ်နီနဲ့ ပင်လယ်ပြာစီးပွားရေးမဟာဗျူဟာနှစ်ခုရဲ့ အထူးခြားဆုံးကွာခြားချက်က လုပ်ငန်းရှင်တွေ အမြဲရင်ဆိုင်ရတဲ့ပြဿနာတစ်ခုနဲ့ ပတ်သက်တယ်။ ဖေဖေတို့ သမားရိုးကျစီးပွားရေးသီအိုရီမှာ လုပ်ငန်းကုမ္ပဏီကထုတ်တဲ့ ပစ္စည်း၊ ပေးအပ်တဲ့ဆောင်ရွက်မှု၊ အရည်အသွေးနဲ့ ဒီပစ္စည်းတွေ၊ ဒီဆောင်ရွက်မှုတွေရဲ့ ကုန်ကျစရိတ်နဲ့ ပြောင်းပြန်ဆက်စပ်မှုရှိတယ်လို့ ယူဆလေ့ရှိတယ်။ တစ်နည်းအားဖြင့် အရည်အသွေးနဲ့ ကုန်ကျစရိတ်ကို ရွေးရမယ့်သဘောပေါ့။ အရည်အသွေးမြှင့်ချင်ရင် စရိတ်စကပိုပေးရမယ့်သဘော၊ ကုန်ကျစရိတ်လျှော့ချရင် အရည်အသွေး အလိုလိုထိခိုက်မယ့်သဘော။ ဒါကြောင့် လုပ်ငန်းရှင်တွေအနေနဲ့ အရည်အသွေးနဲ့ ကုန်ကျစရိတ်ကို ရွေးချယ်ရတဲ့အကျပ်အတည်း။ ပင်လယ်ပြာမှာတော့ ဒီလိုလက်မခံဘူး။ အရည်အသွေးကိုလည်းမြှင့်မယ်။ တစ်ဖက်ကလည်း ကုန်ကျစရိတ်ကို သက်သာအောင်ဆောင်ရွက်နိုင်မယ်။ ဒီနှစ်ခုစလုံးကို တစ်ပြိုင်တည်းလုပ်နိုင်မယ်လို့ ယူဆထားတယ်။ ဒီတော့ ပင်လယ်ပြာစီးပွားရေးမဟာဗျူဟာကျင့်သုံးရင် ဒီအချက်နှစ်ခုစလုံးကို တစ်ပြိုင်တည်းရနိုင်စွမ်းရှိမယ်လို့ ယူဆထားတယ်။

တချို့က ဒါဟာမဖြစ်နိုင်ဘူး။ လက်တွေ့မကျဘူးလို့ ယူဆကြတယ်။ အမှန်တော့ ဖြစ်နိုင်ပါတယ်။ အထင်ရှားဆုံးသာဓကကတော့ စစ်မဖြစ်မီကာလက အမေရိကန်ပြည်ထောင်စု Ford ကုမ္ပဏီကထုတ်လုပ်တဲ့ Model T မော်တော်ယာဉ်ဖြစ်တယ်။ ဒီကားမပေါ်မီ လူတွေက မြင်းလှည်းတွေကို အသုံးများတယ်။ လမ်းတွေက

လည်း မကောင်းဘူး။ ရွှံ့တွေ၊ ဗွက်တွေအတိ။ ဒီထဲနစ်သွားရင် ကားကရုန်းထွက်ဖို့ မလွယ်ဘူး။ မြင်းလှည်းတျတော့ လွယ်လွယ် ကူကူ ဖြတ်နိုင်တယ်။ အဲဒီခေတ်မှာ ကားတွေစပေါ်ပြီ။ ဒါပေမဲ့ ဒီကားတွေက သူဌေးသူကြွယ်တွေအတွက်သာ။ လက်လုပ်ကားတွေ၊ လူနည်းစုသုံးတော့ အများစုက ကားတွေကို သိပ်မှုန်းတာ။ ဒီလို အခြေအနေမျိုးမှာ Henry Ford က Model T ကားကို တီထွင် ထုတ်လုပ်ခဲ့တယ်။ ကားကတစ်ရောင်တည်း။ အရောင်က အမည်း၊ အရည်အသွေးကောင်းပြီး စရိတ်ကသက်သာတယ်။ ဒါကြောင့် လူကြိုက်များလာတယ်။ အများသုံးလာတယ်။ အရင်တုန်းက ကား မသုံးတဲ့သူတွေကပါ တွင်တွင်ကျယ်ကျယ်သုံးလာတယ်။

နောက်ထင်ရှားတဲ့သာဓကကတော့ CNN ပေါ့။ တစ်ချိန် တုန်းက ၂၄ နာရီသတင်းကို ဘယ်သူမှနားမထောင်ပါဘူး။ ဒီတော့ သတင်းကို အကန့်အသတ်နဲ့ ရုပ်မြင်သံကြားမှာ ထုတ်လွှင့်ကြတယ်။ ဒီအယူအဆကို CNN က ချေဖျက်လိုက်တယ်။ ပထမဦးဆုံး ၂၄ နာရီ သတင်းထုတ်ပေးနိုင်တဲ့အတွက် လူကြိုက်များခဲ့တယ်။ ယခု ဆိုရင် CNN ရဲ့ ပုံစံကိုလိုက်ပြီး အတုခိုးလာတဲ့လုပ်ငန်းအဖွဲ့ အစည်းတွေ အများအပြားပေါ်လာခဲ့ပြီ။

ဖေဖေ က သမီးကို Blue Ocean Strategy အတိုင်း ဘဝမှာ လုပ်ရှားစေချင်တယ်။ သူများမလုပ်တဲ့အလုပ်ကို ရွေးချယ် စေချင်တယ်။ သူများမစဉ်းစားတာကို စဉ်းစားစေချင်တယ်။ ဒီလို ရွေးချယ်နိုင်ရင် ပြိုင်ဘက်ကင်းတယ်။ ပြိုင်ဆိုင်မှုပင်လယ်ထဲမှာ လှုပ်ရှားစရာမလိုတော့ဘူးပေါ့။ အေးချမ်းတဲ့၊ ပြိုင်ဘက်ကင်းတဲ့ ပင်လယ်ပြာကို ရွေးချယ်စေချင်တယ်သမီး။

■

# ဟောပြောပွဲအတွေ့အကြုံ (၁၈)

ဒီတစ်ပတ်တော့ သမီးကိုနိုင်ငံခြားမှာ ဖေဖေလုပ်ခဲ့တဲ့ ဟောပြောပွဲအတွေ့အကြုံအကြောင်း ပြောပြချင်တယ်။ သမီးသိတဲ့ အတိုင်း ဖေဖေက အရင်တစ်ပတ်ကျော်ကျော်လောက်ကသွားခဲ့ တာ။ သွားခဲ့တဲ့နေရာက အာဖရိကမှာရှိတဲ့ Kenya (ကင်ညာ)နိုင်ငံ မှာ။ ဟောပြောပွဲလို့ ပြောပေမယ့် တကယ်တော့ UN အဖွဲ့အစည်း အသီးသီးမှာ တာဝန်ယူနေကြတဲ့ ရာထူးကြီးပုဂ္ဂိုလ်တွေအတွက် လုပ်ပေးတဲ့အလုပ်ရုံဆွေးနွေးပွဲပါ။ အကြောင်းအရာအနေနဲ့ကတော့ ၂၀၀၈ ခုနှစ်မှာ ဘာတွေလုပ်ခဲ့တယ်။ ဘယ်လိုအောင်မြင်ခဲ့သလဲ။ ဘာအခက်အခဲတွေ တွေ့ခဲ့ရသလဲ။ ပြီးတော့ ဒီအတွေ့အကြုံတွေ အပေါ် အခြေခံပြီး ၂၀၀၉ ခုနှစ်မှာ ဘာလုပ်ကြမလဲ။ အဲဒီအတွက် လုပ်တာ။ အချိန်က စုစုပေါင်း ငါးရက်တောင်။ ပုံမှန်ဆိုရင် ဒီလို အလုပ်ရုံဆွေးနွေးပွဲဟာ နှစ်ရက်သုံးရက်ပဲ။ အခုတော့ ထူးထူး ခြားခြားငါးရက်တောင်။ ဖေဖေ ပြောသလို သုံးသပ်တဲ့သဘော ပါသလို တစ်ဖက်ကအဖွဲ့ဝင်အချင်းချင်းပိုပြီးနားလည်မှုရရှိအောင်၊ ပိုပြီးစည်းလုံးညီညွတ်မှုရှိအောင် ဆောင်ရွက်ပေးရတဲ့ အပိုင်းလည်း ပါတယ်။ ဒါကို Team Building လုပ်ငန်းလို့ခေါ်တယ်။ တစ်နည်း အားဖြင့် အဖွဲ့တွေကို ပြုစုပျိုးထောင်တဲ့အလုပ်ပေါ့။ ဒီအလုပ်ကို ဖေဖေက တာဝန်ယူခဲ့တာ။ အဖွဲ့လို့ခေါ်ပေမယ့် သမီးနားလည်

အောင် ပြောရရင် အားကစားလုပ်တဲ့အခါ၊ အားကစား အသင်းထောင်သလိုပေါ့။ ဒါကြောင့် ဖေဖေတာ အဖွဲ့လို့ တစ်ခါတလေခေါ်သလို တစ်ခါတလေအသင်းလို့ခေါ်တယ်။

လုပ်ငန်းအဖွဲ့အစည်းအတွေမှာ ဒီအတွေးအခေါ်ဟာ အခုဆို သိပ်ခေတ်စားနေတာတွေ့ရတယ်။ အခုလိုဖြစ်လာတာလည်း စီမံခန့်ခွဲမှုနဲ့ပတ်သက်လို့ ပြောင်းလာတဲ့အတွေးအခေါ်တွေကြောင့်ဖြစ်တယ်။

အရင်တုန်းက အဖွဲ့အစည်းမှာ အကြီးအကဲက အရေးကြီးတယ်။ ဒီအကြီးအကဲက စွမ်းရည်ပြည့်ရင် အားလုံးအဆင်ပြေတယ်။ လူတစ်ဦးတစ်ယောက်ရဲ့အရေးကြီးမှုကို ဖောင်းပေးခဲ့တယ်။ ဒီလို စဉ်းစားမှုက အခုတော့ပြောင်းလဲတာတွေ့ရတယ်။ တစ်ယောက်တည်း မလုပ်နိုင်တာကို လက်ခံလာတယ်။ ပေါင်းပြီးလုပ်ဖို့လိုတာ။ ဝိုင်းလုပ်ဖို့လိုတာကို သဘောပေါက်လာကြတယ်။ ဒါကြောင့် အခုဆိုရင် လုပ်ငန်းအဖွဲ့အစည်းတွေမှာ အဖွဲ့တွေပေါ်လာပြီး အဖွဲ့တွေကို ထိရောက်အောင်၊ စွမ်းဆောင်ရည်ရှိအောင် ကြိုးစားလာကြတာ တွေ့ရတယ်။ ဖေဖေ ရန်ကုန်ပြန်ရောက်တဲ့ အချိန်ကစပြီး မြန်မာပြည်မှာရှိတဲ့ ကုလသမဂ္ဂအဖွဲ့အစည်းတွေ အတွက် Team Building အလုပ်ကို လုပ်ဖြစ်တယ်။ WFP, UNDP, UNEPA, 3D Fund အဖွဲ့အစည်းတွေ အတွက်အပြင် မြန်မာပြည် မှာရှိတဲ့ UN Country Team အတွက်ပါ လုပ်ခဲ့တယ်။ ဒီလိုဆောင် ရွက်ခဲ့လို့ အဖွဲ့အစည်းတွေရဲ့ အနေအထားအခြေအနေကို နှိုက်နှိုက်ချွတ်ချွတ် သိလာခဲ့တယ်။

ဖေဖေ့ဆန္ဒကတော့ ဒီ Team Building အလုပ်ကို အစိုးရအဖွဲ့အစည်းတွေမှာရော၊ စီးပွားရေးလုပ်ငန်းတွေမှာရော၊ လူမှုရေးအဖွဲ့အစည်းတွေမှာရော ကျယ်ကျယ်ပြန့်ပြန့် လုပ်စေချင်တယ်။ အခုလို အဖွဲ့နဲ့ဆောင်ရွက်ဖို့ လိုတဲ့အတွေးအခေါ်ကို ဖြန့်ဝေနိုင်ရင် လုပ်ငန်းဆောင်ရွက်မှုတွေဟာ ပိုမိုထိရောက်မှာသေချာပါတယ်။

Kenya Country Team Retreat ကို လုပ်ဖြစ်တာလည်း လွန်ခဲ့တဲ့ လေးငါးနှစ်က ဖေဖေ လုပ်ခဲ့တဲ့လုပ်ငန်းနဲ့ ဆက်စပ်နေတယ်။ ဖေဖေက နိုင်ငံတွေအတော်များများသွားပြီး Team Building လုပ်တော့ ၂၀၀၅ ခုနှစ်မှာ Zambia နိုင်ငံရောက်ခဲ့တယ်။ အဲဒီ UN Country Team ကို ဦးစီးတဲ့သူနဲ့ ခင်မင်တယ်။ ဖေဖေ လုပ်တာကို သဘောကျလို့ နောက်တစ်နှစ်မှာ ထပ်သွားရတယ်။ နောက်ဆုံး ၂၀၀၇ ခုနှစ်မှာ နောက်တစ်ခါ ထပ်သွားရတယ်။ စုစုပေါင်း သုံးနှစ်ဆက်တိုက် လုပ်ခဲ့တာ။ ဒီခေါင်းဆောင်က Zambia ကနေ Kenya ကို ပြောင်းတော့ ဖေဖေ့ကိုဆက်သွယ်ပြီး အရင်လိုပဲ လုပ်ပေးပါလို့ အကူအညီတောင်းတာနဲ့ ဖေဖေလာခဲ့တာ။ သမီးအတွက် သင်ခန်းစာက ဘယ်အလုပ်ပဲလုပ်လုပ် အားထည့်ပြီးလုပ်။ လုပ်တဲ့အလုပ်ကို အကောင်းဆုံးဖြစ်အောင် ကြိုးစား။ လျှော့မလုပ်နဲ့။ တော်ရုံတန်ရုံနဲ့ မကျေနပ်နဲ့။ ဒီလိုစိတ်ထားမွေးပြီးလုပ်ရင် ချက်ချင်းအကျိုးမခံစားရပေမယ့် တစ်နေ့နေ့ တစ်ချိန်ချိန်တော့ အကျိုးရှိမှာ သေချာပါတယ်။

ဖေဖေ အီတလီကပြန်လာတော့ အဆက်အသွယ် ပြတ်သွားခဲ့လို့ အချိန်အတော်ယူပြီးမှ အဆက်အသွယ်ပြန်ရခဲ့တာ။ ဒီနေရာမှာလည်း အခုခေတ်မှာမရှိမဖြစ်တဲ့ Internet ကြောင့်ပဲ ဖြစ်တယ် သမီး။ Internet ဆင်တာဟာ ဖေဖေ့အတွက်ရော၊ မေမေ့ အတွက်ရော အသုံးဝင်ခဲ့တာ။ Internet မရှိရင် ကမ္ဘာကြီးနဲ့ အဆက်အသွယ် ပြတ်နေသလို ဖြစ်တော့တာပေါ့။

ဖေဖေဆွေးနွေးပွဲနေရာရောက်ဖို့ အတော်ခက်ခက်ခဲခဲနဲ့ ရောက်ခဲ့တာ။ စနေနေ့ည ၈း၀၀ နာရီက ရန်ကုန်ကထွက်ပြီး ဘန်ကောက်မှာ ငါးနာရီလောက်စောင့်ရတယ်။ လေယာဉ်ကွင်းထဲမှာပဲ သက်သောင့်သက်သာရှိမယ့်နေရာရှာပြီးနားခဲ့တယ်။ ဘန်ကောက်ကနေ Dubai ကို ခရီးဆက်တော့ မနက်စောစော ၆း၀၀ နာရီကျော်မှ ရောက်တယ်။ Duabi ကနေ Nairobi သွားဖို့ လေယာဉ်ကို

နောက်ထပ်ငါးနာရီလောက် စောင့်ရပြန်ရော။ Nairobi ရောက်တော့ ညနေ ၃း၀၀ နာရီလောက်ဖြစ်နေပြီ။ Nairobi က Mobassa လေယာဉ်က ညနေ ၆း၀၀ နာရီမှာထွက်တာမို့ ထပ် စောင့်ရပြန်ရော။ Mobassa ရောက်တော့ ည ၇း၀၀ နာရီကျော်ကျော်ရှိပြီ။ ဖေဖေ့ကို လာကြိုတဲ့ကားက နောက်ကျနေလို့ နောက်တစ်နာရီလောက် ထပ်စောင့်ရတယ်။ လာကြိုတဲ့ကားနဲ့ ဆွေးနွေးပွဲလုပ်မယ့် ဟိုတယ်ကို နှစ်နာရီနီးပါးမောင်းရတာ။ ဟိုတယ်ရောက်တော့ ည ၉း၀၀ နာရီကျော်နေပြီ။ ဖေဖေ့ကို ထမင်းပြင်ထားပေမယ့် ခရီးပန်းလွန်းလို့ နွားနို့ပူပူတစ်ခွက်သောက်ပြီး အိပ်ရာထဲ ထိုးဝင်လိုက်တယ်။ ခရီး အချိန်စုစုပေါင်း ၂၅ နာရီလောက် ကြာတာ။

နောက်တစ်နေ့မနက် ဟိုတယ်ဘေးမှာရှိတဲ့ ပင်လယ်ကမ်းခြေမှာ ဖေဖေချစ်တဲ့ ပြေးတဲ့အလုပ်ကို လုပ်ဖြစ်တယ်။ သဲသောင်ပြင်က ဖွေးဖွေးနေတာပဲ။ ရေကလည်း အရမ်းကြည်တာ။ ပြာနေတာပဲ။ ဒါပေမဲ့ သိပ်မရှည်လှဘူး။ ငွေဆောင်ကမ်းခြေနဲ့ဆို တစ်ခြားစီပဲ။ ငွေဆောင်မှာဆို ဖေဖေ ချစ်သူများကျွန်းအထိ အသွားအပြန်ပြေးရင် တစ်နာရီကျော်ကျော်ကြာတယ်။ အခုတော့ ၄၅ မိနစ်လောက်ပဲကြာတယ်။ ကမ်းခြေတစ်လျှောက်မှာ ဟိုတယ်တွေပြည့်နေတာ။ ထူးခြားတဲ့အချက်တစ်ခုက သဲသောင်ပြင်ပေါ်မှာ ခရုခွံတွေလုံးဝမတွေ့ရဘူး။ ငွေဆောင်မှာ သမီးနဲ့ဖေဖေ ခရုတွေကောက်လို့မကုန်ဘူး။ ဘာကြောင့်မရှိသလဲ မေးတော့ မဖြေတတ်ကြဘူး။ နောက်ထူးခြားတာက ဒီရေကျသွားရင် သောင်ပြင်ကြီးက တစ်မိုင်လောက်ကျယ်တာ။ ဒီသောင်ပေါ်မှာ ငါးတွေ၊ ရေသတ္တဝါတွေတွေ့ရတယ်။ ဖေဖေ ပြေးနေတုန်း ဒေသခံ လူငယ်တွေက ရေဘဝဲတစ်ကောင်ကို ဖမ်းမိတာတွေ့ရတယ်။ ဖမ်းပြီးတော့ သောင်ပြင်ပေါ်ကို ပစ်ပေါက်နေတာတွေ့ရတယ်။ ဘာလုပ်တာလဲ၊ ရေဘဝဲကို သတ်နေတာလားလို့မေးတော့ မဟုတ်ဘူး သေနေပြီ။

ဒါပေမဲ့ ချက်မစားမီ အသားပျော့အောင် လုပ်တာလို့ပြောပြတယ်။ တစ်ကျောင်း တစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်းပေါ့ သမီး။

နောက်ထူးခြားတာက သောင်ပြင်အနီးမှာ တဲတွေထိုးပြီး အနှိပ်ခန်းတွေဖွင့်ထားတာ။ တကယ်တော့ မကောင်းတဲ့အလုပ်တွေ လုပ်တာ။ နဖူးစည်းမှာ ပေါ်ပေါ်ထင်ထင်ပဲ အနှိပ်ခန်းအနေနဲ့ ကြော်ငြာထားတာတွေ့ရတယ်။ ဖေဖေ့ကိုလှမ်းခေါ်ကြတယ်။ စိတ်မကောင်းစရာပေါ့သမီး။ ဘန်ကောက်တုန်းက တွေ့ရတဲ့မြင်ကွင်းကို သွားသတိရမိတယ်။

မနက်စာစားပြီး အစည်းအဝေးအတွက် ပြင်ဆင်ရတယ်။ မနက်စာစားရင်း ဖေဖေ့အနားမှာ မျောက်တွေသွားလာနေတာ တွေ့ရတယ်။ မျှားလိုက်တာ။ သမီးသာရှိရင် သိပ်ပျော်မှာ။ တချို့တွေက သိပ်လှတာ။ တစ်ကိုယ်လုံးနက်ပြီး ရင်ဘတ်နဲ့ပခုံးမှာ အမွေးဖြူတွေနဲ့မို့ ကုတ်အကျႌဝတ်ထားသလိုပဲ။ ဟိုတယ်ကအဆောက်အအုံ အမျိုးမျိုးနဲ့ ပေါင်းစပ်ထားတာ။ တစ်ဆောင်နဲ့တစ်ဆောင်ကြားမှာ ရေကူးကန်တွေဆောက်ထားပြီး ဘေးမှာလည်း ငါးကန်တွေ လုပ်ထားတယ်။ သာယာလိုက်တာ သမီး။ ထူးခြားတာတစ်ခုက စားသောက်ဆိုင်တွေကို နေရာအနှံ့မှာဖွင့်ထားပြီး ညတိုင်း ပွဲမျိုးစုံစီစဉ်ထားတာတွေ့ရတယ်။

ဆွေးနွေးပွဲကို ညနေ ၄း၀၀ နာရီမှာစတယ်။ UN Country Team ဦးစီးတဲ့သူက အဖွင့်အမှာစကားပြောပြီး ဖေဖေက ဆွေးနွေးပွဲ အစီအစဉ်ကို တင်ပြခဲ့တယ်။ ပြီးတော့ ဖေဖေကပဲ Team Building ခေါင်းစဉ်နဲ့ တင်ပြမှုတစ်ခုလုပ်ခဲ့တယ်။ အဖွဲ့ဆိုတာ ဘာလဲ။ အသင်းဆိုတာ ဘာလဲ။ အဓိကကတော့ အဓိပ္ပာယ်ဖွင့်ဆိုချက်ပေါ့။ တကယ်တော့ အဖွဲ့တိုင်း တူညီတဲ့အချက်သုံးခုရှိပါတယ်။ ပထမကတော့အဖွဲ့တိုင်းမှာအဖွဲ့ဝင်တွေသဘောတူတဲ့ ဦးတည်ချက်တွေရှိသလို တူညီတဲ့ဆောင်ရွက်မှုတွေရှိတယ်။ ဒုတိယအချက်ကတော့ အဖွဲ့မှာ အဖွဲ့ဝင်အချင်းချင်း ထိရောက်တဲ့ဆက်သွယ်မှု၊

ဆက်ဆံမှုတွေရှိဖို့လိုတယ်။ တစ်ယောက်နဲ့တစ်ယောက် ဆက်ဆံဆက်သွယ်မှုရှိတယ်။ ဒီလိုမှမဟုတ်ရင် အဖွဲ့ဆိုတာမရှိနိုင်ဘူးပေါ့။

နောက်ဆုံးအချက်ကတော့ အဖွဲ့တိုင်းမှာ အသိတရားရှာဖွေမှုရှိတယ်။ ရလာတဲ့အသိတရားအပေါ် အခြေခံပြီး ပြုပြင်ပြောင်းလဲမှုတွေလည်းရှိတာတွေ့ရတယ်။ အခုလို နိဒါန်းပျိုးပြီးတော့ ဖေဖေပြုစုထားတဲ့ မေးခွန်းလွှာကို တက်ရောက်လာသူတွေကို ဖြေခိုင်းတယ်။ ဒီမေးခွန်းလွှာက အဖွဲ့ရဲ့ အခြေအနေကို တိုင်းတာပေးတဲ့ မေးခွန်းလွှာဖြစ်တယ်။ ဖြေရမယ့်မေးခွန်းက ၄၈ ခုပါတယ်။ သူတို့တစ်တွေ အချိန်ယူဖြေပြီး ပထမနေ့အလုပ်ရုံအစည်းအဝေးကို ရုပ်သိမ်းလိုက်တယ်။ ညဘက်ကျတော့ ဟိုတယ်က တည်ခင်းတဲ့ ထမင်းစားပွဲ တက်ရောက်ခဲ့တယ်။ ရိုးရာသီချင်းတွေဆိုပြီး ဖျော်ဖြေတာ။ အစားကတော့ အရောပေါ့။ အနောက်တိုင်းရော၊ တရုတ်ရော၊ ကုလားရော၊ တိုင်းရင်းသားရောပေါ့။ ဟိုတယ်အနီးမှာရှိတဲ့ရွာက သားသမီးတွေက နံပြားတွေကို မီးသွေး မီးဖိုနဲ့ဖုတ်ပေးကြတယ်။ ကုလားအစားအစာကတော့ မြန်မာတွေသိတဲ့ ပလာတာ၊ စမူဆာတို့ပေါ့။

နောက်တစ်နေ့ အစောကြီးထပြီး သောင်ပြင်မှာ စုရုံးကြတယ်။ ကျန်းမာရေးလေ့ကျင့်ခန်းအစီအစဉ်ပေါ့။ ဒါကို ဟိုတယ်က ဝန်ထမ်းနှစ်ဦးက ဦးစီးတာ။ အကြောတွေလျှော့ပြီး သဲသောင်ပြင်ပေါ်မှာ ပြေးခိုင်းတယ်။ တစ်ယောက်နဲ့တစ်ယောက် အပေးအယူသဘောနဲ့လုပ်ရတဲ့ လေ့ကျင့်ခန်းတွေလည်း ဆက်လုပ်ရတယ်။ ဒါတွေဟာ ဖေဖေပြောတဲ့ Team Building Exercises တွေပေါ့။ အဖွဲ့မှာ တစ်ဦးနဲ့တစ်ဦး ညှိတာရတယ်။ အားကစားကရတဲ့ အတွေ့အကြုံတွေ၊ အကျိုးအမြတ်တွေကို လုပ်ငန်းခွင်မှာ အသုံးချနိုင်အောင်ပေါ့။

လေ့ကျင့်ခန်းက စုစုပေါင်းတစ်နာရီကျော်ကျော်ကြာတယ်။ ဖေဖေက ပုံမှန်ပြေးခဲ့တော့ သိပ်မသိသာဘူး။ တချို့တွေက

မလိုက်နိုင်ဘဲ ခါးတွေထောက်ပြီး ကျန်ခဲ့ကြတယ်။ ကိုယ့်ကိုယ်ကိုယ် ဂရုမစိုက်ခဲ့ရင်ခံရတာပဲ။ လေ့ကျင့်ခန်းပြီးတော့ အစည်းအဝေးကို ၉း၀၀ နာရီလောက်မှာ စတယ်။ အဲဒီနေ့ကတော့ တစ်နေ့ကုန် ၂၀၀၈ ခုနှစ်မှာ လုပ်ခဲ့တာတွေကို သုံးသပ်တာ။ ဘာတွေလုပ်ခဲ့သလဲဆိုတာကို ပြန်ဆန်းစစ်ကြပြီးသင်ခန်းစာတွေထုတ်ကြတာပေါ့။ ဒီနေရာမှာ သမီးကို တစ်ခုမှာချင်တယ်။ လောကမှာ မှားတယ်ဆိုတာ မရှိပါဘူး။ သင်ခန်းစာရတာပဲရှိတယ်။ ယူတတ်ရင် နောက်တစ်ခါ မမှားတော့ဘူးပေါ့။ များများမှားတဲ့သူဟာ များများ သင်ခန်းစာရတဲ့သူ ဖြစ်တယ်။

ခုလို သုံးသပ်တဲ့အခါ ပွင့်လင်းဖို့လိုတယ်။ ရဲရင့်ဖို့လိုတယ်။ အားနာနေလို့မဖြစ်ဘူး။ ပြောကြတာတွေကတော့ အများကြီးပဲ။ ပြုပြင်စရာတွေက တစ်ပုံကြီး။ ဒါတွေကို ဖေဖေက စုစည်းပြီး သုံးသပ်ပေးတယ်။ ဖေဖေ့သုံးသပ်ချက်ကို အစည်းအဝေးမှာ ဖြန့်တင်ပြပြီး သဘောတူမတူ ဆန္ဒခံယူတယ်။ အားလုံးက တစ်ခဲနက် ထောက်ခံပြီး သဘောတူကြတယ်။

နေ့လယ်စာစားပြီးတော့ အရင်တစ်ရက်က လုပ်ခဲ့တဲ့ ပွဲနဲ့ ပတ်သက်လို့ ဆန်းစစ်ချက်အဖြေတွေကို ဖေဖေက ပြန်တင်ပြတယ်။ သူတို့ဖြေထားတဲ့ မေးခွန်း ၄၈ ခုကို ဖေဖေ က စိစစ်တွက်ချက်ရတာ။ အချိန်က သုံးနာရီလောက်ကြာတော့ ဖေဖေတော်ရုံနဲ့ မအိပ်ရဘူး။ ဖေဖေ့ရဲ့တင်ပြချက်တွေကို အဖွဲ့ဝင်အားလုံးဆီက ဆန္ဒတောင်းတယ်။ သူတို့ဖြေဆိုထားတဲ့မေးခွန်း ၄၈ ခုကို အပိုင်းခွဲရင် ၁၂ ပိုင်းရတယ်။ ဒီအပိုင်းတွေက လုပ်ငန်းအဖွဲ့အစည်းတစ်ခုကို စိစစ်ပေးနိုင်တဲ့ အချက်အလက်တွေလေ။ ဒီ ၁၂ ပိုင်းထဲက အမှတ်အများဆုံးရတဲ့အပိုင်း သုံးပိုင်းနဲ့ အမှတ်အနည်းဆုံးရတဲ့ အပိုင်းသုံးပိုင်းကို ရွေးချယ်သတ်မှတ်ပြန်ရော။ အမှတ်အများဆုံးရတဲ့ အပိုင်းသုံးပိုင်းက လုပ်ငန်းအဖွဲ့ရဲ့ အားသာချက်တွေကို ရည်ညွှန်းတာ။ အမှတ်အနည်းဆုံးရတဲ့အပိုင်း သုံးပိုင်းကတော့ လုပ်ငန်းအဖွဲ့ရဲ့

အားနည်းချက်တွေပါ။ ဒီအချက်တွေကို ဖဲဖကာတင်ပြပြီး အဖွဲ့ဝင်တွေအနေနဲ့ ဘာလုပ်ကြမလဲဆိုတာကို ဆွေးနွေးစေတယ်။ အားသာချက်တွေကို ပိုကောင်းလာအောင် ဘာတွေလုပ်သင့်သလဲ၊ အားနည်းချက်တွေလျော့အောင် ဘာလုပ်သင့်သလဲဆိုတာကို ဆွေးနွေးစေတယ်။ ဒီလိုလုပ်တဲ့အတွက် လုပ်ငန်းအဖွဲ့အနေနဲ့ ရှေ့ဘာဆက်လုပ်ရမလဲဆိုတာကို ပြတ်ပြတ်သားသား ထုတ်ဖော်နိုင်တာပေါ့။

အဲဒီနေ့ နောက်ဆုံးပိုင်းမှာ လုပ်ငန်းအဖွဲ့နဲ့ပတ်သက်လို့ ယုံကြည်မှု (Trust) က ဘယ်လောက်အရေးပါကြောင်းကို ဖဲဖကာ စပြောပြီး လုပ်ငန်းအဖွဲ့မှာ ယုံကြည်မှုအဆင့် ဘယ်လောက်ရှိသလဲဆိုတာကို တစ်ဦးချင်းဆီက သဘောထားခံယူပြီး သုံးသပ်တယ်။ ရတဲ့အဖြေတွေကို ကားချပ်အကြီးကြီးတစ်ခုအပေါ်မှာ ရေးမှတ်ပြီး အဖွဲ့ဝင်တွေကို ဆွေးနွေးစေတယ်။ ယုံကြည်မှုအဆင့်ကို ရှိနေတာထက် မြင့်မားအောင် ဘာတွေလုပ်ကြသလဲဆိုတာကို အဖွဲ့ခွဲပြီး ဆွေးနွေးခိုင်းတယ်။ တစ်ဖွဲ့စီရဲ့တွေ့ရှိချက်တွေကို အများရှေ့ချပြီး ဆွေးနွေးစေတယ်။ သဘောတူညီမှုရအောင် ဆွေးနွေးစေတယ်။ တစ်နေကုန်လုပ်ခဲ့တဲ့ဆွေးနွေးချက်တွေကို ခြုံငုံသုံးသပ်လိုက်ရင် အဖွဲ့အနေနဲ့ ဘာတွေလုပ်သင့်သလဲဆိုတာ ပေါ်လွင်တာပေါ့သမီး။

■

## ဟောပြောပွဲအတွေ့အကြုံ (၁၉)

နောက်တစ်နေ့အလုပ်ရုံအစည်းအဝေးစတော့ ကင်ညာနိုင်ငံမှာရှိတဲ့ UN အဖွဲ့အစည်းတွေနဲ့တွဲဖက်ပြီး လုပ်ငန်းတွေဆောင်ရွက်နေတဲ့သူတွေရဲ့ သဘောထားတွေပေးခဲ့ကြတယ်။ ဒီလိုလုပ်ဖို့ ဖေဖေက အစီအစဉ်ရေးဆွဲခဲ့တာ။ အကြောင်းက ဒီလိုလေ။ ပထမနေ့မှာ UN အဖွဲ့အစည်းအချင်းချင်း ကိုယ်ဘာလုပ်ကြတယ်၊ ဘာတွေအောင်မြင်ခဲ့တယ်၊ ဘာတွေဆက်လုပ်ဖို့ လိုသလဲဆိုတာကို အသေးစိတ်ဆွေးနွေးခဲ့ကြတယ်။ ဒါပေမဲ့ ဒါကမလုံလောက်ဘူးလေ။ ကိုယ့်အကြောင်း ကိုယ်သိဖို့လိုသလို ကိုယ်နဲ့အလုပ်တူ လုပ်နေသူတွေရဲ့ အမြင်တွေကို မျှဝေဖို့လိုပြန်တယ်။ ဒီလိုလုပ်မှ ကိုယ့်အမြင်နဲ့ အများရဲ့အမြင်ကို သိနိုင်မှာပေါ့။ ဒီလိုသိရင် ပိုပြီး မှန်မှန်ကန်ကန် ဆင်ခြင်နိုင်စွမ်းရှိမှာ။ မဟုတ်ရင် ကိုယ့်ဟာကိုယ် အဟုတ်ကြီး ထင်တတ်ကြတာ။ ဒီလိုလုပ်တာဟာ အလွန်အရေးကြီးတယ် သမီး။ လူတွေဟာ ကိုယ့်ဟာကိုယ် ချောက်ပြစ်ကင်းသဲလဲစင်လို့ အမြဲထင်တတ်ကြတယ်။ ဒါကိုဆင်ခြင်ဖို့ ကိုယ့်အကြောင်း သိနိုင်သူတွေကို မေးစေတာဟာ ထိရောက်တာပေါ့။

အစီအစဉ်အရ ကင်ညာနိုင်ငံအစိုးရ စီမံကိန်းနဲ့စီးပွားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက အစိုးရရဲ့သဘောထားကို တင်ပြတယ်။ အဓိကအကြောင်းအချက်အနေနဲ့ နိုင်ငံတော်အစိုးရအနေနဲ့

UN အဖွဲ့အစည်းတွေရဲ့လုပ်ရပ်အပေါ် ဘယ်လိုမြင်သလဲဆိုတာကို ဆွေးနွေးတင်ပြစေတာပါ။ ဒုတိယဝန်ကြီးက သူတို့ချမှတ်ထားတဲ့ ၂၀၃၀ နှစ်ရှည်စီမံကိန်းကို တင်ပြတယ်။ တမ္ဘာစီးပွားရေးအကျပ်အတည်းကြောင့် သူတို့ရဲ့ စီးပွားရေးကဏ္ဍမှာ ဘယ်လောက်ထိခိုက်နိုင်သလဲဆိုတာကို ပွင့်ပွင့်လင်းလင်းတင်ပြသွားတယ်။ ကင်ညာနိုင်ငံရဲ့ စီးပွားရေးဟာ လယ်ယာလုပ်ငန်းနဲ့ တမ္ဘာလှည့်ခရီးသည်လုပ်ငန်းတွေကို အခြေခံထားတယ်။ လယ်ယာကဏ္ဍနဲ့ ပတ်သက်လို့ ထူးခြားချက်တစ်ရပ်က Cut Flowers လို့ခေါ်တဲ့ ပန်းတွေကို စိုက်ပျိုးပြီး ဥရောပနဲ့ အမေရိကန်ပြည်ထောင်စုကို တင်ပို့နေတာ အကြီးအကျယ်ပဲ။ လွန်ခဲ့တဲ့ ၁၀ နှစ်လောက်မှာ ဘာမှမရှိခဲ့တဲ့ အခြေအနေကနေ အခုဆိုတော်တော်လေး ကျယ်ကျယ်ပြန့်ပြန့် တင်ပို့ရောင်းချနိုင်တဲ့အခြေအနေရှိနေပြီ။ ဒါပေမဲ့ အခုလို ဥရောပနိုင်ငံတွေမှာရော၊ အမေရိကန်ပြည်ထောင်စုမှာရော စီးပွားရေးအကျပ်အတည်းတွေနဲ့ ရင်ဆိုင်နေရတဲ့အချိန်မှာတော့ ပြည်ပတင်ပို့မှုဟာ သိသိသာသာလျော့ကျနေတာ။

ဒီလိုပဲ ကင်ညာနိုင်ငံမှာ တောရိုင်းတိရစ္ဆာန်တွေကို ထိန်းသိမ်းထားတဲ့ Wildlife Reserves ဘေးမဲ့ဥယျာဉ်တွေ အများအပြားရှိတယ်။ ဒီအထဲမှာ Big Five လို့ခေါ်တဲ့ ဆင်၊ ခြင်္သေ့၊ ကြံ့၊ ကျွဲရိုင်းနဲ့ ကျားသစ်ကို လူတွေက သိပ်စိတ်ဝင်စားကြတာ။ အရင်ခေတ်ကလို ဒီတိရစ္ဆာန်တွေကို သေနတ်နဲ့ပစ်တာ မဟုတ်တော့ဘဲ သဘာဝပတ်ဝန်းကျင်မှာ နေထိုင်နေကြတာကို လာကြည့်ကြတယ်။ ဓာတ်ပုံရိုက်ကြတာ။ သမီးကတိရစ္ဆာန်ကိုသိပ်ကြိုက်တော့ ဖေဖေအဆင်ပြေရင် ခေါ်သွားချင်တာ။ အခုတော့ စီးပွားရေး အကျပ်အတည်းကြောင့် ခရီးသည်တွေ အလာနည်းသွားခဲ့တယ်။ ဒီလိုပဲ ကင်ညာနိုင်ငံမှာ ပင်လယ်ကမ်းခြေက အရှည်ကြီး၊ ဟိုတယ်တွေကလည်း အများကြီး၊ နိုင်ငံခြားကုမ္ပဏီတွေက လာဖွင့်ထားကြတယ်။ အခုတော့ ဟိုတယ်တွေမှာ ဧည့်သည်တွေ မရှိသလောက်ပဲ။

ဒုတိယဝန်ကြီးလုပ်သူက စီးပွားရေးအကျပ်အတည်းရဲ့ အကျိုးသက်ရောက်မှုကို ပွင့်ပွင့်လင်းလင်းပဲဝန်ခံသွားရှာတယ်။ သူ့ရဲ့ မိန့်ခွန်းမှာ ဖေဖေ သဘောကျတဲ့အချက်တစ်ခုတို သမီးကို ပြောပြချင်တယ်။ သူက ဖေဖေတို့ အလုပ်ရုံအစည်းအဝေးလုပ်တဲ့ ဟိုတယ်ကို ကားနဲ့လာခဲ့တာ။ ခရီးကခုနစ်နာရီလောက်ရှိတယ်။ ခရီးလမ်းရဲ့ တစ်ပိုင်းမှာ လမ်းအသစ်ဖောက်ခဲ့တာ။ သူ့ရဲ့ မဲဆန္ဒနယ်ဖြစ်လို့ သူကိုယ်တိုင် ဦးစီးပြီး ဆောင်ရွက်ပေးခဲ့တာ။ အဲဒီလမ်းက ခရီးသုံးနာရီလောက်ရှိတယ်။ ဒီသုံးနာရီအတွင်းမှာ ကားငါးစီးလောက်ပဲ တွေ့ခဲ့တယ်။ လမ်းအသစ်ကြီးရှိနေပေမယ့် သုံးတဲ့သူတွေက နည်းနေတာ။ လမ်းမှာသူက ကားရပ်ပြီး ရွာသူရွာသားတွေနဲ့တွေ့ပြီး သူတို့ရဲ့အခြေအနေကို မေးမြန်းစုံစမ်းခဲ့တယ်တဲ့။ သူတို့ ဘာလိုအပ်သလဲလို့မေးကြည့်တော့ သူကြားရတဲ့ အဖြေက သူလုံးဝ မမျှော်လင့်ခဲ့တဲ့အဖြေ။ ရေလိုတယ်။ အထူးသဖြင့် သန့်ရှင်းတဲ့ သောက်သုံးရေကို အဓိကလိုအပ်တယ်လို့ သူတို့က တင်ပြကြတယ်။ ဒါကိုကြားရတော့ ဒုတိယဝန်ကြီးလုပ်သူက ဆင်ခြင်မိတယ်။ ဒီရွာသူရွာသားတွေ တောင့်တသလို ရေတွေရောက်အောင် လုပ်ပေးသင့်တယ်။ အခုတော့ ဘယ်သူ့ကိုမှ မမေးဘဲ လမ်းသစ်ကြီးကို ငွေကုန်ကြေးကျခံပြီး ဖောက်လုပ်ခဲ့ပေမယ့် ထင်သလိုအသုံးမဝင်တာတွေ့ခဲ့ရတာယ်။

ဒီဥပမာလေးဟာ တိုးတက်ဖွံ့ဖြိုးမှုရဲ့ အနှစ်သာရပဲသမီး။ ဖေဖေ အမြဲပြောနေသလို ဖွံ့ဖြိုးမှုလို့ပြောရင် People Centered Development လို့ခေါ်တဲ့လူတွေကို ဦးတည်တဲ့လူတွေကို အခြေခံတဲ့ တိုးတက်ဖွံ့ဖြိုးမှုဖြစ်ရမယ်။ ရွာသူရွာသားတွေ ဘာလိုအပ်သလဲ။ ဒါကို အရင်မေးရမယ်။ မေးပြီးမှ တာဝန်ရှိသူတွေက ဖြည့်ဆည်းပေးရမှာပေါ့။ ဒီလိုမဟုတ်ဘဲ ကိုယ်ကကောင်းတယ်လို့ထင်ပေမယ့် ထင်သလိုဖြစ်မလာရင် အလကားပေါ့။

ဒုတိယဝန်ကြီးက သူ့ရဲ့တင်ပြချက်တွေကို Powerpoint Slides တွေနဲ့ စိတ်ဝင်စားစရာတင်ပြသွားခဲ့တယ်။ ဒုတိယဝန်ကြီးရဲ့

အစီအစဉ်ပြီးတော့ နောက်တစ်ဦးက တင်ညာနိုင်ငံကို ငွေကြေးအထောက်အပံ့တွေ ပေးနေတဲ့အစိုးရတွေ၊ အဖွဲ့အစည်းတွေကိုယ်စား Denmark နိုင်ငံသံအမတ်ကြီးက Donor Community ရဲ့ သဘောအမြင်ကို တင်ပြသွားတယ်။ ဒီသမပိုင်းမှာ UN အဖွဲ့အစည်းကို အမျိုးမျိုးချီးမွမ်းခဲ့တယ်။ Donors တွေအနေနဲ့ ဘယ်လောက်ကျေနပ်မိတယ်ဆိုတာကို တင်ပြသွားခဲ့တယ်။ ဖေဖေ့စိတ်ထဲမှာတော့ နည်းနည်းလေးစိုးရိမ်မိတယ်။ အစပိုင်းကောင်းတာတွေပြောပြီးရင် နောက်ပိုင်းမှာတော့ ဝေဖန်ချက်တွေ လာတော့မယ်လို့။ ထင်တဲ့အတိုင်းပါပဲ သမီး။ ပြောလိုက်တာ ဖေဖေ သဘောကျတာက ဝေဖန်ချက်တွေကို ပြတ်ပြတ်သားသား ပွင့်ပွင့်လင်းလင်းတင်ပြခဲ့တယ်။ ဘာမှမချန်သလိုဘဲ။ ပြောတဲ့အထဲမှာ UN ပိုင်တဲ့မော်တော်ယာဉ်တွေများလွန်းတာ၊ အစည်းအဝေးတွေလုပ်ရင် UN ကို ကိုယ်စားပြုပြီး တက်လာတဲ့သူတွေ များလွန်းတာ၊ UN အဖွဲ့အစည်းအချင်းချင်း ညှိနှိုင်းမှုအားနည်းတာအစ ချီပြီးပြောပါလေရော။ ဒီလောက်ပွင့်လင်းလိမ့်မယ်လို့ မထင်မိဘူး။ တကယ်တော့ ဒါဟာ Transparency ရှိတဲ့ ကြည်လင်ပြတ်သားတဲ့ သဘောပေါ့။ မြင်တဲ့အတိုင်း တင်ပြသွားတာကို ဖေဖေက သဘောကျတယ်။ ဒီလိုတင်ပြမှလည်း ကိုယ့်ရဲ့ဟာကွက်တွေ၊ ကိုယ့်ရဲ့ အားနည်းချက်တွေသိနိုင်ပြီး ပြုပြင်နိုင်တာပေါ့။ တကယ်တော့ **သူများဝေဖန်တာကို ကြိုဆိုရမယ်။ လက်ခံရမယ်။ ကိုယ့်ကိုအပြစ်ရှာနေတာလို့ မထင်ရဘူး။ ကိုယ့်အတွက် ကောင်းတဲ့သင်ခန်းစာတွေ ပေးနေတာလို့ ခံယူရမယ်။ ဝေဖန်တဲ့သူရှိမှ ကိုယ့်မှာတိုးတက်နိုင်တာပေါ့။ အားလုံး ကောင်းပါတယ်လို့ပြောကြည့်၊ ဘာမှပြင်စရာမလိုတော့တဲ့ သဘော။**

တကယ်တော့သမီးရယ် ဘယ်အရာမဆို ပြီးပြည့်စုံမှု မရှိနိုင်ပါဘူး။ ကောင်းသထက်ကောင်းအောင် ကြိုးစားရလိမ့်မယ်။ အားထုတ်ရလိမ့်မယ်။ ဖေဖေတို့အုပ်တစ်အုပ်ထဲမှာ သိပ်ကြိုက်တဲ့

စာပုဒ်တစ်ပုဒ်သွားသတိရမိတယ်။ Good is the enemy of the Great တဲ့ 'ကောင်းတယ်ဆိုတာဟာ သိပ်ကောင်းတယ်ဆိုတာရဲ့ ရန်သူပဲ။' တစ်နည်းပြောရရင် ဘယ်အရာမှာပဲဖြစ်ဖြစ် ကောင်းတာနဲ့ မကျေနပ်နဲ့။ အကောင်းဆုံးဖြစ်အောင် အမြဲဆောင်ရွက်ရမယ်။ ဒီလိုစိတ်ထားမွေးရမယ်သမီး။

နေ့လယ်စာစားပြီးတော့ အလုပ်ရုံဆွေးနွေးပွဲကို ဖိတ်ထားတဲ့ လူမှုရေးအဖွဲ့အစည်းရဲ့ ကိုယ်စားလှယ်တွေက သူတို့ရဲ့အမြင်၊ သူတို့ရဲ့သဘောထားကို တင်ပြကြတယ်။ ကိုယ်စားလှယ်တွေက စုစုပေါင်းလေးဦး။ နိုင်ငံခြား NGO တွေပါသလို ကင်ညာနိုင်ငံကြက်ခြေနီအသင်း ကိုယ်စားလှယ်လည်းပါဝင်ကြတယ်။

သမီးသိတဲ့အတိုင်း UN ဆိုတာက မိမိရဲ့ လုပ်ငန်းဆောင်ရွက်ချက်တွေကို ကိုယ်တိုင်ကိုယ်ကျ အကောင်အထည်ဖော်သလို NGO တွေနဲ့ တွဲဖက်ပူးပေါင်းပြီးလုပ်ကြတာ။ ဒီတော့ NGO တွေရဲ့ သဘောထားအမြင်က သိပ်အရေးကြီးတယ်။ တင်ပြတဲ့သူတွေက စီကာပတ်ကုံးနဲ့ ဆွေးနွေးကြတယ်။ သူတို့ရဲ့ အတွေ့အကြုံကို ပြည့်ပြည့်စုံစုံ တင်ပြသွားကြတယ်။ တစ်ခုတော့ ရှိတယ် NGO နဲ့ UN အဖွဲ့အစည်းတွေဟာ တစ်ဖက်က မဟာမိတ်တွေဖြစ်ကြပေမယ့် တစ်ဖက်က ပြိုင်ဘက်တွေဖြစ်ကြတယ်။ အထူးသဖြင့် ငွေကြေးအထောက်အပံ့ရဖို့ဆိုရင် NGO တွေနဲ့ UN အဖွဲ့အစည်း အချင်းချင်း အားပြိုင်ကြတယ်။ သူတို့တစ်တွေက ညာညာတာတာပြောကြပါတယ်။ ဘယ်လိုပူးပေါင်းသင့်တယ်ဆိုတာကို ဖောင်းပေးပြီး တင်ပြသွားကြတယ်။ ဖေဖေပြောခဲ့သလို အစိုးရရယ်၊ ထောက်ပံ့သူတွေ (Donors) ရယ်၊ လူမှုရေးအဖွဲ့အစည်းတွေ (NGOs) ဟာ UN အဖွဲ့အစည်းတွေရဲ့ အကျိုးတူဆောင်ရွက်ရသူတွေ (Stakeholders) ဖြစ်ကြတယ်လေ။ လုပ်ငန်းအဖွဲ့အစည်းတိုင်းမှာ ကိုယ့်ရဲ့ Stakeholders တွေကို သိအောင်လုပ်ရမယ်။ ဒီလိုလုပ်နိုင်ရင် ဘယ်ပုံဘယ်နည်းနဲ့ ပူးပေါင်းနိုင်မလဲ၊ ညှိနှိုင်းနိုင်မလဲဆိုတာ

တွေကို စဉ်းစားနိုင်မှာပေါ့။

အဲဒီနေ့ နောက်ဆုံးပိုင်းအနေနဲ့ တစ်နေကုန်တင်ပြချက်တွေကို ဖေဖေက ဦးစီးပြီး UN အဖွဲ့အစည်းတာဝန်ရှိသူတွေအနေနဲ့ ပြန်လည်သုံးသပ်ကြတယ်။ အစိုးရထောက်ပံ့သူ၊ လူမှုရေးအဖွဲ့အစည်းတွေရဲ့ တင်ပြချက်တွေကို အခုလို ဂရုထားနားထောင်တာကို (Listening Session) လို့ ခြုံငုံပြီးသတ်မှတ်နိုင်တာပေါ့။

တကယ်တော့နားထောင်မှုအားဟာ သိပ်အရေးကြီးတယ်။ နားထောင်မှု အကြောင်းစုံသိနိုင်မှာပေါ့။ ဖေဖေ အမြဲပြောသလို ဆက်သွယ်ဆက်ဆံမှုမှာ အရေးကြီးဆုံးအရာတ ပြောတာ မဟုတ်ဘူး။ ပြောတာက လွယ်ပါတယ်။ ဘယ်သူမဆို ပြောတတ်ကြတာပဲ။ အရေးကြီးတာက နားထောင်ဖို့၊ နားထောင်တဲ့နေရာမှာလည်း ပြန်ပြီးချေပဖို့ မစဉ်းစားဘဲ နားနဲ့နားထောင်ရမယ်။ မျက်စိနဲ့ နားထောင်ရမယ်။ ပြီးတော့ နှလုံးသား ခံစားချက်နဲ့ နားထောင်ဖို့ လိုတယ်သမီး။ ဖေဖေက ဒီနားထောင်မှုအင်အားပညာကို လူတိုင်းမှာရှိစေချင်တယ်။ မိသားစုအတွင်းမှာရော၊ လုပ်ငန်းအဖွဲ့အစည်းမှာရော၊ နိုင်ငံတစ်နိုင်ငံမှာရော တစ်ယောက်ပြောတာကို တစ်ယောက်က ဂရုထားပြီးနားထောင်ဖို့ လိုတယ်သမီး။

အခုလိုသုံးသပ်ရင်း တင်ပြချက်တွေအထဲက ဘာတွေကို အလေးပေးဂရုစိုက်ပြုပြင်သင့်သလဲဆိုတာကို ဝိုင်းဆွေးနွေးကြတယ်။ ကောက်နုတ်ချက်တွေ ချမှတ်ကြတယ်။ ဒီလိုဆောင်ရွက်နိုင်တာမို့ ဖေဖေက သိပ်ကျေနပ်ရတယ်။ ညဘက်မှာ ဟိုတယ်ရဲ့ တစ်နေရာမှာ ညစာစားကြတယ်။ ရိုးရာအကနဲ့ ဖျော်ဖြေခဲ့တယ်။ ကင်ညာမှာ နာမည်ကြီးတဲ့ လူမျိုးစုတစ်ခုရှိတယ်။ သူတို့က Masai လူမျိုးတွေ။ အသားရောင်က နက်မှောင်နေတာပဲ။ ဒါပေမဲ့ မွဲခြောက်ခြောက်မဟုတ်ဘဲ မဟူရာကျောက်လို နက်ပြောင်နေတာ။ ပြီးတော့ အရပ်က အရှည်ကြီး။ ကိုယ်လုံးကိုယ်ပေါက်က ကျစ်နေ

တာပဲ။ အဆီလုံးဝမရှိဘူး။ ဝတ်ထားတဲ့ဝတ်ရုံက အနီရောင် တောက်တောက် ကြည့်လို့သိပ်ကောင်းတာ။ လက်ထဲမှာလည်း လုံ့ အရှည်တစ်ချောင်းရယ်၊ ဓားမတိုတစ်ချောင်းရယ်ကို ကိုင်ပြီး ကကြ တယ်။ ထူးဆန်းတဲ့ ကကွက်တစ်ခုက မတ်တတ်ရပ်ရင်း ခုန်တဲ့ ကွက်။ ခုန်တာကလည်း အမြင့်ကြီးရောက်တယ်။ သူတို့က ဆီကို မစားကြဘူး။ ဒါကြောင့် ကျန်းမာတယ်ထင်ပါရဲ့။ ဖေဖေ တစ်ခါက စာအုပ်တစ်အုပ်မှာ ဖတ်ဖူးတယ်။ မွေးထားတဲ့ နွားရဲ့လည်မျိုကို ဖောက်၊ သွေးကိုခံပြီး နွားနို့နဲ့ရောသောက်ကြတယ်တဲ့။ တစ်ကျောင်း တစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်းပေါ့သမီး။ ထမင်းစားပွဲက တော် တော်နဲ့မပြီးဘူး။ အစားအသောက်တွေက အမျိုးမျိုး။ ရိုးရာဟင်းပွဲ တွေလည်းပါတယ်။

ဖေဖေကတော့ ခွင့်တောင်းပြီး အခန်းကိုပြန်ခဲ့တယ်။ နောက်တစ်နေ့အတွက် ဖေဖေက ပြင်ဆင်ရဦးမှာ။

■

## ဟောပြောပွဲအတွေ့အကြုံ (၂၀)

ဖေဖေ ဇန်နဝါရီလ ၂ ရက်နေ့မှာ ထူးခြားတဲ့ဟောပြောပွဲတစ်ခုကို UMFCCI မှာ လုပ်ဖြစ်တယ်။ ဒီဟောပြောပွဲက အရင်လုပ်နေကြပုံစံမဟုတ်ဘဲ Forum သဘောလုပ်တာဖြစ်တယ်။ ဖေဖေက သဘာပတိ (Moderator) လုပ်ပြီး ဖေဖေနဲ့အတူ UMFCCI မှာ တာဝန်ယူနေတဲ့ လုပ်ငန်းရှင်တွေဖြစ်တဲ့ ပုဂ္ဂိုလ်လေးဦးရယ်၊ ဖေဖေနဲ့ စီးပွားရေးတက္ကသိုလ်မှာ အရင်တုန်းက လုပ်ဖော်ကိုင်ဖက်ဖြစ်တဲ့ ဆရာဦးတင်စိုးလည်း ပါတယ်။ ဒီ Forum မလုပ်ခင် ဖေဖေတို့ တစ်ကြိမ် အစည်းအဝေးလုပ်ပြီး ညှိနှိုင်းခဲ့ကြတယ်။ ဟောပြောပွဲပုံစံအသစ်တစ်မျိုး လုပ်ချင်တဲ့အတွက် ဖေဖေက Keynote address ပေးပြီး ကျန်တဲ့ Panelists တွေက ဆွေးနွေးကြမယ်။ ပြီးတော့ ဖေဖေက ဆွေးနွေးလိုတဲ့အကြောင်းအရာတွေတင်ပြပြီး ကျန်တဲ့သူတွေက ထပ်ဆွေးနွေးကြမယ်။ ပြီးရင် ပရိသတ်တွေရဲ့ မေးခွန်းတွေကို စာနဲ့ရေးခိုင်းပြီး ဖြေဆိုမယ်။ ဒါကတော့ စဉ်းစားထားတဲ့အစီအစဉ်ပေါ့။

ဖေဖေနဲ့ မေမေက ဟောပြောပွဲမစမီ ၁၅ မိနစ်အလိုရောက်သွားတယ်။ တာဝန်ယူတဲ့သူတွေက ခဏစောင့်ပါဦးလို့ပြောလို့ ဧည့်ခန်းထဲဝင်ထိုင်ပြီး ရှိနေတဲ့ ဧည့်သည်နဲ့ စကားပြောဖြစ်တယ်။ ပွဲက နေ့ခင်း ၂ နာရီစဖို့ပဲ။ ဖေဖေ့ကို အဆင်သင့်ဖြစ်ပါ

ပြီလို့ လာခေါ်တော့ ၂ နာရီ မိနစ် ၂၀ လောက်ဖြစ်သွားတယ်။ ခန်းမထဲဝင်တော့ ပရိသတ်တွေက အပြည့်၊ ၇၀၀ လောက်ရှိတယ်လို့ ဖေဖေ့ကိုလာပြောတယ်။ အခမ်းအနားမှူးက ပြောစရာရှိတာတွေပြောပြီး ဖေဖေက **Keynote Address** ကို ၃ နာရီလောက်မှ စပြောဖြစ်တယ်။ ဖေဖေပြောပြီး **Panelist** ငါးဦးက ပါဝင်ဆွေးနွေးကြတယ်။ အချိန်အကန့်အသတ်ကြောင့် ဆွေးနွေးစရာ အကြောင်းအရာကို စီစဉ်ထားတဲ့အတိုင်း အသေးစိတ် မဆွေးနွေးနိုင်တော့ဘဲ ဆွေးနွေးစရာအကြောင်းတွေကို ဖေဖေက အကျဉ်းချုံး တင်ပြပေးလိုက်တယ်။ ဟောပြောနေတုန်း ပရိသတ်တွေကို မေးခွန်းပုံစံတွေ ကြိုဝေထားတယ်။ ဖြည့်ထားတဲ့ ပုံစံက စုစုပေါင်း ၆၀ ကျော်ကျော်ကို လက်ခံရပြီး ဖေဖေက ပထမဆုံးဖတ်ပြီး အဖြေပေးစေချင်တဲ့ မေးခွန်းတွေကို **Panelist** ကိုဝေပြီး ဖြေစေခဲ့တယ်။ သူတို့ရဲ့ ဖြေကြားချက်ကို အမှာစကားတွေ အဆုံးသတ်ပေးပြီးမှ ဖေဖေက ခြုံငုံပြီး နိဂုံးချုပ်ပြောဖြစ်တယ်။

ဖေဖေ အခု သမီးကို ဟောပြောပွဲရဲ့ ပုံစံဖြစ်စဉ်ကိုသာ ပြောနေတာ။ အကြောင်းအရာကို မပြောရသေးဘူး။ ဒီပုံစံဖြစ်စဉ်ဟာ လုပ်သင့်ဖြစ်သင့်တဲ့ပုံစံဖြစ်တယ်။ တကယ်တော့ ဖေဖေတို့ဆီမှာ ဆွေးနွေးမှု အချေအပပြောဆိုမှုတွေ အလေ့အကျင့်ရှိဖို့လိုတယ်။ တစ်ယောက်နဲ့တစ်ယောက် ဆွေးနွေးတာဟာ ရှင်လန်းမှုရှိတယ်။ အသက်ရှိတယ်၊ တစ်ဦးနဲ့တစ်ဦး ကိုယ့်အမြင် ကိုယ့်အထင်တို ပွင့်ပွင့်လင်းလင်း တင်ပြကြ၊ မျှဝေကြ၊ အမြင်ခြင်းဖလှယ်ကြ။ ဒီအလေ့အကျင့်တွေဟာ ရှိသင့်တဲ့ အလေ့အကျင့်တွေဖြစ်တယ်။ ဒီလိုငြင်းကြခုံကြလို့ တစ်ယောက်နဲ့တစ်ယောက် ရန်ဖြစ်တဲ့သဘော၊ ပဋိပက္ခဖြစ်တဲ့ သဘောဆောင်စရာ မရှိဘူးလေ။ အမြင်မတူတာဟာ တကယ်တော့ အသိတရား တိုးပွားစေနိုင်တဲ့ အခွင့်အရေးပဲလေ။ ဒီလိုဆွေးနွေးလို့ ဘယ်သူက မှန်တယ်၊ ဘယ်သူက မှားတယ်ဆိုတဲ့ အဖြေထုတ်တဲ့ သဘောမဟုတ်ပါဘူး။ အမြင်ချင်း

ဖလှယ်လို့ ရလာတဲ့အသိတရားတော တန်ဖိုးရှိပါတယ်။ အခုလို ဆွေးနွေးတဲ့ အလေ့အကျင့်ကို တွင်တွင်ကျယ်ကျယ် ကျင့်သုံးစေချင်တယ်။

ဖေဖေတို့အနေနဲ့ နောက်ပြင်ဆင်သင့်တဲ့ အလေ့အကျင့်ကတော့ အချိန်နဲ့ပတ်သက်လို့ စီမံမှု (Time Management) ပဲဖြစ်တယ်။ စီမံခန့်ခွဲမှုပညာမှာ အရင်တုန်းက အရင်းအနှီးလို့ပြောရင် လူ၊ နည်းပညာ၊ ငွေကြေး၊ စက်ပစ္စည်းတို့ကိုပဲ ထည့်သွင်းစဉ်းစားကြတယ်။ အခုတော့ ဒီအရင်းအနှီးတွေအထဲမှာ တကယ်အရေးကြီးတာက အချိန် (Time) ပဲဖြစ်တယ်ဆိုတာကို လက်ခံလာကြတယ်။ လူတိုင်းတစ်နေ့မှာ အချိန် ၂၄ နာရီပဲ ရှိတယ်။ ရာထူးကြီးသူရော၊ ရာထူးငယ်သူရော၊ အသက်ကြီးတဲ့သူရော၊ လူငယ်ရော၊ အမျိုးသားရော၊ အမျိုးသမီးရောအားလုံးမှာ ၂၄ နာရီစီပဲရှိကြတာ။ ဘယ်သူမှ ၂၄ နာရီထက် ပိုပြီးမရှိနိုင်ဘူး။ ဒီတော့ ဖေဖေတို့အနေနဲ့ ရှိတဲ့အချိန်ကို ဘယ်လိုအကျိုးရှိစွာ သုံးမလဲဆိုတာ အလေးအနက်စဉ်းစားရမယ့် အချက်တစ်ခုဖြစ်တယ်။ အချိန်ကို လေးစားတဲ့ အလေ့အကျင့်က ဂရုစိုက်ပြီး မြုစုသင့်တဲ့အကျင့်တစ်ခု ဖြစ်ပါတယ်။ တစ်ခုတော့ရှိပါတယ်။ အချိန်အပေါ်မြင်တဲ့ ခံယူတဲ့အမြင်က လူမျိုးတစ်မျိုးနဲ့တစ်မျိုး မတူကြတာတွေ့ရတယ်။ အချိန်ကို အတိအကျလေးစားတဲ့ လူမျိုးအနေနဲ့ ဆွစ်ဇာလန်နိုင်ငံက ဆွစ်လူမျိုးတွေ၊ ဂျပန်လူမျိုးတွေရှိကြတယ်။ ဘတ်စ်ကားမှတ်တိုင်မှာ ဘတ်စ်ကားလာမယ့်အချိန်ကို အတိအကျ သတ်မှတ်ထားတာ ဖေဖေမှတ်မိတယ်။ ၃ နာရီ ၃၂ မိနစ်လို့ရေးထားရင် ရေးထားတဲ့အတိုင်း ဘတ်စ်ကားက ရောက်လာတာပဲ။ တချို့လူမျိုးတွေကတော့ အချိန်ကို မြင်တဲ့ပုံစံက မတူတာတွေ့ရတယ်။ အစည်းအဝေးကို ၂ နာရီမှာ စမယ်လို့ပြောထားပေမယ့် တစ်ခါတလေ ၂ နာရီခွဲမှ စဖြစ်တာမျိုး ရှိတတ်တယ်။ လူစုံမှစကြတာပေါ့လို့ ပြောတော့ လူစုံတဲ့အထိ စောင့်ကြရတယ်။ ဖေဖေ အလုပ်လုပ်ခဲ့တဲ့ UN မှာလည်း အချိန်ကို

မြင်တဲ့ ပုံစံကတစ်မျိုး။ တတ်နိုင်သလောက် တိကျအောင် လုပ်ပေမယ့် တစ်ခါတလေ ခက်ခဲတာတွေ့ရတယ်။ အစည်းအဝေးလုပ်ရင် Start on time, finish on time ဆောင်ပုဒ်အတိုင်း သတ်မှတ်ထားတဲ့ အတိုင်း စပြီး ပြောထားတဲ့အတိုင်း အစည်းအဝေးကို အဆုံးသတ်ရ တယ်။ ဒီလိုလုပ်တာဟာ လူတွေကို လေးစားလို့ပဲ ဖြစ်တယ်။

လူတိုင်းအတွက် အချိန်ဟာ တန်ဖိုးရှိတယ်။ ဒီတော့ သူတို့ရဲ့ အချိန်ကို မဖြုန်းသင့်ဘူး။ အလွဲသုံးစားမလုပ်သင့်ဘူး။ ဖေဖေ New York မှာ တာဝန်ကျတုန်းက အသုံးပြုတဲ့အကျင့်တစ်ခုကို မှတ်မိသေးတယ်။ အပတ်စဉ် Management Meeting ကို Stand-up meeting အဖြစ် သတ်မှတ်တယ်။ အဓိပ္ပာယ်က မတ်တတ်ရပ်ပြီး အစည်းအဝေးလုပ်တာမထိုင်ရဘူး။ ဒီတော့ အစည်းအဝေးဟာ သိပ်မကြာတော့ဘူးပေါ့။ ဘယ်သူပဲဖြစ်ဖြစ် ကြာကြာမတ်တတ်မရပ်နိုင်ဘူးလေ။ နောက်တစ်နည်းက အစည်းအဝေးစမယ့်အချိန်ရောက်ရင် အစည်းအဝေးခန်းကို တံခါးပိတ်လိုက်တယ်။ အဓိပ္ပာယ်ကတော့ နောက်ကျတဲ့သူက အစည်းအဝေးတဲမထိုင်ရတော့ဘူးပေါ့။ ဒီအကြောင်း ဖေဖေ တစ်ခါကပြောတော့ နားထောင်တဲ့သူတစ်ဦးက ပြန်မေးတယ်။ "နောက်ကျတဲ့သူက ဌာနအကြီးအကဲဖြစ်ရင် ဘယ်လိုလုပ်မလဲဆရာ" တဲ့။ ဖေဖေ့အတွက် အဖြေပေးဖို့ အတော်ခက်သွားတယ်။ ဖေဖေက အကြီးအကဲဆိုရင် ဘယ်တော့မှ နောက်မကျဘူးလို့ ယူဆထားတာကိုး အကြီးအကဲ အခန်းအပြင်မှာရှိရင် အကောင်းဆုံးက တံခါးကို မြန်မြန်ဖွင့်ပေးရုံပါပဲ။ တစ်ခါတလေတော့လည်း သိပ်ပြီး မတိကျနဲ့ပေါ့။

ဖေဖေ တစ်ဦးတည်းရဲ့ သဘောပြောရရင်တော့ အချိန်ကို လေးစားသင့်တယ်။ ဘာကြောင့် ဒီလိုပြောရသလဲဆိုရင် ဖေဖေက အချိန်ကို တန်ဖိုးထားလို့ပဲဖြစ်တယ်။ ကိုယ့်ရဲ့အချိန်တွေကို မလိုအပ်ဘဲ မဖြုန်းစေချင်ဘူး။ ဥပမာတစ်ခုဖေဖေပြောမယ်။ ဟောပြောပွဲကို သတ်မှတ်ထားတဲ့အချိန်ထက် ၁၀ မိနစ်နောက်ကျတယ်ဆိုပါစို့။

ဘချို့ကတော့ ပြောကြ၊ တွေးကြမှာပေါ့။ ၁၀ မိနစ်ပဲ သိပ်အရေးမကြီးပါဘူးလို့ ယူဆကြလိမ့်မယ်။ ဒါပေမဲ့ ပရိသတ် ၅၀၀ထဲမှာ ၃၀၀ က အချိန်မီရောက်ရင် အချိန်စုစုပေါင်း မိနစ် ၃,၀၀၀ ဖြုန်းတဲ့သဘော။ သိပ်နှမြောစရာ မကောင်းဘူးလား သမီး။ ဖေဖေကတော့ ဒီကိစ္စနဲ့ပတ်သက်လာရင် Self Discipline ရှိဖို့လိုတယ်လို့ ထင်တယ်။ နောက်တစ်ခု သတိထားမိတာက အဲဒီနေ့ ဟောပြောပွဲက မူလသတ်မှတ်ချိန်ထက် ကြာသွားတော့ ပရိသတ်တွေ တစ်ဖြည်းဖြည်း လျော့သွားတာ တွေ့ရတယ်။ ပြီးတဲ့အထိ ထိုင်နေတဲ့သူတွေက သိပ်မများတော့ဘူး။ ပြန်သွားတဲ့သူတွေမှာလည်း ကြိုတင် စီစဉ်ထားတဲ့ အစီအစဉ်တွေရှိကြလို့ ပြန်တာဖြစ်လိမ့်မယ်။ ဖေဖေ့အနေနဲ့ အချိန်စီမံမှုကို ထိထိရောက်ရောက်လုပ်နိုင်ခဲ့ရင် ဒီလိုဖြစ်မှာမဟုတ်ဘူး။ ဖေဖေ့ရဲ့အားနည်းချက်ကြောင့် ဒီလိုဖြစ်တယ်လို့ သုံးသပ်မိတယ်။ ဖေဖေမထိန်းလို့ ဒီလိုဖြစ်ရတယ်။ ဒါကြောင့် ပြန်စဉ်းစားပြီး စိတ်မကောင်းဖြစ်မိတယ်။ ဖေဖေ့အတွက် တန်ဖိုးရှိတဲ့ သင်ခန်းစာတစ်ခု ကောင်းကောင်းရခဲ့တယ်။ နောင်ဒီလို ပုံစံနဲ့ ဟောပြောပွဲတွေလုပ်ရင် ဖေဖေ့အတွက် သတိထားရမယ့် အချက်ပေါ့။

ဖေဖေ့အနေနဲ့ ဟောပြောပွဲတွေကို မကြာခဏ လုပ်ဖြစ်တော့ သတိပြုမိတဲ့အချက်တစ်ခုရှိတယ်။ ဒါကတော့ ဟောပြောပွဲတက်လာတဲ့ ပရိသတ်တွေနဲ့ ပတ်သက်လို့ပါပဲ။ ဖေဖေကတော့ သူတို့ကို သိပ်လေးစားတယ်။ အမှန်တကယ်တော့ သူတို့မရှိရင် ဟောပြောပွဲ မဖြစ်နိုင်ဘူးလေ။ ပရိသတ်ရှိမှ ဟောပြောပွဲ ဆိုတာရှိနိုင်တာမဟုတ်လား။ ဖေဖေအားရတာတစ်ခုက ပရိသတ်တွေထဲမှာ လူငယ်တွေပါတယ်။ လူလတ်တွေပါတယ်။ လူကြီးတွေပါတယ်။ လူငယ်တွေပိုများတာ တွေ့ရတယ်။ သူတို့ဟာ ပညာရှာသူတွေ၊ အသိတရားရှာဖွေသူတွေ ဖြစ်တယ်လို့ ဖေဖေ ယူဆပါတယ်။ နားထောင်ရုံမက ပရိသတ်တွေဟာ စိတ်ဝင်တစားနဲ့ မေးခွန်းတွေ

ထုတ်တာကိုလည်း ဖေဖေ ဝမ်းသာစရာ တွေ့ရတယ်။ စာနဲ့ရေးပြီး မေးခွန်းထုတ်ဖို့ အကြိုညှိနှိုင်းဆွေးနွေးပွဲမှာ ဖေဖေတို့ တိုင်ပင်ကြတယ်။ နှုတ်နဲ့ မေးခွန်းပေးလိုက်ရင် ကြုံကြိုက်နိုင်တဲ့ အခက်အခဲတွေကို ကြိုတင်ကာကွယ်တဲ့သဘောပေါ့။ ရေးပြီး မေးလာတဲ့ မေးခွန်းအားလုံးကို ဖေဖေ ဖတ်ခွင့်ရခဲ့တယ်။ မေးခွန်းတိုင်းလိုလို ကောင်းတာ၊ အဆင့်မြင့်တာတွေ့ရတယ်။ သိချင်လို့ မရှင်းလို့ မေးတဲ့မေးခွန်းတွေ အများစုဖြစ်တာတွေ့ရတယ်။ ဒီမေးခွန်းတွေ ဖတ်ပြီး ဖေဖေ့စိတ်ထဲမှာ စိတ်ကူးတစ်ခုပေါ်လာတယ်။ နောင် ဟောပြောပွဲလုပ်ရင် ဖေဖေ့အနေနဲ့ ကြိုတင်ပြင်ဆင်ပြီးမလုပ်ဘဲ ခေါင်းစဉ်ရွေးထားမယ်၊ ပရိသတ်တွေကို ဒီခေါင်းစဉ်ကို ကြိုတင် အသိပေးပြီး ဟောပြောပွဲအစား တက်ရောက်လာတဲ့ ပရိသတ်တွေ မေးတဲ့ မေးခွန်းတွေကို ဖြေတဲ့ဟောပြောပွဲလေးပေါ့။ ဖြစ်နိုင်မဖြစ်နိုင်တော့ မသိဘူး။ စိတ်ဝင်စားဖို့တော့ ကောင်းမှာပဲ။ ကိုယ်ပြောချင်တာကို ဦးစားပေးတာမဟုတ်ဘဲ ပရိသတ်တွေ သိလိုတာကို ဖြေတာမျိုးဖြစ်တော့ ပိုပြီးသင့်လျော်မလားမသိဘူး။ ဖေဖေကတော့ စမ်းသပ်ချင်တယ်။ အဲဒီနေ့ ဆွေးနွေးတဲ့ခေါင်းစဉ်က *Implications of the Global Economic Crisis* ဖြစ်တယ်။ သမီးသိတဲ့အတိုင်း လွန်ခဲ့တဲ့ ၂၀၀၈ ခုနှစ်ကတည်းက အမေရိကန် ပြည်ထောင်စုမှာ စီးပွားရေးအကျပ်အတည်းစဖြစ်တယ်။ ဘာကြောင့်ဖြစ်ခဲ့တယ် ဆိုတာတွေကို ရေးတဲ့၊ ဟောတဲ့၊ ပြောတဲ့သူတွေက အများကြီး။ စတာကတော့ မချေးသင့်တဲ့ သူတွေကို ငွေချေးမိတာနဲ့ စတယ်လို့ ဖေဖေ လွယ်လွယ်ပဲစဉ်းစားမိတယ်။ ပြဿနာက ဒီကစတာ။ ဒါပေမဲ့ ဒါဟာ မြင်သာတဲ့အချက်၊ အခြေခံကတော့ အရင်းရှင်စီးပွားစနစ်ရဲ့ သဘောသဘာဝဖြစ်တယ်။ အရင်းရှင်စီးပွားရေး စနစ်ရှင်သန် ကြီးထွားစေချင်ရင် ထိန်းချုပ်မှု ကွပ်ကဲမှုမှ ကင်းလွတ်ရမယ်လို့ အယူအဆရှိတယ်။ ဒီအယူအဆလွှမ်းမိုးမှုကြောင့် ထိန်းထိန်းသိမ်းသိမ်း လုပ်သင့်တာတွေကို အထိန်းအကွပ်မရှိဘဲ လုပ်ချင်တာလုပ်၊ ဖြစ်

ချင်တာဖြစ်ဆိုပြီး ဖယ်ပစ်တယ်။ ရပ်ဆိုင်းပစ်တယ်။ ဒီရလဒ်က စီးပွားရေးအကျပ်အတည်းဖြစ်လာတာပေါ့။ အမေရိကန်ကနေ ဥရောပ၊ ဥရောပကနေ ဂျပန်၊ အခု အရှေ့တောင်အာရှနိုင်ငံတွေ အထိ ကူးစက်ပြန့်ပွားခဲ့တယ်။

ဟောပြောပွဲရဲ့ ရည်ရွယ်ချက်ကတော့ ဒီစီးပွားရေးအကျပ်အတည်းကြောင့် မြန်မာနိုင်ငံမှာ ဘယ်လိုဂယက်ရိုက်နိုင်သလဲဆိုတဲ့ အကြောင်းကို ဆွေးနွေးတာ။ အမြင်ချင်းဖလှယ်တာဖြစ်တယ်။ ဆန်စပါးလုပ်ငန်းအတွက် ဘယ်လိုဖြစ်နိုင်တာ၊ ငါးလုပ်ငန်းအတွက် ဘယ်လိုဖြစ်နိုင်တာ၊ ဟိုတယ်လုပ်ငန်းအတွက် ဘယ်လိုဖြစ်နိုင်တာ၊ စက်မှုလုပ်ငန်းအတွက် ဘယ်လိုဖြစ်နိုင်တာတွေကို စဉ်းစားကြတယ်။ ဆွေးနွေးကြတယ်။ ဘယ်လိုရိုက်ခတ်နိုင်တာကို စဉ်းစားကြပြီး ဘယ်ပုံဘယ်နည်းတုံ့ပြန်သင့်တယ်ဆိုတာကိုလည်း တင်ပြကြတယ်၊ ဆွေးနွေးကြတယ်၊ အကြံဉာဏ်ကောင်းတွေ ဖော်ထုတ်နိုင်ခဲ့တယ်။ ဖေဖေ့ အနေနဲ့တော့ ကျေနပ်ပါတယ်။

အခုချိန်မှာ စီးပွားရေးပညာရှင်တွေ ရေပန်းစားနေတဲ့ အချိန်ဖြစ်တယ်။ သတင်းစာတွေ၊ ဂျာနယ်တွေ၊ ရုပ်မြင်သံကြား၊ ဟောပြောပွဲတွေမှာ စီးပွားရေးပညာရှင်တွေရဲ့ သဘောထားတွေကို တွေ့ရတယ်။ ဖေဖေကိုယ်တိုင်လည်းပါနေတော့ ဒီကိစ္စကိုသုံးသပ်စဉ်းစားနေမိတယ်။ အဓိကတော့ ဟောပြောရေးသားတဲ့သူတွေရဲ့ တာဝန်ဝတ္တရားနဲ့ ပတ်သက်လို့ပေါ့။ ဟောပြောရေးသားတဲ့သူတိုင်းမှာ တာဝန်ကြီးတယ်။ တကယ်အနုစိတ်သုံးသပ်လေ့လာပြီးမှ လုပ်သင့်တယ်။ အပေါ်ယံလေ့လာချက်ကိုအားကိုးပြီး သုတေသနကို အားပြုစေချင်တယ်။ စနစ်တကျသုတေသနတွေ့ရှိချက်ကို အခြေခံပြီး ရေးသင့်၊ ပြောသင့်၊ ဟောသင့်တာပေါ့။ ပြီးတော့ ဖေဖေတစ်ဦးတည်း အယူအဆကတော့ အခု လက်တလော အာရုံပေးမှု၊ ဇောင်းပေးမှုတွေလွဲနေတယ်လို့ ယူဆတယ်။ ဒီစီးပွားရေးကျပ်တည်းမှု ဘယ်လိုဖြစ်လာသလဲဆိုတာကို အလေးထားပြီးရေးကြ၊ ပြောကြ၊

ဟောကြတာတွေ့ရတယ်။ ဒီလိုရေးသားပြောဆိုကြတာလည်း ဟိုဟာဖတ်၊ ဒီဟာဖတ်နဲ့သိရတယ်။ တချို့က စီးပွားရေးသီအိုရီ အခြေခံတွေကို ပြောနေတာတွေ့ရတယ်။ အမှန်တော့ နိုင်ငံခြားမှာ ဒီကိစ္စကို အပတ်တကုတ်လုပ်နေသူတွေ အပြည့်။ ကိုယ်လုပ်တာ၊ ကိုယ်ပြောတာတွေက သူတို့လုပ်နေတာကို Value Added မလုပ်ပေးနိုင်ဘူးလို့ ဖေဖေယူဆတယ်။ ကိုယ်က သူတို့ထက် သုတေသနပိုလုပ်ထားရင်တော့ တစ်မျိုးပေါ့။ အခုတော့ သူတို့လုပ်တာကိုပဲ ကိုယ်ကဘာသာပြန်ရုံဖြစ်နေတာ။

ဒီကိစ္စနဲ့ပတ်သက်လို့ မြတ်စွာဘုရားရဲ့ဟောပြောချက်တစ်ခုကို သွားသတိရမိတယ်။ **ကိုယ့်ရဲ့ရင်ဘတ်ကို မြားစိုက်နေရင် ဒီမြားကို ဘယ်သူကပစ်တာလဲ၊ ဘယ်အရှိန်နဲ့ရောက်လာတာလဲ၊ ဘယ်နေရာက ရောက်လာတာလဲ ဒီမေးခွန်းတွေမေးနေမယ့်အစား စိုက်နေတဲ့မြားကို ရင်ဘတ်ထဲက အမြန်ဆုံးနုတ်ပစ်ဖို့လိုတယ်။** အခုလည်း စီးပွားရေးအကျပ်အတည်းဘာကြောင့်ဖြစ်သလဲဆိုတာကို တတ်ယောင်ကားပြောကြ၊ ဟောကြ၊ ရေးနေကြမယ့်အစား ကိုယ့်နိုင်ငံ၊ ကိုယ့်လုပ်ငန်း၊ ကိုယ့်မိသားစုအတွက် ဘယ်လိုတုံ့ပြန်ရမယ်၊ ဘယ်လိုရင်ဆိုင်ရမယ်ဆိုတာကို အချိန်ယူပြီး လုပ်ဖို့လိုတယ်။ အခုတော့ တလွဲဆံပင်ကောင်း နေသလိုပဲ။

လုပ်စရာတွေကအများကြီး။ နိုင်ငံတော်ကဦးဆောင်ပြီး လုပ်ရမှာရှိသလို စီးပွားရေးလုပ်ငန်းရှင်တွေကလည်း လုပ်စရာတွေရှိတယ်။ လူမှုရေးအဖွဲ့အစည်းတွေအနေနဲ့ ကြိုတင်ပြင်ဆင်ဖို့လိုသလို သတင်းမီဒီယာမှာလည်း တာဝန်ရှိတယ်။ နောက်ဆုံးအနေနဲ့တော့ ပြည်သူပြည်သားတိုင်းမှာ တာဝန်ရှိတယ်။ ဒီတော့ ဖေဖေကတော့ အမျိုးသားတုံ့ပြန်မှုအစီအစဉ်တွေ စဉ်းစားသင့်တယ်လို့ထင်ပါတယ်။ တစ်ဦးတည်းတစ်ယောက်တည်းမလုပ်နိုင်ဘဲ အားလုံးက ဝိုင်းလုပ် စုလုပ်ရလိမ့်မယ်။

ချမ်းသာတဲ့နိုင်ငံတွေမှာ ရင်ဆိုင်နေရတဲ့စီးပွားရေးအကျပ်အတည်းဟာ ဘယ်လောက်ကြာနိုင်သလဲ၊ ဘယ်လောက်အတိမ်အနက်ရှိမလဲ၊ ဒီမေးခွန်းတွေရဲ့အဖြေဟာ ဖေဖေတို့နိုင်ငံအတွက် အရေးကြီးတယ်။ ကြာလေလေ၊ နက်လေလေ၊ ဂယက်ရိုက်ခတ်မှုပိုများလေလေ ဖြစ်မှာသေချာတယ်။ ဒီဂယက်ဟာ အားလုံးကို ထိခိုက်မှာဖြစ်တယ်။ ချမ်းသာသူလည်း လွတ်မှာမဟုတ်ဘူး။ မရှိဆင်းရဲသားလည်း ခံရမှာပဲ။ ဖေဖေကတော့ ဒီဒဏ်ကိုမခံနိုင်တဲ့သူတွေအတွက် ပိုပြီးဦးစားပေးစေချင်တယ်။ ဒါနဲ့ပတ်သက်လို့ အရင်တစ်ပတ်က ဖေဖေပြောခဲ့တဲ့ Blue Ocean Strategy ကနေ စဉ်းစားသင့်တယ်။ တစ်ဦးချင်းအနေနဲ့ပဲ ဖြစ်ဖြစ်၊ လုပ်ငန်းအဖွဲ့အစည်းအနေနဲ့ပဲဖြစ်ဖြစ်၊ နိုင်ငံအနေနဲ့ပဲဖြစ်ဖြစ် မဟာဗျူဟာကို အသုံးချနိုင်အောင် ကြိုးစားဖို့အချိန်တန်ပြီလို့ ယူဆမိတယ်။


■

## ဟောပြောပွဲအတွေ့အကြုံ (၂၁)

တနေ့က ဗီဒိုခန်းထဲမှာ လက်ဆောင်ခြင်းတစ်ခြင်းကို မြင်တော့ သမီးက ဘယ်ကရတာလဲ မေးလာတယ်။ လက်ဆောင်ခြင်းထဲမှာ အဖြူရောင်ကတ်ပြားနဲ့ မြန်မာနိုင်ငံစဉ့်လုပ်ငန်းရှင်အသင်းနဲ့ CBI က ဖေဖေပေးခဲ့တဲ့ Keynote Address အတွက် ကျေးဇူးတင်စွာ ရေးထားတာတွေ့ရတယ်။ ဖေဖေက အရင်တစ်ပတ်က Sedona Hotel မှာ ကျင်းပတဲ့ အစည်းအဝေးတစ်ခုမှာ သွားပြီး ဟောခဲ့တာ။ အစည်းအဝေးရဲ့ ခေါင်းစဉ်ကို သမီးစိတ်ဝင်စားလိမ့်မယ်။ Water Sector in Myanmar Strengthening Partnerships for Integration of Economics, Social and the Environment လို့ ခေါင်းစဉ်တပ်ထားပြီး အရှေ့က Seminar Forum လို့လည်း နဖူးစည်းမှာရေးထားတာတွေ့ရတယ်။ ဖေဖေက CBI မှာ အစည်းအဝေးတစ်ခုသွားတက်ရင်း ဒီအစီအစဉ်မှာ ပါဝင်ကူညီပါလို့ပြောလာတော့ လုပ်ပေးမယ်လို့ ကတိပြုခဲ့တယ်။ တစ်လလောက်အကြာမှာ ဖိတ်စာရောက်လာတော့ ဖေဖေကလည်း ကိုယ်ပြောရမယ့်အကြောင်းအရာအတွက် ပြင်ဆင်ခဲ့တာ။

ပထမဆုံး အစည်းအဝေးရဲ့ ခေါင်းစဉ်နဲ့ပတ်သက်လို့ စိတ်ဝင်စားစရာအများကြီး တွေ့ရတယ်။ အစည်းအဝေးကို Seminar Forum လို့ခေါ်တာကြည့်၊ ဖေဖေအရင်တစ်ခေါက်က

ပြောခဲ့သလို အစည်းအဝေးတွေကို ပုံစံအမျိုးမျိုးနဲ့ လုပ်နေကြတာ တွေ့ရတယ်။ အခေါ်အဝေါ်ကိုလည်း အမျိုးစုံသုံးကြတယ်။ အခု တော့ Seminar ရယ်၊ Forum ရယ် နှစ်ခုကို တွဲပြီးသုံးထားတယ်။ အဓိပ္ပာယ်ကတော့ ဆွေးနွေးတာရယ်၊ ဟောပြောတာရယ်၊ နှီးနှော တာရယ်ကို ပေါင်းစပ်တဲ့သဘော။ အခုလိုလုပ်တာကို ဖေဖေ သဘောကျတယ်။ ပိုပြီးပြည့်စုံသွားတာပေါ့။ Strengthening Partnerships က လေးနက်တယ်။ ဒါကိုတော့ ဖေဖေ့သမီး နား လည်အောင် နောက်ပိုင်းမှာ အသေးစိတ်ရှင်းပြမယ်။ Integration of Economics, Social and Environment ဒါကတော့ ဒီတွေ့ဆုံပွဲရဲ့ အခြေခံလို့ဖေဖေထင်တယ်။ ဖေဖေလေ့လာခဲ့တာကို ပြန်သုံးသပ်ရင် Sustainability လို့ခေါ်တဲ့ ရေရှည်တည်တံ့ရစ်တည် နိုင်ဖို့အတွက် စီးပွားရေး (Economics)၊ လူမှုရေး (Social) နဲ့ ပတ်ဝန်းကျင် (Environment) ကဏ္ဍသုံးရပ်ကို အမြဲပေါင်းစပ်ပြီး စဉ်းစားနိုင်ဖို့လိုတယ်။ ဒါကို ပုံဆွဲပြီးသရုပ်ဖော်ရရင် အခုလို စက်ဝိုင်းသုံးဝိုင်းနဲ့ ရုပ်လုံးဖော်နိုင်တယ်။



အခုလို စက်ဝိုင်းသုံးဝိုင်းရဲ့ ဆက်စပ်မှုကိုဖော်တဲ့အခါ စက်ဝိုင်းတွေ တစ်ခုနဲ့တစ်ခု ထပ်နေတဲ့နေရာမှာ အရေးပါတဲ့ ဆက်စပ်မှုတွေကို အခုလိုတွေ့ရတယ်။ နယ်ပယ် (က) လူမှုရေးနဲ့ စီးပွားရေးဆက်စပ်မှု၊ အချိုးညီညီမျှတမှု (Equitable)၊ (ခ) လူမှုရေးနဲ့ ပတ်ဝန်းကျင်ဆက်စပ်မှု၊ ခံနိုင်ရည်ရှိမှု (Bearable)၊ (ဂ) စီးပွားရေးနဲ့ပတ်ဝန်းကျင်ဆက်စပ်မှု၊ တွက်ခြေကိုက်မှု (Viable)၊ (ဃ) လူမှုရေး၊ စီးပွားရေးနဲ့ ပတ်ဝန်းကျင်ဆက်စပ်မှု၊ ရေရှည်တည်တံ့ရပ်တည်နိုင်မှု (Sustainability)

ပုံမှာပါတဲ့အတိုင်း ရေရှည်တည်တံ့ရပ်တည်နိုင်မှုအတွက် စီးပွားရေး၊ လူမှုရေးနဲ့ပတ်ဝန်းကျင်အခြေအနေသုံးရပ်ကို အမြဲပေါင်းစပ်ပြီးစဉ်းစားဖို့လိုပါတယ်။ ဒီတော့ ကျင်းပခဲ့တဲ့ ဆွေးနွေးပွဲဟာ တိုင်းပြည်အတွက် အလွန်မှအရေးကြီးတဲ့ကိစ္စရပ်တစ်ခုကို အာရုံစိုက်နေတာဖြစ်တယ်။ နောက်ဆုံးအချက်အနေနဲ့ကတော့ ဆွေးနွေးပွဲရဲ့ ဦးစိုက်မှုဟာ Water Sector in Myanmar ဖြစ်တယ်။ ရေနဲ့ ပတ်သက်တဲ့ကိစ္စပေါ့။ ရေဟာလူတွေအတွက် ဘယ်လောက်အရေးကြီးသလဲဆိုတာ လူတိုင်းသိကြတယ်။ လက်ခံကြတယ်။ ရေရှားပါးမှုကြောင့် တစ်နိုင်ငံနဲ့တစ်နိုင်ငံ စစ်ဖြစ်တဲ့အထိ ပဋိပက္ခတွေဖြစ်ကြရတယ်။ တလောက ဆွစ်ဇာလန်နိုင်ငံ Davos မြို့မှာကျင်းပခဲ့တဲ့ World Economic Forum မှာ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး Mr. Ban Ki Moon က အခုလို ကမ္ဘာ့စီးပွားရေးအကျပ်အတည်းကို လူတိုင်းအာရုံစိုက်နေတဲ့အချိန်မှာ ရာသီဥတုပြောင်းလဲမှုပြဿနာ၊ ရေရှားပါးမှုပြဿနာတို့ကို အာရုံလျော့ပါးသွားမှာစိုးရိမ်ပူကြောင်း မိန့်ခွန်းထဲမှာထည့်ပြီး ပြောသွားခဲ့တယ်။ အခုဆိုရင် နိုင်ငံအတော်များများမှာ ရေရှားပါးမှုပြဿနာနဲ့ ကြုံတွေ့နေတာတွေ့ရတယ်။ ဖေဖော်ဝါရီ ကင်ညာနိုင်ငံမှာ မိုးခေါင်လို့ ရေရှားနေတာ သုံးနှစ်ကျော်ခဲ့ပြီ။ ရေဟာ လူတွေအတွက်သာမက တိရစ္ဆာန်တွေအတွက်ရော လယ်ယာကဏ္ဍအတွက်ရော၊ စက်မှု

ဘဏ္ဍာအတွက်ရော သိပ်အရေးကြီးတယ်။ သန့်ရှင်းတဲ့ သောက်သုံးရေရဖို့ နိုင်ငံတော်နဲ့ UN အဖွဲ့အစည်းများက မြန်မာပြည်မှာ စီမံကိန်းချမှတ်ပြီး ဆောင်ရွက်နေတာတွေ့ရတယ်။

အခုလိုသိပ်အရေးကြီးလှတဲ့ ရေရှိရေးအတွက် အထူးလိုအပ်နေတာကတော့ ပူးပေါင်းဆောင်ရွက်မှု (Partnership) ပဲဖြစ်တယ်။ ဒီအချက်တွေကြောင့် ဖေဖေဟာ ဒီဟောပြောဆွေးနွေးပွဲကို သိပ်စိတ်ဝင်စားခဲ့တာ။ ဖေဖေ Keynote Address မပေးမီ CBI က တာဝန်ခံ ဦးငွေသိန်းက နှုတ်ခွန်းဆက်စကားပြောတယ်။ သူနဲ့သိတာကြာပြီ။ ဖေဖေအရင်တုန်းက သမဝါယမဝန်ကြီးဌာနနဲ့ ဗဟိုသမဝါယမအသင်းကြီးမှာ အကြံပေးအနေနဲ့ သုတေသနတွေအများကြီး လုပ်ခွင့်ရတယ်။ သမဝါယမကျောင်းကို ဖောင်ကြီးမှာဖွင့်တော့ ဖေဖေစာသင်ခဲ့ရတယ်။ အဲဒီကတည်းက ဦးငွေသိန်းကိုသိခဲ့တာ။ ဖေဖေအပြင်မှာရှိတုန်းကလည်း သူနဲ့အဆက်အသွယ်ရှိခဲ့တယ်။ မြန်မာပြည်ကို တစ်နှစ်တစ်ခေါက်ရောက်တော့လည်း CBI မှာ သွားပြီးသင်တန်းလုပ်ပေးခဲ့တယ်။ အခုလည်း CBI ကို ဖေဖေသွားပြီး စာသင်ပေးတယ်။ သုတေသနတွေလုပ်ပေးနေတယ်။ Capacity Building လုပ်ငန်းတွေ ဆောင်ရွက်နေတဲ့ အဖွဲ့အစည်းဖြစ်တာမို့ ဖေဖေကအားပေးတယ်။

CBI ဟာ NGO အဖွဲ့အစည်းတွေမှာ တာဝန်ယူနေသူအတွက် Capacity Building လုပ်နေတာဟာ အရေးပါတဲ့ကိစ္စပဲ သမီး။

ဦးငွေသိန်းပြောနေတာ နားထောင်ရင်း သမဝါယမလောကနဲ့ ဖေဖေပတ်သက်ခဲ့တာ သွားအမှတ်ရနေမိတယ်။ အဲဒီတုန်းက ဖေဖေက သမဝါယမဝန်ကြီးဌာနက တည်ထောင်ထားတဲ့ Corporation Management Services (CMS) မှာသွားပြီး သင်တန်းတွေ၊ ဟောပြောပွဲတွေလုပ်ခဲ့တယ်။ အစ CMS ကို တာဝန်ယူတဲ့သူကတော့ ဆုံးသွားပြီ။ အဲဒီ CMS အစီအစဉ်နဲ့ ဖေဖေ

တာဝန်ယူခဲ့တဲ့ Turin မှာရှိတဲ့ ILO Training Centre ကိုသမဝါယမဌာနကရော၊ ဗဟိုသမဝါယမအသင်းတရော ပညာတော်သင်တွေလွှတ်ခဲ့တာ။ ဒါကို ဖေဖေ Staff College ရောက်တော့ ပြန်သွားသတိရမိတယ်။ CMS မှာ ဆုံခဲ့သူတွေကတော့ ဦးတင်ဝင်း၊ ဦးခင်မောင်ဝင်း (UNDP) နဲ့ ဦးအေးကျော် (MHR) တို့ဖြစ်ကြတယ်။

ဦးငွေသိန်းပြောပြီးတော့ MCS ဥက္ကဋ္ဌ ဒေါက်တာမျိုးသန့်တင်ကပြောတယ်။ သူကနာမည်ကြီး။ သူနဲ့ဖေဖေ UK နိုင်ငံကို ပညာတော်သင်အဖြစ် အတူသွားခဲ့ကြတာ။ သူက NGO တစ်ခုမှာ တာဝန်ယူနေတဲ့အပြင် Myanmar NGO Network (MNN) ကိုလည်း တာဝန်ယူနေတဲ့သူ။ စာအရေးအသားသိပ်ကောင်းတယ်။ ဖေဖေ့လိုပဲ အမိုင်းကို စိတ်ဝင်စားတယ်။ သူက MRTV-4 Industrial Talk မှာ အမြဲပါတာ။ သူပြောပြီးတော့ ဆရာကြီးဦးအုန်းက မိန့်ခွန်းပြောတယ်။ သူမိန့်ခွန်းမပြောမီ ဖေဖေ့ကိုတွေ့တော့ ဆရာပြောတာ နားထောင်ချင်လို့ ကြိုးစားပြီးလာခဲ့တာလို့ ပြောတယ်။ ဖေဖေသိပ်အားရှိသွားတာပေါ့။ သူက တကယ့်ကို လေးစားထိုက်တဲ့ပုဂ္ဂိုလ်ထူးတစ်ယောက်။ Environment ကိစ္စမှာ မြန်မာနိုင်ငံမှာ ထိပ်တန်းနေရာက တာဝန်ယူနေသူ၊ အသက်က ၈၀ ကျော်ပြီ။ ဒါပေမဲ့ သန်တုန်းမြန်တုန်း တစ်ကမ္ဘာလုံးက ပေးတဲ့ဆုတွေအများကြီးရထားသူ။ အခမ်းအနားတစ်ခုမှာ တွေ့တော့ သူပြောတဲ့စကားကို သွားသတိရမိတယ်။ "ဆရာ ကျွန်တော် အသက် ၈၀ ကျော်ပြီ။ ဒီအသက်ရောက်မှ ပြောချင်တာမပြောရရင် ကျွန်တော်တာဝန်မကျေဘူး။" အပြောနဲ့ အပေါနဲ့ညီသူ။ သူ့မိန့်ခွန်းမှာ ရေရှားပါးတဲ့ပြဿနာကို တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ ချိန်ပြီး ပြောခဲ့တာ သိပ်မှတ်သားစရာ ကောင်းတာပဲ။

ဖေဖေ့အလှည့်ရောက်တော့ Keynote Address ပေးရမှာမို့ အတော်လေးပြင်ဆင်ခဲ့ရတယ်။ ဒီ Address အပေါ် အခြေခံပြီး

အစည်းအဝေးရဲ့နောက်ပိုင်းအစီအစဉ်တွေဆက်လုပ်ရမှာ။ ဒီတော့ ဖေဖေက ဟောပြောဆွေးနွေးပွဲခေါင်းစဉ်ထဲက Strengthening Partnerships ကို ဦးစားပေးပြီး တင်ပြခဲ့တယ်။ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ဖို့အရေးကြီးပုံကို အကျယ်တဝင့်တင်ပြခဲ့တယ်။ Partnerships လို့ ပြောမယ့်နေရာမှာ အခုချိန်မှာတော့ Public - Private Partnership ပြည်သူပိုင်ကဏ္ဍနဲ့ ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုကို ဖော်ပေးခဲ့တာ။ ဒါကို အတိုကောက်အနေနဲ့ P3s လို့ခေါ်တယ်။ P သုံးလုံးပေါင်းထားတာပေါ့။ ပုဂ္ဂလိကအပိုင်းပြောရင် ပုဂ္ဂလိကမှာ နှစ်ပိုင်းရှိတယ်။ တစ်ခုက အများနားလည်တဲ့ စီးပွားလုပ်တဲ့၊ အမြတ်အတွက်ရပ်တည်တဲ့ တစ်ပိုင်းရှိသလို လူမှုရေးအသင်းအဖွဲ့တွေ အမြတ်အတွက်မဟုတ်ဘဲ အလုပ်လုပ်ကြတဲ့အဖွဲ့အစည်းတွေပါတယ်။ ဒီတော့ အစိုးရရယ်၊ စီးပွားရေးလုပ်ငန်းရယ်၊ လူမှုရေးလုပ်ငန်းရယ် ပေါင်းစပ်မှုပဲဖြစ်တယ်။ အခုလို ပေါင်းစပ်တာဟာ ကဏ္ဍတစ်ခုစီမှာ အားသာချက်တွေရှိတယ်။ အားနည်းချက်တွေလည်းရှိကြတယ်။ ဒီတော့ ပူးပေါင်းဆောင်ရွက်ရာမှာ အသီးသီးမှာရှိတဲ့ အားသာချက်တွေကို အခြေခံထားပြီး တစ်ဖက်က အားနည်းချက်တွေကို တတ်နိုင်သမျှ နည်းပါးအောင်ဆောင်ရွက်ဖို့ပါပဲ။ အခုလို ပွင့်ပွင့်လင်းလင်း နားလည်သဘောပေါက်ပြီး ပူးပေါင်းနိုင်ဖို့လိုတာပေါ့။

ဒီလို ပူးပေါင်းဆောင်ရွက်မှုတွေထိရောက်ဖို့ အရေးကြီးတဲ့အချက်ကတော့ ယုံကြည်မှု (Trust) ပဲဖြစ်တယ်။ တစ်ဖက်နဲ့တစ်ဖက် ယုံကြည်မှုမရှိရင် ဒီပူးပေါင်းမှုဟာ မအောင်မြင်နိုင်ဘူးလေ။ ပုဂ္ဂလိကအပိုင်းက ပါဝင်လာတာကို စီးပွားရေးသမားတွေ လက်ထဲ ဝကွက်အပ်တဲ့သဘော မဟုတ်ဘူး။ နိုင်ငံတော်အပိုင်းက တာဝန်မယူတာမဟုတ်ဘူး။ တစ်ယောက်ရဲ့အားကို တစ်ယောက်က အသိအမှတ်ပြုပြီးပေါင်းစပ်တာပဲဖြစ်တယ်။ ကြိုက်တစ်ခုနဲ့သရုပ်ဖော်နိုင်မယ့် အခုလိုဆောင်ရွက်မှုကို ရေပေးတဲ့စနစ်တွေမှာ အသုံးများ

တာတွေ့ရတယ်။ အရင်တုန်းကတော့ ရေကို အများနဲ့ဆိုင်တဲ့ပစ္စည်းကုန်စည် (Public Good) လို့ စီးပွားရေးပညာအရ သတ်မှတ်တယ်။ ဒီလိုသတ်မှတ်တဲ့အတွက် **Public Good** က အများနဲ့ဆိုင်တာမို့ အများအတွက် ကိုယ်စားပြုတဲ့ နိုင်ငံတော်အပိုင်းက တာဝန်ယူရလိမ့်မယ်လို့ အယူရှိကြတယ်။ အခုတော့ ဒီသီအိုရီကိုပြင်ဆင်သုံးသပ်လာတာတွေ့တယ်။ **Public Good** ဖြစ်ပေမယ့် ပုဂ္ဂလိကအပိုင်းကရော လူမှုရေးအပိုင်းကပါ ဝါဝင်နိုင်တယ်။ ထိရောက်တာတွေ့ရတယ်။ ပုဂ္ဂလိကအပိုင်းဟာ **Efficiency** စွမ်းဆောင်ရည် ပြည့်ဝတယ်။ လူမှုရေးအပိုင်းကျတော့ အများပြည်သူတွေအတွက် ကိုယ်စားပြုနိုင်တယ်။ ရပ်တည်နိုင်တယ်။ အခုလိုသာ အပိုင်းသုံးပိုင်းစလုံးက တက်ညီလက်ညီဆောင်ရွက်ရင် အများအတွက် တကယ်အကျိုးရှိနိုင်တာပေါ့။

■

# ဟောပြောပွဲအတွေ့အကြုံ (၂၂)

အရင်တစ်ပတ်က ဖေဖေ ကုန်သည်ကြီးများဟိုတယ်မှာ ဟောပြောပွဲတစ်ခုကျင်းပခဲ့တယ်။ ဖေဖေ့ကို မြန်မာနိုင်ငံသွားဘက်ဆိုင်ရာဆရာဝန်အသင်းရဲ့ နှစ်ပတ်လည်ညီလာခံမှာ ဥက္ကဋ္ဌလုပ်တဲ့ ပါမောက္ခဒေါက်တာဦးသိန်းထွန်းက ဖိတ်တာ။ သူက ဖေဖေ့ကို ကြိုပြောခဲ့တာ။ မနှစ်ကတည်းက ညီလာခံမှာ ဖေဖေ့ကို Dental Practice Managment ခေါင်းစဉ်နဲ့ ဟောပေးပါလို့ တောင်းခံလာပါတယ်။ ဖေဖေကလည်း ကြည်ကြည်ဖြူဖြူပါပဲ။ ဖိတ်တဲ့ဥက္ကဋ္ဌကလည်း တခြားလူမဟုတ်ဘူးလေ။ ငယ်ငယ်ကတည်းက သိခဲ့တဲ့သူ၊ ကျောင်းက အတူတူ၊ ဖေဖေ့ထက်တော့ အတန်းငယ်တယ်။ သမီးဦးလေးနဲ့ အတန်းတူတာ။ ဖေဖေ Manchester မှာ Ph.D လုပ်နေတုန်း သူက အဲဒီတက္ကသိုလ်မှာ ဘွဲ့လွန်ဒီဂရီလာယူနေတာ။

တကယ်တော့ ဘဝမှာ တစ်ယောက်နဲ့တစ်ယောက် အမြဲပတ်သက်နေကြတဲ့အခါ အခုခေတ်ကတော့ Netowrking ခေါ်တာပေါ့။ တစ်ယောက်နဲ့တစ်ယောက်သိကြတော့ အမြဲတမ်းကူညီဖို့အဆင်သင့်။ ကျောင်းမှာသိခဲ့တဲ့သူတွေဟာ ကြီးလာတော့လည်း ခင်နေဆဲ။ ဖေဖေက အခုလိုသွားဘက်ဆရာဝန်ရဲ့ ညီလာခံမှာ သွားဟောရမှာမို့ ကြိုတင်ပြင်ဆင်မှုတွေလုပ်ခဲ့တာ။ ဖေဖေပြောရမယ့်အချိန်က မနက် ၁၀ နာရီခွဲ။ ဥက္ကဋ္ဌလုပ်တဲ့သူက ၁၀ နာရီ

အရောက်လာပါဆိုလို့ ဖေဖေက ရောက်အောင်သွားခဲ့တယ်။ နည်းနည်းစောနေတာမို့ ဒေါက်တာသိန်းထွင်က ဟောပြောပွဲနဲ့ တွဲပြီးကျင်းပနေတဲ့ အရောင်းပြခန်းတွေ လိုက်ပြတယ်။ အခန်းပေါင်းက ၂၀ ကျော်ကျော်၊ သွားတိုက်ဆေးရောင်းတဲ့ ပြခန်းတွေရှိသလို သွားကုသပြုစုမှုအတွက် အသုံးပစ္စည်းတွေ၊ ကိရိယာတွေမျိုးစုံခင်းကျင်းထားတာကလည်း သပ်သပ်ရပ်ရပ်။ နိုင်ငံခြားကုမ္ပဏီပါသလို ပြည်တွင်းလုပ်ငန်းရှင်ကလည်း လာပြီး ဖွင့်ထားတယ်။ သွားဆေးခန်းမှာ အသုံးပြုတဲ့ကုလားထိုင်တွေကလည်း အမျိုးမျိုး။

ပြခန်းထဲကြည့်ပြီး ဟောပြောမယ့်ခန်းမထဲကို ဖေဖေတို့နှစ်ယောက်ဝင်ခဲ့တယ်။ တစ်ခန်းလုံးက အမှောင်ချထားပြီး ဖေဖေ့ရှေ့က ဟောပြောတဲ့သူက Slide Show နဲ့ ကျင်းပနေတာ။ ဖေဖေလည်းကိုယ်နားလည်တဲ့အကြောင်းအရာမဟုတ်ပေမယ့် ဟောပြောတဲ့ပုံစံ Presentation Style ကို လေ့လာချင်လို့ ဂရုစိုက်ပြီးနားထောင်နေမိတယ်။ ပြောနေတဲ့သူက နိုင်ငံခြားတက္ကသိုလ်က ပါမောက္ခတစ်ဦး။ အကြောင်းအရာတွေကတော့ ပြည့်စုံပါတယ်။ ဒါပေမဲ့ တင်ပြပုံက ဖေဖေ့စိတ်ထဲမှာတော့ လိုနေသလိုပဲ။ အထူးသဖြင့် PowerPoint Slides တွေ ပြင်ဆင်နေတဲ့အနေအထားပေါ့။ Slide တစ်ခုမှာ ရေးထားလိုက်တဲ့ စာတွေက တစ်မျက်နှာ အပြည့်။ စာလုံးတွေကလည်း ခပ်သေးသေး။ နားထောင်တဲ့ပရိသတ်တွေ မဖတ်နိုင်မှာတော့သေချာတယ်။

မြန်မာနိုင်ငံကို ပြန်ရောက်တော့ နေရာတိုင်းလိုလို ဟောပြောတဲ့အခါ သင်တန်းပို့ချနေတဲ့အခါ PowerPoint ကို အသုံးများလာတာတွေ့ရတယ်။ ဒီလိုတွေ့ရလို့ ဖေဖေကသိပ်ဝမ်းသာတာ။ တစ်ဖက်ကတော့ သုံးပုံသုံးနည်းက သိပ်စနစ်မကျသေးတာ တွေ့ရတယ်။ အမှားအများဆုံးကတော့ အဲဒီနေ့ကဟောတဲ့ဆရာလို Slide တစ်ခုလုံးပြည့် စာသားတွေနဲ့ ကျပ်ခဲနေတာ။ ဒီအမှားကို ဖေဖေကတော့ ၄ x ၄ ဆိုတဲ့နည်းနဲ့ဖြေရှင်းတယ်။ Slide တစ်ခုဟာ

စာကြောင်းလေးကြောင်းပဲရှိပြီး စာကြောင်းတစ်ကြောင်းမှာ စာလုံးအရေအတွက်လေးလုံး။ ဒီဥပဒေသကို ဘောင်တစ်ခုအနေနဲ့ အသုံးချရင် Slide တစ်ခုချင်းဟာ ရှင်းလင်းတယ်။ လူတိုင်းဖတ်လို့ရတယ်။ စာလုံးရဲ့ အရွယ်အစားဟာလည်း အရေးကြီးတယ်။ သိပ်သေးရင် ပရိသတ်တွေမဖတ်နိုင်ဘူးပေါ့။ ဒုတိယအမှားကတော့ ဟောပြောတဲ့သူက Slide မှာ ရေးထားတာတွေကို ဖတ်ပြတာ။ တကယ်တော့ Slides တွေဟာ အထောက်အကူတွေဖြစ်တယ်။ ဖတ်စရာမလိုပါဘူး။ ပရိသတ်က ဖတ်နိုင်တာပဲ။ အခုလို သူများဖတ်နိုင်တာကို ကိုယ်ကဖတ်ပြတော့ သိပ်မထူးဘူးပေါ့။

ဖေဖေကတော့ Slide မှာပါတာတွေဟာ ကိုယ်ပြောချင်တာတွေကို အမှတ်ရအောင် သတိပေးတာပဲဖြစ်တယ်။ ဟောတဲ့သူက Slide အထဲမှာပါတာတွေကို အခြေခံပြီး ချဲ့ပြီးရှင်းလင်းဖို့ပဲ။ နောက်တစ်ခုက Slide တွေမှာ စာသားတွေချည်းမဟုတ်ဘဲ ဓာတ်ပုံတွေ၊ ဇယားတွေ၊ ရုပ်ပုံတွေ ပါသင့်တယ်။ ထည့်သင့်တယ်။ ဒါမှ ပရိသတ်ရဲ့ စိတ်ဝင်စားမှုကို ရနိုင်မှာပေါ့။ နောက်ဆုံးကတော့ Slide Show ဟာ ဟောပြောပွဲမဟုတ်သလို ဟောပြောပွဲဟာလည်း Slide Show မဟုတ်ဘူး။

ဖေဖေ သမီးကို PowerPoint နဲ့ပတ်သက်လို့ အခုလို အသေးစိတ်ရှင်းနေပေမယ့် သမီးက သိပြီးသားတွေဖြစ်နေမှာ။ သမီးက ကျောင်းမှာစနစ်တကျသင်ကြားခံယူခဲ့တော့ ကျွမ်းနေပြီ။ ဖေဖေ့ကိုတောင် သမီးက သင်ပေးခဲ့သေးတာ။ ဖေဖေဟောမယ့် အချိန်ရောက်တော့ Laptop ကို စင်မြင့်၊ ဟောပြောစင်ပေါ်မှာ တင်ပြီး စဟောခဲ့တယ်။ စင်မြင့်ပေါ်က ကြည့်လိုက်တော့ ခန်းမတစ်ခုလုံး ပရိသတ်အပြည့်ပဲ။ ဖေဖေ ပြောမယ့်ခေါင်းစဉ်ကို စိတ်ဝင်စားလို့ထင်ပါရဲ့။ မီးအမှောင်မချဖို့ တောင်းပန်ထားလို့ ဖေဖေ့ စိတ်ကြိုက်ဖြစ်တယ်။ ဟောပြောပွဲတွေမှာ အမှောင်ချပြီး Slide Show သုံးတာကို ဖေဖေ သိပ်သဘောမကျလှဘူး။ ခန်းမထဲမှာ Slide

Show ကြည့်ပြီး ငိုက်လို့ကောင်းလိုက်မယ့်ဖြစ်ခြင်း။ ပိုအရေးကြီးတာက ပရိသတ်တွေကို မမြင်နိုင်တာပဲ။ ပရိသတ်ကိုမြင်ဖို့ သိပ်အရေးကြီးတာ။ ဒါမှပရိသတ်နဲ့ Eye Contact ရနိုင်မယ်။ ထင်းထင်းလင်းလင်းရှိမှ ဖေဖေကပရိသတ်ရဲ့ Body Language ကို ဖတ်နိုင်မှာ။ အိပ်ငိုက်နေသလား၊ စကားပြောနေသလား၊ ခေါင်းညိတ်နေသလားပေါ့။

ဖေဖေက ဟောပြောချက်မှာ ဟာသတွေကိုရွေးချယ်ပြီး ထည့်ခဲ့တယ်။ Presentation လုပ်တဲ့အခါ ဟာသ (Humour) ဟာ သိပ်အရေးကြီးတယ်။ ဟာသမပါတဲ့ဟောပြောပွဲတွေဟာ ပျင်းစရာကောင်းတယ်။ ဟာသနဲ့ဆိုရင် ပရိသတ်က ကိုယ်ပြောချင်တဲ့ အကြောင်းကို ပိုပြီးနားလည်လွယ်တယ်။ စိတ်ထဲမှာ စွဲသွားနိုင်တာပေါ့။ ဒီကိစ္စနဲ့ ပတ်သက်လို့ ဖေဖေက ဟောပြောပွဲတွေ အမြဲလုပ်နေတာမို့ သတိထားတဲ့ အချက်တစ်ခုရှိတယ်။ ဒါကတော့ ကိုယ်ပေးချင်တဲ့ အချက်အလက်ဟာ ပရိသတ်တွေမှာ ကပ်သွားဖို့လိုတယ်။ ဒီလိုကပ်တာကို Stickiness (ကပ်စေးမှု) လို့သတ်မှတ်တယ်။ ဟောပြောတဲ့သူတွေ၊ Communicate လုပ်တဲ့သူတွေအတွက် ဒီကိစ္စက သိပ်အရေးကြီးတာ။ မကပ်ရင် အလကားပဲ။ ဒီဘက်နားကဝင်ပြီး ဟိုဘက်နားကထွက်မှာ။ ဒါကြောင့် ဖေဖေက တတ်နိုင်သရွေ့ ဟာသထည့်ပြီးပြောခဲ့တာ။

ပထမဆုံးပြောခဲ့တဲ့ ဟာသကို သမီးပျော်ရအောင် ပြောချင်တယ်။ တစ်ခါက သွားဆရာဝန် အသစ်စက်စက်တစ်ယောက်ဟာ ဆေးခန်းဖွင့်တယ်။ ဆေးခန်းကို သူ့ရဲ့စိတ်ကြိုက် ပြင်ဆင်ထားတာ။ ဆေးခန်းဖွင့်တဲ့နေ့မှာ လူနာတွေစောင့်ရင်း သူ့ရဲ့ဆေးခန်းကို လမ်းလျှောက်လာတဲ့သူတစ်ယောက်ကို ပြတင်းပေါက်ကနေ လှမ်းမြင်လိုက်တယ်။ ဒါနဲ့သူက တယ်လီဖုန်းကို ကောက်ကိုင်လိုက်ပြီး တယ်လီဖုန်းထဲမှာ လူနာရဲ့ရက်ချိန်းပေးနေတဲ့ပုံစံနဲ့ ဟန်ထုတ်နေတယ်။ စောစောကလူ အခန်းထဲဝင်လာတော့ တယ်လီ

ုန်းကိုကိုင်ပြီး ခဏထိုင်ပါဦး။ ဒီမှာ လူနာနဲ့ချိန်းနေလို့လို့ ပြောပြီး တယ်လီဖုန်းဆက်ပြောနေတယ်။ တစ်အောင့်လောက် ကြာမှ တယ်လီဖုန်းကိုချပြီး ကျွန်တော် ဘာအကူအညီပေးရမလဲလို့ မေးတော့ ထိုင်နေတဲ့သူက ကျွန်တော်တယ်လီဖုန်းလိုင်းချိတ်ဖို့ လာတာပါလို့ ပြောလိုက်တယ်တဲ့။ တကယ်တော့ အခုလို အခြေအနေမျိုးဟာ နေရာတိုင်းလိုလို တွေ့ရတတ်တယ်သမီး။ သူများအထင်ကြီးအောင် လုပ်တတ်သူတွေ၊ ဟန်ဆောင်တတ်သူတွေဟာ အများကြီးပဲ။ သမီးကို ဖေဖေက ဘယ်တော့မှ ဟန်မဆောင်စေချင်ဘူး။ ဟန်ဆောင်ဖို့မလိုဘူးသမီး။ လူတွေဟာ တိုယ့်အကြောင်းကိုယ် အသိဆုံးမို့ သူများအထင်ကြီးတာ၊ မကြီးတာဟာ တကယ်မှ အရေးမကြီးတာ။

ဖေဖေ့ဟောပြောချက်ရဲ့ အကျဉ်းချုပ်ကတော့ သွားဆရာဝန်တွေဟာ စီမံခန့်ခွဲမှုပညာသိသင့်တယ်။ သင်သင့်တယ်။ ကျင့်သုံးသင့်တယ်။ သွားဆေးကုပညာမှာ တစ်ဖက်ကမ်းခပ်အောင် တော်နေရုံနဲ့မလုံလောက်ဘူး။ သွားတက္ကသိုလ်မှာ သွားရောဂါ ကုထုံးကုသနည်းတွေကို အပြည့်အဝသင်ကြားလိုက်ပေမယ့် ကိုယ်ပိုင်ဆေးခန်းဖွင့်တဲ့အခါ တွေ့ရကြုံရမယ့်ပြဿနာတွေ ဖြေရှင်းနိုင်ဖို့အတွက် ကျွမ်းကျင်မှုတွေလိုသေးတယ်။ ကိုယ့်ဆေးခန်းမှာ ဘယ်သူကို ခန့်သင့်တယ်၊ ဘယ်လိုစီမံရတယ်ဆိုတာတွေဟာ အကြုံရင်ဆိုင်ရမယ့် ပြဿနာတွေ။

ဆေးခန်းမှာ ငွေပေးငွေယူတွေ အမြဲလုပ်နေရမှာမို့ စာရင်းကိုင်ပညာကိုသိဖို့ လိုတယ်။ ငွေစာရင်းရှင်းတမ်းကို ဖိုင်နိုင်ရလိမ့်မယ်။ ကိုယ့်ဆေးခန်းမှာ လုပ်နေတဲ့ဝန်ထမ်းတွေကို ကျွမ်းကျွမ်းကျင်ကျင်အလုပ်လုပ်နိုင်ဖို့ အားပေးရမယ်၊ လှုံ့ဆော်ရမယ်၊ ကူညီရမယ်။ တစ်ဖက်ကလည်း ကိုယ့်ဆေးခန်းကို လူနာများများလာအောင်လို့ ကြော်ငြာရမယ်။ ကြော်ငြာတတ်ဖို့ လိုတယ်။ ဒီပညာတွေ၊ ဒီကျွမ်းကျင်မှုတွေကိုရဖို့ အတွေ့အကြုံကို အားကိုးနေလို့

မဖြစ်ဘူး။ အတွေ့အကြုံဟာ အရာရာမှာစိတ်မချရဘူး။ မသေချာဘူး။ အသေချာဆုံးကတော့ စီမံခန့်ခွဲမှုပညာကို စနစ်တကျသင်ကြားဖို့ပဲ ဖြစ်တယ်။ ဖေဖေက ဒီလိုသင်တန်းမျိုးတွေလုပ်ပေးဖို့ ကတိပေးခဲ့တယ်။ သွားတက္ကသိုလ်က ဆရာ/မတွေနဲ့ သွားဘက်ဆိုင်ရာ ဆရာဝန်များအသင်းက ရွေးချယ်ပေးတဲ့သူတွေကို ရက်တိုသင်တန်းတွေ စပြီး လုပ်ဖို့ ဆွေးနွေးခဲ့တယ်။ ဖေဖေကတော့ ဒါဟာ အရေးကြီးရလဒ် ဖြစ်တယ်လို့ ယူဆတယ်။ ဖေဖေ ကြိုးစားရကျိုးနပ်ပါတယ်။ အခုလို စီမံခန့်ခွဲမှုပညာကို လိုလိုချင်ချင် သင်ချင်တာကို သိလိုက်ရလို့ အတိုင်းမသိဝမ်းသာရတယ်။

ဟောပြောပွဲပြီးတော့ မေးခွန်းတွေမေးကြတယ်။ မေးခွန်းတွေက သိပ်စိတ်ဝင်စားစရာ။ ဖေဖေသဘောအကျဆုံး တစ်ခုကတော့ သွားကု●သမှုနဲ့ပတ်သက်လို့ ကျန်းမာရေး အာမခံ ရှိသင့်၊ မရှိသင့်ဆိုတဲ့အကြောင်း။ ဖေဖေကတော့သိပ်ဖြစ်စေချင်တာ။ သွားကုသမှုအတွက်သာမဟုတ်ပါဘူး။ ကျန်တဲ့ကျန်းမာရေး စောင့်ရှောက်မှုအတွက်လည်း ပါဝင်သင့်တာပေါ့။ အာမခံတယ်ဆိုတာကတော့ Risk (အန္တရာယ်) ကို မျှဝေခံတာပါပဲ။ ကောင်းနေတဲ့အချိန်မှာ အာမခံပရီမီယံတွေထည့်ပြီး မကောင်းတဲ့အခါ အခမဲ့ကုသမှုခံယူနိုင်တဲ့သဘော။ နိုင်ငံခြားမှာ Dental Insurance နဲ့ပတ်သက်လို့ ပုံစံတွေက အမျိုးမျိုး။ ပရီမီယံထည့်ဝင်ကြေးများများထည့်ဝင်လေလေ ခံစားခွင့်ပိုလေလေပေါ့။ ကျေးလက်တောရွာနဲ့ပတ်သက်လို့ ကျန်းမာရေးအာမခံချက်အစီအစဉ်မှာ အိမ်ထောင်စုတစ်စုကို တစ်လ ၁၀ ထည့်ရတယ်။ အိမ်ထောင်စုတွေအားလုံး စုထည့်ပြီး မကျန်းမာတဲ့အခါ ဆေးဝါးကုသမှုကို အခမဲ့ခံစားခွင့်ရှိတယ်။ အခုလိုမေးတဲ့အတွက် ဖေဖေသိပ်ကျေနပ်တာပေါ့။ ဖေဖေမျှော်လင့်တဲ့၊ ဖြစ်စေချင်တဲ့ ကျန်းမာရေးအာမခံကိစ္စကို တင်ပြခွင့်ရခဲ့တာ။ အခုလိုဆွေးနွေးရတာက အမြတ်ပေါ့။ စင်မြင့်ပေါ်က ဆင်းလာတော့ မရိသတ်တွေက လာနှုတ်ဆက်ကြတယ်။ ဖေဖေ

ကျန်းမာရေးဝန်ကြီးဌာနမှာ တာဝန်ယူတုန်းက ဖောင်ကြီးဗဟိုဝန်ထမ်းတက္ကသိုလ်ကိုသွားပြီး ဆရာဝန်တွေကို အထူးမွမ်းမံသင်တန်းတွေ ပို့ချခဲ့တယ်။ အဲဒီတုန်းက လက်ထောက်ဆရာဝန်တွေက အခုတော့ ပါမောက္ခတွေ၊ ဌာနမှူးတွေ၊ ပါမောက္ခချုပ်တွေတောင် ဖြစ်နေကြပြီ။ ကျေနပ်စရာပဲသမီး။ သူတို့က ဖေဖေ့ကို မှတ်မိကြတယ်။

ပါမောက္ခချုပ် ဒေါက်တာဦးမျိုးဝင်းကဆို ဖေဖေသုံးခဲ့တဲ့ စီမံခန့်ခွဲမှုနဲ့ ပတ်သက်လို့ အဆိုတစ်ခုကို ပြန်ဖောက်သည်ချခဲ့တယ်။ "Management is getting things done through others." စီမံခန့်ခွဲခြင်းဆိုတာဟာ အလုပ်တွေပြီးမြောက်အောင် တခြားလူတွေက တစ်ဆင့် ဆောင်ရွက်ခြင်းဖြစ်တယ်။ ဒါကတော့ စီမံခန့်ခွဲမှုပညာကို ခပ်လွယ်လွယ်နဲ့ တိတိကျကျအဓိပ္ပာယ်ဖွင့်ဆိုချက်ဖြစ်တယ်။

စီမံတယ်ဆိုတာဟာ အလုပ်တွေပြီးအောင်၊ ရလဒ်ရအောင် လုပ်ခြင်းပဲသမီး။ ဒီလိုလုပ်တဲ့အခါမှာလည်း ကိုယ်တစ်ယောက်တည်းလုပ်တာမကဘဲ တခြားလူတွေကနေတစ်ဆင့် လုပ်တာ။ ဖေဖေပြောပြီးတော့ မလေးရှားက ပါမောက္ခတစ်ဦးက ဟောတယ်။ သူကတော့ Presentation သပ်ရပ်တယ်။ Video Clips တွေထည့်ထားတော့ ပိုစိတ်ဝင်စားစရာကောင်းတယ်။ သူပြီးတော့ နေ့လယ်စာစားကြတယ်။ ဖေဖေနဲ့အတူ အရင်တုန်းက UK ပညာတော်သင်အတူတူတက်ခဲ့ကြတဲ့ ဆရာကြီးတွေနဲ့ တွေ့ရတယ်။ မတွေ့ရတာ နှစ်တွေကြာခဲ့ပြီလေ။

ဖေဖေ အခုလိုသွားဘက်ဆိုင်ရာဆရာဝန်များရဲ့ ညီလာခံမှာ သွားပြီးဟောရတာ ရည်ရွယ်ချက်တစ်ခုရှိတယ်။ မြန်မာနိုင်ငံသွားဘက်ဆိုင်ရာဆရာဝန်များအသင်း Myanmar Dentist Association (MDA)ဟာ တစ်ဖက်က ကျွမ်းကျင်မှုကို အခြေခံပြီး ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်း (Professional Institution)ဖြစ်သလို တစ်ဖက်က လူမှုရေးအသင်းလည်း ဖြစ်တယ်။ အခုခေတ် အခေါ်

အဝေါ်နဲ့ဆိုရင် NGO (Non-Government Organization) ပေါ့။ ဒီလို NGO တွေ စုပေါင်းလိုက်ရင် Civil Society ဖြစ်လာတာပေါ့။ ဖေဖေတို့နိုင်ငံ တိုးတက်ဖွံ့ဖြိုးမှုအတွက် Civil Society ဟာ သိပ်အရေးကြီးတယ်။ NGO တွေဟာ သိပ်အရေးကြီးတယ်လေ။ NGO တွေတောင့်တင်းဖို့လိုတာ။ MDA က မူလကတည်းကိုက သွားဆရာဝန်တွေနဲ့ ဖွဲ့စည်းထားလို့ သိပ်အားကောင်းတာ အားရစရာကြီးပဲ။ နောက်တစ်ခုသတိထားမိတာက အခုလို Professional Institution နဲ့ ပုဂ္ဂလိကတက္ကသိုလ်ပေါင်းစည်းမှုပဲ။ ဒီညီလာခံမှာ ဖေဖေ အထင်အရှားမြင်တွေ့ခဲ့ရတယ်။ ဒီလိုပူးပေါင်းမှု၊ ဆက်စပ်မှုဟာ သိပ်အရေးကြီးတာ။

ညဘက်ကျတော့ ညီလာခံပိတ်ပွဲ ညစာစားပွဲကို ဖေဖေ သွားခဲ့တယ်။ ညီလာခံတက်ရောက်ခဲ့တဲ့ သွားဆရာဝန်တွေ အားလုံး လာကြတာ။ တချို့တဇနီး၊ ခင်ပွန်းတွေခေါ် လာကြတာ တွေ့တယ်။ ညစာစားပွဲကို ပျော်ပွဲရွှင်ပွဲနဲ့ တွဲဖက်ထားတယ်။ အဆိုတော်တွေ၊ Model တွေ၊ အကတွေနဲ့ ဖျော်ဖြေတယ်။ မြင်ကွင်းတွေက အဆန်း။ ဖေဖေ အရင်တုန်းက မမြင်ဖူးတဲ့မြင်ကွင်းတွေ၊ ကခုန်ပုံတွေက နိုင်ငံခြားအရှူးပေးရတယ်။ ခေတ်ပြောင်းသွားတာကို သတိပြုမိတယ်။ ယဉ်ကျေးမှုဆိုတာ ဒီလိုပဲ ထင်ပါရဲ့။ အမြဲတစ်သမတ်တည်း မရှိဘဲ ရွေ့တာပြောင်းတာ။

ဒီဟောပြောပွဲအကြောင်း ပြန်စဉ်းစားရင် ဖေဖေ့မှာ ကျေနပ်မှုတွေအပြည့်ပါ။ ကိုယ်ချစ်တဲ့ ကိုယ်မြတ်နိုးတဲ့ စီမံခန့်ခွဲမှုဘာသာကို သွားဆရာဝန်တွေအနေနဲ့ လိုလိုချင်ချင်သင်ယူချင်တာ၊ လက်ခံတာကို အတိုင်းမသိကျေနပ်ရပါတယ်။ ရှေ့မှာ ဆက်လုပ်စရာတွေက အပြည့်ပါ။ အခုလို သွားဘက်ဆိုင်ရာကျန်းမာရေး ကုသစောင့်ရှောက်မှုကို တစ်ဖက်ကမ်းခပ်အောင် တတ်မြောက်တဲ့ သွားဆရာဝန်တွေ စီမံခန့်ခွဲမှုပညာကို ချစ်နိုင်ပါစေ၊ မြတ်နိုးနိုင်ပါစေလို့ ဖေဖေရင်ထဲက ကျိတ်ပြီး ဆုတောင်းမိပါတယ်သမီး။

■

# ဟောပြောပွဲအတွေ့အကြုံ (၂၃)

ဖေဖေက ဟောပြောပွဲလုပ်တဲ့အခါတိုင်း ပြောမယ့်အကြောင်းအရာ၊ သုံးစွဲတဲ့အသုံးအနှုန်းတွေနဲ့ပတ်သက်ပြီး တိတိကျကျ အဓိပ္ပာယ်ဖွင့်ဆိုဖို့ အမြဲကြိုးစားတယ်။ ကိုယ်ပြောမယ့်အကြောင်းအရာကို အခုလို တိတိကျကျအဓိပ္ပာယ်ဖွင့်ဆိုရင် ဇဝေဇဝါမဖြစ်ဘူး။ တစ်ဦးနဲ့တစ်ဦး ပိုပြီးနားလည်မှုရမယ်။ အယူအဆတွေ မကွဲလွဲတော့ဘူးပေါ့။ ဒီလို ကြိုးစားတာလည်း ဖေဖေ့မှာ စိုးရိမ်စိတ်၊ စိတ်ပူစိတ်တွေရှိလို့ပါ။

ဖေဖေ့အထင် အခုလို အဓိပ္ပာယ်ဖွင့်ဆိုချက်တွေကို တိတိကျကျမလုပ်ကြလို့ တစ်ယောက်နဲ့တစ်ယောက် ဘာပြောနေမှန်းမသိတာမျိုးဖြစ်ကြရတယ်လို့ထင်တယ်။ ကိုယ်က ကိုယ့်အယူအဆနဲ့ပြောပြီး သူက သူ့အထင်နဲ့ပြောနေရင် သဘောတူညီမှုရှိရင်တောင်မှ ပြဿနာဖြစ်နိုင်တယ်။ ဒါကြောင့် အစကတည်းက တစ်ယောက်နဲ့တစ်ယောက် နားလည်မှုရအောင် အဓိပ္ပာယ်ဖွင့်ဆိုချက်တွေ (Definitions) ကို တိတိကျကျ လုပ်သင့်တယ်လို့ယူဆတယ်။ တစ်ခုတော့ရှိတယ် သမီး။ ဖေဖေ့သဘောထားကို တစ်ခါက ဟောပြောပွဲတစ်ခုမှာ ပြောမိတော့ ဖေဖေ့ရဲ့ဆရာမတစ်ယောက်က ထပြီးဆွေးနွေးတာကို သွားသတိရမိတယ်။ မြန်မာပြည်မှာ နေရာတိုင်းမှာ အခုလို တိကျဖို့လိုပါ့မလားတဲ့။ သူမသိ၊ ကိုယ်မသိပြောတာဟာ

ပိုပြီးအဆင်ပြေနိုင်လိမ့်မယ်၊ သိပ်တိကျရင် တချို့တွေက လက်ခံချင်မှလက်ခံမှာ၊ မရေမရာဖြစ်နေတာက ပိုမကောင်းဘူးလားတဲ့။ ဆရာမပြောတာက စဉ်းစားစရာပါ။ မရေမရာပြောနေပေမယ့် ကိုယ်ကြိုက်သလို ဆွဲတွေးနိုင်တော့ ချက်ချင်းပြဿနာမရှိနိုင်ဘူးပေါ့။ နောင်မှဖြစ်တဲ့ပြဿနာကို အဆင်ပြေသလို ရင်ဆိုင်သွားနိုင်တာကလည်း စဉ်းစားစရာပေါ့။ ဖေဖေကတော့လည်း ခု ရှုပ်မှ နောင်ရှင်းဆိုတာကို ယုံလို့လားမသိဘူး။ အစကတည်းက ရှင်းရှင်းပဲ ဖြစ်စေချင်တယ်။

အခုလိုပြောရတာ ဖေဖေလုပ်နေတဲ့ ဟောပြောပွဲတွေနဲ့ဆိုင်တယ်။ မြန်မာလိုတော့ ဟောပြောပွဲလို့ပြောပြီး အင်္ဂလိပ်လိုတော့ တိတိကျကျပြောရင် ဖေဖေကတော့ Public Lecture လို့ သုံးချင်တယ်။ တစ်ခါတလေ ဂျာနယ်တွေမှာ၊ သတင်းစာတွေမှာ သုံးနေတဲ့အသုံးအနှုန်းတွေကအမျိုးမျိုး Seminar လို့ သုံးတာတွေ့ရတယ်။ Forum လို့ သုံးတာတွေ့ရတယ်။ တစ်နေ့က Seminar Forum ဆိုတာကို တွဲဖက်သုံးတာတွေ့ပြန်တယ်။ Workshop ဆိုတာလည်း ခေါ်ကြတာ တွေ့ရပြန်တယ်။ ဒီတော့ အသုံးအနှုန်းတွေကမျိုးစုံ။ အမှန်တော့ တိတိကျကျအဓိပ္ပာယ်ဖွင့်ရင် တစ်ခုနဲ့တစ်ခု မတူကြဘူးလေ။ အဓိပ္ပာယ်ဖွင့်ဆိုချက် တိကျမှုမရှိတော့ သုံးချင်သလိုသုံးနေကြတာတွေ့ရတယ်။ ဘာခေါ်ခေါ် ဘာဖြစ်သလဲလို့ ငြင်းနိုင်ပါတယ်။ ဒါပေမဲ့ ဒီကိစ္စကို သာမန်မစဉ်းစားဘဲ တန်ဖိုးထားရင်တော့ တိကျမှုလိုလိမ့်မယ်လို့ ဖေဖေထင်ပါတယ်။

Talk, Lecture, Seminar, Forum, Workshop စတာတွေနဲ့ ပတ်သက်လို့ တူညီတဲ့အချက်တစ်ခုရှိတယ်။ ဒီအချက်က သိပ်အရေးကြီးတယ်လို့ ဖေဖေယူဆတယ်။ ဘာကြောင့် Talk ပေးသလဲ၊ Lecture လုပ်သလဲ၊ Seminar ကျင်းပသလဲ၊ Forum လုပ်သလဲ၊ Workshop လုပ်သလဲ၊ ပုံစံအမျိုးမျိုးရှိပေမယ့် အားလုံးဟာ Learning Space လို့ ပြောနိုင်တဲ့ အသိတရားရှာဖွေနိုင်တဲ့ ကွက်လပ်တစ်ခု

ကို ဖန်တီးတာဖြစ်တယ်။ အသိတရားရှာဖွေမှု နယ်ပယ်လို့ ပြော လိုက်ရင် သိပ်တန်ဖိုးရှိသွားတယ်။ သိပ်မြတ်နိုးစရာဖြစ်လာတယ်။

Talk ကတော့ အများသိတဲ့အတိုင်း ဟောပြောမှုဖြစ်တယ်။ နေ့စဉ် မြန်မာပြည်မှာ စာဆိုတော်နေ့နဲ့တွဲဖက်ပြီး အနယ်နယ် အရပ်ရပ်မှာ စာရေးဆရာတွေက ဟောပြောပွဲလုပ်ကြတယ်လေ။ ဆီလျော်တဲ့ခေါင်းစဉ်တွေရွေးပြီး ပရိသတ်တွေကို တင်ပြကြတာ ပေါ့။ အမေးအဖြေရှိကောင်းရှိနိုင်ပေမယ့် တကယ်တော့ ကိုယ်ပြော ချင်တာကို ပရိသတ်တွေကို မျှဝေပေးတာပေါ့။ Lecture ကိုတော့ တက္ကသိုလ်ကောလိပ်တွေမှာ ဆရာ/မတွေက သင်ခန်းစာပို့ချတဲ့ နေရာမှာ အသုံးများတာတွေ့ရတယ်။ ဒါကြောင့် တက္ကသိုလ် ကောလိပ်တွေမှာ ဖေဖေတို့ခေတ်တုန်းက Tutorial ဆိုတာရယ်၊ Lecture ဆိုတာရယ်ကို အမျိုးအစားခွဲခဲ့တယ်။ Tutorial ကတော့ နည်းပြဆရာ/မတွေဦးစီးပြီး ဆောင်ရွက်တဲ့အနီးကပ်သင်တန်း ပို့ချမှုပေါ့။ ဒီ Tutorial တွေဟာ ဆရာ/မကြီးတွေပို့ချသွားတဲ့ Lecture ဟောပြောချက်တွေကို ကျောင်းသူ/သားတွေ ပိုနားလည် အောင်၊ သဘောပေါက်အောင်၊ လေ့ကျင့်ခန်းရအောင် အနီးကပ် ကြီးကြပ် ကြပ်မတ်ပေးတာဖြစ်တယ်။ လက်ထောက်ကထိကတွေ၊ ကထိကတွေ၊ ပါမောက္ခတွေကတော့ Lecture ပေးကြတယ်။ သင်ရိုး ညွှန်းတမ်းထဲမှာပါဝင်တဲ့ဘာသာရပ်တွေကို စနစ်တကျပို့ချတာပေါ့။

Lecture ပေးတာကို ကျောင်းသားတွေက Notes တွေ ထုတ်ပြီး ဆရာ/ဆရာမတွေရဲ့ဟောကြားချက်တွေကို ကိုယ်နား လည်အောင် မှတ်စုရေးကြတယ်။ ဒါကြောင့် တက္ကသိုလ် ကောလိပ် ကျောင်းသားတစ်ယောက်မှာ Lecture Notes ကို ထုတ်တတ်ဖို့ဟာ သိပ်အရေးကြီးတာပေါ့။ ဆရာ/ဆရာမတွေဟာလည်း Lecture ပေးတဲ့အခါ အညွှန်းစာအုပ်တွေ၊ စာတမ်းတွေကို ပေးလေ့ရှိတယ်။ ဒီတော့ ကျောင်းသားတွေအနေနဲ့ ကိုယ်ထုတ်ထားတဲ့ Lecture Notes တွေကို ဖြည့်စွက်ဖို့ စာအုပ်တွေဖတ်ရတယ်။ စာတမ်းတွေကို

လေ့လာရတယ်။ ဒါကြောင့် တက္ကသိုလ်ကောလိပ်မှာ စာကြည့်တိုက်ဟာ သိပ်အရေးကြီးတာပေါ့။ တက္ကသိုလ်ကျောင်းသား၊ ကောလိပ်ကျောင်းသားဟာ စာကြည့်တိုက်ကို ကျွမ်းကျွမ်းကျင်ကျင် သုံးတတ်ရမယ်။ ကိုယ်လိုချင်တဲ့စာအုပ်ကို စနစ်တကျရှာတတ်ဖို့လိုတယ်။ အခုခေတ်မှာတော့ ကွန်ပျူတာကိုအသုံးများတော့စာကြည့်တိုက်မှာ ကိုယ်လိုချင်တဲ့စာအုပ်စာတမ်းတွေကို အလွယ်တကူရှာဖွေ နိုင်ပြီ။ ဖေဖေကတော့ ကျောင်းသားတွေ စာကြည့်တိုက်ကို ချစ်စေချင်တယ်။ စာကြည့်တိုက်ထဲဝင်ပြီး ရေးသားပြုစုထားတဲ့ စာအုပ်တွေရဲ့ အနံ့ကိုရှူပြီး ကြည်နူးစေချင်တယ်။ ပျော်ပိုက်စေချင်တယ်။ စာကြည့်တိုက်တွေမှာ ကျောင်းသားတွေနဲ့ တိုးမပေါက်အောင် လူစည်နေစေချင်တယ်သမီး။ စာကြည့်တိုက်ဟာ ဘာလဲသမီး။ စာအုပ်တွေစုထားတဲ့ နေရာမဟုတ်ဘူး။ စာအုပ်ငှားရတဲ့နေရာမဟုတ်ဘူး။ စာကြည့်တိုက်ဟာ အသိတရားတွေစုစည်းထားတဲ့ ဗိမာန်ကြီး၊ တန်ဖိုးမဖြတ်နိုင်တဲ့ ရတနာသိုက်ကြီးပေါ့။ ဖေဖေတို့ နိုင်ငံခြား ပညာသင်သွားတဲ့အခါ ရောက်ရောက်ချင်း စာကြည့်တိုက်ကို လိုက်ပြတယ်။ စာကြည့်တိုက်က ကတ်ပြားထုတ်ပေးတယ်။ အများကြည့်နိုင်၊ ငှားနိုင်တဲ့အပိုင်းတွေကို ပြသသလို Reference Materials တွေ၊ ရှားတဲ့စာအုပ်တွေ၊ စာပုဒ်တွေ၊ စာတမ်းတွေစုထားတဲ့ Reference အညွှန်း၊ ဌာနကိုလည်းလိုက်ပြတယ်။ များသောအားဖြင့် Walk-in-Library စာကြည့်တိုက်ထဲဝင်ပြီး စာအုပ်တွေရှိတဲ့ စင်တွေကို လိုက်ကြည့်ခွင့်ရတဲ့ စာကြည့်တိုက်တွေရှိကြတယ်။ တချို့ စာကြည့်တိုက်တွေမှာတော့ ဝင်ပြီးကြည့်ခွင့်မရဘဲ လိုချင်တဲ့စာအုပ်တွေ၊ စာပုဒ်တွေ၊ စာတမ်းတွေကို ရွေးချယ်ပြီးမှထုတ်ရတာ၊ ငှားရတာမျိုးရှိတယ်လေ။ ဖေဖေက Library ကို သိပ်ချစ်တော့ ကျောင်းသားတွေကိုလည်း ဖေဖေ့လိုပဲချစ်စေချင်တာ။ စာကြည့်တိုက်အထိ တစ်ခါမှ မဝင်ဘဲ၊ ဆရာ/ဆရာမတွေ ညွှန်းထားတဲ့စာအုပ်စာတမ်းတွေကို တစ်ခါမှမဖတ်ဘဲ၊ မငှားဘဲ ဘွဲ့ရသွားတာ မဖြစ်စေချင်

ဘူးလေ။ ဖြစ်ခဲ့ရင် စိတ်မကောင်းစရာပေါ့။ ထုတ်ထားတဲ့မှတ်စုတွေကိုသာ အားကိုးနေရင် ဘယ်ကောင်းနိုင်ပါ့မလဲ။

တစ်ခါတလေ တက္ကသိုလ် ကောလိပ်တွေမှာ Special Lecture တွေ ပေးတာရှိတယ်။ ဒါကတော့ နာမည်ကြီးပုဂ္ဂိုလ်တွေ၊ ပါမောက္ခတွေ၊ ဧည့်သည်တော်တွေကလာပြီး ပေးတဲ့ဟောပြောချက်တွေ။ ရတုန်းရခဲ့အခွင့်အရေးမို့ ကျောင်းသားတွေအပြင် ဆရာတွေပါ အလုအယက်တက်ကြတယ်။ ပညာလည်းသိပ်ရတယ်။ ဒီ Special Lecture ပေးဖို့ ထူးချွန်တဲ့၊ နာမည်ကြီးပုဂ္ဂိုလ်တွေကို တကူးတကဖိတ်ပြီး စီစဉ်ဆောင်ရွက်ကြရတယ်လေ။

Lecture ပေးတဲ့နေရာမှာ ဆရာက သတ်မှတ်ထားတဲ့ သင်ရိုးညွှန်းအတိုင်း ဟောပြောပို့ချလို့ အမေးအဖြေသိပ်မရှိလှဘူး။ ကျောင်းသားတွေက ဆရာပြောသမျှကို မှတ်နိုင်အောင် အာရုံပြုရတယ်။ မရှင်းလင်းတာကို မေးတာကလွဲပြီး အပြန်အလှန်ဆွေးနွေးတာမျိုး မရှိလှဘူး။ နိုင်ငံခြားတက္ကသိုလ်တွေမှာတော့ Lecture လုပ်တဲ့ပုံစံတွေပြောင်းလာတာတွေ့ရတယ်။ အရင်တုန်းကလို ဆရာလုပ်သူက ပြောချင်တာကို ပြောသွားတာမျိုးထက် ကျောင်းသားတွေရဲ့သဘောထား၊ အယူအဆတွေကို မေးမြန်းလက်ခံလာတာတွေ့ရတယ်။ နောက်တစ်ခုပြောင်းတာက Teaching Aid လို့ခေါ်တဲ့ သင်ကြားအထောက်အကူပစ္စည်းတွေနဲ့ ပတ်သက်တယ်။ အရင်တုန်းကတော့ Talk and Chalk အပြောနဲ့ မြေဖြူနည်းကိုအသုံးများတယ်။ ကျောက်သင်ပုန်းပေါ်မှာ မြေဖြူနဲ့ရေးခြစ်ပြီး Lecture လုပ်ကြတာများတယ်။ အခုတော့ အထောက်အကူပစ္စည်းအမျိုးမျိုးကို သုံးလာကြတာတွေ့တယ်။ Flip-Chart တွေသုံးလာတယ်။ Poster တွေသုံးလာတယ်။ Slide-Show တွေ၊ Powerpoint တွေ သုံးကြတယ်။ Multi-media တွေကို တွင်တွင်ကျယ်ကျယ်သုံးပြီး CD တွေ၊ Video တွေ၊ VCD တွေသုံးတာ တွေ့ရတယ်။ နောက်ဆုံးပေါ် အထောက်အကူပစ္စည်းကတော့ Internet တို့၊ Wireless Connec-

tion တို့နဲ့ တိုက်ရိုက်သုံးပြီး Web-based Lectures တွေ လုပ်လာကြတာတွေ့ရတယ်။ သိပ်ထိရောက်တာပဲ။ ဖေဖေက UN System Staff College မှာရှိတုန်းကသုံးခဲ့ပေမယ့် အခုဒီမှာတော့ အင်တာနက် Connection တွေက အဆင်မပြေသေးလို့ မသုံးရသေးဘူး။ အခုခေတ် Lecture ပေးတဲ့နေရာမှာ Smart Board လို့ခေါ်တဲ့ ကွန်ပျူတာနဲ့တွဲဖက်ထားတဲ့ ကျောက်သင်ပုန်းတွေပေါ်လာပြီ။ ဟောပြောတဲ့သူက ဒီကျောက်သင်ပုန်းမှာရေးခြစ်ပြီး ချက်ချင်း Photo-copy တွေဆွဲပြီး ကျောက်သားတွေကို ဝေလို့ရတယ်လေ။ ဖေဖေတို့ ဟိုးအရင်တုန်းကသုံးခဲ့တဲ့ Transparency ကော်ပြားနဲ့တော့ တခြားစီပေါ့။ Overhead Projector တွေကို အခုအချိန်လိုချင်ရင်တောင် တော်တော်ရှာရလိမ့်မယ်။

Seminar ကတော့ပုံစံတစ်မျိုး။ အကြောင်းအရာခေါင်းစဉ်တစ်ခုရွေးပြီး ဆရာက စီစဉ်ဆောင်ရွက်တဲ့ ဆွေးနွေးပွဲ၊ ဟောပြောတာမဟုတ်ဘူး။ ဆရာလုပ်သူက ခေါင်းစဉ်တစ်ရပ်ကို နိဒါန်းပျိုးပြီး တက်ရောက်လာသူတွေက ဝိုင်းပြီးဆွေးနွေးကြ၊ အချေအတင်ပြောကြတာမျိုး။ Lecture ပုံစံလို Passive ဖြစ်တဲ့ သဘောမဟုတ်ဘဲ ပါဝင်ဆွေးနွေးသူတွေက Active Participation စိတ်ဝင်တစားပါဝင်မှုရှိတာမျိုးဖြစ်တယ်။ ဆရာလုပ်သူကသာ အသိတရားအပြည့်အစုံရှိတဲ့ သဘောမျိုးမဟုတ်ဘဲ ဆရာနဲ့ပါဝင်ဆွေးနွေးသူတွေဟာ အသိတရားဖလှယ်ကြတာ၊ အသိတရားအတူတကွ ရှာဖွေကြတဲ့သဘောမျိုးပါသမီး။

ဖေဖေက Seminar ပုံစံကို သိပ်သဘောကျတယ်။ Seminar တစ်ခုကို ဘယ်သူမဆို ဦးဆောင်နိုင်တာကြောင့်ဖြစ်တယ်။ ဆရာကသာ ဦးဆောင်တာမဟုတ်ဘဲ စိတ်ဝင်စားတဲ့၊ လေ့လာထားတဲ့ကျောင်းသားကဦးစီးဆောင်ရွက်ခွင့်ရတယ်။ ဖေဖေက Learning ဟာ ပေးတာတစ်ခုတည်းမဟုတ်ဘဲ အပြန်အလှန် မျှတစေတာမျိုးဖြစ်တယ်လို့ ယုံကြည်တာ။

အခုတလော မြန်မာနိုင်ငံမှာ Forum တွေ ကျင်းပလာတာ တွေ့ရတယ်။ Forum အကြောင်းကို အသေးစိတ်မဆွေးနွေးမီ ဖေဖေက စီးပွားရေးလောကမှာ နာမည်အကြီးဆုံး Forum တစ်ခုကို သမီးကိုပြောပြချင်တယ်။ ဒါကတော့တစ်နှစ်တစ်ခါ ဆွစ်ဇာလန်နိုင်ငံ Davos မြို့မှာကျင်းပတဲ့ World Economic Forum (WEF) ပါ။ အစည်းအဝေးပွဲအကြီးကြီး၊ နိုင်ငံ့ခေါင်းဆောင်တွေ၊ စီးပွားရေးအဖွဲ့အစည်းတွေမှာ တာဝန်ယူတဲ့သူတွေ တက်ရောက်တဲ့ အစည်းအဝေးဖြစ်တယ်။ တစ်ကမ္ဘာလုံးမှာ နာမည်သိပ်ကြီးတဲ့ပွဲ။ တက်ခွင့်ရအောင် ကြိုးစားရတယ်။ နိုင်ငံခေါင်းဆောင်တွေက သိပ်လာချင်ကြတယ်။ Forum မှာ ခေါင်းစဉ်တွေအမျိုးမျိုးနဲ့ ဟောပြောပွဲတွေလုပ်ကြတယ်။ ဆွေးနွေးကြတယ်။ အဖွင့်မိန့်ခွန်းကိုအခြေခံပြီးဆောင်ရွက်ကြတာ။ ဒီနှစ်မှာ WEF က ပိုပြီးအရေးကြီးနေတာပေါ့။ စီးပွားရေးအကျပ်အတည်းကြုံနေရလို့ ဘယ်လိုဆောင်ရွက်သင့်သလဲဆိုတာကို အခြေခံဆွေးနွေးခဲ့ကြတယ်။ စုစုပေါင်းလေးရက်ကြာတယ်။ ရုရှားက ဝန်ကြီးချုပ်နဲ့ တရုတ်ပြည်က ဝန်ကြီးချုပ်တို့က မိန့်ခွန်းပြောကြတယ်။ အဖြေတွေကို ရှာဖွေကြတာပေါ့။ NGO အဖွဲ့ဝင်တွေလည်း ပါတာတွေ့ရတယ်။ အခုလို အစည်းအဝေးကြီးကြီးကျယ်ကျယ်ကျင်းပတာမို့ ဟောပြောပို့ချချက်တွေ၊ ဆွေးနွေးချက်တွေ၊ အပြန်အလှန်အရေးကြီးတာက Network လို့ခေါ်တဲ့ အဆက်အသွယ်တွေ ရတဲ့အခွင့်အရေး။ ဒါကသိပ်အရေးကြီးတာ။ အစည်းအဝေးလုပ်တုန်းအသိအကျွမ်းဖြစ်ခဲ့တော့ အစည်းအဝေးပြီးတဲ့အခါ ရှင်သန်တဲ့၊ ခိုင်မာတဲ့ အဆက်အသွယ်တွေ ရသွားနိုင်တာပေါ့။

UN မှာ ဖေဖေလုပ်တုန်းကတော့ Forum တွေ ခဏခဏကျင်းပတယ်။ တက်ရောက်ခဲ့တယ်။ အနီးစပ်ဆုံးဥပမာပေးရရင် အရင်တစ်ပတ်က ဖေဖေ့ကို မိန့်ခွန်းပြောဖို့ ဖိတ်ကြားခဲ့တဲ့ မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန်များညီလာခံ၊ ဒီမှာတော့ Conference

လို့ ခေါ်တာတွေ့ရတယ်။ Forum မှာ တင်ပြမှုတွေ ရှိသလို ဆွေးနွေးချက်တွေလည်းအပြည့်ပဲ။

ဖေဖေက World Economic Forum ကိုသိပ်အားကျတာ။ မြန်မာပြည်ပြန်ရင် ဒါမျိုးလုပ်ချင်တဲ့ဆန္ဒ အမြဲရှိခဲ့တာ။ တိုက်တိုက်ဆိုင်ဆိုင် လာမယ့်အပတ်မှာ TODAY Group ရယ်၊ City Mart Group ရယ်က ကမကထလုပ်ပြီး Myanmar Executive Forum (MEF) ကို ဖေဖေက ဦးစီးပြီးကျင်းပဖို့ စီစဉ်ထားတယ်။ မြန်မာ့စီးပွားရေးနယ်ပယ်မှာ နာမည်ကြီးလုပ်ငန်းရှင်တွေကို ဖိတ်ကြားထားပြီး စီးပွားရေးအကျပ်အတည်းကို ဘယ်လိုတုံ့ပြန်သင့်သလဲ ဆိုတဲ့ အကြောင်းအရာကို ဆွေးနွေးဖို့ဖြစ်တယ်။

နောက်ဆုံးပုံစံကတော့ Workshop အလုပ်ရုံဆွေးနွေးပွဲ။ ဒီပုံစံကို ဖေဖေက ၁၉၈၀ ပြည့်နှစ်လောက်မှာ စီးပွားရေး တက္ကသိုလ်မှာ စခဲ့တာ။ အလုပ်ရုံဆွေးနွေးပွဲ ဖြစ်တဲ့အတွက် တက်ရောက်သူတွေအားလုံးက အလုပ်လုပ်ရတယ်။ ပါဝင်ဆွေးနွေးရုံမက လိုအပ်ရင် လှုပ်ရှားကြရတယ်။ တစ်ခါတလေ တကြခုန်ကြရတယ်။ အားကစားလုပ်ရတယ်။ ဇာတ်ခန်းရုပ်ပြဇာတ်ကပြရတယ်။ သဏ္ဌာန်လုပ်သရုပ်တူအောင် သရုပ်ဆောင်မှုတွေ လုပ်ရတယ်။ Workshop မှာ ပြောတာနားထောင်တာ လုံးဝမရှိရဘူး။ အားလုံးက ပါဝင်ရတယ်။ လေ့လာသူ (Observer) တစ်ဦးမှမရှိဘူး။ Workshop ကို စီစဉ်ပံ့ပိုးသူအဖြစ် Facilitator ရှိတယ်။ တစ်နည်းအားဖြင့် ဖြစ်မြောက်အောင် ဖန်တီးသူပေါ့။ ဖေဖေက Workshop ကို စီးပွားရေးတက္ကသိုလ်မှာ စလုပ်တော့ အများကလက်ခံပေမယ့် တချို့ကတော့ မကြိုက်ကြဘူး။ လုပ်နေကျအလုပ်နဲ့ပဲ ကျေနပ်အားရ သူတွေရှိစမြဲပေါ့ သမီး။ ပြောင်းလဲမှုကို လက်မခံဘူး။ ကြောက်ကြတယ်။ ထိုင်နေရင်အကောင်းသားဆိုတဲ့ အတွေးတွေရှိကြတယ်။ Lecture ပေးရင်ပေးတဲ့သူက Complete Control အပြည့်အဝ ထိန်းချုပ်နိုင်တော့လေ။ မိနစ် ၆၀ အချိန်ရရင် ၅၅ မိနစ်လောက် ပြောပြီး

ကျန်တဲ့ငါးမိနစ်မှာ မရှင်းတာရှိသလားမေးလိုက်ရုံပဲ။ ကြိုတင်ပြင်ဆင်ထားတဲ့အတိုင်းပြောဟောလို့ အတိမ်းအစောင်း ဘာမှမရှိနိုင်ဘူးပေါ့။

Workshop ကျတော့ ဘာဖြစ်မလဲဆိုတာ မပြောနိုင်ဘူး။ ဖြစ်ချင်ရာဖြစ်နိုင်မယ်။ ဖြစ်စေချင်သလိုဖြစ်လာဖို့ဆိုရင် Facilitator လုပ်သူက သိပ်အရေးပါတယ်။ Facilitate လုပ်တာနဲ့ Lecture လုပ်တာကလုံးဝမတူတော့ အရင်ပုံစံကို ရင်းနှီးသူတွေက စိုးရိမ်တာမှန်ပါတယ်။ Facilitation ကို ကျွမ်းကျွမ်းကျင်ကျင်လုပ်နိုင်ဖို့ သင်တန်းအလေ့အကျင့်လိုတယ်။ ဒီလို သင်တန်းမျိုး ဖေဖေတက်ခဲ့တော့ ဖေဖေ့မှာ အခက်အခဲမရှိဘူး။ သင်တန်းမတက်ဘဲ Facilitate လုပ်ရင် Lecture လုပ်တဲ့ပုံစံမျိုးပဲ ဖြစ်မှာသေချာတယ်။ Facilitator က ရှေ့မထွက်ရဘူး။ အီနောက်မှာနေတယ်။ ဘေးမှာရှိတယ်။ ဖြစ်နေတာကို ကြည့်တယ်။ သုံးသပ်တယ်။ ထိန်းတယ်။ ဦးဆောင်ပြီး ဆရာလုပ်လို့ မရဘူး။ ဒီတော့ ဒီအလုပ်ကို ဆရာလုပ် ချင်သူတွေ မကြိုက်ကြဘူးပေါ့။

အခုလို ဟောပြောမှုပုံစံတွေ အမျိုးမျိုးရှိနေတယ်။ ဘယ်နေရာမှာ ဘယ်ပုံစံနဲ့လုပ်မလဲဆိုတာကို သေသေချာချာ စဉ်းစားပြီးမှ ရွေးချယ်ဖို့လိုမယ်။ ကိုယ်ကြိုက်သလို နာမည်တပ်လို့မရဘူးလေ။ ဖေဖေက ဒီလိုပြောရင် သိပ်ကြီးကျယ်တယ်လို့ပြောကြလိမ့်မယ်။ ဖေဖေ့စေတနာက ကိုယ်စီးတဲ့မြင်း အထီးအမ ခွဲခြားတတ်စေချင်တာပါပဲ။

Talk တို့ Lecture တို့မှာတူတာတစ်ခုက ပရိသတ်ရှိတယ်။ ပရိသတ်မရှိရင် ဒါတွေမဖြစ်နိုင်ဘူးလေ။ ဒါကြောင့် ဖေဖေက ဟောပြောပွဲလုပ်တိုင်း ပရိသတ်တွေကို ဖွင့်ဟပြီး ကျေးဇူးတင်တယ်။ စိတ်ထဲမှာလည်း ကျိတ်ကျေးဇူးတင်တယ်။ ပရိသတ်ကြောင့် ဖေဖေ့အတွက် အဓိပ္ပာယ်ရှိတာ။ ပရိသတ်ကို ကျေးဇူးတင်ရတဲ့အပြင် လေးစားဖို့လိုတယ်။ တစ်ခါတလေ မလေးစားတာကို ဖေဖေတွေ့ရ

တယ်။ စင်ပေါ်ရောက်နေလို့ ပြောချင်တာပြောမယ်လို့ မထင်သင့်ဘူး။ ပရိသတ်အကြိုက် ဟုတ်တာတွေရော၊ မဟုတ်တာတွေပါ ထည့်ပြီး အမြှောက်မထုတ်သင့်ဘူး။

မြန်မာနိုင်ငံမှာ အခုလို အသိတရားရှာတဲ့ပရိသတ်တွေ အများကြီးရှိတာတွေ့ရလို့ သိပ်ဝမ်းသာတယ်။ သူတို့ဟာသိချင်တယ်၊ တတ်ချင်တယ်။ နားလည်ချင်တယ်။ ဒီတော့ ဖေဖေတို့လို ဟောပြောဖို့ချသူတွေမှာ တာဝန်သိပ်ကြီးတယ်။ ကျကျနနပြင်ဆင်ရမယ်။ လုံအောင်လုပ်ရမယ်။ ပြီးပြည့်စုံအောင် ကြိုးစားရမယ်။ ဖြစ်သလိုမလုပ်သင့်ဘူး။ ပရိသတ် ၂၀၀ တက်တဲ့ ဟောပြောပွဲမှာ ကိုယ်က မိနစ် ၂၀ လောက် အကျိုးမရှိတဲ့စကားတွေအကြောင်းတွေ ပြောဟောရင် မိနစ် ၄,၀၀၀ ဆုံးတယ်။ သိပ်နှမြောဖို့ကောင်းတာ။ ဒီတော့ ကိုယ်ရတဲ့အချိန်ကို အပြည့်အဝအသုံးချရမယ်။

Seminar, Forum နဲ့ Workshop တွေမှာ ပရိသတ် မရှိတော့ဘူး။ ပါဝင်သူ (Participant) ပဲရှိတော့တယ်။ အရေအတွက် အနေနဲ့လည်းနည်းတာပေါ့။ ဒီပါဝင်သူတွေက Talk တို့၊ Lecture တို့မှာလို အိပ်ငိုက်နေလို့ မဖြစ်တော့ဘူးလေ။ ဖေဖေဟောပြောပွဲ လုပ်ရင် တစ်ခါတလေ အိပ်ငိုက်နေတဲ့သူတွေ၊ အိပ်တဲ့သူတွေကို မြင်လိုက်ရရင် ရင်ထဲကအောင့်သွားတယ်။ ဝမ်းလည်း ဝမ်းနည်းတယ်။ တစ်ဖက်ကလည်း အားနာတယ်။ ဩော် သူတို့ခမျာ ပင်ပန်းလို့ ထင်ပါရဲ့။ ဟောပြောပွဲလာပြီး အိပ်ငိုက်နေကြရှာတာ။ ဒါပေမဲ့ သူတို့က လူနည်းစုဖြစ်လို့ တော်သေးတာပေါ့။ အများစုကတော့ ခေါင်းတညိတ်ညိတ်နဲ့ မျက်လုံးတွေကကြည်လင်တောက်ပ၊ စိတ်ဝင်စားမှုအပြည့်။ သူတို့ကိုကြည့်ပြီး ဖေဖေ အားတွေဖြည့်တယ်။ အင်အားတွေ တိုးလာတာပေါ့သမီး။

ဖေဖေက သမီးကို ဟောပြောပွဲပုံစံအမျိုးမျိုးကို ရှင်းပြပြီးပြီ။ တစ်ခုတော့ရှိတာပေါ့။ ဘာပဲခေါ်ခေါ် လုပ်တာကောင်းတာပေါ့။ အမှားခေါ်လည်း ဘာမှမဖြစ်ပါဘူး။ အမှန်ခေါ်တတ်ပြီး

မလုပ်တာထက်စာရင် အမှားခေါ်ဖြီး လုပ်တာက ကောင်းတယ်လို့ ဖေဖေယူဆတယ်။ ဒါကြောင့်လည်း Talk တွေ၊ Lecture တွေ၊ Seminar တွေ၊ Forum တွေ၊ **Workshop** တွေ များများသာ လုပ်ကြပါ။ အသိတရားရှာဖွေတဲ့နယ်ပယ် ကျယ်ပြန့်အောင် ကြိုးစားကြပါလို့သာ အမြဲဆုတောင်းနေမိပါတယ် သမီး။

■

## ဟောပြောပွဲအတွေ့အကြုံ (၂၄)

ဖေဖေ တစ်နေ့က မန္တလေးမှာ ဟောပြောပွဲသွားလုပ်ခဲ့တယ်။ ဖေဖေ့ကိုလုပ်ပေးဖို့ ပြောထားတာကြာခဲ့ပြီ။ မအားတာနဲ့ မသွားဖြစ်ဘူး။ တစ်နေ့ TODAY Group က အိမ်လာပြီး မန္တလေးမှာ ဟောပြောပွဲလုပ်ဖို့ ကျွန်တော်စီစဉ်ခဲ့ပြီ၊ ဆရာသွားပေးနော်လို့ ပြောလာတာနဲ့ ဖေဖေ သဘောတူခဲ့တယ်။ သူကတစ်ခါတည်း ခေါင်းစဉ်ကို ပေးတယ်။ လူငယ်တွေများတာမို့ သူတို့အတွက် ဆရာ Self-branding ပြောပေးပါလို့ တောင်းဆိုလာတယ်။ ဖေဖေလည်း ဒီခေါင်းစဉ်နဲ့ပြောချင်တာမို့ လွယ်လွယ်ကူကူနဲ့ ခေါင်းညိတ်လိုက်တယ်။

မန္တလေးမှာ ဖေဖေဟောပြောပွဲမလုပ်ဖြစ်တာ အတော်ကြာသွားပြီ။ လွန်ခဲ့တဲ့ ၂ နှစ်ကျော်ကလုပ်ဖြစ်တယ်။ အဲဒီတုန်းက ရတနာပုံဈေးကြီးမှာလုပ်တာ။ မန္တလေးမှာလုပ်ပြီး ဖေဖေမုံရွာမှာ သွားပြီး ဟောပြောပွဲတစ်ခုလုပ်ပေးခဲ့တယ်။

မန္တလေးကို လေယာဉ်နဲ့ အစောကြီးထွက်ခဲ့တယ်။ ဖိုရောက်တော့ ၉ နာရီကျော်ကျော်ပဲရှိသေးတယ်။ တည်းခိုမယ့် ဟိုတယ်မှာ Check in လုပ်ပြီး အချိန်ရတာနဲ့ ဖေဖေလမ်းလျှောက်ထွက်ခဲ့တယ်။ တည်းတဲ့ဟိုတယ်က Hotel Mandalay ဖြစ်တော့ ဘူတာရုံနဲ့ သိပ်မဝေးဘူးလေ။ လမ်းလျှောက်ရင်း ဟိုကြည့်ဒီကြည့်နဲ့

မရောက်တာကြာပြီဖြစ်တဲ့ မန္တလေးကို တစေ့တစောင်းလေ့လာခွင့်ရတာပေါ့။ နံနက်စာက လေယာဉ်ပေါ်မှာ ကျွေးပေမယ့် ဗိုက်ထဲက ဆာတာနဲ့ နာမည်ကြီး မန္တလေးမုန့်တီဆိုင်လိုက်ရှာတာ ရှာရင်းနဲ့ ဘူတာရုံရောက်၊ ပြီးတော့ ဘူတာရုံအနီးမှာရှိတဲ့ စာအုပ် ဆိုင်တစ်ဆိုင်သွားတွေ့တယ်။ ဖေဖေက စာအုပ်ဝါသနာပါတော့ အသစ်တွေ ဘာများရှိမလဲဆိုပြီး လျှောက်ရှာခဲ့တယ်။

တိုက်တိုက်ဆိုင်ဆိုင်ဖေဖေ့မှာတ်ပုံပါတဲ့ ဒေါ်ရွှေကူမေနှင်း ရေးထားတဲ့စာအုပ် သွားတွေ့တယ်။ ဆရာမကြီးက ဖေဖေ့ရဲ့ ဟောပြောပွဲနားထောင်ပြီး ရေးထားတာလေ။ အဲဒီဟောပြောပွဲခေါင်းစဉ်က သိပ်ခေတ်စားနေတယ်။ လူကြိုက်လည်းများ နေတယ်လေ။ ဖေဖေလွန်ခဲ့တဲ့ တစ်နှစ်လောက်က ယုဇနဟိုတယ်မှာ Trust Building လို့ခေါ်တဲ့ ယုံကြည်မှုတည်ဆောက်ခြင်းခေါင်းစဉ်နဲ့ ဟောခဲ့တာ။ ဒီစာအုပ်ကြောင့်ပဲ စက်မှုကိုကိုက ဖေဖေ့ကို MRTV-4 မှာ ဒီခေါင်းစဉ်နဲ့ပဲ ဆွေးနွေးကြရအောင်လို့ ပြောလို့ အရင်တစ်ပတ်က ဖေဖေ MRTV-4 မှာ ဆွေးနွေးခဲ့သေးတာ။ တကယ်တော့ Trust ဆိုတာ သိပ်အရေးကြီးတဲ့ကိစ္စဖြစ်တယ်။

ဒါကြောင့် သမီးကို ဖေဖေရော မေမေရော အမြဲပြောတာ မဟုတ်လား။ သမီးကို ဖေဖေတို့ မေမေတို့ယုံတယ်၊ စိတ်ချတယ်။ သမီးကို ကောင်းတာ။ မကောင်းတာကိုပြောပြမယ်၊ ညွှန်ပြမယ်။ ဒါပေမဲ့ သမီးကိုယ်တိုင်ဆုံးဖြတ်ရလိမ့်မယ်။ ဖေဖေတို့က သမီးအပေါ် ယုံကြည်မှုအပြည့်ရှိတာ သမီးသိရင် သမီးဟာ ကိုယ့်ကိုယ်ကိုယ် ဖေဖေတို့ယုံကြည်ရမယ့်သူဖြစ်အောင် အမြဲကြိုးစားမယ်ဆိုတာ ဖေဖေတို့ ယုံတယ်လေ။ ယုံကြည်မှုဟာ မိသားစုအတွင်း အရေးကြီးသလို လူ့အဖွဲ့အစည်းမှာလည်း အဓိကကျတဲ့ကိစ္စဖြစ်တယ်။ ယုံကြည်မှုမရှိရင် ပျက်သွားရင် ဘာမှမလုပ်ရတော့ဘူး။ သူ့ကိုငါမယုံ၊ ငါ့ကိုသူမယုံဆိုတဲ့ ယုံကြည်မှုကင်းတဲ့ အခြေအနေမျိုးဟာ ဘယ်လိုမှကောင်းနိုင်မှာမဟုတ်ဘူးသမီး။ ဒါကြောင့် မိသားစု

တွင်းမှာရော၊ လုပ်ငန်းအဖွဲ့အစည်းအတွင်းမှာရော၊ ကိုယ်နေထိုင်တဲ့ကျေးရွာ၊ ရပ်ကွက်အတွင်းမှာရော၊ နိုင်ငံအတွင်းမှာရော၊ ယုံကြည်မှုဟာသိပ်အရေးကြီးတာ။ တစ်ကမ္ဘာလုံးမှာလည်း သိပ်လိုအပ်နေတာပေါ့။ တစ်နိုင်ငံနဲ့တစ်နိုင်ငံ ယုံကြည်မှုကင်းပြီး သံသယတွေနဲ့ဖုံးနေရင်မလိုအပ်တဲ့ပြဿနာခိုက်ရန်တွေပွားနိုင်တာ။

စာအုပ်ဆိုင်ကအရောင်းစျေးသည် လမ်းညွှန်တဲ့ဆိုင်ကိုရှာပြီး ဖေဖေမုန့်တီစားဖြစ်တယ်။ ပြီးမှ ဟိုတယ်ရှိရာပြန်လျှောက်လာတော့ မန္တလေးမြို့အနေနဲ့ နာမည်ရတဲ့ ရွှေချည်ထိုးလုပ်ငန်းတစ်ခုကို သွားတွေ့တယ်။ အထဲဝင်လိုက်တော့ ဖေဖေဝါသနာပါတဲ့အဟောင်းပစ္စည်းတွေ ရောင်းနေတာတွေ့တယ်။ သမီးသိတဲ့အတိုင်း ဖေဖေက အဟောင်းပစ္စည်းတွေစုတော့ ဟန်ကျသွားတာပေါ့။ မျက်စိထဲသဘောကျတဲ့ ပစ္စည်းတွေ့တယ်။ စျေးမေးကြည့်တော့ သင့်တာနဲ့ယူမယ်လို့စိတ်ကူးမိတာ။ ဒါပေမဲ့ ဆိုင်ရှင်သမီးထင်တယ်။ သူက ဖေဖေ့ကို ဒီပစ္စည်းဟာ အဟောင်းမဟုတ်ဘူး။ အသစ်ကို အဟောင်းနဲ့တူအောင် လုပ်ထားတာလို့ ဝန်ခံတယ်။ ဖေဖေ့ရင်ထဲမှာ အရမ်းကြည်နူးမိတယ်။ သူမဟာ ရိုးသားမှုကို ဖော်ပြသလိုတကယ်တော့ ရောင်းသူနဲ့ဝယ်သူကြားမှာ ရှိသင့်ရှိအပ်တဲ့ Trust ကို ဖော်ညွှန်းလိုက်တာ။ ဝယ်သူဟာ ရောင်းသူကို ယုံကြည်လို့ဝယ်တာဖြစ်တယ်။ ရောင်းသူကိုစိတ်ချလို့ ယုံလို့ ပစ္စည်းကို ဝယ်တာဖြစ်တယ်။ အခုလို အသစ်ကိုအဟောင်းလုပ်ထားတယ်လို့ ပြောတာယုံကြည်မှုကို တည်ဆောက်လိုက်တာပေါ့။

ဟောပြောပွဲက မွန်းလွဲ ၂ နာရီမှ စမှာမို့ နေ့လယ်စားစောစောစားပြီး ခဏနားလိုက်တယ်။ မစမီ ဟောမယ့်အခန်းမထဲဝင်ခဲ့တော့ အဆင်အပြင်တွေကအဆင်သင့်ဖြစ်နေပြီ။ Poster တွေကပ်ထားသလို TODAY Group က ထုတ်ဝေထားတဲ့စာအုပ်တွေကို ရောင်းဖို့ပြင်ဆင်ထားတာတွေ့ရတယ်။ ဟောပြောပွဲကို Sponsor လုပ်ပေးတဲ့ တခြားအဖွဲ့အစည်းတွေရဲ့ လက်ကမ်းစာစောင်တွေ

ကလည်း အစီအရီ၊ ခန်းမက ဟိုတယ်ထဲမှာပဲဆိုတော့ သွားရေးလာရေး လွယ်ကူတယ်ထင်ပါရဲ့ ပရိသတ်တွေအတွက် ကုလားထိုင်တွေကို တန်းစီထားတာတွေ့ရတယ်။ ဖေဖေမေးကြည့်တော့ ပရိသတ်တွေက ဖိတ်စာနဲ့လာကြတာ။ စာရင်းပေးထားတဲ့သူတွေကို ဦးစားပေးပြီး ဝင်ခွင့်ပေးတယ်လို့သိရတယ်။ Reception စားပွဲပေါ်မှာ ငွေဖလားတစ်လုံးထားပြီး တက်ရောက်လာတဲ့သူတွေရဲ့ Business Card ကို ထည့်စေတယ်။ အစီအစဉ်က သိပ်သပ်ရပ်တာ။

ဟောပြောပွဲလုပ်တဲ့ခန်းမက ပုံမှန်ဆို မင်္ဂလာဆောင်ကျင်းပတဲ့အခန်း။ အမိုးကို ဖေဖေကြည့်လိုက်တော့ ဖဲကြိုးတွေ ချိတ်ထားတာ ပုံစံတစ်မျိုးပေါ့။ နှစ်နာရီစမှာမို့ ပရိသတ်တွေက တစ်နာရီခွဲကတည်းက တဖွဲဖွဲရောက်လာကြတယ်။ ဟောပြောပွဲစင်မြင့်မှာ တင်ထားတဲ့ ကွန်ပျူတာထဲမှာ ဖေဖေသုံးမယ့် Slides တွေကို စမ်းကြည့်တယ်။ သေချာပြီဆိုမှ ရောက်နှင့်နေတဲ့ ပရိသတ်တွေကို နှုတ်ဆက်တယ်။ တချို့တွေက ဖေဖေအရင်တုန်းက သိခဲ့တဲ့သူတွေ၊ တချို့ကတော့ လူသစ်တွေ။ TODAY Group ကို ကြိုတင်ပြောထားလို့ သူတို့က မိုရွာစီးပွားရေးတက္ကသိုလ်ကို ဆက်သွယ်ထားပေးတာကြောင့် ဆရာတွေ၊ သင်တန်းသားတွေလည်း လာနားထောင်ကြတယ်။

ဖေဖေဟောတဲ့ခေါင်းစဉ်က "Self-branding"။ ဒီခေါင်းစဉ်ကို နိဒါန်းပျိုးတဲ့အနေနဲ့ ပရိသတ်တွေသဘောပေါက်အောင် ဖေဖေသူတို့ကို Brand အကြောင်း ရှင်းပြတယ်။ တကယ်တော့ စီးပွားရေးလုပ်ငန်းတွေမှာ အရေးကြီးဆုံးက Brand ပဲ။ လွယ်လွယ် ပြောရရင် အမှတ်တံဆိပ်ပေါ့။ ပစ္စည်းတစ်ခုရောင်းမယ်ဆိုရင် ဒီပစ္စည်းရဲ့ အမှတ်အသားဟာသိပ်အရေးကြီးတယ်။ တစ်နည်းအားဖြင့် Brand ပေါ့။ ဈေးသွားရင်ဒါမှမဟုတ် Supermarket သွားရင် ဘယ်ပစ္စည်းဝယ်မလဲလို့ စဉ်းစားရင်း ဆုံးဖြတ်တာက Brand ဖြစ်တယ်။ သွားတိုက်ဆေးတွေ အမျိုးမျိုးရှိတဲ့အထဲ ဘာကြောင့် သွားတိုက်ဆေး

တစ်မျိုးကိုမှ ရွေးပြီးဝယ်ကြသလဲ။ သူ့ရဲ့အမှတ်တံဆိပ်ကြောင့်ပေါ့။ ပစ္စည်းရောင်းဝယ်တဲ့ နေရာမှာတင်မဟုတ်ဘူး။ နေရာတိုင်းမှာ Brand က အရေးပါတယ်။

ဥပမာ- UN ရဲ့ အမှတ်တံဆိပ်ဆိုရင် မြင်တဲ့သူတိုင်းက ဒီအမှတ်သားဟာ ဘာကိုကိုယ်စားပြုတယ်ဆိုတာ တန်းသိတယ်။ ဘက်မလိုက်တာ၊ ငြိမ်းချမ်းရေးအတွက် ကိုယ်စားပြုတာ၊ ကမ္ဘာသူ ကမ္ဘာသားအားလုံးဘက်က ရပ်တည်တယ်ဆိုတာ ဒီအမှတ်တံဆိပ် ကိုကြည့်လိုက်တာနဲ့ သိသာတယ်မဟုတ်လား။ ဒီအမှတ်တံဆိပ်ကို လူတွေက ယုံကြည်မှုရှိတယ်၊ စိတ်ချတယ်၊ အားကိုးတယ်။ ထူးဆန်း တာကဒီအမှတ်တံဆိပ်ကိုဘယ်တုန်းကစခဲ့သလဲ။ သမိုင်းအထောက် အထားအရ အမေရိကန်ပြည်ထောင်စုမှာ နွားကျောင်းတဲ့လုပ်ငန်း က စတင်ခဲ့တယ်လို့ ပြောကြတယ်။ သမိုင်းသိတဲ့အတိုင်း ၁၈ ရာစု နောက်ပိုင်းမှာ အမေရိကန်ပြည်အနောက်ဘက်အပိုင်းမှာရှိတဲ့ မြက် တောကြီးတွေက အခြေခံပြီး နွားတွေအကြီးအကျယ်မွေးကြတယ်။ နွားသူဌေးတွေက ထောင်နဲ့သောင်းနဲ့ချီတဲ့ နွားတွေကို ခြံတွေခတ်ပြီး မွေးကြတယ်။ ကိုယ့်ခြံက မွေးတဲ့နွားကို တခြားခြံကမွေးတဲ့နွားတွေနဲ့ မရောအောင် ခွဲခြားနိုင်အောင် နွားတွေရဲ့ကိုယ်ထည်အပေါ်မှာ သံပူနဲ့ထိုးပြီး အမှတ်တံဆိပ် ခတ်ခဲ့ကြတယ်။ ဒီလိုလုပ်တာကို Branding အမှတ်တံဆိပ်ခတ်တယ်လို့ခေါ်တာ။ အခုလိုသံပူကြီးနဲ့ တံဆိပ်ခတ်တာဟာ အရေပြားပေါ်မှာ လုပ်တာဖြစ်လို့ နွားတွေ အဖို့ မနာကျင်ဘူးလို့ ပြောကြပါတယ်။

အခုလို ကိုယ့်နွား၊ သူ့နွားခွဲခြားဖို့ စပြီးကျင့်သုံးတဲ့ ဓလေ့ ဟာ တစ်စနဲ့တစ်စပြန့်ပွားကျယ်ပြန့်လာပြီး နေရာတိုင်းမှာ အသုံး ချလာတာတွေ့ရတယ်။ ဒါကြောင့်လည်း အရင်တုန်းကအသုံးပြုတဲ့ It is a brand new world အသစ်စက်စက်ကမ္ဘာလို့၊ အခုတော့ It is a new brand world အမှတ်တံဆိပ်ကမ္ဘာရယ်လို့ သတ်မှတ် ခေါ်ဝေါ်ကြတယ်။

ငွေကြေးချမ်းသာတဲ့သူတွေဟာ တန်ဖိုးကြီးတဲ့ပစ္စည်းတွေကို ဝယ်ယူစားသုံးကြတယ်။ ဈေးကြီးကြီးပေးပြီး လူမြင်သာအောင် ဝတ်ဆင်ကြတယ်။ ဒီလိုလုပ်တဲ့နေရာမှာ ဘာကိုအဓိကထားသလဲ စဉ်းစားရင် နာရီဆို Rolex တို့၊ Omega တို့။ ဒီ Brand အမှတ်တံဆိပ်တွေကို လူတိုင်းသိတယ်။

Rolex တို့၊ Omega တို့ကို တော်ရုံတန်ရုံမဝတ်နိုင်ကြဘူး။ ဒီလိုပဲ အခုခေတ်ဖေဖေသတိထားမိတာက မြန်မာပြည်မှာချမ်းသာတဲ့သူတွေ Mont Blanc လို့ခေါ်တဲ့ Fountain Pen တို့၊ Ball Pen တို့ကို ကိုင်ကြတယ်။ အမှတ်တံဆိပ်က ထင်ရှားတယ်။ သိသာတယ်။ အမျိုးသမီးတွေအဖို့ ကိုင်တဲ့လက်ကိုင်အိတ် အမှတ်တံဆိပ်မှာ Louis Vitton၊ Gucci တို့ အထူးသဖြင့် Luxury Goods ဇိမ်ခံပစ္စည်းတွေအတွက် အမှတ်တံဆိပ်ဟာအဓိကဖြစ်တယ်။ ဒါကြောင့်လည်း အခုလိုဈေးကြီးတဲ့ Brand တွေကို အတုခိုးပြီး အတုအပတွေ ထုတ်လုပ်ကြတာပေါ့။ အဝတ်အစားကအစ စီးတဲ့မော်တော်ယာဉ်အဆုံး Brand ဟာ အရေးပါတာတွေ့ရတယ်။

စီးပွားရေးနယ်ပယ်မှာ အခုလောက်အရေးကြီးတဲ့ Brand ကို အခြေခံပြီး ဖေဖေက လူပုဂ္ဂိုလ်တစ်ဦးချင်းမှာ မိမိကိုယ်ပိုင်တံဆိပ်အမှတ်အသား (Self-branding) လုပ်ဖို့လိုကြောင်းကို ဟောခဲ့တာပါ။ အခုလို Self-branding လုပ်တဲ့နေရာမှာ ကိုယ်ဟာသူများနဲ့မတူတာ၊ ထူးခြားတာကို ဖော်ထုတ်ဖို့လိုအပ်တယ်။ Self-branding ကို လူတိုင်းလုပ်နိုင်တယ်၊ လုပ်သင့်တယ်လို့ ဖေဖေ ယုံကြည်တယ် သမီး။ အသက်ငယ်သည် ဖြစ်စေ၊ အသက်ကြီးသည်ဖြစ်စေ လူတိုင်းမှာ Self-branding လုပ်ဖို့ လိုပါတယ်။

လူတိုင်းမှာ သူတို့ရဲ့ကိုယ်ပိုင်ကုမ္ပဏီရှိတယ်။ ဒီကုမ္ပဏီရဲ့ နာမည်က 'ငါ' ပဲဖြစ်တယ်။ ဒီတော့ လူတိုင်းဟာကိုယ့်ကုမ္ပဏီရဲ့ Marketing ကို ဆောင်ရွက်ရသူပဲဖြစ်တယ်။ Self-branding ဟာ ခက်ခဲတဲ့အလုပ်ဖြစ်သလို ရှောင်လွှဲလို့မရတဲ့ အလုပ်မျိုးဖြစ်တယ်

သမီး။ လူတိုင်းဟာ လွတ်လပ်တဲ့ကိုယ်စားလှယ်တွေ ဖြစ်ကြတယ်။ ကိုယ့်လိုပဲ၊ တခြားသူတွေဟာ လွတ်လပ်တဲ့ကိုယ်စားလှယ်တွေ ဖြစ်ကြတယ်။ လွတ်လပ်တဲ့သူအနေနဲ့ အခွင့်အလမ်းအများအပြား ရှိတယ်။ ဒီအခွင့်အရေးတွေကတော့ ပေါ်လွင်အောင်၊ ထူးချွန်အောင်၊ အသိပညာတိုးတက်အောင်၊ ထူးခြားတဲ့ အမှတ်တံဆိပ်တစ်ခုဖြစ်လာအောင် လုပ်နိုင်တဲ့အခွင့်အရေးပေါ့။ ဒီအခွင့်အရေးမျိုးကို နားလည်သဘောပေါက်တဲ့ သူတွေကတော့ လုပ်ငန်းကြီးတွေကို လုပ်ကိုင်ကြတဲ့ စီးပွားရေးသမားတွေပဲဖြစ်တယ်။

တစ်ခုတော့ရှိတယ်သမီး။ Brand ဟာ တခြားမဟုတ်ပါဘူး။ တန်ဖိုးတစ်ခုပေးဆောင်နိုင်တာကိုကတိပြုခြင်းပဲဖြစ်တယ်။ ဒီလိုဆောင်ရွက်ရာမှာ အချက်သုံးချက်ကို ထည့်သွင်းရလိမ့်မယ်။ ပထမအချက်ကတော့ လူတွေအလိုအပ်ဆုံးဟာ ဘာလဲ။ ဒုတိယအချက်ကတော့ ကိုယ့်ရဲ့ပြိုင်ဘက်တွေ အခက်အခဲဖြစ်နေတာက ဘာလဲ။ ဒီအချက်နှစ်ချက်က အခြေခံပြီး နောက်ဆုံးအချက်ကတော့ ကိုယ်ထူးချွန်တာက ဘာလဲဆိုတာပဲဖြစ်တယ်။

လုပ်ငန်းတွေမှာအလုပ်လုပ်တဲ့သူတွေအကြောင်း စဉ်းစားကြည့်ရင် သူတို့ကို အလုပ်ခန့်တယ်။သူတို့က အလုပ်ဆင်းတယ်။ တခြားလုပ်သားတွေနဲ့ပူးပေါင်းပြီး ဖောက်သည်တွေရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးတယ်။ ဒီလိုဆောင်ရွက်ရာမှာ ကိုယ့်ရဲ့အရည်အချင်းတွေ မြင့်မားတိုးတက်လာအောင် ပြုစုပျိုးထောင်ကြရတယ်။ ကိုယ်ဟာ သူများနဲ့မတူကြောင်း လူတွေသိလာအောင် ဆောင်ရွက်ရတယ်။ ကိုယ့်ရဲ့အမှတ်တံဆိပ်ကို မြှင့်တင်ရတယ်။ ကိုယ်ဟာဝန်ထမ်းမဟုတ်ဘူး။ ကိုယ်ဟာ လုပ်သားမဟုတ်ဘူး။ ကိုယ်ဟာလူ့စွမ်းအားစုမဟုတ်ဘူး။ ကိုယ်ဟာကုမ္ပဏီတစ်ခုမှာ တစ်သက်လုံးလုပ်ဖို့မဟုတ်ဘူး။ ကိုယ့်ကိုယ်ကိုယ် အလုပ်တာဝန်ရာထူးနဲ့ သတ်မှတ်လို့မရဘူး။ ကိုယ်ဟာအမှတ်တံဆိပ်တစ်ခု။ ကိုယ့်ကိုယ်ကိုယ် လူသိများတဲ့ Coca Cola အချိုရည်လိုဖြစ်အောင်

ကြိုးစားရမှာဖြစ်တယ်။

ဒီလိုဆောင်ရွက်ရာမှာ ကိုယ့်မှာပိုင်ဆိုင်တဲ့၊ ရှိတဲ့၊ ထူးခြားတဲ့ အရည်အချင်းတွေ၊ အမှတ်အသားတွေကို ခွဲခြားဖော်ထုတ်ဖို့ လိုလိမ့်မယ်။ ဒါကိုသိနိုင်ဖို့ ဖေဖေက ဒီမေးခွန်းတွေကို မေးစေချင်တယ်။ လွန်ခဲ့တဲ့ရက်သတ္တပတ်မှာဘယ်လိုထူးခြားတဲ့ဆောင်ရွက်ချက်တွေပြုလုပ်ဆောင်ရွက်ခဲ့သလဲ။ ကိုယ့်ရဲ့ အထူးခြားဆုံး အရည်အချင်းဟာဘာလဲ။

ဖေဖေအခုပြောနေတာက လူတိုင်းလူတိုင်းဟာ ကိုယ့်ကိုယ်ကိုယ် ရောင်းအားမြှင့်တင်ရမယ်။ မြင်သာအောင်၊ ထူးခြားအောင် အမြဲကြိုးစားရမယ်။ မေးစရာတော့ရှိတာပေါ့။ ကိုယ့်ရဲ့အမှတ်တံဆိပ်ကိုဘယ်လိုမြှင့်တင်နိုင်မလဲ။ အလုပ်လုပ်သူဖြစ်ရင် ကိုယ်လုပ်နေကျ အလုပ်အပြင် တခြားအလုပ်တွေကို လုပ်ကိုင်ဆောင်ရွက်ပါ။ လုပ်ငန်းမှာ သူများမလုပ်ချင်တဲ့ အလုပ်မျိုးကိုလုပ်ပါ။ ကိုယ့်ရဲ့ အရည်အချင်းတွေ လူသိအောင် တစ်ဖက်ကလုပ်ပြီး အရည်အချင်းသစ်တွေရအောင်လည်း ကြိုးစားပါ။ မသိသေးတဲ့သူတွေနဲ့ ထိတွေ့ဆက်ဆံနိုင်မယ့် အလုပ်မျိုးကို ကြိုးစားရှာဖွေပြီး လူသစ်တွေရဲ့ ချီးမြှောက်မှုရအောင် ကြိုးစားပါ။

ဖြစ်နိုင်ရင် သူများကိုစာသင်ပေးပါ။ ဒီလိုဆောင်ရွက်ရင် ကိုယ့်ကို ကျွမ်းကျင်မှုရှိသူတစ်ဦးအနေနဲ့ အများက အသိအမှတ်ပြုလာကြလိမ့်မယ်။ လူအများက ကိုယ့်ထံမှာ အကူအညီတောင်းတာမျိုးဖြစ်အောင် လုပ်နိုင်ရင် အများထဲက မြင်သာတဲ့၊ ထူးတဲ့သူဖြစ်မှာပေါ့။ နောက်တစ်မျိုးက စာရေးဖို့။ သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ်မှာရေးပါ။ ရေးကျင့်ရှိရင် အရှိန်ရနိုင်ပါလိမ့်မယ်။ အခွင့်အရေးရရင် ဟောပါ၊ ပြောပါ။ လူပုံအလယ်မှာ ထင်ပေါ်အောင် ကြိုးစားပါ။ အခုလို အမျိုးမျိုး ကြိုးစားဆောင်ရွက်ရင် ကိုယ့်ရဲ့ အမှတ်တံဆိပ်ကို မြှင့်တင်နေတာ ဖြစ်ပါတယ်။

အခုခေတ်လူတိုင်းလိုလိုမှာ Business Card တွေ ရှိကြ

တယ်။ ကိုယ့်ရဲ့ Business Card ကို သတိထားပြီး လုပ်ဖို့လိုတယ်။ ဖတ်လိုက်တာနဲ့စိတ်ဝင်စားသွားရမယ်။ အထင်ကြီးရမယ်။ ရွေးချယ် အသုံးပြုတဲ့ အမှတ်တံဆိပ်ဟာ သိပ်အရေးကြီးပါတယ်။ သမီးသိတဲ့ အတိုင်း ပစ္စည်းတစ်ခုရောင်းရင် ဒီပစ္စည်းကို လှလှပပထုပ်ပိုးဖို့က သိပ်အရေးကြီးတာမဟုတ်လား။ ကိုယ့်အကြောင်း လူများများ သိအောင် နှုတ်နဲ့တစ်ယောက်ကနေနောက်တစ်ယောက် ပြန့်အောင် လုပ်ရလိမ့်မယ်။ ဒါဟာအဓိကပဲ။ လောကမှာ ကိုယ်သိတာထက် ကိုယ့်ကိုသိဖို့ သိပ်အရေးကြီးတယ်။ Network လုပ်ဖို့ တစ်နည်း ပြောရရင် လူများများနဲ့သိအောင် လူများများက ကိုယ့်ကိုသိအောင် ကြိုးစားရမှာဖြစ်တယ်။

အခုလို Self-branding လုပ်ရမှာ ကိုယ့်ရဲ့ ကိုယ်ရေး အကြောင်းဖော်ပြတဲ့ CV ကို ဂရုစိုက်ပြီး ရေးဖို့လိုလိမ့်မယ်။ ကိုယ့် အကြောင်း တခြားလူတွေသိအောင် လုပ်ရမှာဖြစ်လို့ ကိုယ့် အကြောင်းကို ပေါ်ပေါ်လွင်လွင်ဖြစ်အောင် ရေးသားပြုစုဖို့ လိုပါတယ်။

ကိုယ့်အလုပ်နဲ့ပတ်သက်လာရင် သမားရိုးကျစဉ်းစားမှု တွေကို ပယ်ချဖို့လိုပါတယ်။ အလုပ်လုပ်တာဟာ လှေကားတစ်ထစ် တက်သလို တစ်ထစ်ချင်းတက်တဲ့သဘောမဟုတ်ပါဘူး။ တည့်တည့် တက်ပြီး အပေါ်ရောက်ဖို့ ဦးတည်ချက်နဲ့ မတင်းတိမ်သင့်ဘူး။ တစ်ခါတလေ ဘေးတိုက်ရွှေ့ဖို့ လိုမယ်။ တစ်ခါတစ်ရံ နောက်ဆုတ် ဖို့လိုရင် နောက်ဆုတ်ရမယ်။ အရေးကြီးဆုံးက ကိုယ်စိတ်ဝင်စားတဲ့ အလုပ်လုပ်ဖို့ပဲ။ ရာထူးအာဏာဟာ ပမာနမကျဘူး။ ဝါသနာသာ အဓိကပါ။

အများကိုကူညီတဲ့၊ ပံ့ပိုးတဲ့ လုပ်ဖော်ကိုင်ဖက်ဖြစ်အောင် ကြိုးစားပါ။ ကိစ္စရပ်တစ်ခုမှာ သူမတူအောင်၊ ထူးချွန်အောင်လုပ်ပါ။ စဉ်းစားတတ်တဲ့၊ တွေးခေါ်တတ်တဲ့၊ စိတ်ကူးယဉ်တတ်တဲ့သူ ဖြစ် အောင်ကြိုးစားပါ။ နောက်ဆုံးကတော့ လက်တွေ့ကျကျဆောင်ရွက်

နိုင်သူဖြစ်အောင် ဆောင်ရွက်ရလိမ့်မယ်။

နောက်ဆုံးအနေနဲ့ဖေဖေသတိပေးတာက လူတိုင်းလူတိုင်း ကိုယ့်ရဲ့အမှတ်တံဆိပ်ကိုပြုစုပါ။ ဖော်ထုတ်ပါ။ ကိုယ့်ရဲ့အောင်မြင်မှု စဉ်းစားတဲ့နေရာမှာ ခရီးလမ်းတစ်မျိုးတည်းမရှိဘဲ နည်းလမ်း အသွယ်သွယ်ရှိတာကို သတိပြုပါ။ သူများတွေ ကိုယ့်ကိုတံဆိပ်ခတ် တာမခံဘဲ ကိုယ်က ကိုယ်လိုချင်တဲ့ ကိုယ်နှစ်သက်တဲ့ အမှတ်တံဆိပ် ကို ကိုယ့်ကိုယ်ကိုယ် ဖန်တီးကြပါ။

ဒီလောက်ဆို ဖေဖေ့ရဲ့ဟောပြောချက်ကို သမီးသဘော ပေါက်လိမ့်မယ်လို့ထင်ပါတယ်။ ဟောပြီးလို့ မေးခွန်းတွေမေးတော့ ဖေဖေ သိပ်အံ့သြရတယ်။ ဝမ်းသာရတယ်။ မေးတဲ့သူတွေက အများကြီးပဲ နှုတ်နဲ့မေးကြသလို စာနဲ့ရေးပြီးမေးကြသူတွေရှိတယ်။ မေးတဲ့မေးခွန်းတွေက ဖေဖေဟောတဲ့အကြောင်းအရာနဲ့ သက်ဆိုင် သလို တချို့မေးခွန်းက တလွဲတွေဖြစ်တယ်။ ဘာပဲဖြစ်ဖြစ် ခုလိုမေး တာက ဖေဖေ့အတွက် အမြတ်လို့ယူဆတယ်။ ဟောပြောပွဲဆိုတာ ဟောရုံတင်မဟုတ်ဘူး။ အပြန်အလှန်မေးခွန်းတွေထုတ်ပြီး ဆွေး နွေးတာက ပိုပြီး အဓိပ္ပာယ်ရှိတယ်လေ။ မွန်းလွဲ ၂ နာရီလောက်က စတဲ့ ဟောပြောပွဲဟာ ညနေ ၅ နာရီကျော်မှ ပြီးသွားတယ်။ ဟော ပြောပွဲပြီးလို့ ပရိသတ်တွေက ဖေဖေ့ကို လာနှုတ်ဆက်ကြတယ်။ မင်းကြီးကြိုက်လုံချည်ထုတ်လုပ်သူက ဖေဖေ့ကို အခုလိုပဲ မန္တလေး မှာ မကြာခဏဟောပြောပွဲလုပ်ပေးပါလို့ တောင်းဆိုလာတယ်။ သူ က အခုဟောပြောပွဲကို ထောက်ပံ့သူတစ်ဦးလေ။ ဖေဖေကလည်း အနည်းဆုံး သုံးလတစ်ကြိမ်လုပ်ပေးမယ်လို့ ကတိပြုလိုက်တယ်။ တကယ်တော့ ရန်ကုန်-မန္တလေးဟာ နေ့ချင်းပြန်လို့ရတဲ့ ခရီး။ မနက်လာဟောပြောပွဲလုပ်ပြီး နေ့ချင်းပြန်နိုင်တာ။ ဖေဖေ လုပ်ပေး ချင်ပါတယ်။ ရန်ကုန်ပရိသတ်တွေအတွက်အပြင် အခုလို အထက် အညာမှာရှိတဲ့ ပရိသတ်တွေအတွက်လည်း လုပ်ဖို့လိုလိမ့်မယ်။ ဖေဖေ့ကို နှုတ်ဆက်တဲ့လူတွေအထဲမှာ လွန်ခဲ့တဲ့ အနှစ် ၂၀

ကျော်ကျော်က ဖေဖေ့ တပည့်နှစ်ယောက်။ သူတို့ကိုပြန်တွေ့ရတော့ ဟိုးနှစ်ပေါင်း ၂၀ လောက်ကို သွားအမှတ်ရမိတယ်။ ဆရာတပည့် သံယောဇဉ်ဟာ ဘယ်တော့မှ မကုန်နိုင်ဘူးသမီး။ သူတို့ရဲ့ကျေးဇူးနဲ့ ဖေဖေဘုရားကြီးလည်းရောက်တယ်။ ထူးခြားတဲ့ရှမ်းပြည်နယ် ဈေးကိုလည်း ရောက်ခဲ့တယ်။

ဒီတစ်ခေါက်ဟောပြောပွဲက ဖေဖေ့အတွက် ထူးခြားတဲ့ တစ်ပွဲပါ။ တက်ရောက်လာတဲ့ ပရိသတ်တွေက လူငယ်လူလတ်တွေ များလို့ သူတို့ရဲ့ ရှေ့ရေးအစစအရာရာအဆင်ပြေပါစေလို့ ဖေဖေ့ စိတ်ထဲက ကျိတ်ဆုတောင်းမိခဲ့တယ်သမီး။

■

## ဟောပြောပွဲအတွေ့အကြုံ (၂၅)

ဖေဖေစင်ကာပူ မရောက်တာသုံးနှစ်တော့်လောက်ရှိပြီ။ အရင်တုန်းကတော့ ခဏခဏရောက်ဖြစ်တယ်။ အလုပ်နဲ့ရောက်တာများပါတယ်။ တစ်ခါတော့ မိသားစုနဲ့အလည်သွားခဲ့တယ်။ ဒီတစ်ခေါက်တော့ စင်ကာပူနိုင်ငံအမျိုးသားတက္ကသိုလ်မှာရှိတဲ့ Institute of South East Asian Studies (ISEAS) မှာ ကျင်းပတဲ့ အစည်းအဝေးမှာ စာတမ်းဖတ်ဖို့သွားခဲ့တာ။ တကယ်တော့ ဒီစာတမ်းဖတ်ပွဲကို လွန်ခဲ့တဲ့ နှစ်ဦးပိုင်းက ဟောင်ကောင်မှာလုပ်ဖို့ စီစဉ်ခဲ့တယ်။ အခြေအနေတွေ ပြောင်းလို့ မလုပ်ဖြစ်ဘူး။ ဖေဖေကလည်း ကင်ညာနိုင်ငံခရီးနဲ့ တိုက်နေတာမို့ မဖြစ်တာ တော်သေးတာပေါ့။

တွေ့ဆုံပွဲကနှစ်ရက်ကြာကျင်းပခဲ့တာ။ ဖေဖေက တစ်ရက်ကြိုပြီးသွားခဲ့တယ်။ ညနေလေယာဉ်နဲ့ ထွက်ခဲ့တာ စင်ကာပူရောက်တော့ ည ၉ နာရီကျော်နေပြီ။ ဒါပေမဲ့ သမီးသိတဲ့အတိုင်း စင်ကာပူမှာ စိတ်ပူစရာမရှိဘူးလေ။ အချိန်မရွေး လုံခြုံမှုရှိတယ်လို့ နာမည်ကြီးတဲ့နိုင်ငံ။ စီစဉ်သူတွေ လမ်းညွှန်ထားတဲ့ဟိုတယ်ကို အငှားယာဉ်နဲ့ သွားခဲ့တယ်။ ဟိုရောက်တော့ အရင်တစ်ခေါက်က တည်းဖူးတဲ့ ဟိုတယ်မှန်း သတိရမိတယ်။ အခန်းထဲပစ္စည်းတွေထားပြီး အနီးအနားမှာရှိတဲ့ စားသောက်ဆိုင်တန်းကို လျှောက်ခဲ့တယ်။ ည ၁၀

နာရီကျော်ပေမယ့် လူတွေအပြည့်။ များသောအားဖြင့် ကျောင်းသားအရွယ်တွေ။ အမျိုးသားတက္ကသိုလ်နဲ့နီးတော့ ကျောင်းသူကျောင်းသားတွေ ကျက်စားတဲ့နေရာမို့ လူတွေက အမြဲစည်ကားနေတာ။ ခေါက်ဆွဲပြုတ်မှာပြီး စားသောက်ဆိုင်မှာ ထိုင်နေရင်း ထူခြားတဲ့အချက်တစ်ခု သွားတိပြုမိတယ်။ စားပွဲထိုးတွေ၊ စားဖိုမှူးတွေ၊ တချို့စားသောက်နေတဲ့သူတွေအားလုံးဟာ ပြည်ကြီးတရုတ်တွေ။ သူတို့အနေအထိုင်၊ အပြောအဆို၊ အမူအရာကြည့်လိုက်တာနဲ့ သိသာတယ်။ အရင်တုန်းက ပြည်ကြီးတရုတ်တွေ စင်ကာပူမှာ သိပ်မရှိဘူး။ သမီးရဲ့တစ်ဝမ်းကွဲအစ်ကိုတွေနဲ့ ဖေဖေတွေ့တော့မှ စင်ကာပူအစိုးရရဲ့ ပြောင်းလဲလိုက်တဲ့ ပေါ်လစီကြောင့် ပြည်ကြီးကတရုတ်တွေအများကြီးရောက်နေတာဆိုတာ သိလိုက်ရတယ်။

တကယ်တော့ စင်ကာပူနိုင်ငံဟာပြည်ကြီးက ရေကြည်ရာမြက်နုရာစီးပွားရေးထွက်ပေါက်ရှာဖို့ ရောက်လာကြတဲ့ တရုတ်လူမျိုးတွေနဲ့ တည်ထောင်ဖွဲ့စည်းခဲ့တာ။ ဖေဖေ ပါရဂူဘွဲ့လွန်သုတေသနလုပ်တုန်းက လန်ဒန်မြို့မှာရှိတဲ့ British Library မှာ လေးလကျော်ကျော် သွားလေ့လာခဲ့တယ်။ စာကြည့်တိုက်မှာရှိတဲ့ စာရွက်စာတမ်းသမိုင်း အထောက်အထားတွေကို ရှာဖွေပြုစုခဲ့တာ။ ဟိုရှာဒီရှာနဲ့ ရန်ကုန်မြို့ကို စပြီးတည်ထောင်ပုံနဲ့ ပတ်သက်တဲ့မြေပုံတွေ၊ အစည်းအဝေးမှတ်တမ်းတွေ၊ စာရွက်စာတမ်းတွေ သွားတွေ့တယ်။ ရွှေတိဂုံဘုရားကြီးနဲ့ ဆူးလေဘုရားနှစ်ဆူကို ဗဟိုပြု အကွက်ချပြီး မြို့ဖော်ခဲ့တာ။ လမ်းမှာ နာမည်တွေပေးတဲ့အခါမှာလည်း အဲဒီတုန်းကရှိတဲ့ အင်္ဂလိပ်ဘုရင်ခံတွေ၊ ဗိုလ်ချုပ်ကြီးတွေ၊ ပြီးတော့ ထင်ရှားတဲ့မြန်မာတွေရဲ့ နာမည်ကို ပေးခဲ့ကြတာ။ ဒါကြောင့် စစ်ကဲမောင်ထော်လေးလမ်းတို့၊ Fytch လမ်းတို့၊ Fraser လမ်းတို့ ဖြစ်လာတာပေါ့။ အခုလို ရန်ကုန်မြို့တည်နေတဲ့ အချိန်မှာပဲ အင်္ဂလိပ်တွေက စင်ကာပူမြို့ကို တစ်ပြိုင်တည်း တည်ခဲ့တာ။ မြို့နှစ်မြို့စလုံးဟာ တံငါရွာကလေးတွေဖြစ်ကြတယ်။ မြစ်နဲ့နီးတယ်။

ပင်လယ်ကို အလွယ်တကူပေါက်တယ်။ ဒီတော့ သိပ်အချက်အချာကျတာပေါ့။ ဒီတော့ အင်္ဂလိပ်တွေက ရန်ကုန်နဲ့ စင်ကာပူကို ပြိုင်တူတည်ဆောက်ခဲ့တာ။ ရန်ကုန်မြို့မှာ နာမည်ကြီး Strand Hotel ဆောက်ခဲ့သလို စင်ကာပူမှာတော့ Raffles Hotel ကို ဆောက်ခဲ့တယ်။ ကမ်းနားလမ်းမှာရှိတဲ့ Customs House (အကောက်ခွန်ရုံးချုပ်) ဟာ စင်ကာပူမှာရှိတဲ့ အဆောက်အအုံနဲ့ တစ်ထပ်တည်း။

ဖေဖေစင်ကာပူတစ်ခေါက်ရောက်တော့ ဖေဖေတို့အဖွဲ့ကို အရင် UN မှာ စင်ကာပူသံအမတ်ကြီးအဖြစ် တာဝန်ယူခဲ့တဲ့ Mr. Tommy Koh က သူ့မြို့ကိုလိုက်ပြတယ်။ သူက အခုအငြိမ်းစားယူပြီး တက္ကသိုလ်မှာ ပြန်ပြီးတာဝန်ယူနေတာ။

အခုလိုလုပ်နိုင်တာဟာ အတုယူစရာပါ။ အတွေ့အကြုံအများကြီးရှိတဲ့သူတွေ ကိုယ့်နိုင်ငံပြန်လာရင် အခုလိုကျောင်းတွေ၊ တက္ကသိုလ်တွေမှာ တာဝန်ပေးတာ အဓိပ္ပာယ်ရှိတယ်လေ။ လူကြီးတွေရဲ့အတွေ့အကြုံကို နောင်တစ်ခေတ် လူငယ်တွေဆီ လက်ကမ်းတဲ့ သဘောပေါ့။ အမှန်တော့ သူတို့တစ်တွေဟာ တိုင်းပြည်အတွက် အဖိုးမဖြတ်နိုင်တဲ့ သယံဇာတတွေပဲလေ။ သူက ဖေဖေတို့ နိုင်ငံအသီးသီးကအဖွဲ့ကို တရုတ်တန်းကိုလိုက်ပြတယ်။ စင်ကာပူတရုတ်တန်းကို အခုတော့ အစွမ်းကုန်ပြုပြင်ထားတာ။ အရင်နှစ်ပေါင်း ၁၀၀ ကျော်ကျော်လောက်က တည်ရှိနေတဲ့ အဆောက်အအုံတွေကို ပြန်လည်ပြုပြင်ပြီး အလှဆင်ထားတာ။ တကယ်တော့ ဖေဖေတို့ ရန်ကုန်မှာရှိတဲ့ တရုတ်တန်းဟာလည်း ခေတ်ပြိုင်ပါပဲ။ အခုတော့ တိုက်သစ်တွေဖြစ်သွားပြီ။ အရင်တုန်းက အဆောက်အအုံတွေ သိပ်မရှိတော့ဘူး။

နောက်တစ်နေ့မနက်မှာ ဖေဖေက ဟိုတယ်မှာနေပြီး စာတမ်းကို အချောသတ်ခဲ့တယ်။ ဖေဖေ့စာတမ်းရဲ့ ခေါင်းစဉ်က Nargis မုန်တိုင်းဘေးအန္တရာယ်ဖြစ်တဲ့အချိန် UN အဖွဲ့အစည်းတွေရဲ့ တုံ့ပြန်မှုအကြောင်းကို ပြောရမှာ။ စာတမ်းတင်ရမယ်

ဆိုတော့ ဖေဖေငယ်ငယ်တုန်းက သုတေသနစာတမ်းတွေ ရေးသား ပြုစုတာတွေကို ပြန်သတိရမိတယ်။ ဒါကြောင့်လည်း အရင်တုန်း ကလိုပဲ စာတမ်းကိုရေးခဲ့တာ။ ဒါပေမဲ့ ဖေဖေ့စိတ်ထဲအားမရခဲ့ဘူး။ အထူးသဖြင့် သမီးတို့သံပြိုင်ဆိုကြတဲ့ပွဲကို ဖေဖေကြည့်ခဲ့ပြီး စိတ်ထဲ မှာ အဲဒီတုန်းက သမီးတို့နောက်ဆုံး တစ်ပုဒ်အနေနဲ့ သီဆိုတဲ့သီချင်း ကို အမှတ်ရနေမိတယ်။ ILBC ကျောင်းခန်းမထဲမှာ သမီးတို့ ကျောင်းရယ်၊ YIS ရယ်၊ ISM ရယ် ကျောင်းသုံးကျောင်းက သံပြိုင် သီဆိုတဲ့အဖွဲ့နှစ်ဖွဲ့က ဆိုခဲ့ကြတာမဟုတ်လား။ ဖေဖေရော၊ မေမေ ရော အထူးသဖြင့် မေမေကသိပ်သဘောကျတာ။ သမီးကို စာ တော်ရုံတင်မက အနုပညာပါတတ်စေချင်တယ်။ ဝါသနာပါစေ ချင်တယ်။ ဒါကြောင့်လည်းသမီးကို ငယ်ငယ်လေးကတည်းက စန္ဒရား သင်ပေးခဲ့တာ။ မေမေက သမီးကို အနုပညာအားပေးသလို ဖေဖေ က သမီးကို အားကစားလုပ်ဖို့ အားပေးခဲ့တယ်။ ဒါကြောင့် သမီးက ဘောလုံးကန်တယ်၊ ဘောလီဘောပုတ်တယ်။ တခြား ကျောင်းတွေနဲ့ ဘောလုံးပြိုင်ပွဲကို ပန်းလှိုင်ကွင်းမှာလုပ်တုန်းက ဖေဖေရော၊ မေမေရော သွားအားပေးခဲ့တာမဟုတ်လား။ ဖေဖေက သမီးကို ပညာရေး၊ အနုပညာ၊ အားကစားသုံးဖက်စလုံးမှာ ထူးချွန် စေချင်တယ်။ သမီးကြီးလာလို့ နိုင်ငံခြားတက္ကသိုလ်မှာတက်ရင် စာမေးပွဲအောင်မှတ်တစ်ခုတည်းနဲ့ မလုံလောက်ဘူးလေ။

ကျောင်းသားတစ်ယောက်ကို လက်ခံဖို့စဉ်းစားတဲ့အခါ ဘက်စုံထူးချွန်မှု အခွင့်အရေးကောင်းကောင်းရမှာ။ စာထူးချွန်မှု တစ်ခုတည်းနဲ့ မလုံလောက်တော့ဘူးလေ။ ဖေဖေတို့ငယ်ငယ်တုန်း က အနုပညာလုပ်တာကို သိပ်အားမပေးဘူး။ အနုပညာဝါသနာ လွန်ကဲသွားရင် ကျောင်းစာတွေ ထိခိုက်မှာစိုးခဲ့တာကိုး။ အားကစား ကိုတော့ သမီးရဲ့ အဘိုးက သိပ်အားပေးတာ။ သူကိုယ်တိုင်က အားကစားလုပ်တဲ့သူမို့ သိပ်အားပေးတယ်။ ဖေဖေတို့ ညီအစ်ကို လေးယောက်စလုံး ဘောလုံးကန်ခဲ့သလို သမီးရဲ့အဒေါ်လုပ်သူဟာ

ရေကူးချန်ပီယံ။ အင်းလျားကန်ဖြတ်ကူးခဲ့တယ်။ ကြက်တောင်ရိုက်တဲ့နေရာမှာလည်း ရန်ကုန်တိုင်း ကိုယ်စားပြုအားကစားသမားဖြစ်ခဲ့တာ။

သမီးတို့ ကျောင်းသုံးကျောင်း သီဆိုတဲ့သီချင်းကို အမေရိကန်နိုင်ငံ Florida မြို့မှာ ၂၀၀၄ ခုနှစ်ကတိုက်ခတ်ခဲ့တဲ့ Hurricane Ivan ကြောင့် ပျက်စီးသွားတဲ့ အခြေအနေတွေကို အခြေခံပြီး *'ဒို့တစ်တွေ တစ်ဦးကိုတစ်ဦး ခိုလှုံခွင့်ပြုကြစို့'* လို့ အဓိပ္ပာယ်ရတဲ့သီချင်းကို ရေးစပ်ခဲ့တာ။ စာသားတွေက သိပ်အဓိပ္ပာယ်ရှိတယ်။ ပျက်စီးသွားတဲ့ အဆောက်အအုံတွေကို နွေးထွေးတဲ့မေတ္တာစေတနာနဲ့ ပြန်တည်ကြပါစို့ဆိုတဲ့ အနှစ်သာရပါ။ သမီးတို့ ဆိုခဲ့တာကိုအမှတ်ရပြီး ဖေဖေ ဖတ်ကြားမယ့်စာတမ်းကို ပြင်လိုက်တယ်။ ရိုးရိုးတန်းတန်းစာတမ်းကို မတင်ပြတော့ဘဲ Nargis မုန်တိုင်းရဲ့ အကြောင်းကို ဇာတ်လမ်းတစ်ပုဒ်အနေနဲ့ တင်ပြဖို့ ဆုံးဖြတ်ပြီး စာတမ်းကို အစအဆုံးပြင်လိုက်တယ်။ တစ်နေကုန် တကုပ်ကုပ်ပြင်ပြီးမှ ကိုယ့်စိတ်ထဲမှာ အတော်အားရမိတယ်။ ပြောချင်တဲ့အကြောင်းကို လူတွေသိအောင် ဆောင်ရွက်တဲ့အခါ ပုံပြောတဲ့ပုံစံ Story Telling ဟာ အထိရောက်ဆုံး နည်းလမ်းဖြစ် တယ်လို့ အခုအခါ လက်ခံလာကြတယ်။ ဖေဖေဟာ တတ်နိုင်သမျှ ကိုယ်တင်ပြချင်တာကို ပုံပြောတဲ့ပုံစံနဲ့ အမြဲကြိုးစားပြီးဆောင်ရွက်ဖို့လည်း ဆုံးဖြတ်ထားပါတယ်။

နောက်တစ်နေ့ စာတမ်းဖတ်ပွဲသွားဖို့ မနက်စာစားပြီး ISEAS က ကားလာကြိုတယ်။ ကားပေါ်မှာ စာတမ်းဖတ်ကြမယ့်သူတွေ၊ စာတမ်းဖတ်ပွဲမှာ သဘာပတိလုပ်မယ့်သူတွေအပြည့်။ အားလုံးကို ဖေဖေသိပါတယ်။ တချို့ဆိုရင် ကျောင်းကတည်းက သိခဲ့သလို တချို့ကျတော့ ဖေဖေ ကျန်းမာရေးဝန်ကြီးဌာနမှာ တာဝန်ယူတုန်းက သိခဲ့သူတွေ။ တချို့ကတော့ ဖေဖေ မြန်မာပြည် ပြန်လာမှ သိတဲ့သူတွေပဲ။

ဒီအထဲမှာ ထူးခြားတဲ့သူတစ်ဦးက ပါမောက္ခ Robert Taylor ပဲ။ သူကတော့ မြန်မာပြည်ကို သုတေသနလုပ်တဲ့သူ၊ မြန်မာပြည်နဲ့ပတ်သက်လို့ စာအုပ်တွေစာတမ်းတွေ ရေးတဲ့သူအနေနဲ့ နာမည်ရတဲ့သူ။ သူ့ကို ဖေဖေ ၁၉၈၇ ခုနှစ်လောက်မှာ ပထမဆုံး အကြိမ်တွေ့ခဲ့တယ်။ ဖေဖေဘွဲ့လွန်ပါရဂူအတွက် လန်ဒန်မှာရှိတုန်း လန်ဒန်တက္ကသိုလ်မှာရှိတဲ့ School of African and Asian Studies (SOAS) မှာသွားပြီး ဆွေးနွေးမှုတစ်ခုလုပ်ခဲ့တယ်။ ဒီဆွေးနွေးမှုလုပ်ဖို့ ပါမောက္ခ Taylor က ဖေဖေကို ဖိတ်ခဲ့တာလေ။ နောက်တော့ လန်ဒန်တက္ကသိုလ်ကနေ ပုဂ္ဂလိကတက္ကသိုလ်ဖြစ်တဲ့ Buckingham တက္ကသိုလ်မှာ သူက ပါမောက္ခချုပ်အဖြစ် တာဝန်ယူခဲ့တယ်။ အငြိမ်းစားယူတဲ့အခါ သူက စင်ကာပူမှာရှိတဲ့ ISEAS မှာ အကြီးတန်းသုတေသနပညာရှင်အဖြစ် တာဝန်ယူခဲ့ပြီး မြန်မာနိုင်ငံကို မကြာခဏရောက်တယ်။ စာလည်းသင်တယ်။ ဖေဖေ တာဝန်ယူနေတဲ့ Myanmar Egress အဖွဲ့အစည်းကို သူ့ရဲ့အကြံပြုချက်နဲ့ တည်ထောင်ခဲ့တာပေါ့။ သူက မြန်မာပြည်အပေါ် စေတနာရှိတယ်။ မြန်မာပြည်အကြောင်းလည်း အသေးစိတ်သိတယ်၊ လေ့လာတယ်။

စာတမ်းဖတ်ပွဲကို ISEAS ရဲ့ ညွှန်ကြားရေးမှူးက ဖွင့်လှစ်ခဲ့တယ်။ ဒီညွှန်ကြားရေးမှူးဟာ အရင်တုန်းက သံအမတ်ကြီးအဖြစ် တာဝန်ယူခဲ့သူ။ သူပြောပြီးတော့ ဟောင်ကောင်တက္ကသိုလ်မှာ လက်ထောက်ပါမောက္ခအဖြစ် စာသင်၊ သုတေသနလုပ်နေတဲ့ ဒေါက်တာကျော်ရင်လှိုင်က မိန့်ခွန်းပြောခဲ့တယ်။ ဒေါက်တာကျော်ရင်လှိုင်ဟာ လူငယ်တစ်ယောက်။ ဒါပေမဲ့ ကြိုးစားတယ်။ မြန်မာပြည်အပေါ် စေတနာအပြည့်နဲ့ သူကသူ့ရဲ့အပေါင်းအသင်းခြောက်ယောက်နဲ့ပေါင်းပြီး Myanmar Egress ကို တည်ထောင်ခဲ့သူ။ မြန်မာပြည်မှာ သုတေသနဖြစ်အောင် စီစဉ်သူက သူပါပဲ။ ပွဲဖြစ်အောင် အထောက်အပံ့တွေရအောင် ရှာဖွေခဲ့သူ၊ ပါရဂူဘွဲ့ကို

အမေရိကန်နိုင်ငံ Cornell တက္ကသိုလ်ကရခဲ့သူ။ ဒီလိုလူငယ်တွေ များများရှိပါစေလို့ ဖေဖေ အမြဲဆုတောင်းပါတယ် သမီး။ နိုင်ငံခြားမှာ ပညာသင်ခဲ့ပေမယ့် မြန်မာပြည်အကြောင်း သုတေသနလုပ်ခဲ့သူ၊ ဒီလိုဖြစ်ရမှာပေါ့။ ဖေဖေက သမီးကို ဒီလိုဖြစ်စေချင်တယ်။ ပညာကို နိုင်ငံခြားတက္ကသိုလ်မှာသွားသင်။ ဒါပေမဲ့ ကိုယ့်နိုင်ငံကို မမေ့ရဘူး။ ဖေဖေတို့ဟာ မြန်မာ။ ဒါကို အမြဲရင်ထဲမှာ မှတ်ရမယ်။ တိုင်းပြည်နဲ့ လူမျိုးကိုချစ်တာ ပုံစံအမျိုးမျိုးနဲ့ ချစ်တတ်ဖို့လိုတယ်။ ဖေဖေက သမီးကို ဖေဖေ့လိုပဲ ပညာရေးဆောင်ရွက်မှုပေးပြီး ကျေးဇူးဆပ်စေချင်ပါတယ်။

ပါမောက္ခ Taylor က စာတမ်းဖတ်ပွဲတစ်ခုလုံးရဲ့ ဘောင်ကိုခတ်ပေးတဲ့ စာတမ်းတစ်စောင်ကို တင်ခဲ့တယ်။ သူက Nargis မုန်တိုင်းအပေါ် တုံ့ပြန်မှုကို နိုင်ငံရေးရှုထောင့်၊ စီးပွားရေးရှုထောင့်၊ လူမှုရေးရှုထောင့်ကနေ တင်ပြသွားခဲ့တယ်။ စုံလင်ပါတယ်။ ပြည့်စုံပါတယ်။ သုတေသနသပ်သပ်ရပ်ရပ် လုပ်ထားတာမို့ အဓိပ္ပာယ်ရှိတယ်။ သူ့ရဲ့တင်ပြချက်ကို ရာနှုန်းပြည့်ဖေဖေလက်မခံနိုင်ပေမယ့် သူ့ရဲ့စဉ်းစားပုံ၊ တွေးခေါ်ပုံ၊ သုံးသပ်ပုံကိုတော့ လေးစားတယ်။ ပညာရှင်စစ်စစ်တစ်ယောက်ပါ။ ပညာရှင်ဆိုတာ ကိုယ့်ရဲ့တင်ပြချက်တွေအတွက် ခိုင်လုံတဲ့အထောက်အထားတွေ၊ စာရင်းဇယားတွေ ကောက်ယူပြုစုရတယ်။ ရရှိတဲ့အချက်အလက်တွေကို ကိုယ့်ပညာနဲ့ သုံးသပ်တယ်။ ကောက်ချက်ချရတယ်။ ကိုယ့်ရဲ့အထင်၊ ကိုယ့်ရဲ့အမြင်ကို သက်သေမရှိဘဲ 'ငါ့စကားနွားရ' ဆိုသလို စွတ်မပြောရဘူး။ Evidence-Base ဖြစ်ရမယ်။ သက်သေရှာရမယ်။ သက်သေအထောက်အထားအပေါ် မှီငြမ်းဖို့လိုတယ်။

ပါမောက္ခ Taylor ပြောပြီးတော့ လက်ဖက်ရည်သောက်ဖို့ နားတယ်။ လက်ဖက်ရည်သောက်ရင်း ISEAS မှာ ရောက်နေတဲ့ မြန်မာတွေကိုတွေ့ဆက်ခွင့်ရတယ်။ ဒေါက်တာတင်မောင်မောင်သန်း က အကြီးတန်းသုတေသီ။ သူ့ကို ဖေဖေသိခဲ့တယ်။ ခင်ခဲ့တာ

ကြာပြီ။ အရင်တုန်းက သူက ရူပဗေဒဌာနမှာ တာဝန်ယူခဲ့သူ။ စာတော်တယ်။ ဒါပေမဲ့ သူကနိုင်ငံရေးသိပ္ပံကို ဝါသနာပါတယ်။ မထူးဆန်းဘူးလား သမီး။ ဒါနဲ့သူအလုပ်ထွက်ပြီး လန်ဒန်မှာ ပါရဂူဘွဲ့ကို နိုင်ငံရေးသိပ္ပံပညာနဲ့ သွားယူခဲ့တယ်။ အံ့သြစရာပေါ့။ ဒီလိုဖြစ်ရမယ်သမီး။ ကိုယ်ဝါသနာပါတာကို လုပ်ရဲရမယ်။ သတ္တိရှိရမယ်။ ဘယ်ဘာသာကိုပဲဖြစ်ဖြစ် ကိုယ်စိတ်ဝင်စားရင် သင်ရမယ်။ လေ့လာရမယ်။ နောက်တစ်ဦးကတော့ ဒေါ်မိုးသူဇာ။ သူက တစ်ချိန်ကနိုင်ငံ့ဝန်ထမ်း၊ နောက်တော့ အင်ဒိုနီးရှားနိုင်ငံ ASEAN ဌာနချုပ်က တာဝန်ယူခဲ့သူ။ အခုတော့ ASEAN ရဲ့ သုတေသနလုပ်ငန်းကို ဆောင်ရွက်နေသူ။ အထူးသဖြင့် Nargis မုန်တိုင်းရဲ့ ဒဏ်ကို ဝိုင်းဝန်းစောင့်ရှောက်ရာကနေ ASEAN ရဲ့ အခန်းကဏ္ဍကို သုတေသနလုပ်နေသူ။

ဖေဖေက စာတမ်းဖတ်တော့ စာတမ်းဖတ်တာမျိုးထက် ပုံပြောတဲ့ ပုံသဏ္ဌာန်နဲ့ တင်ပြခဲ့တယ်။ ဖေဖေရဲ့ တင်ပြချက်တွေကို တက်ရောက်သူတွေက မေးခွန်းတွေအမျိုးမျိုး ထုတ်ကြပါတယ်။ သူတို့ရဲ့ မေးခွန်းတွေကို သုံးသပ်ရင် ဖေဖေ့ရဲ့ပုံပြင်ကလေးဟာ ထိရောက်တယ်ဆိုတာ ဖေဖေသတိထားမိတယ်။ ဖေဖေ စာတမ်းဖတ်ပြီးတော့ ကျန်တဲ့သူတွေ တစ်ယောက်ပြီးတစ်ယောက် ဖတ်ကြတယ်။ ပထမနေ့စာတမ်းဖတ်ပွဲဟာ ညနေမှာပြီးဆုံးသွားတယ်။

စာတမ်းဖတ်သူတွေက စီးပွားရေးလုပ်ငန်းမှာ လုပ်သူတွေ၊ လူမှုရေးအဖွဲ့အစည်းမှာ တာဝန်ယူသူတွေအားလုံးဟာ မြန်မာတွေချည်းပဲ။ သူတို့ဖတ်ကြပြီး ဝိုင်းဆွေးနွေးကြတယ်။ တစ်ခါတလေ ငြင်းခုံကြတယ်။ အခုလိုလုပ်နေရင်း ဖေဖေ့စိတ်ထဲ စိတ်ကူးတစ်ခု ဝင်လာခဲ့တယ်။ စာတမ်းဖတ်သူတွေအားလုံးဟာ ရန်ကုန်ကလာကြသူတွေ။ နိုင်ငံခြားကလာတဲ့သူဆိုလို့ နှစ်ဦးပဲပါတယ်။ တစ်ဦးက စောစောက ဖေဖေပြောခဲ့တဲ့ ဒေါက်တာကျော်ရင်လှိုင်၊ နောက်တစ်ဦးက ဒေါက်တာသန့်မြင့်ဦး၊ သူက UN အဖွဲ့အစည်းမှာ

အထွေထွေအတွင်းရေးမှူးချုပ်အဖြစ် တာဝန်ယူခဲ့တဲ့ ဦးသန့်ရဲ့မြေး။ သူ့ကိုဖေဖေ ဟိုနှစ်ပေါင်း ၂၀ တုန်းက ထူးထူးဆန်းဆန်းတွေ့ခဲ့တယ်။ အဲဒီတုန်းက ဖေဖေက ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့မှာ Consultant အဖြစ် တာဝန်ယူခဲ့တယ်။ သူဟာ အမေရိကန်နိုင်ငံမှာ ပညာသင်ပြီး Harvard တက္ကသိုလ်မှာ ပါရဂူဘွဲ့ယူခဲ့သူ။ နောက် UN မှာ လုပ်ပေမယ့် တစ်ဖက်တစ်လမ်းမှာ သူက စာရေးတယ်။ အရေးအသားသိပ်ကောင်းတာ။ သူရေးတဲ့စာအုပ်ကို ဖတ်ရင် မြန်မာတစ်ယောက်ရေးတဲ့စာအုပ်လို့ မထင်နိုင်ဘူး။ အကြောင်းအရာ ထိမိရုံမက စာလုံးရွေးချယ်မှု အထားအသို သိပ်ကောင်းတာ။ သူ့ရဲ့စာအုပ်ထွက်ရင် ဖေဖေမရ ရအောင် ရှာဖတ်တယ်။ စုတယ်။ လူငယ်တစ်ဦးပေမယ့် လူတော်။ UN ကထွက်ပြီး ကိုယ်ပိုင်အလုပ် လုပ်နေသူ။ ကိုယ်ပိုင်အလုပ်ဆိုလို့ တခြားမထင်နဲ့နော်။ သုတေသန လုပ်တယ်။ စာတမ်းဖတ်တယ်။ စာအုပ်ရေးတယ်။ အခုလို မြန်မာတွေဖတ်တဲ့ စာတမ်းဖတ်ပွဲကို မြန်မာပြည်မှာလုပ်ရင် ကောင်းမှာလို့ စိတ်ကူးပေါ်မိတယ်။ အဲဒီလိုကျင်းပနိုင်ရင် စာတမ်းဖတ်ပွဲကို ပရိသတ်တွေအများကြီးလာနိုင်မှာပေါ့။ လာရုံမက စာတမ်းဖတ်တာတွေကို နားထောင်ခွင့်ရမယ်။ အတုယူနိုင်မယ်။ အားကျကြမှာပေါ့။

စာတမ်းဖတ်ပွဲကို နောက်တစ်နေ့မှာလုပ်တော့ ဒေါက်တာသန့်မြင့်ဦးက ဖတ်တယ်။ ပြီးတော့ စီးပွားရေးတက္ကသိုလ်တုန်းကတည်းက သိခဲ့တဲ့ ဒေါက်တာတင်စိုးကဖတ်တယ်။ ဆရာတင်စိုးနဲ့ ဖေဖေက စီးပွားရေးတက္ကသိုလ်မှာ နည်းပြဆရာအတူတူ ဖြစ်ခဲ့ကြတာ။ ဖေဖေက မြန်မာနိုင်ငံ ခြေလျင်နှင့်တောင်တက်အသင်းမှာ ဥက္ကဌလုပ်တော့ သူကဒုတိယဥက္ကဌ။ ရှမ်းပြည်နယ် ခရီးရှည်ထွက်ခဲ့တုန်းက သူပါတယ်။ ဖေဖေနိုင်ငံခြားထွက်သွားတော့ သူနဲ့ကွဲသွားခဲ့တယ်။ UMFCCI မှာ စာတမ်းဖတ်တုန်းကလည်း သူပါတယ်။ တစ်ခါတလေတော့ အမြင်ကွဲတာရှိခဲ့တယ်။ တစ်ဦးနဲ့တစ်ဦး

အယူအဆမတိုက်ဆိုင်တာမျိုးပေါ့။ ဒါပေမဲ့ တစ်ဦးကိုတစ်ဦး လေးစားတယ်။

နောက်တစ်ရက်မှာ ပွဲပြီးတဲ့အထိ ဖေဖေမနေခဲ့ဘူး။ နေ့လယ်ထွက်တဲ့ မလေယာဉ်နဲ့ ပြန်ရမှာမို့ ISEAS ကနေ ၁၁ နာရီကျော်ကျော်မှာ လေယာဉ်ကွင်းကို ထွက်ခဲ့တယ်။ လေယာဉ်ကွင်းမှာ ရောက်တာ စောနေလို့ ဟိုကြည့်ဒီကြည့်ပေါ့။

စင်ကာပူမရောက်တာကြာလို့ ဖေဖေ့စိတ်ထဲမှာ အားလုံးဟာ ထူးခြားနေတယ်။ စီးပွားရေးအကျပ်အတည်းကြုံတွေ့နေတယ် ဆိုပေမယ့် ဝယ်သူ ရောင်းသူအပြည့် အံ့သြစရာပါပဲ။ အမှန်တော့ စင်ကာပူဟာ ကမ္ဘာ့အံ့ဖွယ်တစ်နိုင်ငံ။ ဧရိယာအနေနဲ့ သေးသေးလေး။ လူဦးရေကလည်း သိပ်နည်းတယ်။ သဘာဝသယံဇာတရယ်လို့ ဘာမှမရှိဘူး။ ရေတိုတောင် အိမ်နီးချင်းနိုင်ငံတွေဆီက ဝယ်သောက်ရတာ။ ဒါပေမဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဟာ အံ့မခန်းလောက်အောင်တိုးတက်ခဲ့တာ။ လွတ်လပ်ရေးရပြီးပြီးချင်း ဖေဖေတို့နိုင်ငံလိုပဲ သောင်းကျန်းမှုကို နှိမ်နင်းခဲ့ရတယ်။ မလေးရှားနိုင်ငံနဲ့ခွဲထွက်ခဲ့ရတဲ့ အခက်အခဲကို ကျော်လွှားနိုင်ခဲ့တယ်။ ဒီလိုအောင်မြင်ရတာဟာ အမြော်အမြင်ရှိတဲ့ ခေါင်းဆောင်မှုကြောင့် ဖြစ်တယ်လို့ အများကကောက်ချက်ချကြတယ်။ တစ်ချိန်က ဝန်ကြီးချုပ်ဖြစ်သူ လီကွမ်ယူဟာ UK မှာ ပညာတော်သင်သွားကတည်းက တစ်နေ့ကျရင် သူ့နိုင်ငံတိုးတက်ဖွံ့ဖြိုးမှုအတွက် အစီအစဉ်တွေ စဉ်းစားခဲ့တယ်၊ ချမှတ်ခဲ့တယ်။ ဒါကြောင့်လည်း သူဟာ From Third to First ဆိုတဲ့ နာမည်နဲ့ တတိယကမ္ဘာကနေ ပထမကမ္ဘာရောက်သည်အထိ ဘယ်ပုံဘယ်နည်းဆောင်ရွက်မယ်ဆိုတာကို ဖော်ထုတ်ခဲ့တယ်။ သူတင်မက သူ့ရဲ့ဇနီးဟာလည်း ထူးချွန်သူရှေ့နေတစ်ယောက်ဖြစ်ပြီးတော့ ဥပဒေပညာမှာ စံချိန်တင်ထားတဲ့သူ။ ဒီခေါင်းဆောင်ကြီးဟာ သူ့ရဲ့ကလေးတွေကိုလည်း လိုအပ်တဲ့ ပြင်ဆင်မှုတွေကို ပြုလုပ်ခဲ့တယ်။ အခုဆိုရင် သူ့ရဲ့သားကြီးဟာ

သူ့ရဲ့အရိုက်အရာကိုခံယူပြီး ဝန်ကြီးချုပ်ဖြစ်နေပြီ။ တပ်မတော်မှာ ဗိုလ်မှူးချုပ်ဖြစ်ရုံမက Harvard တက္ကသိုလ်နဲ့ Cambridge တက္ကသိုလ်တွေမှာ ဘွဲ့လွန်ပညာကို ဆည်းပူးခဲ့တယ်။ သူ့ရဲ့ညီတစ်ဦးကလည်း တပ်မတော်မှာ ဗိုလ်မှူးချုပ်တစ်ဦး ဖြစ်ခဲ့တယ်။

စင်ကာပူနိုင်ငံရဲ့ လျှို့ဝှက်ချက်ကတော့ လူသားအရင်းအမြစ်ကို တစိုက်မတ်မတ်ပြုစုခဲ့တယ်။ ကျွမ်းကျင်တဲ့ပညာရှင်တွေကို မွေးထုတ်ပေးနိုင်တဲ့ ကောလိပ်တွေ၊ တက္ကသိုလ်တွေတည်ထောင်ဖွင့်ခဲ့တယ်။ ခေတ်မီတဲ့ပညာရပ်တွေအတွက် မရှိမဖြစ်တဲ့ သင်္ချာပညာနဲ့ ပတ်သက်လာရင် စင်ကာပူကအထက်တန်း ကျောင်းသားတွေဟာ တစ်ကမ္ဘာလုံးမှာ ထိပ်မှာရှိပြီး အမေရိကန်ကျောင်းသားတွေထက် တော်နေတာကို တွေ့ရတယ်။ ရေနဲ့ဓာတ်ငွေ့လုံးဝမရှိပေမယ့် ရေနံချက်တဲ့လုပ်ငန်း၊ ဓာတ်ငွေ့လုပ်ငန်းတွေကို တီထွင်နိုင်ခဲ့ပြီး တစ်ကမ္ဘာလုံးရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်စွမ်းရှိခဲ့တယ်။ အတုခိုးစရာတွေအများကြီးပဲ။ တိုင်းသူပြည်သားတွေဟာစည်းကမ်းရှိတယ်။ စည်းကမ်းကြီးတယ်။ စည်းကမ်းရှိအောင်လည်း အစိုးရကကြီးကြပ်ပေးတယ်။ အရှေ့တောင်အာရှမှာ ထိပ်ကရောက်နေတဲ့နိုင်ငံတစ်နိုင်ငံအနေနဲ့ ရပ်တည်နေပြီး လုံခြုံမှုအပြည့်အစုံရှိတယ်။ အရေးကြီးဆုံးအချက်ကတော့ Good Governance ဖြစ်တယ်။ အုပ်ချုပ်မှုယန္တရားကို တာဝန်ယူတဲ့သူတွေက အရည်အချင်းအပြည့်အဝရှိတယ်။ လိုအပ်တဲ့ရလဒ်တွေရနိုင်အောင် စွမ်းဆောင်နိုင်တယ်။ ဖေဖေအမြဲပြောသလို Accountability အပြည့်ရှိတယ်။ ပေးတဲ့တာဝန်ကို ကျေကျေပွန်ပွန်ဆောင်ရွက်နိုင်တာ တွေ့ရတယ်။

ဖေဖေဟာ Nargis နဲ့ ပတ်သက်တဲ့ဟောပြောပွဲ လုပ်ခဲ့ရတဲ့အတွက် တစ်ဖက်ကဝမ်းသာပေမယ့် တစ်ဖက်ကလည်း စိတ်မကောင်းဖြစ်ခဲ့ရတယ်။ အခုဆို ဖေဖေ့စိတ်ထဲမှာ Nargis Industry၊ Nargis အပေါ်မှီခိုပြီး လုပ်စားနေတာတွေ့ရတယ်။ နည်းအမျိုးမျိုးနဲ့ပေါ့။ ဒီအထဲမှာ ကိုယ်မပါအောင် ကြိုးစားပါတယ်။ ဒါပေမဲ့

ကင်းတယ်၊ မကင်းဘူးဆိုတာကတော့ ပြောရအခက်သားလား။ ဒီတော့ ဖေဖေ့စိတ်ထဲမှာ အခုတင်ပြခဲ့တဲ့ စာတမ်းကို Nargis ကြောင့် ဆုံးရှုံးမှုမျိုးစုံနဲ့ တွေ့ကြုံခဲ့ရတဲ့ ဧရာဝတီတိုင်းက ပြည်သူတွေကို ရည်ညွှန်းမိတယ်သမီး။

## ဟောပြောပွဲအတွေ့အကြုံ (၂၆)

ဒီဟောပြောပွဲအကြောင်းကို ဖေဖေပြောပြီးပြီးချင်း သမီးကို ပြောပြချင်တာ။ အခုမှရေးဖြစ်တယ်။ ဖေဖေ့အနေနဲ့ အားကျမိတဲ့ကိစ္စတစ်ခုရှိတယ်။ သိပ်လုပ်ချင်တဲ့ကိစ္စတစ်ခုပဲ။ ဆွစ်ဇာလန်နိုင်ငံမှာ စီးပွားရေးပညာရှင် Dr. Schwab ဆိုတဲ့ သူဟာ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၀ ကျော်ကျော်လောက်ကစပြီး သူ့နိုင်ငံမှာရှိတဲ့ Davos ဆိုတဲ့မြို့ကလေးတစ်မြို့မှာ World Economic Forum (WEF)လို့ခေါ်တဲ့ ကမ္ဘာ့စီးပွားရေးဟောပြောတွေ့ဆုံပွဲကို ဦးစီးပြီးကျင်းပခဲ့တယ်။

ဒီ World Economic Forum ဟာ တဖြည်းဖြည်းအရှိန်ရလာပြီး အခုဆိုရင် ဒီပွဲကို လူတိုင်းတက်ချင်ကြတယ်။ တစ်ကမ္ဘာလုံးက နိုင်ငံရေးခေါင်းဆောင်တွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေ ရာနဲ့ထောင်နဲ့ချီပြီး တစ်ပတ်ကျော်ကျင်းပတဲ့တွေ့ဆုံပွဲကို အလုအယက် တက်ကြတယ်။ အမှန်တော့ ဒီပွဲဟာ ထင်ရှားသူတွေအချင်းချင်းတွေ့ကြဆုံကြ မိတ်ဖွဲ့ကြတဲ့ပွဲပါ။ Networking ကို အကြီးအကျယ်လုပ်တာပေါ့။ Fortune 500 လို့ခေါ်တဲ့ ကမ္ဘာ့ထိပ်သီး ကုမ္ပဏီကြီးတွေက CEO တွေ လာတက်ကြတာ။ Forum ဖြစ်တဲ့အတွက် ဟောပြောတာတွေ၊ ဆွေးနွေးတာတွေကို တစ်ပြိုင်နက်တည်း နေရာအနှံ့မှာပြုလုပ်ကြတယ်။ စင်ကာပူက Lee Kuan

Yew က မကြာခဏသွားပြီး ဟောသလို အမေရိကန်နိုင်ငံသမ္မတ ဖြစ်ခဲ့သူ Bill Clinton ကလည်း တက်ရောက်ပြီး သူ့ရဲ့အယူအဆ၊ ထင်မြင်ချက်တွေကို ထုတ်ဖော်ခဲ့တယ်။ တောင်အာဖရိက နိုင်ငံက ခေါင်းဆောင်ကြီး Nelson Mandela တက်ရောက်ခဲ့ပြီး မလေးရှား နိုင်ငံ ဝန်ကြီးချုပ်ဟောင်း Dr. Mahathir ကလည်း မကြာမကြာ တက်ရောက်ခဲ့တယ်။ ဒီနှစ် Davos ရဲ့ ခေါင်းစဉ်ကို *'Shaping the Post Crisis World'* လို့ ရွေးချယ်သတ်မှတ်ခဲ့တယ်။ အမှန် တော့ စီးပွားရေးအကျပ်အတည်းဖြစ်နေချိန်မှာ ဒီအကျပ်အတည်း ကြီးပြီးရင် ဘာတွေလုပ်ကြမလဲဆိုတာကို ဆွေးနွေးကြတယ်။ တစ်ခု တော့ရှိတာပေါ့ သမီး။ ဒီနှစ်မှာ စီးပွားရေးအကျပ်အတည်းကို စတင်ခဲ့တဲ့ ဘဏ်ဥက္ကဋ္ဌတွေ၊ CEO တွေ သိပ်မလာကြတာတော့ တွေ့ကြရတယ်။

WEF အောင်မြင်မှုကြောင့် အခုဆိုရင် ဒေသအလိုက် WEF တွေလုပ်လာကြတာတွေ့ရတယ်။ ပိုပြီးစိတ်ဝင်စားစရာ ကောင်းတာက အခုလို စီးပွားရေးလုပ်ငန်းရှင်ကြီးတွေ၊ နိုင်ငံရေး ခေါင်းဆောင်တွေနဲ့ စုဖွဲ့ထားတဲ့ အစည်းအဝေးဟာ အများပြည်သူ ကို ကိုယ်စားမပြုနိုင်ဘူးလို့ ယူဆကြလို့ NGO အဖွဲ့အစည်းတွေ၊ Grass Roots Organizations တွေက တန်ပြန်တဲ့ခြေလှမ်းတစ်ရပ် အနေနဲ့ World Social Forum ကို ဖွဲ့စည်းကျင်းပလာခဲ့တယ်။ ဒီနှစ်မှာ ဘရာဇီးလ်နိုင်ငံမှာ ကျင်းပခဲ့ပြီး ကိုယ်စားလှယ် ထောင်ချီ တက်ရောက်လာကြတယ်။ ဒီအစည်းအဝေးကနေ ဆင်းရဲနွမ်းပါး သူတွေ၊ ချို့တဲ့တဲ့သူတွေဘက်က ရည်တည်ပြီး စီးပွားရေးစနစ်၊ နိုင်ငံရေးစနစ်၊ လူမှုရေးစနစ်ကို ဘယ်ပုံဘယ်နည်းပြုပြင် ပြောင်းလဲ သင့်သလဲဆိုတာကို ဝိုင်းဖွဲ့ပြီး ဆွေးနွေးကြတယ်။

ဖေဖေက WEF ကို အားကျတော့ အခြေအနေပေးရင် မြန်မာပြည်မှာလည်း Myanmar Economic Forum တစ်ခု စီစဉ် ဆောင်ရွက်ပြီး ကျင်းပပေးချင်တာ။ နိုင်ငံမှာရှိတဲ့ အစိုးရအဖွဲ့

အစည်းမှာ တာဝန်ယူနေတဲ့အကြီးအကဲတွေ၊ စီးပွားရေးလုပ်ငန်းရှင် ကြီးတွေ၊ လူမှုရေးအဖွဲ့အစည်းတွေမှာ တာဝန်ယူနေတဲ့ ခေါင်းဆောင်တွေ၊ တက္ကသိုလ်မှာ ဦးစီးနေတဲ့ ပညာရှင်တွေကို စုစည်းပြီး ငလပီ၊ ငွေဆောင်၊ ချောင်းသာ၊ ပုဂံ၊ ပုပ္ပား၊ မန္တလေး၊ မြစ်ကြီးနား၊ ပူတာအို၊ ဘားအံ၊ မြိတ်၊ မောင်းမကန်၊ မြောက်ဦး၊ ကလော၊ တောင်ကြီး၊ လားရှိုး၊ မန္တလေး၊ ပြင်ဦးလွင်၊ တားခါး၊ မုံရွာ၊ ပြည်၊ မော်လမြိုင်၊ ပုသိမ် စတဲ့နေရာအသီးသီးမှာ စုဝေးကျင်းပချင်တာ။ အခုလိုစည်းဝေးပြီး နိုင်ငံရဲ့စီးပွားရေးကိစ္စတွေ၊ လူမှုရေးကိစ္စတွေ၊ နိုင်ငံရေးကိစ္စတွေကို ဆွေးနွေးတိုင်ပင်ဖို့ ဒီ Forum ကို WEF ပုံစံအတိုင်း ဆွေးနွေးတာကို ဖောင်းပေးပြီး ဆွေးနွေးမှုကရတဲ့အသိတရားကို ကိုယ့်ပုံစံ၊ ကိုယ့်အနေအထားနဲ့ အဖြေရှာဖို့ ထုတ်ဖော်ဖို့ပဲဖြစ်တယ်။ ဆွေးနွေးပွဲက ဆုံးဖြတ်တာမျိုး မဟုတ်ပါဘူး။ တစ်ယောက်နဲ့တစ်ယောက် သိကြမယ်၊ ရင်းနှီးကြမယ်ဆိုရင် လိုအပ်တဲ့အခါ လွယ်လွယ်ကူကူ ဆက်သွယ်နိုင်မယ်၊ ညှိနှိုင်းနိုင်မယ်၊ တိုင်ပင်နိုင်မယ်ပေါ့။

ဒီကိစ္စကို ဖေဖေပြန်ရောက်ကတည်းက လုံးပန်းခဲ့တယ်။ တချို့ကလည်း မဖြစ်နိုင်တာကို တင်ပြကြတယ်။ ဖေဖေက ဇွဲမလျှော့ဘဲ ဆက်လက်ပြီး စုံစမ်းခဲ့တယ်။ နောက်ဆုံးမှာ TODAY Group နဲ့အဆက်အသွယ်ရပြီး ဒေါက်တာသာထွန်းဦးက ကမကထလုပ်ပေးမယ်လို့ ပြောတယ်။ သူနဲ့တိုင်ပင်ဆွေးနွေးပြီး ဖေဖေလုပ်ချင်တာကို အခြေအနေနဲ့ကိုက်ညီအောင် နည်းနည်းလျှော့ပြီး Myanmar Economic Forum အစား Myanmar Executive Forum လို့ နာမည်တပ်ဖို့ ဆုံးဖြတ်လိုက်တယ်။ ပထမအဆင့်အနေနဲ့ *CEO* မဂ္ဂဇင်းကို ပုံမှန်မှာယူဖတ်ရှုကြတဲ့ မြန်မာပြည်မှာရှိတဲ့ လုပ်ငန်းအဖွဲ့အစည်းအတွေကို တာဝန်ယူနေကြတဲ့ CEO တွေကို ဖိတ်ခေါ်ဖို့စီစဉ်လိုက်တယ်။ City Mart အဖွဲ့က ဒီ Forum ကို TODAY Group နဲ့တွဲဖက်ပြီး Sponsor လုပ်ဖို့ သဘောတူပါတယ်။

Myanmar Executive Forum ကို ပထမအကြိမ်အနေနဲ့ Parkroyal Hotel မှာ ဖေဖေတို့ ကျင်းပခဲ့တယ်။ MEF ကို တက်ရောက်တဲ့လူတွေ စုစုပေါင်း ၄၀ ဦးလောက်ရှိတယ်။ အားလုံးလိုလိုက လူငယ် လူလတ်တွေ။ လူငယ်လူလတ်ဖြစ်ပေမယ့် ကိုယ်ပိုင်လုပ်ငန်းတွေကို ဦးစီးနေကြတဲ့သူတွေ၊ တာဝန်ကြီးကြီးတွေယူပြီး စီးပွားရေးနယ်မှာ နပန်းလုံးနေပြီး အောင်မြင်ရှင်သန်တဲ့သူတွေ၊ တကယ်တော့ Small and Medium Enterprises (SMEs) တွေကို ဦးစီးနေသူတွေပေါ့။ အမှန်တကယ်တော့ နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးသော့ချက်ဟာ SMEs တွေပဲဖြစ်တယ်။ သူတို့ရှင်သန်ရင်၊ သူတို့ဖွံ့ဖြိုးရင် တိုင်းပြည်ရဲ့ဖွံ့ဖြိုးမှုမှာ အထောက်အကူအများကြီး ဖြစ်နိုင်တာတွေ့ရပါတယ်။

ဒီ CEO တွေဟာ လုပ်ငန်းအမျိုးမျိုး ဆောင်ရွက်နေကြသူတွေ ဖြစ်တယ်။ သူတို့ကိုကြည့်ပြီး ဖေဖေအားရမိတယ်။ ခက်ခဲတဲ့၊ ရှုပ်ထွေးတဲ့ စီးပွားရေးလောကထဲမှာ သတ္တိအပြည့် ရည်ရွယ်ချက်မြင့်မြင့်မားမားနဲ့ လုပ်ကိုင်နေကြသူတွေ။ ဒါဟာ ဖေဖေတို့ နိုင်ငံစီးပွားရေးလောကအတွက် အားကိုးအားထားရမယ့်သူတွေပေါ့။ ပြီးတော့ ဒီအထဲမှာ အမျိုးသားတွေအပြင် အမျိုးသမီးတွေ ပါဝင်နေတာကို ဝမ်းသာစရာတွေ့ရတယ်။ ဖေဖေတို့ မြန်မာနိုင်ငံရဲ့ ထူးခြားချက်တစ်ရပ်က စီးပွားရေးလောကမှာ မြန်မာအမျိုးသမီးတွေ ရှေ့တန်းက အမြဲပါဝင်ခဲ့ကြတာကို တွေ့ရတယ်။ နိုင်ငံခြားသမိုင်း ပညာရှင်တွေ၊ စီးပွားရေးပညာရှင်တွေက ဒီအကြောင်းကို ဂရုပြုအလေးထားမိကြတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ ဒီလိုအဖြစ်မျိုးကို နေရာတိုင်းမှာ မမြင်ရဘူးလေ။ အခုဘယ်ဈေးကိုပဲသွားကြည့်ကြည့် ရောင်းတဲ့သူအများစုဟာ အမျိုးသမီးတွေ၊ စီးပွားရေးကို အခြေခံက လုပ်ကိုင်နိုင်တဲ့သူတွေ ဖြစ်ကြတယ်။ အစည်းအဝေးကို ဒေါက်တာသာထွန်းဦးကဖွင့်ပြီး ဖေဖေက အခုတစ်ကမ္ဘာလုံးမှာ ရင်ဆိုင်နေရတဲ့ စီးပွားရေးအကျပ်အတည်းကို

မြန်မာနိုင်ငံအနေနဲ့ ဘယ်လိုတုံ့ပြန်သင့်သလဲဆိုတဲ့ခေါင်းစဉ်နဲ့ နိဒါန်းပျိုးခဲ့တယ်။

သမီးသိတဲ့အတိုင်း လွန်ခဲ့တဲ့ ၂၀၀၈ ခုနှစ်ကစပြီး အမေရိကန်နိုင်ငံမှာ ကြုံတွေ့ရတဲ့ ဘဏ္ဍာရေးအကျပ်အတည်း (Financial Crisis) ဟာ စီးပွားရေးအကျပ်အတည်း (Economic Crisis) အသွင်ပြောင်းလဲလာခဲ့တယ်။ မချေးသင့်တဲ့သူတွေကို ငွေအမြောက်အမြားချေးတဲ့၊ တာဝန်မဲ့လုပ်တဲ့ ဘဏ္ဍာရေးအဖွဲ့အစည်းတွေရဲ့ အပြုအမူဟာ အမေရိကန်နိုင်ငံစီးပွားရေးစနစ်တစ်ခုလုံးကို ကူးပြောင်းသွားခဲ့ပြီး တစ်ခါမှ မကြုံတွေ့ခဲ့ဖူးတဲ့ စီးပွားရေးအကျပ်အတည်းအဖြစ် အသွင်ကူးခဲ့တာတွေ့ရတယ်။ အိမ်အရောင်းအဝယ်ကိစ္စကနေ အာမခံလုပ်ငန်းကတစ်ဆင့် ဘဏ်တွေဆီကူးစက်သွားပြီး ထုတ်လုပ်မှုလုပ်ငန်းတွေကိုပါ ထိခိုက်လာခဲ့တယ်။ အလုပ်လက်မဲ့တွေဟာ နှစ် ၅၀ မှာ မကြုံဖူးတဲ့အဆင့်ထိ များပြားလာခဲ့တယ်။

ကမ္ဘာကြီးက တစ်နိုင်ငံနဲ့တစ်နိုင်ငံ ဆက်စပ်မှု၊ ပတ်သက်မှုများလာတာနဲ့အမျှ အမေရိကန်နိုင်ငံကတစ်ဆင့် ဥရောပနိုင်ငံတွေနဲ့ ဂျပန်နိုင်ငံအထိပါ ကူးစက်ပြန့်ပွားခဲ့ပြီး နောက်ဆုံးဖွံ့ဖြိုးစနိုင်ငံ Emerging Economies ဆီကို ပျံ့နှံ့စေခဲ့တယ်။ အခုဆိုရင် တိုက်ရိုက်နည်းနဲ့ဖြစ်စေ၊ သွယ်ဝိုက်နည်းနဲ့ဖြစ်စေ မဖွံ့ဖြိုးနိုင်သေးတဲ့နိုင်ငံတွေဆီတောင် ကူးစက်လာတာတွေ့ရတယ်။ အခုလိုစီးပွားရေးအကျပ်အတည်း ဘာကြောင့်ဖြစ်ရသလဲဆိုတာကို လေ့လာသူတွေ၊ ဟောပြောသူတွေ၊ ရေးသားသူတွေအပြည့်။ ဒါကြောင့်လည်း ဖေဖေသဘောပြောရင် ဒီကိစ္စကို အာရုံပြုမယ့်အစား ဖြစ်လာတဲ့ အခက်အခဲကို ဘယ်လိုဝိုင်းပြီးဖြေရှင်းကြမလဲဆိုတာကို ဦးစားပေးသင့်တယ်လို့ မြင်ပါတယ်။

ဖေဖေက နိဒါန်းပျိုးပြီး တက်ရောက်လာတဲ့ CEO တွေကို အဖွဲ့တွေခွဲပြီး ဝိုင်းဖွဲ့ပြီး ဆွေးနွေးဖို့အကြံပြုတယ်။ ပထမအဆင့်

အနေနဲ့ အဖွဲ့လိုက် မြန်မာနိုင်ငံ စီးပွားရေးအခြေအနေနဲ့ ပတ်သက်ပြီး SWOT Analysis လို့ခေါ်တဲ့ ဆန်းစစ်မှုကို လုပ်စေပါတယ်။ ဒီဆန်းစစ်မှုဟာ အလွယ်တကူ အသုံးပြုနိုင်တဲ့ လက်နက်တစ်ခုဖြစ်ပြီး နေရာတိုင်းလိုလိုမှာ အသုံးချနိုင်ပါတယ်။ ယေဘုယျအနေနဲ့ ဆန်းစစ်မှုမှာ နှစ်ပိုင်းပါဝင်ပါတယ်။ ပထမအပိုင်းက Internal (အတွင်းအခြေအနေ) ဖြစ်ပြီး ဒုတိယအပိုင်းကတော့ External (ပြင်ပအခြေအနေ) ဖြစ်တယ်။ အခုလို အပိုင်းနှစ်ပိုင်းကို နောက်ထပ် အပိုင်းလေးပိုင်းအနေနဲ့ခွဲပြီး ဆန်းစစ်ချက်လုပ်နိုင်ပါတယ်။ အတွင်းပိုင်းမှာ အားသာချက် (Strengths)နဲ့ အားနည်းချက် (Weaknesses)တွေကို ဖော်ထုတ်ပြီး External အပိုင်းမှာတော့ အခွင့်အလမ်း (Opportunities) ရယ်၊ အန္တရာယ် (Threats) တွေကို ဖော်ထုတ်ဖို့ဖြစ်ပါတယ်။ ဒါကြောင့် Strengths, Weaknesses, Opportunities and Threats တွေကို ဖော်ထုတ်တဲ့ ဆန်းစစ်မှုဖြစ်တဲ့အတွက် ဒါကို SWOT Analysis လို့ခေါ်တယ်။

သမီးအနေနဲ့ ဒီ SWOT Analysis ကို ကိုယ့်အတွက် သုံးလို့ရပါတယ်။ သမီးမှာ အားသာချက်တွေဘာတွေရှိသလဲ ဒါတွေကို အသေးစိတ်ဆန်းစစ်ပြီး ဖော်ထုတ်ရမယ်။ ဖေဖေအမြဲပြောသလို လူတိုင်းမှာ အားသာချက်တွေရှိတယ်။ တစ်ဖက်က အားသာချက်ရှိသလို နောက်တစ်ဖက်မှာ အားနည်းချက်ဆိုတာရှိကြတာပဲ။ အားနည်းချက်ရှိတာကို အာမှအားငယ်စရာ မရှိဘူးလေ။ လူတိုင်းရှိတာပါပဲ။ အရေးကြီးတာက ကိုယ့်မှာရှိတဲ့ အားနည်းချက်တွေကို မထိမ်ချန်ဘဲ၊ အားမနာဘဲ ရဲရဲဝင့်ဝင့် ဖော်ထုတ်တတ်ဖို့လိုတယ်။ အခုလိုမလုပ်နိုင်ရင် ကိုယ့်အကြောင်းကိုယ်မသိတဲ့သူဖြစ်မှာပေါ့။ ဒီအားသာချက်နဲ့ ဒီအားနည်းချက်ဟာ ကိုယ့်ရဲ့အတွင်းပိုင်း ဖြစ်တယ်။ အခုလိုအတွင်းကိစ္စတွေကို စဉ်းစားပြီး နောက်တစ်ဖက်မှာ ပြင်ပကိစ္စတွေကို ထည့်သွင်းစဉ်းစားဖို့လိုတယ်။ သမီးမှာ အခွင့်အရေးတွေအများကြီးရှိတယ်။

ရှိတဲ့အခွင့်အရေးတွေကို အသေးစိတ် သတ်မှတ်ဖော်ထုတ်ရမှာ ဖြစ်တယ်။

နေရာတိုင်းလိုလို SWOT Analysis လုပ်တာတွေ့ရတယ်။ ခေတ်စားတယ်။ SWOT လို့ ပြောလိုက်ရင် လူတွေကသိကြတယ်။ ဒါပေမဲ့ SWOT ကို ဆန်းစစ်တဲ့အဆင့်ထိပဲလုပ်ကြပြီး နောက်လုပ်ရမှာကို မလုပ်ကြတာတွေ့ရတယ်။ ဒါကြောင့် ဖေဖေကတော့ SWOT လုပ်တိုင်း SWOT ရဲ့ နောက်တစ်ဆင့်ကို စဉ်းစားစေတယ်။ ဒါကတော့ ကိုယ့်ရဲ့အားနည်းချက် ကိုယ်သိရင်၊ ကိုယ့်ရဲ့အားသာချက် ကိုယ်သိရင် ရှေ့ဆက်ဘာလုပ်မလဲ။ အားသာချက်တွေကို အခြေခံပြီး ဆောင်ရွက်ရမှာဖြစ်သလို အားနည်းချက်တွေကို လျှော့နည်းပြီး ပပျောက်အောင် ကြိုးစားဖို့လိုတယ်။ ဒီလိုပဲ အခွင့်အလမ်းတွေ သိရုံနဲ့မပြီးပါဘူး။ ဒီအခွင့်အလမ်းတွေကို ယူရလိမ့်မယ်။ ဆုပ်ကိုင်နိုင်အောင် လုပ်ရမှာဖြစ်တယ်။ အန္တရာယ်တွေ သိရုံနဲ့မလုံလောက်ပါဘူး။ ဒီအန္တရာယ်တွေကို ဘယ်လိုရင်ဆိုင်သင့်သလဲဆိုတာကို ကြိုတင်ပြင်ဆင်ဖို့လိုလိမ့်မယ်။

ဖေဖေလိုချင်တဲ့ပုံစံကို အားလုံးကို ပြောပြပြီး အဖွဲ့လိုက် ဆွေးနွေးစေပါတယ်။ သူတို့တစ်တွေဆွေးနွေးတာကို ဖေဖေက လိုက်ကြည့်တယ်။ အဖွဲ့လိုက် အားပါးတရ စိတ်ပါလက်ပါ လုပ်နေတာတွေ့ရတော့ ဖေဖေ သိပ်အားရတယ်။ ကျေနပ်တယ်။ ဝတ်ကျေတမ်းကျေ ဟောပြောပွဲတက်တာမဟုတ်ဘဲ ကိုယ်တိုင်ပါဝင်ပြီး ဝိုင်းပြီးအဖြေရှာတဲ့အလေ့အကျင့်ကို ပေးနိုင်ခဲ့တယ်။ သူတို့အတွက် မှတ်သားစရာတစ်ခုပေါ့။ အဖွဲ့လိုက်ဆွေးနွေးတဲ့အခါမှာလည်း တစ်ဦးတစ်ယောက်ရဲ့သဘော၊ တစ်ဦးတစ်ယောက်ရဲ့ဆန္ဒသာ မဟုတ်ဘဲ အားလုံးရဲ့သဘောထားအမြင်အယူအဆတွေကို ထည့်သွင်းရတယ်။ ချင့်ချိန်ရတယ်။ ကိုယ်ချည်းပြောတာမဟုတ်ဘဲ တစ်ယောက်ပြောတာကို နားထောင်ရတယ်။ ဒီအလေ့အကျင့်တွေဟာ ဆွေးနွေးမှုရဲ့ အမြတ်ပေါ့။ အခုလို အကျိုးအနယ် ဆွေးနွေး

ကြပြီး အဖွဲ့လိုက်သဘောတူတဲ့အချက်အလက်တွေကို အားလုံးကို တင်ပြခွင့်ပေးပါတယ်။ ဒီလိုလုပ်တဲ့ အလေ့အကျင့်ဟာလည်း အလွန်တန်ဖိုးရှိပါတယ်။ လူပုံအလယ် ပြောတတ်ဆိုတတ်ဖို့ဆိုတာ အလိုလိုဖြစ်မလာဘူး။ လေ့ကျင့်ရတယ်။ ရဲစိတ်မွေးရတယ်။ မိမိကိုယ်မိမိယုံကြည်ချက်တိုးမြှင့်စေတယ်။

တစ်ဖွဲ့ရဲ့တင်ပြချက်ကို ကျန်တဲ့အဖွဲ့တွေကနားထောင်ပြီး ဖြည့်စွက်ဆွေးနွေးကြတယ်။ အဖွဲ့တိုင်းတင်ပြပြီး၊ ဆွေးနွေးပြီးတော့မှ ဖေဖေက ခြုံငုံသုံးသပ်ပေးပါတယ်။ အဖွဲ့လိုက်တင်ပြချက်တွေဟာ သိပ်စိတ်ဝင်စားဖို့ကောင်းပါတယ်။ တစ်ဦးတည်းတစ်ယောက်တည်း စဉ်းစားတာမျိုးမဟုတ်ဘဲ အစုလိုက်အဖွဲ့လိုက် ဝိုင်းဆွေးနွေးကြတာမို့ အမြင်မျိုးစုံ၊ ရှုထောင့်မျိုးစုံကနေ ပိုပြီးပြည့်စုံသွားတာပေ့ါ။ အားနည်းချက်တွေကို မညှာမတာထုတ်ဖော်နိုင်ခဲ့ကြသလို အားသာချက်တွေကိုလည်း မီးမောင်းထိုးခဲ့ကြတယ်။ မြန်မာနိုင်ငံအတွက် ပြင်ပမှာရှိနေတဲ့ အခွင့်အလမ်းတွေအများကြီးရှိတာ ဖော်ထုတ်ခဲ့သလို တစ်ဖက်မှာလည်း ရင်ဆိုင်နေရတဲ့၊ ရင်ဆိုင်ရဦးမယ့်အန္တရာယ်တွေကလည်း အများကြီးပါပဲ။

ပိုပြီးအားရစရာက အခုလိုဖော်ထုတ်နိုင်တဲ့အချက်အလက်တွေကို ဘယ်လိုတုံ့ပြန်သင့်သလဲဆိုတာကို ပြည့်ပြည့်စုံစုံဖော်ပြနိုင်ခဲ့ကြပါတယ်။

နောက်ဆုံးအပိုင်းအနေနဲ့ အခုလို MEF ကို နှစ်လတစ်ကြိမ် သို့မဟုတ် လေးလတစ်ကြိမ် ကျင်းပဖို့ သဘောတူကြသလို တက်ရောက်လာသူတွေကလည်း ပါဝင်ဖို့ သဘောတူကြပါတယ်။

ဒီ MEF ဟာ ပထမခြေလှမ်းပါ။ ဒါပေမဲ့ ဖေဖေကြားဖူးတဲ့ အဆိုတစ်ခုလို 'မိုင်တစ်ထောင်ရှည်လျားတဲ့ခရီးကို ခြေလှမ်းတစ်လှမ်းနဲ့စရတယ်' ဆိုသလိုပေါ့။ ဘာပဲဖြစ်ဖြစ် စဖို့လိုပါတယ်။ လုပ်ဖို့လိုတယ်။ ကိုယ်လိုချင်သလို အပြည့်အဝမရနိုင်လို့ မလုပ်ဘဲစောင့်နေရင် အချိန်သာကုန်သွားမယ်။ ဘာမှထူးမှာမဟုတ်ပါဘူး။

တစ်လှမ်း၊ တစ်ကွက်၊ တစ်ထွာ ဒါနဲ့စဖို့လိုတယ်။ ဖေဖေက ဒါကို ယုံတယ်။ လက်ခံတယ်။ မစရင်မဖြစ်ဘူးလေ။ စရင် ကိုယ်လိုချင်တာ အနှေးနဲ့အမြန် ဖြစ်လာလိမ့်မယ်။

ဖေဖေ့ဆန္ဒကတော့ အခုလိုဆွေးနွေးပွဲမျိုးကို နေရာအနှံ့ လူ့အသိုင်းအဝိုင်းမျိုးစုံနဲ့ လုပ်စေချင်တယ်။ တကယ်တော့ ကြုံတွေ့နေရတဲ့စီးပွားရေးအကျပ်အတည်းကို အားလုံးဝိုင်းရင်ဆိုင်ကြရမှာဖြစ်တာမို့ ဝိုင်းပြီးအဖြေရှာကြရမှာဖြစ်တယ်။ အစိုးရက သူ့တာဝန်ရှိတဲ့အတိုင်းလုပ်သလို စီးပွားရေးလုပ်ငန်းရှင်တွေကလည်း သူ့အပိုင်းနဲ့သူလုပ်ကြဖို့လိုတယ်။ လူမှုရေးအသင်းအဖွဲ့တွေကလည်း ပါဝင်ကြဖို့ သိပ်အရေးကြီးတယ်။ မီဒီယာအပိုင်းအနေနဲ့လည်း ဦးဆောင်ရလိမ့်မယ်။ ပညာရှင်တွေကလည်း တာဝန်ကျေဖို့ လိုပါလိမ့်မယ်။ အခုလို စီးပွားရေးအကျပ်အတည်းကာလမှာ လိုအပ်တဲ့ပြုပြင်ပြောင်းလဲမှုတွေလုပ်ခွင့်ရတဲ့ အခွင့်အလမ်းဖြစ်တယ်လို့ ခံယူရမှာဖြစ်တယ်။ လိုအပ်တဲ့ ပြင်ဆင်မှုအထဲမှာ ဖေဖေကတော့ လူ့စွမ်းအားကို မြှင့်တင်ဖို့ဟာ အရေးအကြီးဆုံးလို့ ယူဆပါတယ်။

တကယ်တော့ ဒီစီးပွားရေးအကျပ်အတည်းဟာ လူကြောင့်ဖြစ်ပေါ်လာတာမို့ အဖြေကိုလည်း လူတွေကပဲပေးရမှာ၊ ရှာဖွေရမှာဖြစ်တယ်။ တကယ်တော့စီးပွားရေးအကျပ်အတည်းဟာ တစ်နေ့မှာတော့ ပြီးသွားမှာပဲ။ တစ်နေ့မှာ ပြန်ပြီးထောင်လာမှာ ပြန်ပြီးကောင်းလာမှာပဲ။ ဒီတော့ အကျပ်အတည်းရင်ဆိုင်နေတဲ့အချိန်မှာ အကျပ်အတည်းပြီးဆုံးသွားရင် ဘာဖြစ်မလဲ ဘယ်လိုပုံစံဖြစ်စေချင်သလဲဆိုတာကို အခုအချိန်မှာ ဝိုင်းစဉ်းစားပြီး တိုင်ပင်ကြစေချင်တာပါပဲသမီး။

■

# ဟောပြောပွဲအတွေ့အကြုံ (၂၇)

ဒီတစ်ခေါက် ဖေဖေ ဟောပြောပွဲအတွေ့အကြုံကို ပိုပြီး ပြောပြချင်တာ။ သမီးက ဖေဖေနဲ့အတူ အဲဒီဟောပြောပွဲမှာ ရှိနေခဲ့တာမဟုတ်လား။ ဟောပြောပွဲလို့သာပြောရတာ တကယ်တော့ လေ့ကျင့်သင်တန်းပါ။ နှစ်ရက်တိတိ မြင်ဦးလွင်မြို့မှာ လုပ်ခဲ့တာ။ ဒီသင်တန်းကို ဖေဖေက Myanmar Business Coalition AIDS (MBCA) အတွက် လုပ်ပေးတာ။ လုပ်ဖို့စီစဉ်တာ တစ်နှစ်နီးပါး ရှိခဲ့တယ်။ အကြောင်းကြောင်းကြောင့် မလုပ်ဖြစ်ခဲ့ဘူး။ အခုမှပဲ လုပ်ဖြစ်တာ။

MBCA ဟာ NGO တစ်ခုဖြစ်တယ်။ သာမန် NGO မဟုတ်ဘဲ ဖေဖေ့အထင်တော့ ထူးခြားတဲ့အဖွဲ့အစည်း တစ်ခုဖြစ်တယ်။ အခုဆိုရင် သမီးသိတဲ့အတိုင်း မြန်မာပြည်မှာ NGO တွေ အများကြီးရှိနေပြီ။ တစ်ခုတော့ရှိပါတယ် သမီး။ ဖေဖေတို့နိုင်ငံမှာ ဟိုးအရင်ကတည်းက NGO ဆိုတာရှိတယ်။ ဒါပေမဲ့ အဲဒီတုန်းက NGO လို့ မခေါ်ကြဘူး။ ဆွမ်းလောင်းအသင်း၊ တံမြက်လှည်းအသင်း၊ စာဖတ်အသင်းစတဲ့ အသင်းအဖွဲ့တွေအမျိုးမျိုးရှိကြတယ်။ စိတ်တူ ကိုယ်တူ ပူးပေါင်းဆောင်ရွက်ကြတာ။ အဖွဲ့အစည်းနဲ့ လုပ်တတ်တဲ့ အလေ့အကျင့်ကို ဒီအသင်းအဖွဲ့တွေကရခဲ့တာ။ များသောအားဖြင့် ဒီအဖွဲ့အစည်းတွေကို လူမှုရေးအသင်းအဖွဲ့အဖြစ် ခေါ်ဝေါ်

သတ်မှတ်ကြတယ်။ ဒီဘက်ခေတ်မှာတော့ NGO တွေဟာ ခေတ်စားလာတယ်။ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းတွေမှာ ပါဝင်ဆောင်ရွက်ဖို့ ဒီ NGO တွေကို ဖွဲ့စည်းလာခဲ့ကြတယ်။ မြန်မာလို အစိုးရမဟုတ်သောအဖွဲ့အစည်းလို့ တိုက်ရိုက်ဘာသာ ပြန်ကြတာလည်းတွေ့ရတယ်။

NGO တွေရဲ့ အဓိကဆောင်ရွက်မှုကတော့ လူမှုရေးအရင်းအနှီး (Social Capital) ကိုဖန်တီးပေးခြင်းပဲဖြစ်တယ်။ NGO တွေ ရှင်သန်ကြီးထွားတဲ့ နိုင်ငံလူ့အဖွဲ့အစည်းဟာ တိုးတက်မှုမြန်တယ်လို့ တချို့က ယူဆကြတယ်။ တချို့က NGO တွေက The Thrid Force (တတိယအင်အားစု) လို့ သတ်မှတ်ကြတယ်။ NGO တွေဟာ တစ်ဖွဲ့နဲ့တစ်ဖွဲ့ မတူပါဘူး။ ကွဲပြားကြတယ်။ ဖွဲ့စည်းပုံ၊ အုပ်ချုပ်စီမံမှု ဦးတည်ချက်ပုံစံအမျိုးမျိုးနဲ့ ရှိကြတယ်။ Government Organized NGOs (GONGOs) ဆိုတာလည်း ပေါ်ပေါက်လာတာတွေ့ရတယ်။ အစိုးရက ဦးစီးပြီး သူ့ရဲ့နိုင်ငံရေး၊ လူမှုရေးဦးတည်ချက်ကို ပံ့ပိုးပေးစေတဲ့အဖွဲ့အစည်းတွေကို ဖွဲ့ကြတယ်။ တစ်ကမ္ဘာလုံးမှာ NGO အများဆုံးရှိတဲ့နိုင်ငံကတော့ သမီးနေဖူးခဲ့တဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံဖြစ်တယ်။ သူတို့ဆီမှာ NGO အကြီးတွေ ၂၀,၀၀၀ ကျော်လောက်ရှိတယ်။ ဒီအထဲမှာ နာမည်ကြီးတဲ့ NGO တွေက ပါမောက္ခ Yunus တည်ထောင်ခဲ့တဲ့ Grameen Bank ၊ Prof: Ahmed တည်ထောင်ခဲ့တဲ့ BRAC တို့ဖြစ်တယ်။ မြန်မာပြည်မှာ ယခုလို NGO တွေများလာတာကို တွေ့ရပြီး ဖေဖေသိပ်အားရတယ်။ ကျေနပ်တယ်။ ဒီထက်ပိုများစေချင်တယ်။ လုပ်စရာရှိတာကို စုစည်းပြီးဆောင်ရွက်တာဟာ သိပ်အရေးကြီးတဲ့ ကိစ္စတစ်ခုဖြစ်တယ်။

MBAC ရဲ့ ထူးခြားချက် အဓိကနှစ်ခုရှိတယ်လို့ ဖေဖေထင်တယ်။ ပထမတစ်ခုက Business Coalition ဆိုတာဖြစ်တယ်။ အနှစ်သာရအနေနဲ့ စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းတွေ ပူးပေါင်း

ဆောင်ရွက်တာဖြစ်တယ်။ သမီးစဉ်းစားကြည့်စမ်း။ စီးပွားရေးလုပ်ငန်းတွေရဲ့ သဘာဝကအပြိုင်အဆိုင်၊ တစ်ယောက်ကို တစ်ယောက် အနိုင်အရှုံးဖြစ်အောင် ကြိုးစားကြတာ။ အခုတော့ ပြိုင်ဆိုင်တာ မဟုတ်တော့ဘဲ ပူးပေါင်းတာ၊ ပေါင်းစည်းတာ၊ ဝိုင်းလုပ်တာ။ ဘယ်လောက်ကောင်းသလဲသမီး။ ဒုတိယအချက်ကတော့ အခုလိုပူးပေါင်းတာ၊ ပေါင်းစည်းတာဟာ ဖေဖေတို့နိုင်ငံမှာ ရှိနေတဲ့ အန္တရာယ်ကြီးမားတဲ့ HIV/AIDS တပ်ရောဂါကြီးကို ရင်ဆိုင်တိုက်ဖျက်တဲ့ ဦးတည်ချက်နဲ့ဖွဲ့ထားတာ။ MCBA ဟာ လုပ်ငန်းရှင်တွေ၊ စက်မှုဇုန်တွေမှာရှိတဲ့ အလုပ်ရုံ၊ စက်ရုံနဲ့ ရုံးလုပ်ငန်းတွေမှာ စီးပွားရေးလုပ်ငန်းရှင်တွေရဲ့ ကူညီပံ့ပိုးမှုနဲ့ HIV / AIDS ရောဂါနဲ့ပတ်သက်တဲ့ ကျန်းမာရေးပညာပေးဆွေးနွေးပွဲတွေ၊ ဟောပြောပွဲတွေကို စီစဉ်ကျင်းပတယ်။ Peer-Education လို့ခေါ်တဲ့ သက်တူအချင်းချင်း ပညာပေးမှုလုပ်ရုံမက လိုအပ်လာရင်လည်း စောင့်ရှောက်မှုပေးတယ်။ တိုင်းပြည်ရဲ့ကြီးမားတဲ့ အန္တရာယ်ကို တစ်ဖက်တစ်လမ်းက ကူညီဖြေရှင်းပေးနေတဲ့ အဖွဲ့အစည်းတစ်ခု။ ဒီတော့ ဖေဖေ လေးစားတယ်။ ဒီအဖွဲ့အစည်းကို တည်ထောင်တဲ့သူကလည်း မြန်မာပြည်ပေါက် Mr. Martin Pun ပဲ။ လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်တစ်ခုကို ဟိုလူစောင့် ဒီလူစောင့် လုပ်မနေဘဲ ကိုယ့်ဟာကိုယ် ထလုပ်တဲ့သူ။ ရဲရင့်တယ်။ သတ္တိရှိတယ်။ သူ့ရဲ့ ရည်မှန်းချက်ကို လက်တွေ့အကောင်အထည်ဖော်ပေးသူကတော့ MBCA က CEO ဖြစ်တဲ့ ဒေါက်တာခင်အေးအေး။ သူတို့နှစ်ဦးရဲ့ကြိုးပမ်းမှု၊ သူတို့ရဲ့စေတနာနဲ့ အခုဆိုရင် MBCA ဟာ ခြောက်နှစ်တာကာလအတွင်းမှာ ဝန်ထမ်းစုစုပေါင်း ၇၀ ကျော်နဲ့ လုပ်ငန်းတွေကို အကောင်အထည်ဖော်နေပြီ။ ရန်ကုန်၊ ပြည်၊ မန္တလေး၊ မုံရွာ၊ ပခုက္ကူ၊ လားရှိုး၊ မူဆယ်အပြင် နာဂစ်မုန်တိုင်းကြောင့် ကြုံတွေ့ရတဲ့အခက်အခဲတွေကို ကူညီပံ့ပိုးဖို့ ဧရာဝတီတိုင်းမှာလည်း ဆောင်ရွက်မှုတွေပေးနေတယ်။ ဒီ MBCA ကို စီးပွား

ရေးလုပ်ငန်း အဖွဲ့အစည်းအမျိုးမျိုးက ထောက်ပံ့နေသလို UN အဖွဲ့အစည်းဖြစ်တဲ့ UNODC နဲ့ 3D Fund ကလည်း ကူညီပံ့ပိုးပေးနေတာ တွေ့ရတယ်။

မြန်မာနိုင်ငံမှာ နောက်ဆုံးစာရင်းဇယားအရ HIV/AIDS ရောဂါပိုးရှိသူ ၀.၅ ရာခိုင်နှုန်းရှိတယ်လို့သိရတယ်။ တခြားနိုင်ငံတွေနဲ့ယှဉ်ရင် မများလှပေမယ့် ဒီကပ်ရောဂါဟာ အန္တရာယ်သိပ်ကြီးတယ်။ တကယ်တော့ဒီရောဂါဟာ ကျန်းမာရေးပြဿနာသာမက လူမှုရေးပြဿနာ၊ စီးပွားရေးပြဿနာ၊ နောက်ဆုံး နိုင်ငံရေးပြဿနာဖြစ်တယ်။ ဖေဖေတာဝန်အရသွားခဲ့တဲ့ အာဖရိကနိုင်ငံတွေမှာ HIV/AIDS ရောဂါကြောင့် အကြီးအကျယ်ဒုက္ခရောက်နေတာတွေ့ရတယ်။ တချို့နိုင်ငံတွေမှာ AIDS ရောဂါနဲ့ မိဘနှစ်ပါးသေဆုံးသွားတဲ့အတွက် ကျန်ရစ်တဲ့ကလေးတွေကို အဘိုးတွေ၊ အဘွားတွေက တာဝန်ယူနေကြရတာ တွေ့ရတယ်။ ဒီရောဂါဟာ စီးပွားရေးအရ လှုပ်ရှားနိုင်တဲ့သူတွေမှာ အဖြစ်များတာမို့ နိုင်ငံရဲ့စီးပွားရေးကို ထိခိုက်နိုင်တယ်။ ဒီရောဂါကို ရင်ဆိုင်ဖို့ အကောင်းဆုံးနည်းဗျူဟာက Behaviour Change လို့ ခေါ်တဲ့ အပြုအမူပြောင်းလဲဖို့ပဲဖြစ်တယ်။ အန္တရာယ်ရှိတဲ့ ဖိုမဆက်ဆံရေး မပြုဖို့ပါပဲ။ ဒါနဲ့ပဆ်သက်လို့ Condon (ကွန်ဒုံး) သုံးစွဲမှုဟာ အထိရောက်ဆုံးဖြစ်တယ်လို့လည်း အားလုံးက လက်ခံထားတယ်။ ဒါကို ဘာသာရေးအရ၊ လူမှုရေးအရ၊ ယဉ်ကျေးမှုအရ လက်မခံချင်ဘူးဆိုရင် သိပ်ခက်တယ်သမီး။ တလောက Pope ရဟန်းမင်းကြီးက အာဖရိကတိုက်ကိုသွားရင်း Condom သုံးစွဲမှု ဟာ HIV/AIDS အတွက် မထိရောက်ဘူးလို့ တာဝန်မဲ့စွာပြောခဲ့လို့ ကျန်းမာရေးတာဝန်ရှိသူတွေက အကြီးအကျယ်ကန့်ကွက်ကြတာ ကြားလိုက်ရတယ်။ ထိုင်းနိုင်ငံမှာ HIV/AIDS ကို ထိန်းသိမ်းနိုင်တဲ့ အချက်တစ်ခုက Condom သုံးစွဲမှုကို ကျယ်ကျယ်ပြန့်ပြန့် လုပ်နိုင်ခဲ့လို့ပဲဖြစ်တယ်။ အာဖရိကနိုင်ငံတစ်နိုင်ငံဖြစ်တဲ့ Uganda မှာ လည်း

Condom ကြောင့် HIV/AIDS ရောဂါကို ထိန်းနိုင်တာတွေ့ရတယ်။ အခုဆို မြန်မာပြည်မှာနေရာအနှံ့ Condom ကို တွေ့နိုင်တယ်။ တချို့ NGO တွေက အခမဲ့ဝေငှနေတာ ဝမ်းသာစရာတွေ့ရတယ်။ လွယ်လွယ်ကူကူ ဝယ်ယူနိုင်သလို ဈေးအနေနဲ့လည်း လူတိုင်းတတ်နိုင်တဲ့ဈေးနှုန်းဖြစ်နေတာ တွေ့ရတယ်။

စိတ်ဝင်စားဖို့အချက်က အပြုအမူပြောင်းလဲဖို့ ဘာလုပ်ရမလဲ။ လူတိုင်းဆေးလိပ်သောက်ရင် အန္တရာယ်ရှိတယ်၊ အဆုတ်ကင်ဆာနဲ့ သေနိုင်တယ်ဆိုတာသိတယ်။ ဒါပေမဲ့ ဆေးလိပ်သောက်တဲ့သူတွေ ရှိနေသေးတယ်။ သောက်တဲ့သူတွေမေးကြည့်ရင် သူတို့မှာ အသိမရှိလို့ မဟုတ်ဘူး။ သိတယ်။ ဒါပေမဲ့ သိတာကတခြား အပြုအမူက တခြား။ **သိတိုင်းမလုပ်တာ လူတွေရဲ့ အားနည်းချက်ပဲ ထင်ပါရဲ့ သမီး။ ကျန်းမာရေးလိုက်စားရင် ကျန်းမာရေးကောင်းမယ်ဆိုတာ လူတိုင်းသိတယ်။ ဒါပေမဲ့ လူတိုင်းမလိုက်စားကြဘူး။** ဒီတော့ ဖေဖေတို့အတွက် အသိပေးရုံတင် မလုံလောက်ဘဲ သိတဲ့အသိကို လက်တွေ့ကျကျ အပြုအမူပြောင်းလဲအောင် ဘယ်လိုလုပ်ရမလဲဆိုတာ စဉ်းစားဖို့လိုတယ်။ မဟုတ်ရင် ပေးတဲ့အသိတွေဟာ အလဟဿဖြစ်သွားနိုင်တာပေါ့။

လူတွေဟာ ဆန်းတယ်သမီး။ မကောင်းမှန်းသိရက်နဲ့ လုပ်ကြတဲ့သူတွေ၊ အန္တရာယ်ရှိမှန်းသိပေမယ့် ဒီတစ်ခေါက်၊ ဒီတစ်ချီတော့ မဖြစ်နိုင်ပါဘူးလို့ စဉ်းစားပြီး Risk ယူကြတယ်။ ဒါကြောင့် Risk Behaviour ကို ထိန်းသိမ်းနိုင်အောင် ဖေဖေတို့ အမြဲအာရုံပြုရမှာ။ HIV/AIDS ရောဂါဟာ ခင်ပွန်းသည်ကတစ်ဆင့် ဇနီးဆီကူးစက်နိုင်သလို မိခင်ကနေ ကလေးတွေဆီကူးနိုင်တယ်။ Condom သုံးစွဲမှုနဲ့ပတ်သက်ရင် တစ်ခါတစ်ရံ ဒီကိစ္စဟာ Gender နဲ့ သက်ဆိုင်တယ်ဆိုတာ မေ့နေကြတယ်။ အမျိုးသမီးလုပ်သူက သုံးချင်သော်လည်း အမျိုးသားက လက်မခံရင် ပြန်ပြောနိုင်တဲ့၊ ငြင်းနိုင်တဲ့အခွင့်အာဏာရှိမှဖြစ်မှာ။ မဟုတ်ရင် ဒီကိစ္စဟာ

ပြဿနာအကြီးကြီးတက်နိုင်တာပေါ့။

ဖေဖေ့ကို Dr.ခင်အေးအေးက သူ့ရဲ့အဖွဲ့သားတွေကို သင်တန်းပေးပေးပါလို့ လာပြီးပြောလာတော့ ဖေဖေက အလွယ်တကူ လက်ခံခဲ့တယ်။ ဖေဖေတတ်နိုင်တဲ့ဘက်က HIV/AIDS ရောဂါကို တိုက်ဖျက်တဲ့နေရာမှာ ပါဝင်ချင်ခဲ့တယ်။ ဖေဖေ ကျန်းမာရေးဝန်ကြီးဌာနမှာစပြီး တာဝန်ယူခဲ့တုန်းကတည်းက ဒီရောဂါကို စိတ်ဝင်စားခဲ့တယ်။ သာမန်ကျန်းမာရေး ပြဿနာ တစ်ခုတည်းမဟုတ်ဘဲ စောစောက ဖေဖေပြောပြသလို ဘက်စုံ ထောင့်စုံက ဝိုင်းဖြေရှင်းမှရတဲ့ရောဂါပါ။ ဖေဖေမှတ်မိသေးတယ်။ လွန်ခဲ့တဲ့ အနှစ် ၂၀ လောက်က မြန်မာပြည်မှာ HIV Positive ဖြစ်တဲ့ လူနာလေးဦးကို အခုအောင်ဆန်းဘောလုံးကွင်း အရှေ့ဘက်မှာရှိတဲ့ ကူးစက်ရောဂါဆေးရုံမှာ ဖေဖေသွားကြည့်ခဲ့တယ်။ စောင့်ရှောက်ခဲ့တယ်။ ဒီလေးဦးထဲမှာ ရဲတပ်သားတစ်ဦး၊ ကျောင်းသားတစ်ဦး၊ အရပ်သားတစ်ဦးနဲ့ ရဟန်းတစ်ပါး။ သူတို့ ဒီရောဂါရပုံကို မေးကြည့်တော့ ရင်နင့်စရာ။ ကိုယ့်ကြောင့်ရောဂါရသလို ကိုယ့်မှာ ဘာမှအပြစ်မရှိဘဲ မထင်မှတ်တဲ့နေရာကနေ ဒီရောဂါကြီး ရခဲ့တာ။ အဲဒီတုန်းက လေးဦးတည်းရှိခဲ့ရာကနေ ကနေ့ဆိုရင် ဦးရေက မနည်းတော့ဘူး။

ဒီသင်တန်းကို ပြင်ဦးလွင်မြို့မှာ လုပ်မယ်ဆိုတာသိရလို့ ဖေဖေသိပ်ပျော်သွားတာ။ မရောက်တာလည်း ၁၅ နှစ်လောက်ရှိပြီ။ အရင်တစ်ခေါက် ဖေဖေနဲ့မေမေပြင်ဦးလွင်ကို ရောက်ခဲ့တုန်းက သမီးမမွေးသေးဘူး။ ဖေဖေတို့ပြင်ဦးလွင်ကို မန္တလေးက နေ့ချင်း ပြန်တက်ခဲ့တာ။ သွားသင့်သွားထိုက်တဲ့နေရာကို အပြေးအလွှား သွားပြီး မန္တလေးပြန်ဆင်းခဲ့တာ။ ဒီတစ်ခေါက်တော့ သုံးညနဲ့ လေးရက်ဆိုတော့ ပြင်ဦးလွင်မြို့ကို ကောင်းကောင်း လည်ပတ်ရတော့မှာဆိုပြီး ဝမ်းသာနေတာ။ ဖေဖေသင်တန်းလုပ်နေတုန်း သမီးနဲ့ မေမေလျှောက်သွားနိုင်မှာ။

ဖေဖေတို့ ရန်ကုန်ကနေ အစောကြီးလေယာဉ်နဲ့ မန္တလေးကိုသွားခဲ့တယ်။ မန္တလေးလေယာဉ်ကွင်းမှာ MBCA မန္တလေးက စီမံချက်တာဝန်ခံ ဒေါက်တာဌေးမောင်က လာကြိုနေတယ်။ သူ့ကားနဲ့ ဖေဖေတို့အားလုံး ပြင်ဦးလွင်ကို တက်ခဲ့တယ်။ မန္တလေးကနေ ပြင်ဦးလွင်ကို တဖြည်းဖြည်းတက်လာတော့ လမ်းတွေဟာ အရင်နဲ့ လုံးဝမတူတော့ဘဲ သိပ်ကောင်းနေတာ တွေ့ရတယ်။ အရင်တစ်ခေါက်က ခက်ခက်ခဲခဲတက်ခဲ့ရတဲ့လမ်းဟာ အခုတော့ အကျယ်ကြီး။ ပြီးတော့ ပြေတယ်။ သမီးရော၊ မေမေရော မမူးတော့ဘူးပေါ့။ သမီးနဲ့မေမေက ခရီးထွက်တိုင်း မူးတတ်တော့ ဖေဖေ စိတ်ပူနေတာ။ ၂၀ မိုင်လမ်းတစ်ဝက်ရောက်တော့ ခဏနားတယ်။ ၂၁ မိုင်ရောက်ကတည်းက နည်းနည်းလေးစိမ့်လာတယ်။ တောင်ပေါ်သစ်ပင်တွေနဲ့ ခဏနားပြီး ဖေဖေတို့ ပြင်ဦးလွင်ကို နေ့လယ်စာမစားမီ ရောက်ခဲ့တယ်။ တည်းခိုတဲ့ဟိုတယ်က အစိုးရပိုင် နန္ဒာမြိုင်ဟိုတယ်။ ဟိုတယ်ဝင်းထဲဝင်ခါနီး လက်ဝဲဘက်မှာ စစ်တက္ကသိုလ် မုခ်ဦးကို လှမ်းမြင်ရတယ်။ ခမ်းနားလိုက်တာ။ အနော်ရထာ၊ ဘုရင့်နောင်နဲ့ အလောင်းဘုရား ရုပ်တုသုံးခုက ခရီးသွားဧည့်သည်တွေကို ကြိုဆိုနေလေရဲ့။

နန္ဒာမြိုင်ဟိုတယ်ကတော့ ခမ်းနားလိုက်တာ။ အဆောက်အအုံကြီးသုံးခုရှိတယ်။ အလယ်မှာ အဆောက်အအုံတစ်လုံးက ခပ်သေးသေး။ ဒီအဆောက်အအုံကိုတော့ Reception နဲ့ Dining Hall အဖြစ်သုံးထားတယ်။ ဖေဖေရော၊ မေမေရောက Architecture ကိုကြိုက်တော့ အဆောက်အအုံတွေကို လျှောက်ကြည့်တယ်။ ဖေဖေပြောခဲ့တဲ့ အဆောက်အအုံမှာ Cradock Court လို့ ရေးထားတယ်။ တံမှည်းကျောက်စာ တစ်ချပ်မှာတော့ ၁၉၁၂ လို့ ထိုးထားတယ်။ ဒီအဆောက်အအုံတစ်စုံဟာ တစ်ချိန်က ကိုလိုနီလက်ထက်က တရားရုံးတွေဖြစ်တယ်တဲ့။ သမီးသိတဲ့အတိုင်း ဖေဖေတို့ မြန်မာနိုင်ငံလွတ်လပ်ရေးမရခင် အင်္ဂလိပ် ခေတ်လက်ထက်မှာ နွေရာသီ

ဆို အုပ်ချုပ်တဲ့ဘုရင်ခံ (Governor General) က သူရယ်၊ သူရဲ့အုပ်ချုပ်ရေး ယန္တရားတစ်ခုလုံးရယ်ကို ရာသီဥတုပူလွန်းလို့ ရန်ကုန်ကနေ ပြင်ဦးလွင်ကို ရုံးရွှေ့ခဲ့တယ်။ ရာသီဥတု အင်မတန်ပူတဲ့ရန်ကုန်နဲ့ နှိုင်းယှဉ်ရင် ပြင်ဦးလွင်မှာ သိပ်သာယာတာပေါ့။ ပြင်ဦးလွင်ကို ဖေဖေတို့ငယ်ငယ်တုန်းက မေမြို့လို့ခေါ်တယ်။ အင်္ဂလိပ်စစ်ဗိုလ်တစ်ဦးဖြစ်တဲ့ May အမည်ရှိတဲ့သူကိုအစွဲပြုပြီး မေမြို့လို့ခေါ်ခဲ့တာ။ မြန်မာဆန်ဆန်နဲ့ နာမည်လေးက သိပ်လှတယ်။ ဒီလို Hill Station တောင်ပေါ်စခန်းမြို့မျိုးကို အင်္ဂလိပ်တွေဟာ သူတို့အုပ်ချုပ်တဲ့နိုင်ငံတိုင်းလိုလိုမှာ တည်ထောင်ခဲ့ကြတယ်။ ဒီလိုမြို့မျိုး မြန်မာပြည်မှာရှိသလို အိန္ဒိယနိုင်ငံ၊ အာဖရိကက ကင်ညာ၊ ဇင်ဘာဘွေ၊ ယူဂန္ဒာ အစရှိတဲ့နိုင်ငံတွေမှာ အခုထိရှိသေးတယ်။ မေမြို့ရဲ့ ရာသီဥတုဟာ သူတို့နိုင်ငံရဲ့ ရာသီဥတုနဲ့နီးစပ်လို့ Home away from Home (ရပ်ဝေးမှာရှိတဲ့ ကိုယ့်အိမ်) ဖြစ်တယ်။ ဒါကြောင့် မေမြို့ရဲ့ မြို့တည်ဆောက်မှုဟာသပ်ရပ်တယ်။ အေးချမ်းတယ်။ ဖေဖေတို့ လွတ်လပ်ရေးရပြီး နောက်ပိုင်းမှာ မေမြို့ကို ပြင်ဦးလွင်လို့ နာမည်ပြောင်းလိုက်တယ်။ ဈေးအနားမှာရှိတဲ့ နာရီစင်ကြီးဟာ ၁၉၃၆ ခုနှစ်ကရှိခဲ့တာ။ နာမည်က Purcell Tower လို့ခေါ်တယ်။

ဖေဖေတို့ နန္ဒာမြိုင်ဟိုတယ်မှာ Check-in လုပ်ပြီးတော့ အဖွဲ့သားတချို့တည်းတဲ့ သီရိမြိုင်ဟိုတယ်မှာ နေ့လယ်စာ သွားစားတယ်။ ဒီဟိုတယ်အဆောက်အအုံက ပိုပြီးလှတယ်။ ဆေးရောင်အနီသုတ်ထားတာမို့ ကျက်သရေရှိလိုက်တာ။ အဆောက်အအုံရှေ့တံခါးထဲကနေ ဝင်လိုက်ရင် ကျွန်းလှေကားကြီးက တစ်ဖက်တစ်ချက်နဲ့ လှလိုက်တာ။ အဆောက်အအုံရဲ့အပြင်မှာလည်း သစ်ကပ်ပင်တွေအပြည့်။ ဒီသီရိမြိုင်ဟိုတယ်က တစ်ချိန်တုန်းက အင်္ဂလိပ်ကုမ္ပဏီတစ်ခုဖြစ်တဲ့ BBTC ကုမ္ပဏီရဲ့ လူပျိုဆောင်အဆောက်အအုံဖြစ်တယ်။ နာမည်က Candacraig လို့ ပေးခဲ့တာ။

မြက်ခင်းပြင်ကြီးကလည်း အကြီးကြီး၊ ဝင်းခြံကလည်း နှစ်ဧကလောက်ရှိတယ်။ ထင်းရှူးပင်တွေနဲ့ သိပ်လှတာ။

နေ့လယ်စာစားပြီးတော့သင်တန်းက နောက်တစ်နေ့မှာ စမှာမို့ ဖေဖေတို့အားလုံး နာမည်ကြီးအမျိုးသားပန်းဥယျာဉ်ကို သွားခဲ့ကြတယ်။ ဖေဖေရော၊ မေမေရော ရောက်ဖူးခဲ့ပေမယ့် သမီးကို ပို့ချင်လို့သွားခဲ့တာ။ ပန်းဥယျာဉ်ထဲဝင်လိုက်တာနဲ့ လှလိုက်တဲ့ ပန်းတွေ၊ အရောင်တွေကလည်း စုံနေတာ။ အစက ဥယျာဉ်ထဲ လမ်းလျှောက်ဖို့ စဉ်းစားခဲ့ပေမယ့် မော်တော်ယာဉ် အသေးလေးတွေရှိတာသိရတော့ တစ်စီးငှားပြီး ဥယျာဉ်တစ်ခြံလုံးကို လျှောက်ကြည့်ဖြစ်တယ်။ အပင်တွေက စုံသလို ပန်းပင်တွေကလည်းမျိုးစုံ။ အပင်တွေရှိသလို ငှက်မျိုးစုံကိုလည်း တွေ့ခဲ့ရတယ်။

ဖေဖေတို့ ပန်းခြံထဲလည်ပြီး ဟိုတယ်မှာ ခဏနားပြီးတော့မှ ညဘက်မှာထမင်းစားကြတယ်။ ထမင်းမစားမီ MBCA အဖွဲ့ဝင်တွေက သူတို့တာဝန်ကျတဲ့ဒေသအလိုက် ပြုစုစီစဉ်ခဲ့တဲ့ ကျန်းမာရေး ပညာပေးလုပ်ငန်းတွေကို တင်ပြကြတယ်။ စိတ်ကူးသိပ်ကောင်းကြတယ်။ အဖွဲ့သားတွေက များသောအားဖြင့် လူငယ်တွေ။ ဆရာဝန်တွေလည်း အများကြီး။ အမျိုးသမီးငယ်တွေကလည်း ပါဝင်လှုပ်ရှားကြတယ်။ ဝါရင့်ဆရာဝန်ကြီး၊ ဆရာမကြီးတွေလည်း ပါကြတယ်။ အတွေ့အကြုံမျိုးစုံရှိသလို မျှော်လင့်ချက်ကိုယ်စီနဲ့ပေါ့။ သူတို့ကိုကြည့်ပြီး ဖေဖေစိတ်ထဲမှာ ကြိတ်ပြီးချီးကျူးမိတယ်။ သူတို့ဟာ အင်မတန်မွန်မြတ်တဲ့အလုပ်ကို လုပ်နေကြသူတွေဖြစ်တယ်။ တိုင်းပြည်တာဝန်ကို တစ်ဖက်တစ်လမ်းက ဝင်ထမ်းနေသူတွေ။ အသက်ငယ်ကြပေမယ့် တာဝန်ကြီးကြီး ယူနေကြသူတွေ၊ လေးစားထိုက်သူတွေပေါ့သမီး။

■

## ဟောပြောပွဲအတွေ့အကြုံ (၂၈)

နောက်တစ်နေ့မနက်မှာ MBCA အတွက် သင်တန်းစတယ်။ ဟိုတယ်က မနက်စာကို ၇ နာရီကတည်းကကျွေးတော့ သင်တန်းသားတွေက ခပ်စောစောပဲစားနေကြတယ်။ ဖေဖေတို့ကတော့ ပေါင်မုန့်ထောပတ်သုတ်နဲ့ ကြက်ဥမစားချင်လို့ အစောကြီး ပြင်ဦးလွင်မြို့ထဲ ဒေသအစားအစာသွားရှာကြတယ်။ ပြင်ဦးလွင်ဟာ ရှမ်းပြည်နယ်မြောက်ပိုင်းနဲ့ တရုတ်ပြည်ရဲ့ တံခါးပေါက်လို့ခေါ်နိုင်တယ်။ ပြင်ဦးလွင်ကတစ်ဆင့် ရှမ်းပြည်နယ်မြောက်ပိုင်းကို ပေါက်တယ်။ လားရှိုးကတစ်ဆင့် တရုတ်ပြည်ထဲ တန်းဝင်နိုင်တာ။ ဒီတော့ ပြင်ဦးလွင်မြို့မှာ ရှမ်းအစားစာ၊ တရုတ်အစားအစာ ပေါတယ်။ ကောင်းလည်းကောင်းတယ်။ ကောင်းတဲ့ဆိုင်တစ်ဆိုင်ကို ညွှန်ပါလို့မေးခွန်းထုတ်ခဲ့လို့ ဖေဖေတို့ ရှမ်းအစားအစာ ရောင်းတဲ့ဆိုင်ကို ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ခဲ့တယ်။ ရှမ်းအစားအစာကို ရန်ကုန်မှာရပေမယ့် ပြင်ဦးလွင်က အရသာက တစ်မျိုးထူးတယ်။ ဖေဖေတို့ မနက်စာစားပြီး သင်တန်းပေးမယ့် နန်းမြိုင်ဟိုတယ်ကို ပြန်လာခဲ့တယ်။ သင်တန်းလုပ်တဲ့အခန်းကသိပ်မကြီးဘူး။ MBCA တစ်ဖွဲ့လုံးဆံ့ရုံပဲ။ ဒါပေမဲ့ အဆောက်အအုံက ရှေးပုံစံ ကိုလိုနီခေတ်ပုံစံ ... စတိုင်မို့လို့ခေါင်မိုးကမြင့်တယ်။ အလင်းရောင်ကောင်းကောင်းဝင်တယ်။ အလင်းရောင်အဝင်ကောင်းလွန်းလို့ ဖေဖေရဲ့ Slide

Show အတွက်တောင် အခက်အခဲတွေ့နေသေးတာ။ သင်တန်းကို Martin Pun နဲ့ ဒေါက်တာခင်အေးအေးက ဖွင့်ပြီး သူတို့ရဲ့ မျှော်မှန်းချက်၊ ဘာကြောင့် ဒီသင်တန်းမျိုးလုပ်ပေးဖို့ စဉ်းစားဆုံးဖြတ်ခဲ့တာတွေကို အကျယ်တဝင့် ရှင်းပြတယ်။ သူတို့ရဲ့ စေတနာက လေးစားလောက်တယ်။ MBCA မှာ တာဝန်ယူနေသူတွေရဲ့ စွမ်းရည်တိုးစေချင်တဲ့အတွက် အခုလို ငွေကုန်ကြေးကျ ခံပြီး လုပ်တာ။

ဖေဖေ့အလှည့်ရောက်တော့ သင်တန်းလုပ်မယ့်ပုံစံ အစီအစဉ်ကို ရှင်းပြတယ်။ ဖေဖေက ခန်းမရဲ့တစ်ဖက်ကနေ သင်တန်းသားတွေ လှမ်းကြည့်လိုက်တော့ သင်တန်းတက်တဲ့သူတွေ အများစုက လူငယ်တွေ။ အမျိုးသမီးတွေက တစ်ဝက်ကျော်ကျော်ပါတယ်။ နောက်တစ်ခုသတိထားမိတာက နယ်မြေတာဝန်ခံဆရာဝန်တွေက အသက်နည်းနည်းကြီးပုံရတယ်။အသက်ငယ်ငယ် ဆရာဝန်တွေလည်း ပါတာတွေ့ရတယ်။ နောက်မှမေးကြည့်တော့ သူတို့တစ်တွေဟာ ဆရာဝန်တွေဖြစ်ကြပေမယ့် ဆေးကုခွင့်မရကြဘူး။ ဒါကြောင့် အခုလို NGO မှာ ဝင်လုပ်နေကြတာ။ ဆေးတက္ကသိုလ်မှာ ခုနစ်နှစ်ကျော်ကျော်တက်ထားတာမို့လို့ ဆရာဝန်အတတ်တော့ အပြည့်အစုံရှိကြတယ်။ ဒါပေမဲ့ ဆမလို့ခေါ်တဲ့ဆရာဝန်လုပ်ခွင့် လက်မှတ်မရှိကြတာမို့ ဆေးကုခွင့်မရှိကြဘူး။ ဖေဖေ တစ်ချိန်တုန်းက ကျန်းမာရေးလောကမှာ တာဝန်ယူတုန်းက Health Manpower Planning ကို ဂရုတစိုက်လေ့လာ သုတေသနလုပ်ခဲ့တာယ်။

Health Manpower ကို အခုတော့ Human Resources in Health လို့ အခေါ်အဝေါ်ပြောင်းပြီး သတ်မှတ်ကြတယ်။ ကျန်းမာရေးလောကကို Labour Intensive Industry လို့ သတ်မှတ်ထားတယ်။ ခေတ်မီတဲ့နည်းပညာတွေ၊ စက်ပစ္စည်းတွေ ဘယ်လောက် တိုးတက် တိုးတက်၊ ကျန်းမာရေးစောင့်ရှောက်မှုမှာ ကျန်းမာရေးဝန်ထမ်းဟာ အရေးကြီးတယ်။ ဖေဖေကတော့

သင်တန်းပြီးတဲ့ဆရာဝန်တွေမှာ ဆမ ရှိစေချင်တာ။ နိုင်ငံ့ဝန်ထမ်းဖြစ်တာ မဖြစ်တာကတစ်ပိုင်း။ အနည်းဆုံး သူတို့အနေနဲ့ ပြင်ပဆေးဝါးကုသမှုအလုပ်တွေ လုပ်နိုင်မှာ။ တစ်ခုတော့ရှိပါတယ်သမီး။ အခုလိုအခြေအနေကြောင့် NGO လောကမှာ အရည်အချင်းမြင့်တဲ့ဆရာဝန်တွေ ဝင်လုပ်နေတာကတော့ အမြတ်ပေါ့။ လောကမှာ အရာရာဟာမဆိုးဘူး။ အဆိုးထဲက အကောင်းတော့ရှိတတ်စမြဲပေါ့။

ဖေဖေက သင်တန်းရဲ့ဦးတည်ချက်၊ သင်တန်းပြီးသွားရင်ဘာဖြစ်စေချင်သလဲဆိုတာကို အသေးစိတ်ရှင်းပြပြီး သင်တန်းတက်လာသူတွေဆီက သူတို့ရဲ့ မျှော်လင့်ချက်၊ မျှော်မှန်းချက်တွေကို အုပ်စုလိုက်စုပေါင်းပြီး တင်ပြစေတယ်။ မျှော်လင့်ချက်တွေ၊ မျှော်မှန်းချက်တွေက မျိုးစုံပဲ။ ဒီအထဲမှာ ဖေဖေ ကျေနပ်ဝမ်းသာရတာတွေကြားရတယ်။ ဖေဖေ့လို ဟောတတ်ပြောတတ်ချင်တယ်။ ဖေဖေပြောပုံဆိုပုံကို နမူနာယူလိုတယ်လို့ တင်ပြကြတော့ ဖေဖေလည်း လူတစ်ယောက်ဖြစ်တော့ ကျေနပ်ရတယ်။ ဖေဖေ့ရဲ့ဆောင်းပါးတွေ ဖတ်ကြတယ်၊ ဟောပြောပွဲတွေ တက်ကြတယ်ဆိုတာ ကြားရတော့လည်း ကိုယ့်ရဲ့လုပ်ရပ်တွေဟာ အကျိုးရှိပါလားလို့ ဖေဖေသုံးသပ်မိပါတယ်။

သင်တန်းရဲ့ပထမအချိန်မှာ အဖွဲ့လေးဖွဲ့ခွဲပြီး ဆွေးနွေးမှုလုပ်စေလိုက်တယ်။ ဒီနည်းဟာလွယ်ပြီး သိပ်အကျိုးသက်ရောက်တယ်။ ဒီနည်းကို သမီးနားလည်ရလွယ်အောင် ဖေဖေရှင်းပြချင်တယ်။ ဒီနည်းကို လူပုဂ္ဂိုလ်အတွက်တင်မက၊ လုပ်ငန်းအဖွဲ့အစည်းတွေအတွက်ပါ အသုံးချနိုင်တယ်သမီး။ ဒီနည်းရဲ့အနှစ်သာရကအတွင်းအပြင်သုံးသပ်ဆန်းစစ်မှုပဲ။ တစ်နည်းပြောရရင် Internal External Analysis (IEA) ဖြစ်တယ်။ အတွင်းပတ်ဝန်းကျင်စီစဉ်မှု ပြုလုပ်တဲ့အခါမှာ အားသာချက် (Strengths)နဲ့ အားနည်းချက် (Weaknesses)တွေကို ဖော်ထုတ်ပေးတာဖြစ်ပြီး အပြင်

ပတ်ဝန်းကျင် စိစစ်တဲ့အခါမှာ အခွင့်အရေး (Opportunities) တွေနဲ့ ဘေးအန္တရာယ်တွေ (Threats) ကို ဖော်ထုတ်ဖို့ဖြစ်တယ်။ ဒါကြောင့် ဒီစိစစ်မှုကို စကားလုံးလေးလုံးကို အဖျားဆွတ်ပြီး SWOT Analysis လို့ ခေါ်ဝေါ်သတ်မှတ်ကြတယ်။

ရှုတ်တရက်ကြည့်ရင် လွယ်ကူတယ်လို့ထင်ပေမယ့် စနစ်တကျဆောင်ရွက်ဖို့ဟာ သိပ်အရေးကြီးပါတယ်။ အခြေခံကတော့ အခုလိုဆန်းစစ်မှုလုပ်တဲ့အခါ မညာမတာရဲရဲတင်းတင်းလုပ်ဖို့ သိပ်လိုတယ်။ သိတဲ့အတိုင်း လူတွေဟာ ကိုယ့်ကိုယ်ကိုယ် ညာတာတတ်ကြတယ်။ ထိန်ဝှက်ကြတယ်။ အရေးကြီးတာက အခုလို စိစစ်မှုလုပ်တဲ့နေရာမှာ တစ်ဦးတစ်ယောက်တည်း မလုပ်သင့်ဘဲ ဝိုင်းစုပြီးလုပ်ကြဖို့လိုတယ်။ ဒီလိုစုလုပ်တော့ အယူအဆ၊ အမြင်အမျိုးမျိုးကို ရှုထောင့်စုံက ခြုံငုံနိုင်မှာပေါ့။ တစ်ဦးတစ်ယောက်တည်းလုပ်ရင်တော့ ဘာထူးမှာလဲသမီး။

သူတို့ကို အခုလိုအဖွဲ့လေးဖွဲ့ခွဲပြီး တစ်ဖွဲ့ကို MBCA ရဲ့ အားသာချက်၊ နောက်တစ်ဖွဲ့ကို အဖွဲ့အစည်းရဲ့အားနည်းချက်၊ တတိယအဖွဲ့ကို ပြင်ပအခြေအနေရဲ့ အခွင့်အရေးနဲ့ နောက်ဆုံးအဖွဲ့ကိုတော့ ပြင်ပအခြေအနေရဲ့ ဘေးအန္တရာယ်တွေကို စီစဉ်စေတယ်။ အဖွဲ့ဝင်တွေဟာ တက်တက်ကြွကြွပါဝင်ကြတယ်။ အချင်းချင်း ငြင်းကြခုံကြ၊ ဆွေးနွေးကြနဲ့။ ဒီလိုဆောင်ရွက်တဲ့အတွက် တာဝန်ပေးထားတဲ့လုပ်ရပ်တွေ ဖော်ထုတ်နိုင်ရုံမက တစ်ဦးနဲ့တစ်ဦး ပိုမိုရင်းနှီးလာကြတယ်။ ဒါဟာ သင်တန်းရဲ့အကျိုးသက်ရောက်မှုပေါ့။

ဒီကိစ္စဟာ သိပ်အရေးပါတယ်။ စာသင်ကြားမှုပုံစံတွေဟာ ပြောင်းလဲလာတာတွေ့ရတယ်။ အရင်တုန်းကဆို ဆရာ ဆရာမ ပြောတာကို တပည့်တွေက တစ်ခွန်းမကျန် နားထောင်ပြီး လိုက်မှတ်ရတယ်။ တစ်နည်းပြောရရင် One-way ပေါ့။ ဒီအယူအဆရဲ့ အခြေခံကတော့ ဆရာ့မှာသာ အသိတရားတွေရှိတယ်။ ဒီအသိ

တရားတွေကို အသိမရှိသေးတဲ့ ကျောင်းသားတွေ၊ မပြည့်စုံသေးတဲ့ ကျောင်းသားတွေကို မျှဝေတာ။ ဒီတော့ ရသလောက်ယူဖို့ ကျောင်းသားတွေမှာ တာဝန်ရှိတယ်။ အခုလို သင်ကြားမှုပုံစံကို တက္ကသိုလ်အဆင့်မှာတောင် အသုံးများနေသေးတာတွေ့ရတယ်။ ဖေဖေတို့ ဘွဲ့လွန်တက်တော့ စီးပွားရေးဘာသာရပ်တွေသင်တဲ့ အခါ Case Study Method ကိုပဲ အသုံးချခဲ့တယ်။ ဆရာလုပ်တဲ့ သူက နိဒါန်းပျိုးပြီး စီးပွားရေး အခြေအနေတစ်ခု (Case) ကို ကျောင်းသားတွေက ဝိုင်းဆွေးနွေးကြရတယ်။ သူတို့ဟာ ဒီအခြေ အနေတစ်ခုအပေါ် သူတို့ရဲ့ အမြင်အယူအဆကို တင်ပြနိုင်တယ်၊ ငြင်းခုံနိုင်တယ်။ ချစ်စရာအကောင်းဆုံး အချက်ကတော့ အမှန် အမှားဆိုတာမရှိဘဲ ကိုယ့်ရဲ့အမြင်၊ ကိုယ့်ရဲ့ အယူအဆအပေါ် မူတည်ပြီး အခြေအနေအပေါ် သုံးသပ်ခွင့်ရှိတာ။ ဒီသင်ခန်းစာ ဟာ သိပ်အရေးကြီးတယ်။ တကယ်တော့ အမှားအမှန်ဆိုတာဟာ လူတစ်ဦးတစ်ယောက်ရဲ့အယူအဆပါ။ ဒီတော့ တစ်ယောက်နဲ့ တစ်ယောက် အမြင်တူမှာမဟုတ်ဘူး။ မတူတာဟာလည်း အဓိပ္ပာယ် ရှိတယ်။ မတူတဲ့အယူအဆတွေကို ဖလှယ်ကြဖို့ဟာ ရှင်သန်မှု တစ်ခုပေါ့သမီး။

ပြောသာပြောရပါတယ်။ အခုလို မေးခွန်းတွေထုတ်ပြီး စာသင်တဲ့အလေ့အကျင့်ဟာ ဟို ခေါ်မခေတ် လွန်ခဲ့တဲ့နှစ်ပေါင်း ၃,၀၀၀၊ ၄,၀၀၀ ကတည်းကရှိခဲ့တာ။ နာမည်ကြီး အတွေးအခေါ် အယူအဆ ပညာရှင်ကြီး Socrates ဆိုရင် သူ့ရဲ့သင်ကြားမှုတွေကို ကျောင်းသားတွေကို မေးခွန်းတွေထုတ်ပြီး ကိုယ့်ဘာသာကိုယ် အဖြေရအောင် အလေ့အကျင့်ပေးခဲ့တယ်။ ဖေဖေက ဒီနည်းကို သိပ်သဘောကျတယ်။ အဖြေဆိုတာဟာ ဆရာ့မှာသာ ရှိနိုင်တာ မဟုတ်ပါဘူး။ ကျောင်းသားတွေမှာလည်း ရှိနိုင်တာပါပဲ။ ဒီ သင်ကြားနည်းမှာ ဆရာလုပ်သူက ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိဖို့ သိပ်အရေးကြီးတာ။ ကိုယ့်ကိုယ်ကိုယ်မယုံတဲ့ ဆရာတွေဟာ

ဒီနည်းကိုမကြိုက်ကြဘူး။ သင်စရာရှိတာကို ကိုယ်ကချည်းပြော၊ ပြောသမျှကို ကျောင်းသားတွေကလိုက်မှတ်၊ ဒီပုံစံက ဆရာတွေအတွက် လွယ်တယ်။ သက်သာတယ်။ ဒါပေမဲ့ စဉ်းစားကြည့်သမီး။ ကျောင်းသားတွေအနေနဲ့ ဘာမှမတတ်ဘူး။ ဆရာပြောသမျှနာခံပြီး စာမေးပွဲမှာ ပြန်ပြီးအန်တဲ့အကျင့်စွဲရတယ်။ ကိုယ်ပိုင် အတွေးအခေါ်၊ ကိုယ်ပိုင်အယူအဆ ဘယ်ရှိနိုင်တော့မလဲ။ အသိတရားအသစ်ဆိုဟာလည်း မရနိုင်တော့ဘူးပေါ့သမီး။ ဒီနည်းကြောင့် လူတွေ့ရဲ့အသိဟာ တဖြည်းဖြည်း လျော့နည်းသွားမှာ။ အတွေးအသစ်၊ အမြင်အသစ်ဆိုတာ ရှိရင်းစွဲ အယူအဆကို တွန်းလှန်ပြီးမှ ပေါ်ထွက်နိုင်တာ။

အချိန်စေ့တော့ ဆွေးနွေးမှုတွေကို အဖွဲ့လိုက်တင်ပြစေတယ်။ ဆွေးနွေးချက်တွေကို စာရွက်ချပ်ကြီးတွေအပေါ် ရေးမှတ်စေပြီး စာရွက်ချပ်ကြီးတွေကို နံရံမှာကပ်စေတယ်။ မှတ်တမ်းသဘောပေါ့။ ပြီးတော့ နံရံမှာကပ်ထားတဲ့စာသားတွေကို အားလုံးဖတ်စေတယ်။ ဒီနည်းနဲ့ အယူအဆတွေကို ပြန့်ပွားအောင်လုပ်ရတာပေါ့။ သူတို့တင်ပြပြီးမှ ဖေဖေက သုံးသပ်ပေးတယ်။

MBCA မှာ အားသာချက်တွေအများကြီးရှိသလို အားနည်းချက်တွေရှိနေတာ တွေ့ရတယ်။ ဒီတော့ MBCA အတွက် မဟာဗျူဟာတစ်ခုက ရှိနေတဲ့အားသာချက်တွေကိုယူပြီး ရင်ဆိုင်တွေ့ကြုံနေရတဲ့ အားနည်းချက်တွေကို ဖြေရှင်းဖို့ဖြစ်တာပေါ့။ မဟာဗျူဟာကို အလွယ်တကူဖော်နိုင်တဲ့နည်းပေါ့သမီး။ နောက်တစ်ချက် သတိပြုသင့်တာကတော့ ဖေဖေပြောရင် သမီးက "ဖေဖေဟာ ကတ်သီးကတ်သတ်" လို့ ပြောမှာ။ အားသာချက်နဲ့ အားနည်းချက်တွေဟာ ဆန့်ကျင်ဘက်နေရာတိုင်းမှာ မဟုတ်ပါဘူး။ သာမန်အနေနဲ့ အားသာချက်နဲ့ အားနည်းချက်ကို ဆန့်ကျင်ဘက်လို့ အလွယ်တကူပဲယူဆကြတာ။ တကယ်တော့ ဒီလိုမဟုတ်ပါဘူး။ ဥပမာ-ငိုတာဟာရယ်တာရဲ့ ဆန့်ကျင်ဘက်မဟုတ်သလို ရယ်တာ

ဟာလည်း ငိုတာရဲ့ဆန့်ကျင်ဘက် မဟုတ်ပါဘူး။ ငိုတာရဲ့ ဆန့်ကျင်ဘက်က မငိုတာဘဲဖြစ်ပြီး ရယ်တာရဲ့ဆန့်ကျင်ဘက်ကတော့ မရယ်တာဘဲ ဖြစ်တယ်သမီး။ ဒီအချက်ဟာသိမ်မွေ့တယ်။ စဉ်းစားလိုက်ရင်တော့ လက်ခံနိုင်မှာပါ။

SWOT Analysis သင်ခန်းစာပြီးတော့ နေ့လယ်စာမစားမီ ပြောင်းလဲမှုကို စီမံခြင်း (Managing Change) သင်ခန်းစာကို ဖေဖေဆွေးနွေးခဲ့တယ်။ လူပုဂ္ဂိုလ်ဖြစ်စေ၊ အဖွဲ့အစည်းတွေမှာဖြစ်စေ ပြောင်းလဲမှုဆိုတာကို အမြဲရင်ဆိုင်နေရတဲ့အခြေအနေမှာ ဒီပြောင်းလဲမှုကို ကြောက်လို့မဖြစ်ဘူး။ ရဲရဲဝံ့ဝံ့ရင်ဆိုင်တတ်ဖို့ လိုတယ်။ တချို့တွေက Change (ပြောင်းလဲမှု) ကို ကြောက်ကြတာ၊ လက်မခံကြဘူး။ တစ်ခုတော့ရှိတာပေါ့။ ဒါဟာ နားလည်နိုင်တဲ့ ကိစ္စတစ်ခုပါ။ လက်ရှိနေအထား (Status) မှာ အခြေအနေကောင်းနေသူတွေဟာ ပြောင်းလဲမှုကို ဘယ်လက်ခံနိုင်မှာလဲ။ လက်မခံတဲ့ အပြင် ခွန်းလှန် (Resist) လုပ်ကြမှာသေချာတယ်။ Change (ပြောင်းလဲမှု) ဟာ နိယာမတရားတစ်ခုဖြစ်တော့ အခုလို တားလို့မရတဲ့ပြောင်းလဲမှုကို စီမံတတ်ဖို့သာ အရေးကြီးတာပေါ့။

Change နဲ့ပတ်သက်လို့ ဖေဖေကတော့ Boiling Frog ဥပမာကို သိပ်သဘောကျတယ်။ ခွက်တစ်ခွက်ထဲမှာ ရေနွေးပွက်ပွက်ကိုထည့်၊ အဲဒီခွက်ထဲကို အသက်ရှင်နေတဲ့ဖားတစ်ကောင်ကို ထည့်လိုက်ရင် ဖားဟာ ချက်ချင်းခုန်ထွက်မှာ။ ဘာကြောင့် ခုန်ထွက်သလဲလို့ စဉ်းစားရင် ဖားဟာ သိပ်ပူတဲ့အခြေအနေကို ရုတ်တရက်လက်မခံနိုင်ဘူး။ သူယဉ်ပါးတဲ့ အပူချိန်နဲ့ ပွက်ပွက်ဆူနေတဲ့ ရေနွေးအကြား ကွာခြားမှုရှိတာကို လက်မခံတာပဲဖြစ်တယ်။ စောစောက ခွက်ထဲကရေနွေးကိုသွန်လိုက်ပြီး ဒီခွက်ထဲမှာ ရေအေးကိုထည့်ပြီးတော့ ဒီခွက်ထဲကို ဖားထည့်လိုက်။ ဖားဟာ သိပ်သဘောကျပြီး ခွက်ထဲမှာပဲ ကျေကျေနပ်နပ် နေနေမှာ။ ဒီခွက်ကို မီးဖိုအပေါ်တင်ကြည့်။ ရေဟာ တဖြည်းဖြည်းနွေးလာတယ်။ ဒါပေမဲ့

ဖားဟာ ခုန်ထွက်ဖို့ မစဉ်းစားဘဲ နွေးလာတဲ့ ရေမှာနေနိုင်အောင် နေတတ်အောင်ကြိုးစားတယ်။ အဆင်ပြေအောင် ကြိုးစားတယ်။ တဖြည်းဖြည်း ရေဟာပူလာပေမယ့် ဖားဟာ ပူလာတဲ့ရေထဲမှာ နေသာအောင် ကြိုးစားတယ်။ ကြိုးစားရင်းကြိုးစားရင်း ရေဟာ နွေးရာကနေ ပွက်ပွက်ဆူလာပြီး ဖားဟာလည်း ဖားပြုပ် (Boiling Frog) ဖြစ်သွားတယ်။ ဒီဥပမာကို ဖေဖေတို့ စီးပွားရေးပညာ သင်ကြားမှုမှာ သိပ်အသုံးများတယ်။ ဒီ Boiling Frog ရဲ့ သင်ခန်းစာဟာ ဘာလဲ။ အနှစ်သာရကတော့ လူတွေဟာ ပြောင်းလဲမှုကို ကြိုဆိုရမယ်။ မပြောင်းချင်လို့ ရှိတဲ့အခြေအနေ၊ အနေအထားကို ကျေနပ်ပြီး မတင်းတိမ်သင့်ဘူး။ အမြဲတမ်းပြောင်းလဲမှုကို ကြိုဆိုနေရမယ်။ ကိုယ့်ကိုယ်ကိုယ် အမြဲပြင်ဆင်နေဖို့လိုမယ်။ ပညာဆိုတာ ရပ်နေလို့မရဘူး။ အမြဲလိုက်မီအောင်လုပ်ရမယ်၊ ကြိုးစားရမယ်။

ဖေဖေတို့ စီမံခန့်ခွဲမှုပညာမှာ Change ဆိုတဲ့စကားလုံးအစား Transformation ကို အသုံးများလာတာတွေ့ရတယ်။ စကားလုံးနှစ်ခုဟာ အဓိပ္ပာယ်ဆင်ပေမယ့် တဖြည်းဖြည်းပြောင်းလဲလာမှုဖြစ်တယ်။ လူတွေဟာလည်း ဒီအတိုင်းပေါ့။ ငယ်ရာကနေ ကြီးလာကြတာ။ လေးဖက်တွားတယ်။ ပြီးတော့ မတ်တတ်ရပ်တယ်။ နောက်လမ်းလျှောက်ပြီးပြေးတယ်။ ဒါက Change ပေါ့။ Transformation ကတော့ လုံးဝအသွင်ပြောင်းလဲသွားမှုကိုဆိုတာ။ လိပ်ပြာတစ်ကောင်ဟာ သိပ်လှတယ်။ ဒါပေမဲ့ ဒီလောက်လှတဲ့ လိပ်ပြာဟာ အင်မတန်ရုပ်ဆိုးတဲ့ ပိုးလောက်လမ်းကနေ ပေါက်လာတာ။ လိပ်ပြာကို မြင်လိုက်ရင် ပိုးလောက်လမ်းက ပေါက်လာလိမ့်မယ်လို့ ထင်မှတ်မှာမဟုတ်ပါဘူး။

ဖေဖေက ညနေဘက်မှာ Team Building အကြောင်း ရှင်းပြမီး အဖွဲ့လိုက်အဆုံးအဖြတ်ပေးတာကို လက်တွေ့ပြသပြီး မှတ်သားစေတယ်။ အခုခေတ် အဖွဲ့အစည်းတွေမှာ အစုလိုက် အဖွဲ့လိုက်နဲ့ လှုပ်ရှားကြတာ တွေ့ရတယ်။ တစ်ဦးတစ်ယောက်

လုပ်ရုံနဲ့မလုံလောက်တော့ဘူး။ ဒါကြောင့် လုပ်ငန်းတွေမှာ Team Building ကို ဦးစားပေးလုပ်ကြရတယ်။ Team ရဲ့ အနှစ်သာရဟာ အဖွဲ့ဝင်တွေအားလုံးကို လေးစားဖို့၊ အလေးထားဖို့၊ နေရာပေးဖို့ပဲ ဖြစ်တယ်။ တစ်ဦးတစ်ယောက်တည်းနဲ့စာရင် အများနဲ့လုပ်ရှားရင် ပိုအောင်မြင်တယ်၊ ပိုထိရောက်တယ်။

နောက်တစ်ရက်မှာ ဆက်ပြီးသင်တန်းပေးခဲ့တယ်။ ဖေဖေ အားရတာက အားလုံးကတက်ကြွကြတယ်။ သင်ယူလိုစိတ် အပြည့် ရှိတယ်။ တစ်ဦးတစ်ယောက်မှ စိတ်မပါတာ၊ ဝင်မဆွေးနွေးတာ၊ ဘာသိဘာသာနေတာ မတွေ့ရဘူး။ ဦးMartin နဲ့ ဒေါက်တာ ခင်အေးအေး နှစ်ယောက်စလုံးကလည်း အချိန်ပြည့်ထိုင်တယ်။ သူတို့ဟာ လူကြီးတွေ၊ အားလုံးသိပြီးသားတွေ။ နောက်ထပ် ဘာမှ သိဖို့မလိုတော့ဘူးလို့ မထူဆကြဘူး။ သိချင်စိတ်အပြည့်ရှိတယ်။ အားပေးတယ်။ သူတို့ရှိနေလို့လည်း အဖွဲ့ဝင်တွေက ကြောက်ရွံ့တဲ့ အမူအရာတွေမပြကြဘူး။ ဒါဟာ အဖွဲ့အစည်းတစ်ခုရဲ့ရှင်သန်မှုကို ဖော်ညွှန်းနေတာ။

ဖေဖေက ရက်တိုတိုနဲ့ အဖွဲ့အစည်းမျိုးစုံကို သင်တန်းပေး ခဲ့တယ်။ MBCA ဟာ NGO တစ်ခု၊ အဖွဲ့အစည်းတစ်ခုပေါ့။ ဒါပေမဲ့ ဖေဖေ့အမြင်တော့ မိသားစုစိတ်ဓာတ်အပြည့်ရှိတယ်။ တစ်ယောက်ကိုတစ်ယောက်ယုံကြည်တယ်။ မိသားစုစိတ်ဓာတ်ဟာ အဖွဲ့အစည်းတိုင်းမှာ သိပ်အရေးကြီးတာ။ ဖေဖေ ဒီဆောင်းပါးရေး ရင်းနဲ့ ဂျာနယ်တစ်ခုမှာပါတဲ့ ဆောင်းပါးတစ်ပုဒ်ကို သွားအမှတ် ရမိတယ်။ အခု မြန်မာပြည်ကို ပျံသန်းနေတဲ့လေယာဉ်ကုမ္ပဏီ Air Asia ဟာ စီးပွားရေးသဘောအရ Low Budget Airline လို့ ခေါ်တယ်။ ဈေးသက်သက်သာသာနဲ့သွားလို့လာလို့ရတယ်။ သမီး မှတ်မိမှာပေါ့။ ဖေဖေတို့ အီတလီမှာရှိတုန်းက စီးခဲ့တဲ့ Ryanair နဲ့ လန်ဒန်မြို့ကို ၂၅ ပေါင်နဲ့ သွားလို့ရတယ်။ ဒီ Air Asia ကို တည်ထောင်တဲ့သူ၊ အုပ်ချုပ်တဲ့သူက မလေးရှားနိုင်ငံသား

Mr.Fernandes။ ဒီကုမ္ပဏီကို ဦးစီးနေပေမယ့် တစ်လတစ်ကြိမ်၊ တစ်ရက်လုံးလုံး ခရီးသည်တွေရဲ့ပစ္စည်းတွေကို သယ်ပိုးတဲ့ဝန်ထမ်း အလုပ်ကို ဝင်လုပ်တယ်။ နှစ်လတစ်ကြိမ် တစ်ရက်မှာ လေယာဉ်မောင်အဖြစ် အမှုထမ်းပြီး သုံးလတစ်ကြိမ် တစ်ရက်မှာ လေယာဉ်လက်မှတ်ရောင်းတဲ့ အရောင်းဝန်ထမ်းအနေနဲ့ ဆောင်ရွက်တယ်။ သိပ်ကိုသဘောကျစရာ ချီးကျူးစရာပေါ့။ ဒါဟာ စီမံခန့်ခွဲမှု၊ ခေါင်းဆောင်မှုရဲ့ အနှစ်သာရ။ ကိုယ်စီမံတဲ့သူ ကိုယ်အုပ်ချုပ်တဲ့သူ၊ သူတို့တစ်တွေရဲ့အနေအထားကို လူကြီးလုပ်တဲ့သူသိအောင်လုပ်မှ သူတို့တစ်တွေကို ထိထိရောက်ရောက် စီမံအုပ်ချုပ်နိုင်မှာပေါ့။ ဒါကြောင့်လည်း အခုဆို Air Asia ဟာ ဒေသအတွင်းပြေးဆွဲရာက ခရီးရှည်ကွာလာလမ်ပူကနေ လန်ဒန်အထိ ပြေးနေပြီ။

နှစ်ရက်လုံးလုံး သင်တန်းပေးပြီးတော့ ညဘက်မှာ ညစာစားပွဲတို့ ခမ်းခမ်းနားနားကျင်းပတယ်။ သင်တန်းပြီးဆုံးတဲ့အတွက် ပျော်စရာပဲ။ အဖွဲ့လိုက် ကကြခုန်ကြနဲ့။ လူငယ်တွေများလို့ Energy အပြည့်ပဲ။ သင်တန်းတစ်နေကုန် နှစ်ရက်လုံးလုံး လုပ်ခဲ့ပေမယ့် သူတို့မှာ ဈေးဝယ်ဖို့ အင်အားရှိသလို ကဖို့ခုန်ဖို့လည်း Energy အပြည့်နဲ့။ ငယ်ရွယ်သူတွေရဲ့ အင်အားပေါ့သမီး။

ဖေဖေအနေနဲ့ အခုလို MBCA အဖွဲ့အစည်းနဲ့ ထိတွေ့ရတဲ့အတွက် အသိတရားအများကြီးရခဲ့ပါတယ်။ နိုင်ငံအတွက် အလွန်ကြောက်စရာဖြစ်တဲ့ရောဂါကို တစ်ဖက်တစ်လမ်းကနေ ကူညီနေတဲ့ သူတွေနဲ့ တွေ့ခွင့်ရတယ်။ သူတို့ရဲ့အခက်အခဲတွေ သိရသလို သူတို့ရဲ့အောင်မြင်မှုကိုလည်း လေ့လာခွင့်ရခဲ့တယ်။ NGO လုပ်ငန်းမှာ အပင်ပန်းခံပြီး လုပ်နေကြတဲ့သူတွေဟာ လေးစားထိုက်သူတွေ။ ဝင်ငွေလစာမများလှပေမယ့် လုပ်သင့်လုပ်ထိုက်တာကို ဝင်လုပ်နေကြသူတွေ။ သင်တန်းပြီးတော့ ဖေဖေတို့မိသားစု မော်တော်ကားနဲ့ မန္တလေးမြို့ထဲခဏဝင်ပြီး တံတားဦးလေဆိပ်ကနေတစ်ဆင့် ရန်ကုန်ကို ပြန်ခဲ့ကြတယ်။ ဒီတစ်ခေါက်

သမီး၊ မေမေတို့နဲ့အတူ ဖေဖေ ဟောပြောခွင့်ရလို့ ပိုပြီး ကျေနပ်ရတာပေါ့။

# ဟောပြောပွဲအတွေ့အကြုံ (၂၉)

မြန်မာနိုင်ငံမှာရှိတဲ့ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းအသီးသီးမှာ တာဝန်ယူနေတဲ့ Head of Agencies အဖွဲ့အစည်းတွေရဲ့ အကြီးအကဲတွေဖွဲ့စည်းထားတဲ့ UN Country Team လို့ခေါ်တဲ့ နိုင်ငံအတွင်း UN အဖွဲ့ရဲ့တွေ့ဆုံဆွေးနွေးပွဲကို သကြန်မကျခင် တစ်ပတ်က ဖေဖေ အင်းလျားလိပ်ဒူးဆစ်ဟိုတယ်မှာ ဦးစီးဦးဆောင်လုပ်ခဲ့ပါတယ်။ ဖေဖေက ဖန်တီးသူ (Facilitator) အဖြစ် တာဝန်ယူခဲ့ရတယ်။ ဆွေးနွေးပွဲက နှစ်ရက်တိတိကြာမြင့်ခဲ့တယ်။

ဖေဖေ့ကိုကူညီဖို့ မြန်မာနိုင်ငံကို ခေတ္တခဏရောက်နေတဲ့ UN အကြီးတန်းဝန်ထမ်းတစ်ဦးက လွန်ခဲ့တဲ့လေးနှစ်က ဖေဖေ သိကျွမ်းခဲ့တဲ့သူ။ အဲဒီတုန်းက သူက Rwanda နိုင်ငံမှာ တာဝန်ယူနေသူ။ သူအငြိမ်းစားယူပြီးနောက် တစ်ချိန် သီရိလင်္ကာနိုင်ငံမှာ ထပ်တွေ့ခဲ့တယ်။ နာဂစ်နဲ့ပတ်သက်တဲ့အစီရင်ခံစာကို သူကဦးစီးပြီးရေးသားပြုစုခဲ့တယ်။

အခုလို အစည်းအဝေးပွဲကို တာဝန်ယူခဲ့ရလို့ လိုအပ်တဲ့ ပြင်ဆင်မှုတွေကို တစ်လကျော်ကျော်လုပ်ခဲ့ရတယ်။ မနှစ်ကလည်း ဖေဖေပဲ တာဝန်ယူခဲ့တယ်။ ဒီနှစ်တော့ ဌာနအကြီးအကဲတွေအပြင် ဒုတိယအကြီးအကဲတွေ၊ တခြားတာဝန်ရှိပုဂ္ဂိုလ်တွေပါလို့ စုစုပေါင်း ၄၀ ကျော် တက်ရောက်ခဲ့တယ်။ တာဝန်ခံတွေဖြစ်တာမို့ ဖေဖေတို့

အထူးဂရုပြုရတယ်။ လူကြီးတွေဖြစ်တာမို့ ပုံမှန်အနေအထားမျိုး လုပ်လို့မရဘူးလေ။ ဖေဖေ့အနေနဲ့ အခုအစည်းအဝေး အကြောင်းကို အသေးစိတ်မပြောတော့ဘဲ ဒီအစည်းအဝေးရဲ့ အခြေခံအနှစ်သာရဖြစ်တဲ့အချက်ကို အကျယ်တဝင့် သမီးသိအောင်၊ နားလည်အောင်၊ ရှင်းပြချင်တယ်။ ဒါကတော့ တခြားမဟုတ်ပါဘူးသမီး။ ဖေဖေထုတ်ချင်တဲ့ မေးခွန်းက ရိုးရိုးသားသားနဲ့ လွယ်ကူတဲ့ မေးခွန်းပါ။ ဒါပေမဲ့အဖြေကတော့ အလွယ်တကူဖြေနိုင်မယ် မထင်ဘူး။

ကမ္ဘာ့ကုလသမဂ္ဂဆိုတာ ဘာလဲ။ ဒီမေးခွန်းကိုမေးရင် မျက်စိမမြင်တဲ့ မျက်ကန်းခြောက်ယောက်ကို ဆင်ဟာဘာလဲလို့ မေးတဲ့မေးခွန်းလို ဖြစ်နေပါတယ်။ မျက်စိမမြင်ကြတော့ ဆင်ကို မှန်မှန်ကန်ကန် မဖော်ထုတ်နိုင်ဘူး။ တကယ်တော့ အဲဒီခြောက်ဦးစလုံးမှန်သလို ခြောက်ဦးစလုံးမှားတယ်။ ကိုယ်ထိတွေ့တာကိုပဲ စဉ်းစားပြီး အဖြေပေးတတ်တာက လူ့သဘာဝပေါ့။ ဒီလိုပါပဲသမီး။ UN လို့ပြောရင် လူတွေဟာ အဓိပ္ပာယ်အမျိုးမျိုးဖွင့်ကြမှာပဲ။ အဖြေတစ်ခုတည်းပေးကြမှာမဟုတ်ဘူးလေ။

ဖေဖေဟာ UN မှာ အလုပ်လုပ်ခွင့်ရတဲ့အပြင် UN ဟာ ဘာလဲဆိုတဲ့မေးခွန်းနဲ့ပတ်သက်တဲ့ သင်တန်းတွေပို့ချခဲ့ရလို့ ဒီအကြောင်းအရာကို ပိုစိတ်ဝင်စားတယ်။ UNဆိုတာက United Nations ဆိုတဲ့ စကားလုံးနှစ်လုံးရဲ့အတိုကောက်၊ United ညီညွတ်တဲ့ Nations နိုင်ငံများလို့ လွယ်လွယ်ပြောနိုင်တာပေါ့။ UN ဖွဲ့စည်းဖို့ ဒုတိယကမ္ဘာစစ်မပြီးခင်မှာ အမေရိကန်ပြည်ထောင်စု San Francisco မြို့မှာ အစည်းအဝေးလုပ်ပြီး သဘောတူဆုံးဖြတ်ခဲ့ကြတာ။ အစကတော့ UN ရုံးချုပ်ကို San Francisco မြို့မှာထားဖို့ စဉ်းစားခဲ့ကြပေမယ့် နောက်ဆုံး New York မြို့မှာ ထားဖို့သဘောတူခဲ့ကြတယ်။ မြန်မာနိုင်ငံဟာ UN စတင် ဖွဲ့စည်းကတည်းက အဖွဲ့ဝင်နိုင်ငံအဖြစ်ပါဝင်ခဲ့တယ်။ အခုဆိုရင် အဖွဲ့ဝင်နိုင်ငံပေါင်း

၁၉၂ နိုင်ငံရှိတယ်။ UN ကို အင်္ဂလိပ်လို Inter-Governmental Organization နိုင်ငံတကာအဖွဲ့အစည်းဖြစ်တယ်လို့ သတ်မှတ်ကြတယ်။ ဒီတော့ UN နဲ့ပတ်သက်လာရင် အဖွဲ့ဝင်နိုင်ငံ (Member States) တွေဟာ အခရာပဲ။ ပဓာနကျတယ်။ အဖွဲ့ဝင်နိုင်ငံတွေ စုစည်းပြီး တစ်နှစ်တစ်ကြိမ် New York မြို့မှာရှိတဲ့ UN အဆောက်အအုံမှာ စက်တင်ဘာ၊ အောက်တိုဘာလလောက်ကနေ ဒီဇင်ဘာ Christmas မတိုင်မီအထိ ကျင်းပတာ။

အဖွဲ့ဝင်နိုင်ငံတွေနဲ့ဖွဲ့စည်းထားတဲ့ UN ဟာ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံချင်းနဲ့တိုင်ပင်ရတယ်။ သဘောတူညီမှုရအောင် လုပ်ရတယ်။ ချစ်စရာကောင်းတဲ့အချက်တစ်ခုက ဒီအဖွဲ့ဝင်နိုင်ငံတွေဟာ ကြီးကြီးငယ်ငယ်ဆင်းရဲချမ်းသာ၊ မဲပေးတဲ့နေရာမှာ တစ်နိုင်ငံတစ်မဲပဲရှိတယ်။ သိပ်ကောင်းတဲ့အစဉ်အလာပေါ့။ နိုင်ငံတွေအားလုံးဟာ အတူတူပဲ၊ တစ်ပြေးညီဖြစ်တာကို ရည်ညွှန်းတာပေါ့။ ဒီကိစ္စကိုတစ်ခါတလေ အင်အားကြီးတဲ့နိုင်ငံတွေ၊ စီးပွားရေးအရ ချမ်းသာတဲ့နိုင်ငံတွေ၊ လူဦးရေအရေအတွက်များတဲ့နိုင်ငံတွေက မကျေနပ်ကြဘူး။ သူတို့ရဲ့ နိုင်ငံရေးအင်အား၊ ငွေအင်အားကို အသိအမှတ်ပြုသင့်တယ်လို့ အယူအဆရှိကြတယ်။ တစ်ခုတော့ရှိပါတယ်သမီး၊ အဖွဲ့ဝင်နိုင်ငံတွေအားလုံးဟာ တန်းတူရည်တူရှိတယ်ဆိုပေမယ့် ကြီးငါးကြီးနိုင်ငံတွေ၊ လုံခြုံရေးကောင်စီမှာပါဝင်တဲ့ နိုင်ငံငါးနိုင်ငံကတော့ တခြားနိုင်ငံတွေနဲ့မတူဘဲ ထူးခြားတဲ့ ဗီတိုအာဏာရှိတယ်။

လုံခြုံရေးကောင်စီဟာ UN ရဲ့ အထွတ်အထိပ် အဖွဲ့အစည်းဖြစ်ပြီး ၁၅ နိုင်ငံနဲ့ဖွဲ့စည်းထားတယ်။ ဒီ၁၅ နိုင်ငံအထဲမှာ အကြီးတန်းအဖွဲ့ဝင် Permanent Members က အမေရိက၊ ရုရှား၊ အင်္ဂလန်၊ ပြင်သစ်နဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ဖြစ်ကြပြီး ကျန်တဲ့ ၁၀ နိုင်ငံက Rotating Membership တွေအဖြစ် အလှည့်ကျပြောင်းလဲတဲ့ နိုင်ငံတွေဖြစ်တယ်။ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံငါး

နိုင်ငံမှာ ဗီတိုအာဏာရှိတယ်။ ဒီအာဏာက တခြားနိုင်ငံတွေက ဘယ်လောက်ပဲ သဘောတူတူ သူကသဘောမတူရင် ဘာမှဆက်လုပ်လို့ မရဘူး။ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံတွေဟာ ဘာကြောင့် ဒီငါးနိုင်ငံတွေ ဖြစ်ကြသလဲ။ သမီးစဉ်းစားကြည့်စမ်း။ စီးပွားရေးတိုးတက်မှုကြောင့် မဖြစ်နိုင်ဘူး။ ဖြစ်ရင်တစ်ကမ္ဘာလုံးမှာ စီးပွားရေးအရ ဒုတိယလိုက်တဲ့ ဂျပန်နိုင်ငံပါသင့်တာပေါ့။ ဒီမိုကရေစီဝါဒကျင့်သုံးလို့လည်းမဖြစ်နိုင်ဘူး။ ဖြစ်ရင် အိန္ဒိယပြည်ပါသင့်တာပေါ့။ ဒီငါးနိုင်ငံထဲမှာ အာဖရိကတိုက်မှာ လူဦးရေအများကြီးရှိတဲ့ နိုက်ဂျီးရီးယားနိုင်ငံပါသင့်သလို အာရပ်နိုင်ငံတွေအထဲက အကြီးဆုံးနိုင်ငံဖြစ်တဲ့ အီဂျစ်လည်းပါသင့်တာပေါ့။ ဒီလိုပဲ လက်တင်အမေရိကတိုက်မှာရှိတဲ့ လူဦးရေအများဆုံးဖြစ်တဲ့ ဘရာဇီးနိုင်ငံလည်း ပါသင့်တာပေါ့။

ယခုလို ယထာဘူတကျကျစဉ်းစားလိုက်ရင် ပါသင့်တဲ့နိုင်ငံတွေ မပါဝင်ဘဲ ဒီငါးနိုင်ငံပါနေတာဟာ အကြောင်းတစ်ခုတည်းကြောင့် ဖြစ်တယ်သမီး။ ဒါကတော့ ဒီငါးနိုင်ငံဟာ ဒုတိယကမ္ဘာစစ်မှာ စစ်အောင်နိုင်တဲ့ နိုင်ငံတွေဖြစ်ကြတာကိုး။ သူတို့နိုင်တော့ သူတို့ကအသာစီးယူပြီး ယခုလို အမြဲတမ်းအဖွဲ့ဝင် နိုင်ငံအနေနဲ့ ဗီတိုအာဏာကိုယူထားတာ။

လုံခြုံရေးကောင်စီနဲ့ ပတ်သက်လို့ ပြုပြင်ပြောင်းလဲရေးအစီအစဉ်တွေ အမျိုးမျိုးကို ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ် ကိုဖီအာနန်လက်ထက်ကတည်းက ကြိုးစားခဲ့တာ မအောင်မြင်ခဲ့ဘူး။ ပြောင်းဖို့ဆိုရင် ဒီကြီးငါးကြီးသဘောတူမှရမှာ။ သူတို့က သူတို့မှာရှိနေတဲ့ သဘောကို အလွယ်တကူဘယ်လျှော့ပေးမလဲ သမီး။ ဖေဖေ့အထင်တော့ အမြဲဆုပ်ကိုင်ထားမှာပဲ။ သေသေချာချာဆန်းစစ်ရင် ယနေ့ ဗြိတိန်နိုင်ငံဟာ ဒုတိယကမ္ဘာစစ်ပြီးဆုံးတဲ့အချိန်တုန်းက ဗြိတိန်မဟုတ်တော့ဘူး။ သူကိုလိုနီပြုထားတဲ့နိုင်ငံတွေ မရှိတော့သလို စီးပွားရေးအရ အလယ်အလတ်ပဲရှိတော့တာ။

သူ့ထက် ဂျာမနီကပိုပြီး စီးပွားရေးကောင်းပေမယ့် စစ်ရှုံးခဲ့တဲ့ နိုင်ငံဖြစ်နေတော့ ဘာတတ်နိုင်မှာလဲ။ ပြင်သစ်ဆိုလည်း ဒီလိုပါပဲ။ ကာနေဒါနိုင်ငံဆို သူ့ထက်အစစအရာရာ အောင်မြင်တိုးတက်နေတာ။ ဒါပေမဲ့ မပါဘူးလေ။ ဒါကြောင့် သမိုင်းဆိုတာ နိုင်တဲ့သူ ရေးတယ်ဆိုတာ သိပ်မှန်တယ်သမီး ။ ရှုံးတဲ့သူ ရေးတဲ့သမိုင်းရယ်လို့ မရှိပါဘူး။

UN ကို ၁၉၄၅ ခုနှစ်မှာ စတင်ဖွဲ့စည်းခဲ့ပြီး အခုဆိုရင် နှစ်ပေါင်း ၆၀ ကျော်ခဲ့ပြီ။ အသက်ကြီးတဲ့အဘွားကြီးတစ်ဦးပေါ့။ အရင်လို သွက်လက်ပေါ့ပါးမှုမရှိတော့ဘူးလေ။ ဒါကို ကုစားတဲ့အနေနဲ့ ၁၉၉၇ ခုနှစ်ကစပြီး UN Reform လို့ခေါ်တဲ့ ပြုပြင်ပြောင်းလဲမှု အစီအစဉ်တွေကို သဘောတူချမှတ်ခဲ့တယ်။ ဒီပြုပြင်ပြောင်းလဲမှုအစီအစဉ်ဟာ ယနေ့အထိ စီစဉ်ဆောင်ရွက်လျက်ရှိတာကို တွေ့ရတယ်။ ၁၉၉၇ ခုနှစ်က စခဲ့တဲ့ အစီအစဉ်ဟာ အကြိမ်ကြိမ်ထပ်မံပြောင်းလဲခဲ့လို့ အခုဆိုရင် တတိယရေလှိုင်း (Third Wave of Reform)လို့ ခေါ်ဝေါ်သတ်မှတ်တာကို တွေ့ရတယ်။ ပထမအဆင့်အနေနဲ့ ဖေဖေစောစောကပြောတဲ့ လုံခြုံရေးကောင်စီကို ပြုပြင်ဖို့စဉ်းစားခဲ့ကြတယ်။ ၁၅ နိုင်ငံကို ၂၄ နိုင်ငံအထိ တိုးမြှင့်ဖို့ကြိုးစားခဲ့တယ်။ ဒါပေမဲ့ ခရီးမရောက်ခဲ့ဘူး။ ဒိုရင်းအတိုင်းပဲ။ ကြီးငါးကြီးက မလှုပ်တော့ ခရီးမရောက်ဘူး။ ထူခြားတဲ့ပြုပြင်ပြောင်းလဲမှု တစ်ရပ်ကိုတော့ ၁၉၉၇ ခုနှစ်ကစပြီး ရရှိခဲ့တယ်။ ဒီအကြောင်းကို ဖေဖေအသေးစိတ်ရှင်းပြပေးမယ်။ UN နဲ့ ပတ်သက်တဲ့ Humanitarian လူမှုရေးစောင့်ရှောက်မှုလုပ်ငန်းတွေနဲ့ Development တိုးတက်ဖွံ့ဖြိုးမှုလုပ်ငန်းတွေဟာ အဖွဲ့ဝင်နိုင်ငံ အသီးသီးမှာ အကောင်အထည်ဖော်ကြရတယ်။

ဒါပေမဲ့ စောစောက ဖေဖေပြောခဲ့တဲ့အဖွဲ့ဝင်နိုင်ငံ ၁၉၂ ခုအနက် ဖွံ့ဖြိုးပြီးနိုင်ငံ ၆၀ ကို နုတ်လိုက်ရင် ကျန်ရှိတဲ့ ၁၃၂ နိုင်ငံကို Programme Countries ရယ်လို့ သတ်မှတ်ကြပါတယ်။

စိတ်ဝင်စားစရာကောင်းတာက နိုင်ငံတစ်နိုင်ငံဟာ တိုးတက်ဖွံ့ဖြိုးလာရင် Programme Countries စာရင်းဝင်မဟုတ်တော့ဘဲ Graduate Countries ဖြစ်လာတယ်။ တောင်ကိုရီးယားတို့၊ စင်ကာပူတို့ဟာ မကြာသေးခင်ကာလက Graduate ဖြစ်သွားကြတဲ့ နိုင်ငံတွေဖြစ်တယ်။ အခုလို Programme Countries တွေမှာ UN က လုပ်ငန်းတွေ အကောင်အထည်ဖော်ကြတယ်။ ဒီအစီအစဉ်ကို Programme of Cooperation လို့ခေါ်တယ်။ ပူးပေါင်းဆောင်ရွက်တဲ့ အစီအစဉ်ပေါ့။

ဒီ Programme Countries တွေမှာ ကုလသမဂ္ဂအဖွဲ့အစည်းအသီးသီးက တာဝန်ယူပြီးဆောင်ရွက်ကြတယ်။ ဒီနေရာမှာ ဖေဖေက အဖွဲ့အစည်းအသီးသီးလို့ပြောတယ်။ တကယ်တော့ ကုလမသဂ္ဂအဖွဲ့အစည်းတစ်ခုတည်းမရှိဘူးလေ။ အဖွဲ့အစည်းတွေ အများကြီး၊ ပုံစံအမျိုးမျိုးနဲ့ဖွဲ့စည်းထားကြတာ။ ဒီတော့ UN လို့ပြောရင် မပြည့်စုံဘူးလေ။ UN အထဲက ဘယ်အဖွဲ့အစည်းကိုပြောတာလဲလို့ပြောမှ တိကျပြည့်စုံတာ။ မြန်မာနိုင်ငံမှာ လူသိများတဲ့ UN အဖွဲ့အစည်းတွေက UN Development Programme (UNDP), UN Children's Fund (UNICEF), World Food Programme (WFP), UN Fund for Population Affairs (UNFPA), Food and Agriculture Organization (FAO), World Health Organization (WHO), Office of the High Commissioner for Refugees (OHCR)တို့ ဖြစ်ကြတယ်။ မြန်မာနိုင်ငံမှာ အခုဆိုရင်ကုလသမဂ္ဂအဖွဲ့အစည်းပေါင်း ၁၄ ခု လောက်ရှိတယ်။ တချို့နိုင်ငံတွေမှာဆို ဒီထက်ပိုများတာ တွေ့ရတယ်။ ဒီအဖွဲ့အစည်းတစ်ခုစီမှာ ဦးစီးတာဝန်ခံတစ်ဦးရှိတယ်။ ဒီပုဂ္ဂိုလ်ကို Country Director/Head of Office/Representative အစရှိတဲ့ အမည်နာမမျိုးစုံပေးတယ်။ ဒီအဖွဲ့အစည်းတွေရဲ့ အကြီးအကဲတွေ အားလုံးကို ညှိနှိုင်းပေးဖို့ UN Resident Coordinator (UNRC)

ကုလသမဂ္ဂဌာနေညှိနှိုင်းသူ ဆိုပြီးခန့်ထားတယ်။ ဒီ UNRC ဟာ နိုင်ငံတစ်နိုင်ငံမှာ UN အဖွဲ့အစည်းအားလုံးကို ကိုယ်စားပြုတဲ့ ပုဂ္ဂိုလ်ဖြစ်တယ်။ သူ့ကိုကူညီပံ့ပိုးဖို့ UNRC Office ဆိုပြီး ရုံးအဖွဲ့ ဖွဲ့ပေးတယ်။ UNRC ဟာ နိုင်ငံ တစ်နိုင်ငံမှာရှိတဲ့ UN Country Team (UNCT) ရဲ့ Team Leader အဖွဲ့ခေါင်းဆောင်လည်း ဖြစ်တယ်။ အခုလို UN အဖွဲ့ အစည်း အသီးသီးမှာ တာဝန်ယူနေတဲ့ အကြီးအကဲတွေနဲ့ စုဖွဲ့ထားတဲ့ UNCT ကို ပိုမိုပြီး ထိထိရောက်ရောက်စုစည်းစွမ်းဆောင်နိုင်ဖို့ ဖေဖေက အရင်တုန်းက တစ်ကမ္ဘာလုံးကိုသွားပြီး Team Building လုပ်ငန်းတွေ လုပ်ပေးခဲ့ရတယ်။ အဖွဲ့အတွင်း စည်းလုံးညီညွတ်ဖို့၊ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုရှိဖို့ အပေးအယူရှိဖို့ ဒီကိစ္စမျိုးတွေကို ပိုမိုထိရောက်အောင် Team Building Activities တွေလုပ်ပေးရတယ်။ Team လို့ခေါ်တိုင်း Team အလိုအလျောက် မဖြစ်ဘူးလေ။ သမီးက အားကစားလုပ်နေတော့ အားကစားဥပမာက အနီးစပ်ဆုံးပဲ။ Team မှာ အရေးကြီးဆုံးက တစ်ဦးနဲ့တစ်ဦး ယုံကြည်ဖို့၊ အားကိုးဖို့၊ တစ်ဦးရဲ့ အားနည်းချက်ကို နောက်တစ်ဦးရဲ့ အားသာချက်နဲ့ဖြည့်ဖို့ ဒီကိစ္စဟာ ပြီးစလွယ် လုပ်မရပါဘူး။ အချိန်ယူပြီး စနစ်တကျဆောင်ရွက်ဖို့လိုတာ။ ဖေဖေ UN System Staff College မှာ တာဝန်ယူတုန်းက Team Building လုပ်ပုံလုပ်နည်းကို သင်ယူခဲ့ရတယ်။ သင်ယူခဲ့တာကို လက်တွေ့ကျကျ နိုင်ငံအသီးသီးမှာ တာဝန်ယူနေတဲ့ UNCT တွေကိုသွားပြီး Team Building လုပ်ပေးခဲ့ရတယ်။

ဒီကိစ္စဟာ လွယ်မယောင်နဲ့ အင်မတန်မှခက်ခဲတဲ့ နက်နဲတဲ့ ကိစ္စလေ။ အရေးကြီးဆုံးတာဝန်က Coordination ညှိနှိုင်းမှုတာဝန်ပဲဖြစ်တယ်။ အချင်းချင်းနားလည်မှုရအောင် တစိုက်မတ်မတ်လုပ်ဖို့လိုတာ။ နိုင်ငံတစ်နိုင်ငံမှာ ဘယ် UN အဖွဲ့အစည်းက ဘာကို တာဝန်ယူမလဲ။ ဘယ်သူက Lead Agency ဦးဆောင်မှုနေရာကုပါဝင်ပြီး ဘယ်သူက ကူညီပံ့ပိုးပေးတဲ့ Supporting

Agency ဖြစ်တာကို ညှိနှိုင်းသဘောတူဖို့ လိုအပ်တယ်။ ဥပမာ-ကျန်းမာရေးလုပ်ငန်းတွေဆိုရင် WHO က တာဝန်ယူတယ် ဆိုပေမယ့် UNICEF ကလည်း အရေးပါတာပဲ။ တစ်ဖက်က WFP က အစားအသောက်၊ အာဟာရ အထောက်အကူပေးပြီး ကူညီဖို့ လိုတာ။ ဒီလိုပဲ UNODC ရဲ့ လုပ်ငန်းတွေကို FAO, WHO, UNICEF အဖွဲ့အစည်းတွေနဲ့ ပူပေါင်းဆောင်ရွက်ကြရတာ။

ညှိနှိုင်းမှုပြဿနာဘယ်လောက်အရေးကြီးတယ်ဆိုတာ ဖေဖေတို့ မနှစ်က နာဂစ်မုန်တိုင်းရဲ့ နောက်ဆက်တွဲ ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေ ဆောင်ရွက်တဲ့နေရာမှာ သိသိသာသာကြီး ပေါ်လွင်ခဲ့တယ်။ ကူညီတဲ့အဖွဲ့အစည်းတွေက အများကြီး။ အစိုးရကလည်း ပါတယ်။ ပုဂ္ဂလိကလုပ်ငန်းရှင်တွေလည်း ရှိတယ်။ NGOs တွေကလည်း နိုင်ငံခြား NGOs တွေရော၊ ပြည်တွင်း NGOs တွေပါတယ်။ တစ်ဖက်ကလည်း UN အဖွဲ့အစည်းတွေကလည်း ဦးဆောင်ခဲ့ကြတယ်။ ဒီတော့ ဘယ်သူက ဘာလုပ်မလဲဆိုတာ သိပ်အရေးကြီးတဲ့ ပြဿနာဖြစ်လာတယ်။ ရှက်ဖျင်တဲ တွေကို ကူညီမယ်ဆိုပါတော့။ ဘယ်အဖွဲ့အစည်းက ဘယ်နေရာမှာ ဘယ်လောက်ကူညီပေးမလဲဆိုတာ သိပ်အရေးကြီးလာတာပေါ့။ အခုလို ညှိနှိုင်းဆောင်ရွက်နိုင်ဖို့ နိုင်ငံတစ်နိုင်ငံမှာ UNRC ကို တာဝန်ပေးထားတယ်။

အခုလို ညှိနှိုင်းဆောင်ရွက်မှုကို ပိုမိုထိရောက်အောင်မြင်နိုင်ဖို့ One UN၊ UN တစ်ခုတည်းဆိုတဲ့ဆောင်ပုဒ်နဲ့ နိုင်ငံအတွင်းမှာ လှုပ်ရှားလာတာတွေ့ရတယ်။ One UN ရဲ့ အနှစ်သာရက စုစုစည်းစည်းနဲ့ တိုင်တိုင်ပင်ပင်ဆောင်ရွက်ဖို့ပဲဖြစ်တယ်။ တစ်ခုတော့ သတိထားဖို့လိုတယ်။ UN ဟာ နိုင်ငံတစ်နိုင်ငံရဲ့ တိုးတက်ဖွံ့ဖြိုးမှုကို ကူညီပေးတာပဲဖြစ်တယ်။ ဘယ်ပုံဘယ်နည်းနဲ့ တိုးတက်မှုလမ်းကြောင်းကို ရောက်ဖို့ဆိုတာကတော့ သက်ဆိုင်ရာနိုင်ငံက ဆုံးဖြတ်ရမှာဖြစ်တယ်။ ဒါကြောင့် National Ownership ကို ဦးစား

ပေးတယ်။ တိုးတက်ဖွံ့ဖြိုးမှုဟာ နိုင်ငံကပိုင်ဆိုင်ဖို့လိုတယ်။ ကုလသမဂ္ဂအဖွဲ့အစည်းတွေရဲ့ အခန်းကတော့ လိုအပ်တဲ့နေရာမှာ ဖြည့်ဆည်းပေးဖို့ပဲဖြစ်တယ်။ အခုလို UN အဖွဲ့အစည်းတွေရဲ့ စည်းလုံးမှုကို အရှိန်အဟုန်မြင့်မြင့်အကောင်အထည်ဖော်ဖို့ လွန်ခဲ့တဲ့နှစ်အနည်းငယ်လောက်မှာ စမ်းသပ်မှုအနေနဲ့ နိုင်ငံရှစ်နိုင်ငံမှာ စတင်ဆောင်ရွက်လာခဲ့တယ်။ အာရှနိုင်ငံတွေမှာ ပါကစ္စတန်နိုင်ငံနဲ့ ဗီယက်နမ်နိုင်ငံ နှစ်နိုင်ငံပါဝင်တယ်။ ဒီနိုင်ငံ ရှစ်နိုင်ငံအစိုးရတွေက ဒီစမ်းသပ်မှုပြုဖို့ သဘောတူခဲ့ကြတာ။ လုပ်ရှားမှုရဲ့ဆောင်ပုဒ်က Delivering as One တစ်ဖွဲ့တည်း တစ်ပေါင်းတည်း ဆောင်ရွက်မှုပေးရန်ဖြစ်တယ်။ ဒီနေရာမှာ တူညီမှုလေးရပ် Four ones ရှိပါတယ်။ ပထမတူညီမှုက One Programme အစီအစဉ်တစ်ခုတည်းဖြစ်တယ်။ UN အဖွဲ့အစည်းတစ်ခုချင်းက ကူညီမှုအစီအစဉ်တွေကို သီးခြားသတ်သတ် ဖော်ထုတ်မနေတော့ဘဲ UN တစ်ဖွဲ့လုံးက နိုင်ငံတော်နဲ့တိုင်ပင်ပြီး အစီအစဉ်တစ်မျိုးသာ ဖော်ထုတ်တာဖြစ်တယ်။ အခုလိုဖော်ထုတ်တဲ့ နေရာမှာလည်း အစိုးရနဲ့ UN အဖွဲ့အစည်းများသာမက နိုင်ငံအတွင်းမှာရှိတဲ့ Civil Society လူမှုရေးအဖွဲ့အစည်းတွေကိုလည်းတိုင်ပင်ပြီး ဖော်ထုတ်ကြတယ်။ စုစုစည်းစည်းညီညီညွတ်ညွတ်ဖြစ်လို့ ကူညီထောက်ပံ့မှုဟာ ပိုမိုထိရောက်လာတာတွေ့ရတယ်။ ဒီကူညီမှု အစီအစဉ်တစ်ရပ်တည်းကိုသာ ဖော်ထုတ်ရာမှာ အရေးကြီးဆုံးကိစ္စက ပဓာနကျတဲ့ အရေးပါတဲ့ ဖွံ့ဖြိုးမှု စိန်ခေါ်မှုများ (Development Challenges) ကို ဆန်ခါတင်ရွေးချယ်ဖို့ပဲဖြစ်တယ်။ Priortization ပေါ့။ လုပ်စရာတွေအများကြီးထဲက တကယ့်ကိုအရေးပါတဲ့ မလုပ်ရင်မဖြစ်တဲ့ လုပ်ငန်းတွေကို ရွေးချယ်ဖို့ဖြစ်တယ်။

ဒီလိုရွေးချယ်ရာမှာ UN ကချည်း လုပ်လို့မဖြစ်သလို အစိုးရကပဲ ရွေးချယ်လို့ မပြည့်စုံပါဘူး။ နိုင်ငံမှာရှိတဲ့ Stakeholders ပတ်သက်တဲ့သူတွေအားလုံးကိုတိုင်ပင်ပြီးမှ ရွေးချယ်သင့်ပါတယ်။

Priortization အရေးပါမှုကို စိစစ်တဲ့နေရာမှာ နှစ်ခုကနေ ငါးခု အထိပဲ ရွေးချယ်သင့်တယ်လို့ လက်ခံကြတယ်။ အခုလို အရေး ပါတဲ့ အခြေအနေအနည်းစုကို ရွေးချယ်ပြီး UN အဖွဲ့အစည်းတွေ အားလုံးကို သဘောတူကြပြီး အစီအစဉ်တစ်ရပ်ကို ဖော်ထုတ်ကြ တယ်။ ဒီအစီအစဉ်ကို ရုပ်လုံးဖော်ဖို့အတွက် UN Development Assistance Framework (UNDAF) ကို ရေးသားပြုစုကြတယ်။ ဒီ UNDAF က တကယ်တော့ စီမံကိန်းတစ်ရပ်ပေါ့။ ဖေဖေ UN System Staff College မှာ တာဝန်ယူစဉ် နိုင်ငံအသီးသီးအတွက် ဒီ UNDAF တွေရေးဆွဲဖို့ အကူအညီပေးခဲ့တယ်။

ဒုတိယကူညီမှုကတော့ One budgetary framework တူညီတဲ့ဘဏ္ဍာရေးစနစ်တစ်ရပ်ဖော်ထုတ်ခြင်းပဲဖြစ်တယ်။ ကနဦး ကာလထုန်းက One Budget စုပေါင်းတဲ့ဘဏ္ဍာရေးနစ်ကို ဖော်ထုတ်ဖို့ ကြိုးစားခဲ့ကြတယ်။ လက်တွေ့မှာ UN အဖွဲ့အစည်း တွေက သူတို့ရဲ့ ဘဏ္ဍာငွေတွေကို အိုးတစ်လုံးထဲ ပေါင်းထည့်တာ ကို သိပ်သဘောမကျကြဘူး။ လက်မခံကြဘူး။ ဒါနဲ့ နည်းနည်း လျှော့ပြီး ကိုယ့်ငွေ ကိုယ်ထိန်း။ ဒါပေမဲ့ ဘယ်နေရာမှာ ဘယ်လို သုံးခဲ့သလဲဆိုတာ အားလုံး သိအောင်၊ မြင်အောင် ဘဏ္ဍာရေးစနစ် တစ်ခုဖော်ဖို့ သဘောတူခဲ့ကြတာ။

တတိယတူညီမှုကတော့ ဦးဆောင်မှုအပိုင်းပဲဖြစ်တယ်။ နိုင်ငံတစ်နိုင်ငံမှာရှိတဲ့ UN အဖွဲ့အစည်းတွေကို ညှိနှိုင်းဦးဆောင်ဖို့ UNRC ကို တာဝန်ပေးခဲ့ကြတယ်။ UNRC ဟာ တချို့နိုင်ငံတွေမှာ Humanitarian Coordinator လူသားချင်းစာနာထောက်ထားတဲ့ အထောက်အပံ့တွေအတွက် ညှိနှိုင်းတဲ့ဦးဆောင်သူအဖြစ် ပူးတွဲ တာဝန်ယူကြတယ်။ မြန်မာနိုင်ငံမှာ ဒီလိုပါပဲ။ ဒါကို One Leader လို့ ခေါ်ဝေါ်သတ်မှတ်ကြတယ်။

နောက်ဆုံးတူညီမှုကတော့ One Office ဖြစ်တယ်။ UN အဖွဲ့အစည်းတွေကို အဆောက်အအုံတစ်ခုထဲမှာ နေရာချထား

ကြတယ်။ ဒါတို့ UN House ကုလသမဂ္ဂရုံးလို့ ခေါ်ဝေါ်ကြပြန်တယ်။ ရန်ကုန်မှာဆိုရင် ရုံးတွေ နေရာအနှံ့မှာရှိတာတွေ့ရတယ်။ နတ်မောက်လမ်းမှာရှိသလို Traders ဟိုတယ်မှာ ရုံးစိုက်တဲ့အဖွဲ့အစည်းလည်း ရှိတယ်။ ကျန်တဲ့အဖွဲ့အစည်းတွေက သူ့နေရာနဲ့သူ ရန်ကုန်မြို့တစ်မြို့လုံးမှာ ပျံ့နှံ့နေတယ်။ ဖေဖေရောက်ဖူးတဲ့နိုင်ငံတချို့မှာ UN House ရှိတာတွေ့ရတယ်။ ဒီတူညီမှုမှာ အဆောက်အအုံတင်မက တူညီသောဆောင်ရွက်မှုများ Common Services ရှိကြတယ်။ ဥပမာ-ခရီးသွားဆောင်ရွက်မှုတွေကို စုစည်းပြီး တစ်နေရာတည်းကပေးတာ။

ဒီတူညီမှုလေးရပ်အပေါ် အခြေခံထားတဲ့ UN ပြုပြင်ပြောင်းလဲမှုဟာ စမ်းသပ်တဲ့အဆင့်မှာပဲရှိသေးတယ်။ အတွေ့အကြုံတွေကို စုစည်းပြီး ဘယ်လိုဆက်လက်ဆောင်ရွက်ရမလဲဆိုတာကို အစီအစဉ်တွေ ချမှတ်ပြီး ဖော်ထုတ်နေကြတယ်။ လုံးဝဥဿုံအောင်မြင်တယ်လို့တော့ မပြောနိုင်သေးပါဘူး။ ကြိုးစားဆဲလုပ်ငန်းပဲဖြစ်တယ်။ ဒီနေရာမှာ လူ့သဘာဝရဲ့ အခြေခံသဘောပေါ့။ လူတိုင်းဟာ မိမိရဲ့အကျိုး (Self Interest) ကို ထိပ်တန်းတင်သလို အဖွဲ့အစည်းတွေဟာလည်း သူ့ရဲ့အကျိုး (Institutional Interest)ကို ဦးစားပေးပြီး နိုင်ငံတိုင်းဟာ National Interest မိမိနိုင်ငံရဲ့အကျိုးကိုသာ ကြည့်တတ်ကြစမြဲပဲ။ ဒါပေမဲ့အားလုံးအတွက်၊ အများအတွက် စဉ်းစားရင်း တစ်ခါတစ်ရံမှာ စွန့်စားနိုင်ကြတာတွေ့ရပါတယ်။ လူ့ရဲ့မြင့်မြတ်တဲ့စိတ်ထားကိုသာ အားကိုးရမှာဖြစ်ပါတယ်။ ဖေဖေကတော့ လူတွေကိုယုံတယ်။ လူတွေရဲ့ကောင်းတဲ့စိတ်၊ မြင့်မြတ်တဲ့စိတ်ဟာ အမြဲပေါ်လွင်လာမှာပါ။

■

# ဟောပြောပွဲအတွေ့အကြုံ (၃၀)

သကြိန်ကာလ ဖေဖေတို့ဘယ်မှမသွားဘဲ အိမ်မှာပဲနေဖြစ်တယ်။ အကြိုနေ့မှာတော့ အလုံလမ်းမှာရှိတဲ့ ပိုးကရင်လူငယ်တွေရဲ့ သကြိန်စခန်းချပွဲမှာ ဟောပြောခဲ့တယ်။ ပြီးတော့ နှစ်ဆန်းတစ်ရက်နေ့မှာ မြောက်ဥက္ကလာပ ပိုးကရင်လူငယ်တွေရဲ့ စခန်းချပွဲမှာလည်း ဟောပြောပွဲတစ်ခု လုပ်ပေးခဲ့တယ်။ ထူးခြားတာက ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှာ ဟောပြောပွဲလုပ်ခဲ့သလို အခု မြန်မာနှစ်သစ်ကူးမှာလည်း ဟောပြောပွဲလုပ်ဖြစ်တော့ ဒီတစ်နှစ်လုံး ဖေဖေဟောပြောပွဲတွေ လုပ်ဖြစ်တော့မယ်ထင်ပါရဲ့။

သကြိန်ကာလမှာ ဖေဖေလုပ်ပေးခဲ့တဲ့ ဟောပြောပွဲတွေဟာ လူငယ်တွေကိုသာ ဦးတည်ခဲ့တယ်။ ဖေဖေကတော့ လူငယ်တွေကို ဦးစားပေးချင်တယ်။ ဖေဖေပြောတဲ့အကြောင်းအရာထက် ဖေဖေပြောတာကိုကြားပြီး လူငယ်တွေ စဉ်းစားတွေးခေါ်တတ်စေချင်တာပါ။ အင်္ဂလိပ်လို Think စဉ်းစားစေချင်တယ်။ စဉ်းစားတတ်ရင် အရာရာကို ရဲရဲဝံ့ဝံ့ရင်ဆိုင်နိုင်မှာပေါ့။ ဒါနဲ့ပတ်သက်လို့ ဖေဖေ ကြားဖူးတဲ့စကားတစ်ခုကို သမီးကိုဖောက်သည်ချချင်တယ်။

မကြည့်နဲ့ - မြင်လိမ့်မယ်၊
နားမထောင်နဲ့ - ကြားလိမ့်မယ်၊
မစဉ်းစားနဲ့ - အသိရလိမ့်မယ်၊

မဆုံးဖြတ်နဲ့ - မှားလိမ့်မယ်၊
မလျှောက်နဲ့ - လဲလိမ့်မယ်၊
အသက်မရှင်နဲ့ - သေလိမ့်မယ်။

တကယ်တော့ စဉ်းစားတတ်ရင် အသိတရားတိုးတာပါပဲ သမီး။ ကျန်တဲ့အချက်ကတော့ သမီးကိုယ်တိုင်စဉ်းစားပြီး သုံးသပ်ပေါ့။ ဖေဖေနဲ့မေမေဟာ သမီးကိုယုံကြည်တယ်။ သမီးကိုစဉ်းစားတတ်တဲ့အကျင့် အမြဲပေးတယ်။ အရာရာကို ကိုယ်ပိုင်ဆုံးဖြတ်ချက်ချမှတ်ရမှာ သမီး။ အဆုံးအဖြတ် ကောင်းတယ်၊ မကောင်းဘူးဆိုတာကတော့ တစ်မျိုးပေါ့။

သင်္ကြန်ကာလ အိမ်ထဲက အိမ်ဖြင့်မထွက်ဖြစ်ခဲ့တာက ဖေဖေတို့နေတဲ့ အင်းလျားလမ်းက ရန်ကုန်မြို့မှာ အစည်ကားဆုံးနေရာ။ တက္ကသိုလ်ရိပ်သာလမ်းနဲ့ အင်းလျားလမ်းဆုံတဲ့ မီးပွိုင့်ကနေ ပြည်လမ်းအထိ သင်္ကြန်မဏ္ဍပ်တွေနဲ့အပြည့်။ မနက်စောစောထွက်နိုင်ပြီး ညဘက်ကျတော့ ည ၈ နာရီလောက်မှ လမ်းထိပ်ထွက်လို့ရတာ။

သင်္ကြန်နောက်ဆုံးရက် ၈ နာရီကျော်မှ ဖေဖေရယ်၊ မေမေရယ်၊ သမီးရယ် ကားနဲ့ ဖေဖေတို့ငှားနေကျ အခွေဆိုင်သွားဖို့ ထွက်ခဲ့တယ်။ သင်္ကြန်ရက်မှာ တခြားလုပ်စရာမရှိတော့ အခွေငှားပြီး တစ်နေကုန်ကြည့်ဖြစ်ခဲ့တယ်။ လမ်းထိပ်ရောက်တော့ မေမေက ပေါင်မုန့်ကုန်ပြီ၊ Moon Bakery သွားရအောင်လို့ပြောတော့ ဖေဖေက လှည်းတန်းကနေ ပြည်လမ်းအတိုင်းမောင်းခဲ့တာ။ ည ၉ နာရီလောက်ပေါ့။ ကားတွေက တဖြည်းဖြည်းကျပ်လာပြီး မာလာဆောင်အရှေ့ရောက်တော့ အခြေအနေက သိပ်မကောင်းတော့ဘူး။ ရေကစားပြီး ပြန်လာကြတဲ့သူတွေနဲ့ ပြည်လမ်း တစ်လမ်းလုံး ပြည့်ကျပ်နေတာ။ ကားပေါ်မှာ လူတွေအပြည့်ရှိသလို လမ်းဟိုဘက်ဒီဘက်မှာလည်း ပြည့်ကျပ်နေတာပဲ။ တချို့တွေက အိမ်ပြန်ဖို့ Taxi တွေကို တားပြီးငှားနေကြတယ်။ တချို့တွေကလည်း

သိုင်းကွက်နင်းပြီး မြန်မြန်အောင်မလျှောက်နိုင်ကြတော့ဘူး။

မေမေက ပြန်ရအောင် ရှေ့ဆက်သွားလို့ ဖြစ်မှာမဟုတ်ဘူးလို့ပြောတော့ ခက်ခက်ခဲခဲနဲ့ ဖေဖေလမ်းကြောင်းပြောင်းပြီး ပြန်ကွေ့ခဲ့ရတယ်။ အပြန်လမ်းမှာလည်း လူတွေကအပြည့်။ ကလေးမတွေ အတော်များများ ဘောင်းဘီအတိုတွေဝတ်လို့။ ဒီနှစ်သင်္ကြန်ရဲ့ အမှတ်အသားထင်ပါရဲ့။ လှည်းတန်းမီးပွိုင့်မှာရပ်ပြီး စောင့်နေရင်း သမီးက မေးခွန်းထုတ်ခဲ့တယ်။ "ဖေဖေတို့ ငယ်ငယ်တုန်းက သင်္ကြန်ဟာ ဒီလိုပဲလား" တဲ့။

ဖေဖေတို့မိသားစုဟာ မြန်မာပြည်တနေ နိုင်ငံခြားမှာ နေခဲ့ရတာ။ ၁၅ နှစ်ကျော်ခဲ့တယ်။ တစ်နှစ်တစ်ခေါက် တိုယ့်ပြည်ကိုယ့်ရွာကို ရောင်အောင်ကြိုးစားပြီးလာခဲ့ပေမယ့် သင်္ကြန်ကာလနဲ့ တစ်ခါမှမဆုံခဲ့ဘူး။ မနှစ်က ပထမဆုံးအကြိမ်ကြုံခဲ့တာ။ မနှစ်ကလည်း အိမ်နီးနားချင်းက သူမဏ္ဍပ်တိုလိုက်ကြည့်ပါလားလို့ ဖိတ်လို့ ဖေဖေနဲ့ မေမေသွားခဲ့တယ်။ မဏ္ဍပ်က အင်းလျားဆောင်ရှေ့ဆိုတော့ လမ်းလျှောက်ပြီးသွားခဲ့တယ်။ မဏ္ဍပ်ရောက်တော့ ရေကစားနေတဲ့သူတွေ၊ ရေပက်ခံထွက်တဲ့သူတွေကို တအံ့တဩနဲ့ ကြည့်နေမိတယ်။ မြင်ကွင်းတွေက သိပ်ဆန်းကြယ်တာ။

အခုလိုသမီးက မေးခွန်းထုတ်တော့ ဖေဖေခပ်တိုတိုပဲ "ဖေဖေတို့ခေတ်တုန်းက သင်္ကြန်ကတစ်မျိုး" လို့ဖြေခဲ့တယ်။ သမီးနားလည်အောင်အချိန်ယူပြီးဖြေပါ့မယ်။ ဖေဖေငယ်ငယ်တုန်းက တိတိကျကျပြောရင် တက္ကသိုလ်ရောက်စကပေါ့။ မှတ်မိသေးတယ်။ ဆယ်တန်းအောင်ပြီး တက္ကသိုလ်တက်တဲ့နှစ် သူငယ်ချင်းတွေနဲ့စုပြီး ဂျစ်ကားနဲ့ရေပက်ခံထွက်ခဲ့ကြတာ။ လွန်ခဲ့တဲ့နှစ်ပေါင်း ၄၀ ကျော်ကျော်လောက်ကပေါ့။ ထူးဆန်းတာတစ်ခုရှိတယ်သမီး။ ခုလည်း ဂျစ်ကားတွေပြန်ခေတ်စားနေတာတွေ့ရတယ်။ ဒီတုန်းက မဏ္ဍပ်တွေဟာ ရန်ကုန်တစ်မြို့လုံးမှာအပြည့်ပဲ။ မိသားစုထိုးတဲ့ မဏ္ဍပ်တွေကများတယ်။ အုန်းလက်တွေနဲ့ ဝါးနဲ့လုပ်ထားတဲ့ မဏ္ဍပ်

ခပ်သေးသေးတွေ။ ပက်ဖို့ရေကိုလည်း ပီပါထဲမှာထည့်ပြီး ရေပိုက်ခပ်သေးသေး၊ ရေဖလားတွေနဲ့သုံးပြီး ရေကစားကြတာ။

ပြီးတော့ မိသားစုအလိုက် သင်္ကြန်မုန့်တွေ လုပ်စားကြတယ်။ ဖေဖေတို့က ထားဝယ်ဘက်ကမို့ သင်္ကြန်ထမင်းက မပါလို့မဖြစ်ဘူးလေ။ ထမင်းပေါ်မှာရေလောင်းတဲ့အတွက် ရေစိမ်ထမင်းလို့ခေါ်တယ်။ ရေစိမ်ထမင်းကို သရက်သီးသုပ်၊ ငါးပုပ်ခြောက်ကြော်နဲ့ တွဲဖက်ပြီး စားကြတယ်။ မွှေးအောင်လို့ ဖယောင်းအမွှေးထည့်ပြီးတော့ စံပယ်ပန်းကို ထမင်းပေါ်မှာဖြူး၊ ပူအိုက်တဲ့ နွေရာသီအတွက် ရေစိမ်ထမင်းဟာ အသင့်တော်ဆုံးပေါ့သမီး။ ပြီးတော့ မုန့်မျိုးစုံလုပ်တာ။ မိသားစုတွေစုပြီး မုန့်လုံးရေပေါ်၊ မုန့်ဆီခွက်၊ ပြီးတော့ သမီးရဲ့အဘိုးသိပ်ကြိုက်တဲ့ မုန့်ပုစွန်၊ ဒါကထားဝယ်မုန့်၊ မုန့်လုံးရေပေါ်အကြီးစား။ အထဲမှာ အုန်းသီးဌာပနာထားတာ။

ဖေဖေကသင်္ကြန်ကိုသိပ်ချစ်တာ။ ပိတောက်ပန်းကိုမြတ်နိုးတယ်။ ဖေဖေတက္ကသိုလ်မှာဆရာဖြစ်တော့ သင်္ကြန်နဲ့ပိုနီးစပ်သွားတယ်။ အဲဒီတုန်းကဖေဖေတို့ တက္ကသိုလ်တွေအားလုံးပေါင်းပြီး ပြည်လမ်းမှာရှိတဲ့ လိပ်ခုံးခန်းမကြီးဘေးမှာ မဏ္ဍပ်အကြီးကြီးဆောက်ပြီး သင်္ကြန်ပွဲကျင်းပခဲ့တာ။ ဒီသင်္ကြန်မှာပါဝင်ဖို့ စီးပွားရေးတက္ကသိုလ် တက်နေတဲ့ကျောင်းသားတွေစုစည်းပြီး အက၊ အဆို၊ သံချပ်တွေကို တစ်လလောက် ကြိုတင်တိုက်ကြရတယ်။ သင်္ကြန်သုံးရက်က လုံးဝမနားရဘူး။ မနက်အစောကြီးကနေ ညဘက်အထိ။ တခြားတက္ကသိုလ်တွေပါတော့ ကိုယ့်အလှည့်ရောက်ရင် အဆင်သင့်ဖြစ်ဖို့အရေးကြီးတာ။ အဲဒီတုန်းက ဖေဖေအားကိုးရတဲ့ သူတွေကတော့ အခုနာမည်ကျော် ဟာသမင်းသားကိုမေတ္တာနဲ့ သူ့ရဲ့သူငယ်ချင်း ကိုသစ္စာတို့။ သူတို့က ဖေဖေတို့စီးပွားရေးတက္ကသိုလ်မှာပါဝင်လှုပ်ရှားသလို တခြားအဖွဲ့တွေမှာလည်းပါတော့ ကိုယ့်အလှည့်ရောက်ရင် သူတို့လာမှလာပါ့မလားဆိုပြီး အမြဲစိတ်ပူခဲ့ရတာ။ အဲဒီခေတ်တုန်းက မဏ္ဍပ်အကြီးကြီးတွေမှာ ဆုတွေပေးကြ

တယ်။ အလုပြကားတွေက မဏ္ဍပ်တွေဆီသွားပြီး အက၊ အဆို၊ သံချပ်ပြိုင်ကြတာ။ ဒီအလုပြကားတွေဟာ ရန်ကုန်မြို့မှာရှိတဲ့ ဆုပေးမဏ္ဍပ်တွေကို လှည့်လည်ပြီးပြိုင်ကြတာ။ ယိမ်းအက ပြိုင်ကြသလို သံချပ်ပြိုင်ကြတယ်။ သုံးရက်လုံးလုံးပြိုင်ပြီးတော့ အတက်နေ့ညနေဘက်မှာ ဆုတွေပေးကြတယ်။ အပြိုင်အဆိုင် ဖြစ်တာမို့ သူထက်သာအောင်ကြိုးစားကြရတယ်။

သံချပ်ဆိုတာ သင်္ကြန်နဲ့တွဲနေတာ။ သမီးနားလည်အောင် ပြောရရင် **Hip Hop** သဘောမျိုးပဲ။ ဒါပေမဲ့ သံချပ်က ပိုလေးနက် တယ်။ တစ်ယောက်ကဦးစီးပြီး ကျန်တဲ့သူတွေက နောက်ကနေ ဟန်ချက်ညီညီလိုက်ဆိုကြရတာ။ ဟာသကို အခြေခံထားတဲ့ သံချပ် တွေပဲ။ လူတွေရင်ထဲမှာ ရှိနေတာကို သင်္ကြန်ကာလမှာ ဟာသနဲ့ ရောပြီး တင်ပြကြတာဖြစ်တယ်။ အားလုံးရဲ့ရင်ထဲမှာ ရှိနေပြီးသား ကိုး။ အခုလို စီကာပတ်ကာနဲ့ သံချပ်ထိုးတာမို့ လူတွေက သိပ် သဘောကျကြတာ။ သာမန်တွေ့ကြုံရတဲ့ အကြောင်းအရာတွေကို ဟာသတွေနဲ့ယှဉ်ပြီး သံချပ်ထိုးတာ။ တက္ကသိုလ်အသီးသီးက ထိုးတဲ့ သံချပ်တွေမှာ ကျောင်းသားတွေရဲ့ ခံစားချက်တွေကို ဖော်ထုတ် ခဲ့တယ်။ အဆောင်မှာ အစားအသောက်မကောင်းတဲ့အကြောင်း၊ ရေမရလို့၊ မီးမရလို့ဆိုတာကအဆုံး ဟာသတွေဖက်ပြီး ထိုးကြတဲ့ သံချပ်၊ ကလိတဲ့သံချပ်မျိုး။ သံချပ်ကိုနားထောင်သူတွေက တပြုံးပြုံး နဲ့။ ရှက်ပြုံးပြုံးတာလည်းဖြစ်နိုင်တာပေါ့။ ဟန်ဆောင်နေသလားပဲ။ ဒါပေမဲ့ ဇွဲမယူကြဘူး။ ပျော်စရာ၊ ပျက်စရာလို့ လက်ခံလို့လား မသိဘူး။

ဖေဖေသင်္ကြန်နဲ့ပတ်သက်လို့ သတိရတာတစ်ခုက ဖေဖေ နိုင်ငံခြားပညာတော်သင်မသွားခင် အဲဒီခေတ်တုန်းက လူရည်ချွန် စီမံကိန်းအရ တက္ကသိုလ်၊ ကောလိပ်တွေမှာ လူရည်ချွန်ဆုရတဲ့ သူတွေကို ငပလီကလမ်းခြေမှာရှိတဲ့ ရွှေဝါချိုင်စခန်းကို သွားခဲ့ရ တယ်။ ဖေဖေတို့ ရန်ကုန်က မထွက်ခင် ဒီလူရည်ချွန်မောင်မယ်

တွေဟာ သီချင်းတွေတိုက်၊ အကတွေတိုက်၊ သံချပ်တွေတိုက်နဲ့။ စခန်းကလည်း သင်္ကြန်မကျခင် ရက်အနည်းငယ်မှာ သွင်းခဲ့တာ။ ငပလီရောက်ပြီး သင်္ကြန်ကျတော့ တိုက်ပြီးသားအကတွေ၊ သီချင်းတွေ၊ သံချပ်တွေနဲ့ စခန်းကိုလာတဲ့ တာဝန်ရှိသူတွေကို တပျော်တပါး ဖျော်ဖြေခဲ့ကြတာ။ ပြီးတော့ ရခိုင်ရိုးရာရေသဘင်ပွဲကိုလည်း လူရည်ချွန်တွေနဲ့အတူ ဆင်နွှဲခဲ့ကြတယ်။ ပက်မယ့်ရေတွေကို လောင်းလှေထဲထည့်ပြီး လှေရဲ့တစ်ဖက်တစ်ချက်မှာရပ်ပြီး ရေဖလားနဲ့ တစ်ယောက်ကိုတစ်ယောက် အပြိုင်အဆိုင်ပက်ကြတယ်။ အမှတ်မထင်ကိုယ့်ရဲ့မျက်နှာကို လက်နဲ့သုတ်မိရင်ရှုံးရော။

ဖေဖေတို့ခေတ်တုန်းကရန်ကုန်မြို့အပါအဝင် မြို့တိုင်းမှာ အလှပြကားတွေနဲ့ သင်္ကြန်လည်ကြတယ်။ နာမည်အကြီးဆုံးက မန္တလေးကမြို့မအဖွဲ့ပေါ့။ ပြီးတော့ ပြည်သူချစ်တဲ့ ကိုဝင်းဦးကလည်း သင်္ကြန်မှာ ရန်ကုန်မြို့မှာရော၊ မန္တလေးမြို့မှာပါ ဖျော်ဖြေခဲ့တာ။ နောက်တော့ အဆိုတော်ကိုဇော်ဝမ်းက သင်္ကြန်မင်းသားအဖြစ် နာမည်ရလာတယ်။ သင်္ကြန်ရက်သုံးရက်မှာ စိတ်တိုင်းကျစိတ်လွှတ်ကိုယ်လွှတ် ပျော်ပြီးတဲ့အခါ နှစ်ဆန်းတစ်ရက်နေ့ကျတော့ ဘုရားတက်ကြတယ်။ ငါးတွေ၊ ငှက်တွေလွှတ်ပြီး ကုသိုလ်ယူကြတယ်။ သက်ကြီးရွယ်အိုတွေကို ခေါင်းလျှော်ပေးကြတယ်။ ခြေသည်းလက်သည်းတွေ ညှပ်ပေးကြတယ်။ ကုသိုလ်ယူကြတာပေါ့။ ဝန်ကြီးဌာနအသီးသီးကလည်း ဌာနအလိုက် မဏ္ဍပ်တွေဆောက်ပြီး အကတွေ၊ အဆိုတွေနဲ့ဧည့်ခံကြတယ်။ စတုဒိသာအကျွေးအမွေးကနေရာတိုင်းမှာပဲ။

အခုခေတ်မှာတော့ ပုံစံတွေပြောင်းလဲလာခဲ့ပြီ။ ခေတ်ဆိုတဲ့ သဘောကာဒီလိုပါပဲ။ အမြဲပြောင်းလဲနေမှာပါပဲ။ တစ်ချိန်တုန်းက ဖေဖေတို့ မြန်မာအမျိုးသားတွေက သျှောင်ထုံး ထုံးကြတယ်လေ။ သျှောင်ထုံးထုံးတဲ့ခေတ်မှာ ဆံပင်ညှပ်တဲ့သူဟာ ခေတ်ရှေ့ပြေးတဲ့သူ၊ ခေတ်ဆန်တဲ့လူလို့ သတ်မှတ်ကြမှာပါပဲ။ အခုဆို လူငယ်တိုင်း

Jean နဲ့ T-Shirt ကိုဝတ်ကြတယ်။ တောရောမြို့မှာပါ နေရာတိုင်း၊ အချိန်တိုင်းမှာ ဝတ်ကြတယ်။ ဖေဖေက ခေတ်ပြောင်းတာကို မပြောလိုပါဘူး၊ ဒါက လောကနိယာမတရားပဲ။ ဒါပေမဲ့ ဖေဖေ အခုခေတ် သင်္ကြန်ကို စီးပွားရေးရှုထောင့်ကနေ သုံးသပ်ချင်တယ်။ အမှန်တော့ ဒီလို စီးပွားရေးရှုထောင့်နဲ့ မြန်မာသင်္ကြန်ကို အသေးစိတ်လေ့လာပြီး မဟာဝိဇ္ဇာကျမ်းတို့ ပါရဂူကျမ်းတို့ တင်သင့်တယ်လို့ ထင်ပါတယ်။

အထူးခြားဆုံးအချက်ကတော့ Commercialization of Thingyan Festival (သင်္ကြန်ပွဲတွေရဲ့ စီးပွားရေးအသွင်ဆောင်မှု) ပဲဖြစ်တယ်။ ဖေဖေ မနက်အစောကြီး အင်းလျားကန်ပေါင် တက်ပြေးတော့ သင်္ကြန်မကျမီတစ်ပတ်လောက်ထဲက ဒီကိစ္စကို စပြီး မြင်ရတယ်။ ပထမဆုံးသတိထားမိတာက အင်းလျားလမ်းရယ်၊ တက္ကသိုလ်ရိပ်သာလမ်းရယ်၊ ပြည်လမ်းရဲ့ပလက်ဖောင်းမှာ မြို့တော်စည်ပင်သာယာဝန်ထမ်းတွေက ဆေးတွေသုတ်ပြီး နံပါတ်တွေကို အကွက်ချနေတာ စတွေ့ရတယ်။ အင်းလျားလမ်းမှာဆို တစ်ဖက်တစ်ချက် နံပါတ်တွေ ရေးခြစ်ထားတာ တွေ့ရတယ်။ ဒီအကွက်တွေဟာ မဏ္ဍပ်ထိုးမယ့်နေရာတွေ၊ ဈေးရောင်းမယ့် ဆိုင်ခန်းနေရာတွေပေါ့။ ဒီအကွက်တွေချပြီး စည်ပင်က အခကြေးငွေကောက်တာပေါ့။ မဏ္ဍပ်ထိုးတဲ့သူတွေက အခကြေး တော်တော်များများပေးရတယ်လို့ သိရတယ်။ နေရာကောင်းကောင်းရဖို့က သိပ်အရေးကြီးတာ။ သင်္ကြန်မဏ္ဍပ်ကိုထောင်တဲ့လုပ်ငန်း (Business) ကလည်း သိပ်မသေးလှဘူး။ မဏ္ဍပ်ကို သူများထက်သာအောင်၊ ဆွဲဆောင်မှုရှိအောင် အမျိုးမျိုးလုပ်ကြရတယ်။ နာမည်ကြီး DJ တွေကို နိုင်ငံခြားကတောင် ခေါ်ယူကြတယ်လို့ကြားတယ်။ ဒီမဏ္ဍပ်မှာရေကစားဖို့ သုံးရက်စာ ကျပ် ၄၀,၀၀၀ လောက်ပေးရတယ်။ ရေကစားခွင့်ရတဲ့အပြင် အကျွေးအမွေးတွေနဲ့ ဧည့်ခံကြတယ်။ စီးပွားဖြစ်လုပ်တဲ့ မဏ္ဍပ်တွေများလာတယ်။ တကယ့်ကို လုပ်ငန်း

ကြီး Business တစ်ခုပေါ့။ ပြီးတော့ Sponsor တွေကလည်း မျိုးစုံ။ သူ့ပစ္စည်း၊ သူ့ဂုဏ်ပုဒ်၊ သူ့နာမည်ကျော်အောင် အမျိုးမျိုးကြိုးစား ကြတော့တာပဲ။ ဖေဖေသတိထားမိတာက သင်္ကြန်မတိုင်မီ သုံးလေး ရက်လောက်မှာ အင်းလျားလမ်းတစ်လျှောက် သစ်တွေလာချတဲ့ ကားတွေ ပြည့်ကျပ်နေတယ်။ စပြီးဆောက်နေကြတာ လက်သမား ဆရာတွေအတွက် လုပ်ကွက်ကြီးပေါ့။ တစ်ဖက်က မဏ္ဍပ်တွေစပြီး ဆောက်နေသလို တစ်ဖက်ကလည်း စားသောက်ဆိုင်တွေက ဝါးနဲ့ သစ်တွေသုံးပြီး ဆိုင်ခန်းတွေ ပြင်ဆင်နေကြတယ်။ လေးရက် အတွင်းအပြီး အလုအယက်လုပ်ကြလို့ အကြိုနေ့မှာဆို အဆင်သင့် ဖြစ်နေကြပြီ။

ဖေဖေ စိတ်ဝင်စားတာက စားသောက်ဆိုင် လာဖွင့်တဲ့ သူတွေ။ မိသားစုအလိုက်လာကြတာ။ လမ်းဘေးမှာပဲအိပ်စားပြီး သင်္ကြန်လေးရက်အတွက် ပြင်ဆင်ကြတာ။ သင်္ကြန်ရက်တွေမှာဆို လည်း အစောကြီးချက်ကြပြုတ်ကြနဲ့ သင်္ကြန်ကာလအတွင်း အမြတ် ရအောင်၊ အကျိုးရှိအောင် ကြိုးစားနေကြတာ။ သူတို့ရဲ့ဇွဲ သူတို့ရဲ့ သတ္တိကိုတော့ ချီးမွမ်းမိတယ်။ ရောင်းမယ့်အစားအသောက်တွေကို အချိန်မီအဆင်သင့်ဖြစ်အောင် ကြိုးစားနေတာတွေ့ရလို့ ချီးမွမ်း မိတယ်။ သုံးတဲ့ရေကိုလည်း အနီးအနားကရှိတဲ့အိမ်တွေကနေ ပိုက်တွေနဲ့သွယ်ထားတာတွေ့ရတယ်။ အင်းလျားလမ်းနဲ့ တက္ကသိုလ် ရိပ်သာလမ်းထောင့်မှာရှိတဲ့ အမေရိကန် လူနေအိမ်တွေအရှေ့မှာ ရှိတဲ့ မြက်ခင်းပြင်မှာ လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်ကို ကျကျ နန ခင်းကျင်းထားတာတွေ့ရတယ်။ အခုလို သင်္ကြန်ကာလမှာ ပျော်ဖို့ရွှင်ဖို့မစဉ်းစားဘဲ စီးပွားရှာဖို့ အပတ်တကုတ် ကြိုးစားနေကြ တဲ့သူတွေ ဖေဖေတို့ အင်းလျားလမ်းမှာ ထောင်ချီရှိမယ်ထင်ပါရဲ့။ မိသားစုတစ်ခုလုံး လမ်းဘေးမှာအခြေချပြီး နေကြရှာတာ။ ဖေဖေ ကတော့ သူတို့တစ်တွေ အမြတ်အစွန်း ကျန်ပါ့မလားလို့ စိတ်ပူမိ တယ်။ မေမေကပြောပါတယ် မမြတ်ရင် ဘယ်လုပ်ပါ့မလဲတဲ့။

အခုလို သင်္ကြန်ကာလကို စီးပွားရေးအခွင့်အလမ်းအနေနဲ့ တစ်ဖက်ကမြင်ပြီး ကြိုးစားနေတဲ့သူတွေရှိသလို တစ်ဖက်ကတော့လည်း သင်္ကြန်ကိုစိတ်တိုင်းကျ စိတ်လွတ်ကိုယ်လွတ်ပျော်ပါးဖို့ တာစူနေသူတွေကလည်းရှိနေတာ စိတ်ဝင်စားစရာပဲ။ ငွေကြေးကို ဘာမှဂရုစိုက်စရာမလိုတဲ့ လူတန်းစားတစ်ရပ်ရှိနေတာမို့ ပျော်ဖို့ရွှင်ဖို့ဆိုရင် ဘာပဲလုပ်ရလုပ်ရ လုပ်နေကြတာတွေ့ရတယ်။ ခေတ်အမီဆုံး အဝတ်အစားတွေဝတ်ဆင်ပြီး ခေတ်ရှေ့ရောက်နေတဲ့သူတွေနဲ့ ပြည့်ကျပ်နေတဲ့ အင်းလျားလမ်းမှာ အရက်သေစာကို ပြောင်ပြောင်တင်းတင်းရောင်းချနေသလို သောက်စားနေတာလည်း တွေ့ရတယ်။ လူကြီးလူငယ်ရယ်လို့ မခွဲခြားနိုင်တော့သလို အမျိုးသား၊ အမျိုးသမီးရယ်လို့ ခွဲခြားလို့မရတော့ဘူး။ မဏ္ဍပ်တွေမှာ Lunch and Punch နေ့လယ်စာနဲ့ အရက်ရောထားတဲ့ ဖျော်ရည်နဲ့ ဧည့်ခံမယ်လို့ ကြော်ငြာထားတော့ ကမ်းကုန်နေပြီပေါ့။ ကိုယ်ကမသောက်လို့ သူများတွေသောက်တာကို ဖေဖေ ကန့်ကွက်တာမဟုတ်ပါဘူး။ ဖေဖေ့အနေနဲ့ ကောင်းတယ်၊ ဆိုးတယ်လို့လည်း ပြောပိုင်ခွင့် မရှိပါဘူး။ ဒါက တစ်ဦးချင်းအဆုံးအဖြတ်ပါ။ ဒါပေမဲ့ ထိန်းထိန်းသိမ်းသိမ်း ရှိသင့်တယ်လို့တော့ မှတ်ချက်ချလိုတယ်။

ဖေဖေတို့ ဘန်ကောက်မှာနေခဲ့ကြတုန်းကလည်း သင်္ကြန်ရေကစားခဲ့တာပဲ။ မြန်မာပြည်လောက်မစည်ပေမယ့် သူတို့လည်း သင်္ကြန်ကို Celebrate လုပ်ကြတယ်။ ထူးခြားချက်တစ်ရပ်ကတော့ Alcohol Free Water Festival အဖြစ် သတ်မှတ်ထားပြီး အရက်လုံးဝသောက်ခွင့်မရှိဘူး။ သမီးသိတဲ့အတိုင်း ဘန်ကောက်လောက် အရက်ပေါတဲ့ နေရာမရှိပါဘူး။ ဒါတောင် သင်္ကြန်အတွင်း အရက်မသောက်ရဘူးဆိုတဲ့ အမိန့်ကိုထုတ်နိုင်ခဲ့တယ်။ ဖေဖေ့အထင်တော့ လုပ်ချင်ရင်ဖြစ်ပါတယ်။ မဏ္ဍပ်မှာပျော်မြူးနေတဲ့သူတွေကြည့်ပြီး ကမ္ဘာ့စီးပွားရေးကပ်ဆိုက်မှုဟာ မြန်မာပြည်နဲ့ ဘာမှမဆိုင်ဘူးဆိုတာကို လက်ခံမိတယ်။ မနက်ဖြန်ဆိုတာ မစဉ်းစားဘဲ ဒီနေ့အတွက်

စဉ်းစားဖို့လိုတယ်လို့ ဖေဖေကိုယ်တိုင်ဟောပြောနေတာ။

ဖေဖေတို့ စီးပွားရေးပညာမှာ Sponsor လုပ်တာ Theory အရ သဘာဝကျပါတယ်။ "ထောင်မြင် ရာစွန့်" တဲ့ သဘောပေါ့။ ကိုယ့်ပစ္စည်းရဲ့ Brand ကို လူတွေပိုသိအောင်လုပ်ပေးရင် ကုန်သမျှဟာ တန်ပါတယ်။ ဒီအတွေးနဲ့ပဲ လုပ်ငန်းရှင်တွေက Sponsor လုပ်ကြတာ။ အဝတ်အစားအဆင်အပြင်ကတော့ ဘယ်သူ့ကိုမှ အရှုံးမပေးပါဘူး။ ခေတ်နဲ့ရင်ပေါင်တန်းရုံမက ခေတ်ရှေ့ကိုရောက်နေတာပါပဲ။ လူငယ်အများစုဟာ သမီးထက်သိပ်အသက်မကြီးကြပါဘူး။ သူတို့အပေါ် ဖေဖေအပြစ်မြင်တဲ့သဘောနဲ့ ပြောတာမဟုတ်ပါဘူး။ ဒါပေမဲ့ ပေါ်ပေါက်လာမယ့်၊ တွေ့ကြုံရမယ့်အန္တရာယ်တွေအတွက်တော့ ဖေဖေ ဝန်လေးမိတာအမှန်ပါပဲ။ အမှားအမှန်ကို သေသေချာချာ မခွဲခြားတတ်တဲ့ လူငယ်တွေနဲ့ ပတ်သက်လို့ လူကြီးမိဘတွေမှာ တာဝန်ရှိတယ်လို့ ဖေဖေ ထင်ပါတယ်။ ဖေဖေနဲ့ မေမေဆိုရင်လည်း သမီးကိုဆုံးမမယ်၊ ရှင်းပြမယ်၊ သတိပေးမိမှာပဲ။ သမီးအတွက်ပြောတာပါ။

နေရာတိုင်းမှာ အဟာနိ့အတား၊ အတားအဆီးမရှိရင် အဆင်မပြေပါဘူး။ ပျော်ရွှင်မှုအတွက် လုပ်တယ်ဆိုဦးတော့ အတိုင်းအတာတစ်ခုအထိ ပျော်သင့်တာပေါ့။ ဒီထက်ပိုသွားရင် ဘေးဖြစ်နိုင်တယ်၊ အန္တရာယ်ရှိနိုင်တယ်။ New York မြို့မှာ နှစ်စဉ်ကျင်းပတဲ့ Gay Parade တို့၊ ဘရာဇီးနိုင်ငံမှာ ကျင်းပတဲ့ Mardi Gras ပွဲတော်တို့မှာ အတားအဆီးမဲ့ ပျော်ကြရွှင်ကြလို့ ပြဿနာတွေ မကြာမကြာတက်ခဲ့တာတွေ့ရပါတယ်။

သင်္ကြန်ဟာ Commercialize ဖြစ်လာတာဟာ ခေတ်ရဲ့ ရေစီးကြောင်းတစ်ရပ်လို့ ပြောနိုင်ပါတယ်။ နေရာတကာမှာ၊ အရာရာမှာ အပေးအယူ အရှုံးအမြတ်ကိုဦးစားပေးနေတဲ့ Commercialize ဖြစ်နေချိန်မှာ သင်္ကြန်ကြီးကလည်း တားလို့ရမယ် မထင်ပါဘူး။ အနောက်နိုင်ငံတွေမှာ ခရစ္စမတ်ပွဲတော်ဟာ Com-

mercialize ဖြစ်လွန်းလို့ သခင်ယေရှုခရစ်တော်ရဲ့ မွေးနေ့ကျင်းပနေတဲ့ အထိမ်းအမှတ်ကွယ်ပျောက်ပြီး လက်ဆောင်ပေးတာ၊ Christmas Card လဲတာ၊ အဖျော်ယမကာသောက်သုံးတာ၊ ဒါတွေနဲ့ဖုံးလွှမ်းနေတာကို ဝေဖန်သုံးသပ်လာကြတာကို တွေ့ရတယ်။

ဖေဖေကတော့ သင်္ကြန်ရဲ့အနှစ်သာရမပျောက်စေချင်ပါဘူး။ နှစ်ဟောင်းကအညစ်အကြေးတွေ နှစ်သစ်ကို မကူးသွားအောင် သင်္ကြန်ရေနဲ့ဆေးတယ်ဆိုတဲ့ အဓိပ္ပာယ်ဟာလေးနက်တယ်၊ ချစ်စရာကောင်းတယ်။ နှစ်သစ်ဆိုတာက မျှော်လင့်ချက်တွေနဲ့ ပြည့်နေတာ။ မဖြစ်ခဲ့သေးတာတွေ ဖြစ်လာတော့မယ့်အချိန်၊ ဖြစ်လာတော့မယ့်ကာလ မျှော်စရာပေါ့။ နှစ်သစ်မှာ မိသားစုနဲ့ ပိုပြီးချစ်ဖို့၊ ခင်ဖို့၊ ရင်းနှီးဖို့ ဒါတွေဟာ သင်္ကြန်ရဲ့အနှစ်သာရတွေ။ ဒါတွေကျန်ဖို့လိုတာပါ။ ကျန်တာတွေကိုတော့ ခေတ်ကိုပဲ ပုံချကြစို့။

နှစ်ဆန်းတစ်ရက်နေ့မှာတော့ မေမေ့ သူငယ်ချင်းရဲ့သားရှင်ပြုကို ဖေဖေတို့မိသားစုသွားခဲ့ကြတယ်။ တာမွေမြို့နယ်ကနာမည်ကြီး ဗုဒ္ဓအာသာ သာသနပြုကျောင်းတော်ကြီးမှာ။ အစကတော့ ဆွမ်းကျွေးဆိုပြီးသွားခဲ့တာ။ ဟိုရောက်တော့မှ ရှင်ပြုပွဲကို ကျကျနနလုပ်တဲ့ပွဲဖြစ်နေတာ။ သမီးအတွက် ရခဲ့တဲ့အတွေ့အကြုံပေါ့။ ရှင်လောင်းနှစ်ယောက်ဟာ မင်းညီမင်းသား အဝတ်အစားနဲ့ပေါ့။ ပြီးတော့ လုပ်တဲ့အစီအစဉ်ကလည်း ကျက်သရေရှိလိုက်တာ။ မေမေ့ရဲ့သူငယ်ချင်းက အခုတော့မျက်စိရောဂါ အထူးကုဆရာဝန်မကြီး။ ကျောက်ပန်းတောင်းမြို့မှာတာဝန်ကျတယ်။ မေမေနဲ့နှစ်တန်းထဲကအတူတူ။ ဖေဖေတို့ပြန်ရောက်တာကို ဖေဖေ့ဆောင်းပါးတွေဖတ်ပြီးသိလို့ အဆက်အသွယ်ပြန်ရခဲ့တာ။ အခမ်းအနားမှာ သီဆိုဖျော်ဖြေတဲ့သီချင်းတွေကလည်း မြန်မာသီချင်းစစ်စစ်တွေ။ အခုခေတ်တေးဂီတနဲ့တော့ တော်တော်ဝေးတာ။ မြန်မာတူရိယာအစုံအလင်နဲ့။ ဖေဖေက သမီးကို နှဲဆရာကို ပြခဲ့သေးတာ မဟုတ်

တူဒေးစာအုပ်တိုက်
သုတစာစဉ်(၁၄)

2500
Tdy. 20…

"ကိုယ်ကအလျှော့ပေးရင် ကိုယ်ဟာအလိုလို ခိုင်မာမှု ရှိတယ်။
ကိုယ်ကပေးဆပ်ရင် ကိုယ့်မှာ အလိုလိုရစရာတွေပေါ်လာတယ်။
ကိုယ့်မှာ လိုအပ်ချက် ဘာမှမရှိရင် ကိုယ့်အတွက် အားလုံးပြည့်စုံတယ်။"

"ဦးဆောင်သူ၊ ခေါင်းဆောင်တဲ့သူဟာ မအောင်မြင်မှုတွေနဲ့
ရင်ဆိုင်တဲ့အခါ တာဝန်ယူသူဖြစ်ပြီး အောင်မြင်မှုရှိရင် ကိုယ့်ရဲ့
အပေါင်းအပါတွေကြောင့်ဖြစ်တယ်လို့ ခံယူတတ်သူ ဖြစ်တယ်။"

"သူများဝေဖန်တာကို ကြိုဆိုရမယ်။ လက်ခံရမယ်။ ကိုယ့်ကို
အပြစ်ရှာနေတာလို့ မထင်ရဘူး။ ကိုယ့်အတွက် ကောင်းတဲ့သင်ခန်းစာတွေ
ပေးနေတာလို့ ခံယူရမယ်။ ဝေဖန်တဲ့သူရှိမှ ကိုယ့်မှာ တိုးတက်နိုင်တာပေါ့။
အားလုံး ကောင်းပါတယ်လို့ပြောကြည့်၊ ဘာမှ ပြင်စရာမလိုတော့တဲ့သဘော။"

"အားနည်းချက်ရှိတာကို ဘာမှအားငယ်စရာ မရှိဘူးလေ။
လူတိုင်းရှိတာပါပဲ။ အရေးကြီးတာက ကိုယ့်မှာရှိတဲ့ အားနည်းချက်တွေကို
မထိမ်ချန်ဘဲ၊ အားမနာဘဲ ရဲရဲဝင့်ဝင့် ဖော်ထုတ်တတ်ဖို့ လိုတယ်။
အခုလိုမလုပ်နိုင်ရင် ကိုယ့်အကြောင်းကိုယ်မသိတဲ့သူ ဖြစ်မှာပေါ့။"

# ပါမောက္ခဒေါက်တာအောင်ထွန်းသက်

ဟောပြောပွဲအတွေ့အကြုံ